# တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ၏ တရားစီရင်ရေး စနစ်များ

ဘရိုင်ယန် မက်ကာတန် နှင့်
ကင်မ်ဂျိုလိဗ်

အောက်တိုဘာ ၂၀၁၆

The Asia Foundation
Improving Lives, Expanding Opportunities







# တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ တရားစီရင်ရေးစနစ်များ

## ဘရိုင်ယန် မက်ကာတန်နှင့် ကင်မ်ဂျိုလိဗ်

အောက်တိုဘာ ၂၀၁၆

## ကျေးဇူးတင်လွှာ

စာရေးသူသည် သုတေသနစာတမ်းတွင် ပါဝင်ကူညီပေးခဲ့သည့် သူများ အထူးသဖြင့် လိုအပ်သော သတင်းအချက်အလက်များကို အချိန်ယူပြီး ပံ့ပိုးပေးပါသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အမည်မသိ လွတ်လပ်သော လေ့လာစောင့်ကြည့်သူများကို ကျေးဇူးတင်ပါသည်။ အစီရင်ခံစာ၏ မူကြမ်းအဆင့်တွင် မှတ်ချက်များ၊ သဘောထားများကိုပေးရန် အချိန်ပေးခဲ့ကြသော ဆူဇန် လီနှင့် လီဆာ ဒန်နီအား ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

## စာရေးသူများအကြောင်း

ဘရိုင်ယန် မက်တာတန် (Brian McCartan) သည် S. Rajaratnam School of International Studies, Nanyang Technological University မှ PhD candidate တစ်ဦးဖြစ်သည်။ သူသည် ဆယ်စုနှစ်ပေါင်းများစွာ အရှေ့တောင်အာရှ (အထူးသဖြင့် မြန်မာနိုင်ငံ) တွင် အလုပ်လုပ်ခဲ့ပြီး လုံခြုံရေး၊ တိုင်းရင်းသားနိုင်ငံရေးနှင့် ဖွံ့ဖြိုးတိုးတတ်မှု ကျွမ်းကျင်သူဖြစ်သည်။

ကင်မ်ဂျိုလိဖ် (Kim Jolliffe) သည် အလွတ်တန်းသုတေသီ ၊ စာရေးဆရာ ၊ သရုပ်ခွဲလေ့လာသူ နှင့် သင်တန်းပို့ချသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင် တိုင်းရင်းသားအရေး ၊ အထောက်အပံ့ဆိုင်ရာမူဝါဒ နှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးပြုလေ့လာပါသည်။ အရှေ့တောင်အာရှတွင် အလုပ်လုပ်ကိုင်လျှက်ရှိသည်မှာ ၈ နှစ်ကျော်မျှ ရှိ ပြီဖြစ်သည်။ လက်ရှိတွင် သဘောထားကွဲလွဲမှုများဖြစ်ပွားရာ ဒေသများရှိ အခြေခံလူမှုဝန်ဆောင်မှုများ (SSCA) နှင့်ပတ်သက်သော သုတေသနအား ဦးဆောင်သုတေသီအဖြစ် လုပ်ကိုင် ဆောင်ရွက်နေသူဖြစ်သည်။

ဘရိုင်ယန် မက်ကာတန်သည် စာတမ်း၏ အဓိက စာရေးသူဖြစ်ပြီး ကင်မ်ဂျိုလိဖ်သည် သုတေသန အဓိကအချက်အလက်များနှင့် တည်းဖြတ်ချက်ခြင်းကို ပံ့ပိုးကူညီ သည်။

## အာရှဖောင်ဒေးရှင်း

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိလူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်းအတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ဆောင် လျက်ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီ စီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးရှင်းသည် အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံ နှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီး ပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

The Asia Foundation

Improving Lives, Expanding Opportunities

## စကားချီး

နှစ်ပေါင်းများစွာဖြစ်ပွားနေသော ပြည်တွင်းစစ်၏ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံ၏ နယ်မြေအများစုသည် အစိုးရထိန်းချုပ်မှု ဘောင်အပြင်ဖက် သို့မဟုတ် အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အမိကဇာတ်ကောင်များ (EAAs)၏ ရောထွေးသောထိန်းချုပ်မှုနှင့် အုပ်ချုပ်မှု မူဘောင်အတွင်းတွင် ရှိနေကြဆဲဖြစ်သည်။ ထို တိုင်းရင်းသားလက်နက်ကိုင် အမိက ဇာတ်ကောင်များ(EAAs) ဟု ဆိုရာတွင် အပစ်အခတ်ရပ်စဲထားသော (သို့မဟုတ်) ပဋိပက္ခများတွင် ဆက်လက်ပါဝင်လျှက်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) အပြင် နယ်ခြားစောင့်တပ်များ (BGF) နှင့် ပြည်သူ့စစ်အဖွဲ့(PMF) တို့ကဲ့သို့သော အစိုးရနောက်ခံပြု တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်ထားသောတိုင်းရင်းသားအဖွဲ့အစည်းများ (State-backed ethnic paramilitary organization) ပါဝင်ပါသည်။ ထိုရှုပ်ထွေးသောအခြေအနေများ ရှိနေသော်လည်း ၎င်းနယ်မြေများတွင် ရပ်ရွာအဆင့်တွင် ဓလေ့ထုံးတမ်းအရ တရားစီရင်ခြင်းစနစ်ကြောင့် လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အမိကဇာတ်ကောင်များ စီမံခန့်ခွဲသော တရားစီရင်မှုစနစ်တို့ကြောင့် လည်းကောင်း တရားဥပဒေစိုးမိုးမှုသည် ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်၏တရားဥပဒေစိုးမိုးရေးနှင့် လုပ်ထုံးလုပ်နည်းများကို အလေးပေးစောင့်ကြည့်မှုများမြင့်တတ်လာသော်ငြားလည်း EAA ၏ တရားစီရင်ရေးစနစ်နှင့် ကျေးရွာတရားစီရင်ရေးစနစ်များ၏ ဖွဲ့စည်းပုံနှင့် အခန်းကဏ္ဍများအပေါ် လေ့လာစောင့်ကြည့်မှု နည်းပါးသောကြောင့် ထိုစနစ်များကို ကောင်းစွာနားမလည်ကြပါ။ အဆိုပါအခြေအနေတွင် အာရှဖောင်ဒေးရှင်းသည် ဤမြန်မာနိုင်ငံရှိ တရားစီရင်ရေး အနေအထား နှင့် တိုင်းရင်းသားလက်နက်ကိုင်အမိကဇာတ်ကောင်များ(EAAs) သုတေသန အစီအရင်အခံစာအား မြန်မာနိုင်ငံ၏ သဘောထားကွဲလွဲမှုများဖြစ်ပွားရာဒေသများရှိ  အခြေခံလူမှုဝန်ဆောင်မှုများဆိုင်ရာ စာတမ်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဝမ်းမြောက်စွာဖြင့် တင်ပြအပ်ပါသည်။ ယခုသုတေသနစာတမ်းသည် ၎င်းနယ်မြေအများစုရှိ အရပ်သားများအတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုအခြေခံ အုတ်မြစ်ဖြစ်သည့် ကျေးရွာနှင့် ကျေးရွာ အခြေပြုစနစ်များအကြောင်း အသေးစိတ်ကို ဖော်ပြဆွေးနွေးထားသည်။ ထိုစနစ်များသည် EAA များ၏ တရားစီရင်ရေးစနစ်များထဲတွင် တည်ထောင်ထားပြီး  ကျေးရွာအဆင့်အထိ အထက်မှအောက်သို့ အဆင့်ဆင့်ဖွဲ့စည်းထားသည့် တရားရုံးများ ဖွဲ့စည်းပါရှိသည်။ ထိုကျေးရွာတရားစီရင်မှုစနစ်များ စဉ်ဆက်မပြတ်၊ တည်တည်ငြိမ်ငြိမ်ရှိမှုများ နှင့် ၎င်းစနစ်များနှင့်အတူတကွ ယှဉ်တွဲတည်ရှိနေသည့် များပြားရောထွေးလှသော EAAs တို့၏ တရားစီရင်ရေးစနစ်ကို နားလည်ခြင်းသည် မြန်မာနိုင်ငံတဝှမ်းရှိ အရပ်သားပြည်သူများ၏ တရားစီရင်ရေး နှင့် လုံခြုံရေးဆိုင်ရာတွေ့ကြုံရမှုများကို နားလည်ရန်အတွက် အရေးပါသကဲ့သို့ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်လျှက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးများအတွက် အပြုသဘောဆောင်သည့် ပြောင်းလဲမှုဖြစ်နိုင်ရန် အခွင့်အလမ်းများလည်း ဖြစ်ပါသည်။

ဤသုတေသနစာတမ်းအားအလွတ်တန်းသုတေသီနှစ်ဦးဖြစ်သည့်ဘရိုင်ယန်မက်ကာတန်နှင့်ကင်မ်ဂျိုလိဖ်တို့မှပြုစုရေးသားထားခြင်းဖြစ်သည်။ ဘရိုင်ယန် မက်ကာတန်သည် လုံခြုံရေး၊ တိုင်းရင်းသားနိုင်ငံရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍများကိုအမိကထားလေ့လာခဲ့ပြီး ကင်မ်ဂျိုလိဖ်သည် လုံခြုံရေး၊ အထောက်အပံ့ဆိုင်ရာ မူဝါဒ နှင့် တိုင်းရင်းသားပဋိပက္ခ ဆိုင်ရာကိစ္စရပ်များအား အထူးပြုလေ့လာခဲ့ပါသည်။ သုတေသနစာတမ်းအတွက် ရန်ပုံငွေ ထောက်ပံ့ပေးသော အဖွဲ့အစည်းများမှာ ဗြိတိန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန (DFID) နှင့် ကုန်သွယ်ရေးဆိုင်ရာ ဩစတြေးလျဌာန (DFAT) တို့မှ ဖြစ်ပါသည်။ ယခုစာတမ်းတွင် ဖော်ပြထားသော အယူအဆများသည် စာရေးသူ သုတေသီများ၏ အယူအဆများသာဖြစ်ပြီး DFID ၊ DFAT (သို့) အာရှဖောင်ဒေးရှင်းတို့၏ အယူအဆများဖြစ်သည်ဟု မမှတ်ယူနိုင်ပါ။

ဒေါက်တာကင်(မ်)နင်း

မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်

အာရှဖောင်ဒေးရှင်း

## မာတိကာ


အတိုကောက် စကားလုံးများ ..... i

အဓိပ္ပါယ်ဖွင့်ဆိုချက်များ..... ii

အဓိကအချက်များကောက်နုတ်ချက် ..... iii

အခန်း တစ်။ မိတ်ဆက်နိဒါန်း ..... ၁

၁.၁ ။ လက်နက်ကိုင်အဖွဲ့များနှင့် တရားစီရင်မှုဆိုင်ရာ သဘောတရား ..... ၁

၁.၂ ။ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ (EAO) ၏ တရားစီရင်မှု ..... ၃

၁.၃ ။ နည်းစနစ် ..... ၄

၁.၄ ။ သုတေသန၏ နယ်ပယ်နှင့် အလေးပေးမှု ..... ၄

၁.၅ ။ စာတမ်း ဖွဲ့စည်းထားပုံ ..... ၄

အခန်း နှစ်။ မြန်မာနိုင်ငံ၏ တရားစီရင်မှုစနစ်နှင့် EAO တရားစီရင်မှုများ အပေါ် လွှမ်းမိုးမှုများ..... ၆

၂.၁ ။ EAO တရားစီရင်မှုစနစ်များအပေါ် အစိုးရက ဩဇာလွှမ်းမိုးပုံ ..... ၆

၂.၂ ။ ကိုလိုနီခေတ် မြန်မာနိုင်ငံ (၁၈၈၆ - ၁၉၄၈) ..... ၈

၂.၃ ။ လွတ်လပ်ရေးနှင့် ပါလီမန်ခေတ် မြန်မာနိုင်ငံ (၁၉၄၈ - ၁၉၆၂) ..... ၁၀

၂.၄ ။ ဦးနေဝင်းခေတ် (၁၉၆၂ - ၁၉၈၈) ..... ၁၁

၂.၅ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၉၈၈ - ၂၀၁၁) ၁၃

၂.၆ ။ မြန်မာနိုင်ငံ၏ လက်ရှိ တရားစီရင်ရေးဆိုင်ရာ အုပ်ချုပ်စီမံခန့်ခွဲမှု ..... ၁၃

အခန်း သုံး ။ ကျေးရွာ တရားစီရင်မှုစနစ် ..... ၁၅

အခန်း လေး ။ မြန်မာနိုင်ငံအရှေ့တောင်ခြမ်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဓိကဇာတ်ကောင်များ (EAA)\ တရားစီရင်ရေးစနစ်များ ၁၈

၄.၁။ ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) ..... ၂၀

အဖွဲ့ အစည်းများနှင့် တည်ဆောက်ထားပုံများ ..... ၂၀

ဥပဒေများနှင့် ရာဇဝတ်မှု ပုံစံများ ..... ၂၄

တရားစီရင်ရေးလုပ်ငန်းစဉ် ..... ၂၅

အပြစ်ပေးခြင်းများ ..... ၂၈

KNU တပ်မှ အမှုထမ်းများ ကျူးလွန်သည့် ရာဇဝတ်မှုများ ..... ၂၉

တရားရေးစနစ် ပြုပြင်ပြောင်းလဲခြင်း ..... ၂၉

၄.၂။ ကလိုထူးဘော ကရင် အဖွဲ့ အစည်း (KKO)/ ဒီမိုကရေစီအကျိုးပြု ကရင်တပ် (DKBA) ..... ၂၉

တရားစီရင်ရေးလုပ်ငန်းစဉ်များ ..... ၃၀

၄.၃။ မွန်ပြည်သစ်ပါတီ (NMSP) / မွန်အမျိုးသားလွတ်မြောက်ရေးတပ် (MNLA) ..... ၃၁

အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ ..... ၃၁

ဥပဒေများ ..... ၃၁

တရားစီရင်ရေးကဏ္ဍအား စီမံအုပ်ချုပ်ခြင်း ..... ၃၂

ပြစ်ဒဏ်များ ..... ၃၃

MNLA တပ်မှ အမှုထမ်းများ ရာဇဝတ်မှုကျူးလွန်ခြင်း ..... ၃၄

၄.၄။ ကရင်အမျိုးသားတိုးတက်ရေးပါတီ (KNPP) / ကရင်နီတပ် (KA)..... ၃၄

အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ ..... ၃၄

ဥပဒေများ ..... ၃၅

တရားစီရင်ရေးအား စီမံခန့်ခွဲခြင်း ..... ၃၅

တပ်ပိုင်းဆိုင်ရာတရားစီရင်ရေးနှင့် စီစဉ်ထားသော ပြုပြင်ပြောင်းလဲရန်များ ...... ၃၆
အခန်း ငါး ။ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၏ EAA တရားစီရင်မှု ...... ၃၇
၅.၁။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ် (RCSS/SSA)...... ၃၉
အဖွဲ့အစည်းများ၊ တည်ဆောက်ပုံများနှင့် အခြေခံလုပ်ငန်းစဉ်အဆင့်ဆင့်...... ၃၉
တရားစီရင်ရေးကို စီမံခန့်ခွဲအုပ်ချုပ်ပုံ ...... ၄၀
ပြစ်ဒဏ်များ ...... ၄၀
၅.၂။ပအိုဝ်းအမျိုးသားတပ် (PNA) ...... ၄၁
ဥပဒေများ ...... ၄၂
တရားစီရင်ရေးလုပ်ငန်းစဉ်များ...... ၄၂
ပြစ်ဒဏ်များ ...... ၄၄
PNA တပ်မှ အမှုထမ်းများ ရာဇဝတ်မှုကျူးလွန်ခြင်း...... ၄၄
အခန်း ခြောက် ။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကချင်ပြည်နယ် ၏ EAA တရားစီရင်မှု ...... ၄၅
၆.၁။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA)...... ၄၇
အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ ...... ၄၇
ဥပဒေများ ...... ၄၈
တရားစီရင်ရေးကို စီမံခန့်ခွဲပုံ...... ၄၈
ပြစ်ဒဏ်များ ...... ၄၉
၆.၂။ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)/ ကချင်လွတ်မြောက်ရေးတပ် (KIA) ...... ၄၉
အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ ...... ၄၉
တရားစီရင်ရေးကို စီမံခန့်ခွဲပုံ...... ၄၉
အခန်း ခုနစ် ။ တွေ့ရှိချက်များနှင့် သက်ရောက်မှုများ ...... ၅၁
၇.၁ ။ ကျေးရွာတရားစီရင်ရေး ...... ၅၁
၇.၂ ။ တရားစီရင်မှုအတွက် ဈေးဝယ်သလို ရွေးချယ်ကြခြင်း...... ၅၂
၇.၃ ။ EEA တရားစီရင်မှုစနစ်၏ အားသာချက်များနှင့် ပြုပြင်ပြောင်းလဲမှုအလားအလာ ...... ၅၃
၇.၄ ။ EAO တရားစီရင်ရေး၏ အားနည်းချက်များ ...... ၅၆
အခန်း ရှစ် ။ သုံးသပ်ချက် ...... ၅၈
ကျမ်းကိုးစာရင်း...... ၆၀

မြေပုံများ

မြေပုံ(၁) : မြန်မာနိုင်ငံအရှေ့တောင်ခြမ်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များ/တိုင်းဒေသကြီးများနှင့် မြို့နယ်များ)...... ၁၈
မြေပုံ(၂) : ကရင်အမျိုးသားအစည်းအရုံး၏ ခရိုင်များ နှင့် မြို့နယ်များ...... ၁၉
မြေပုံ(၃) : ရှမ်းပြည်နယ်တောင်ပိုင်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ)...... ၃၇
မြေပုံ(၄) : ရှမ်းပြည်နယ်အရှေ့ပိုင်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ) ...... ၃၈
မြေပုံ(၅) : ကချင်ပြည်နယ်(အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ)...... ၄၅
မြေပုံ(၆) : ရှမ်းပြည်နယ်မြောက်ပိုင်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ) ...... ၄၆

ဇယားများ

ဇယားကွက် ၁ - မြန်မာနိုင်ငံတွင် ၁၉၆၂ မတိုင်မီ ကျေးရွာအဆင့် တရားစီရင်မှုစနစ်များ တိုးတက်ဖြစ်ပေါ်လာပုံ...... ၁၆
ဇယားကွက် ၂ - ကျေးလက်တိုင်းရင်းသားဒေသများတွင် အစိုးရတရားစီရင်ရေးစနစ်ကို လက်လှမ်းမီရန် အခက်အခဲများ ...... ၅၄

## အတိုကောက် စကားလုံးများ

| | |
|---|---|
| BGF | နယ်ခြားစောင့်တပ် |
| BSPP | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ |
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်းများ |
| CPB | ဗမာပြည် ကွန်မြူနစ်ပါတီ |
| DKBA | ဒီမိုကရေစီကရင်အကျိုးပြု တပ်မတော် |
| EAA | တိုင်းရင်းသားလက်နက်ကိုင်အဓိကဇာတ်ကောင် |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ |
| KA | ကရင်နီတပ် |
| KIA | ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ |
| KIO | ကချင်လွတ်မြောက်ရေး အဖွဲ့ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ် |
| KNPF | ကရင် အမျိုးသား ရဲတပ်ဖွဲ့ |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | ကရင်အမျိုးသား အစည်းအရုံး |
| KNU/KNLA PC | ကရင်အမျိုးသား အစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ် ငြိမ်းချမ်းရေးကောင်စီ |
| KWO | ကရင်အမျိုးသမီးအဖွဲ့အစည်း |
| MNDAA | မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ် |
| MNLA | မွန်အမျိုးသားလွတ်မြောက်ရေးတပ် |
| MPF | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| MTA | မော်ထိုင်း တပ်ဖွဲ့ |
| NDAA | အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ် |
| NMSP | မွန်ပြည်သစ် ပါတီ |
| PMF | ပြည်သူ့စစ်တပ်ဖွဲ့များ |
| PNA | ပအိုးဝ် အမျိုးသားတပ် |
| PNO | ပအိုးဝ်အမျိုးသား အစည်းအရုံး |
| PNLO/PNLA | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအစည်းအရုံး/ပအိုးဝ်အမျိုးသားလွတ်မြောက်ရေးတပ် |
| PSLF | ပလောင် ပြည်နယ် လွတ်မြောက်ရေး တပ်ဦး |
| RCSS | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| SSA-N | ရှမ်းပြည်တပ်မတော် (မြောက်) |
| SSA-S | ရှမ်းပြည်တပ်မတော် (တောင်) |
| SSPP | ရှမ်းပြည်တိုးတက်ရေးပါတီ |
| TNLA | တအာင်း အမျိုးသားလွတ်မြောက်ရေးတပ် |
| UWSA | ‘ဝ’ပြည် သွေးစည်းညီညွတ်ရေး တပ်ဖွဲ့ |
| UWSP | ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးပါတီ |

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

Civil Law - နိုင်ငံသားတစ်ဦးချင်းကြားမှ လွှဲပြောင်းမှုများနှင့် တရားမျှတမှုမရှိဟု ခံစားရသည်များကို စီမံအုပ်ချုပ်သည့် ဥပဒေစည်းမျဉ်းနှင့် စည်းကမ်းများ

Court – အငြင်းပွားမှုများကို ဖြေရှင်းပေးရာနှင့် တရားစီရင်ရေးကို စီမံလုပ်ဆောင်သည့် မူလနေရာ

Criminal Justice – လူမှုရေးအရထိန်းချုပ်ခြင်းကို ထိန်းသိမ်းထားခြင်း၊ ရာဇဝတ်မှုများကို တားဆီးခြင်းနှင့် လျော့ချခြင်းများအတွက် လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့အစည်းများပါဝင်သောစနစ်၊ ၎င်းတွင် ဥပဒေချိုးဖောက်သော ပြည်သူများနှင့်အဖွဲ့အစည်းများကို ရာဇဝတ်မှု ပြစ်ဒဏ်နှင့် ပြန်လည်ထူထောင်ရေး လုပ်ဆောင်ပေးမှုများပါဝင်သည်။

Criminal Justice System - ရာဇဝတ်တရားစီရင်ရေးစနစ်တွင် ဥပဒေများရေးဆွဲပြဌာန်းရန် ဥပဒေပြုအဖွဲ့၊ တရားဥပဒေစိုးမိုးအသက်ဝင်ရန် လုပ်ဆောင်မည့်ရဲတပ်ဖွဲ့၊တရားရုံးစနစ်နှင့်အကျဉ်းထောင်များပါဝင်သည်။ကောင်းစွာလည်ပတ်နေသောရာဇဝတ်တရားစီရင်ရေးစနစ်တစ်ခုတွင် အဆိုပါဌာနသုံးခုသည် တရားဥပဒေစိုးမိုးမှုအောက်တွင် အတူတကွလုပ်ဆောင်နေရမည်ဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန် အရေးပါသော နည်းလမ်းတစ်ခုလည်းဖြစ်သည်။

Criminal Law - လူ့အဖွဲ့အစည်းကို အန္တရာယ်ကြီးသည် သို့မဟုတ် အန္တရာယ်ဖြစ်စေသည်ဟု စဉ်းစားသော လုပ်ဆောင်မှုများနှင့် သက်ဆိုင်သည့် ဥပဒေဖြစ်သည်။ ရည်ရွယ်ချက်မှာ ရာဇဝတ်မှုတစ်ခုတွင် ဘာတွေပါဝင်ဖွဲ့စည်းထားသလဲဆိုသည်နှင့် ရာဇဝတ်မှုတစ်ခုကျူးလွန်ပါက ပေးမည့် ပြစ်ဒဏ်များကို သီးသန့်အဓိပ္ပါယ်ဖွင့်ဆိုမှုပြုရန် ဖြစ်သည်။ ရာဇဝတ်ဥပဒေတစ်ခုသည် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပြစ်ဒဏ်ဖော်ပြချက်များ မပါဝင်ပါက အသက်မဝင်ပေ။ ရာဇဝတ်ဥပဒေနှင့်ဆိုင်သော အမှုများကို တရားစွဲ၍ စစ်ဆေးဆုံးဖြတ်မှုများကို နိုင်ငံတော်ကသာ လုပ်ကိုင်ရပြီး တစ်ဦးချင်းပုဂ္ဂိုလ်က မလုပ်ဆောင်ရပါ။

Customary Law - တိုင်းရင်းသားရိုးရာများ၏ အမျိုးမျိုးသောမှတ်သားစရာများမှ ဆင်းသက်လာသော လျော့ရဲရဲ ဥပဒေဆိုင်ရာ ကျင့်ထုံးများကို အခြေခံသောဥပဒေဖြစ်ပြီး ယေဘုယျအားဖြင့်ပြစ်ဒဏ်ပေးရန် ရည်ရွယ်သည်ထက်စာလျှင် ပို၍စဉ်းစားကာ နားလည်အောင်လုပ်ဆောင်မှုဖက်သို့ အလေးသာသည်ဟုဆိုရမည်။

Dispute Resolution - နှစ်ဖက်အငြင်းပွားမှုကို ဖြေရှင်းပေးသော လုပ်ငန်းစဉ်ဖြစ်သည်။ အငြင်းပွားမှုဖြေရှင်းရေးမှာ ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်များမှဖြစ်စေ သို့မဟုတ် ကြားဝင်စေ့စပ်ခြင်း၊ ပေါင်းစည်းပေးခြင်း သို့မဟုတ် စေ့စပ်ညှိနှိုင်းပေးခြင်းကဲ့သို့သော ပါဝင်သူများ သဘော တူညီချက်ယူရသော လုပ်ငန်းစဉ်များမှတဆင့် လုပ်ဆောင်လေ့ရှိသည်။

Judge - ဥပဒေများအကြောင်း နှံ့စပ်သူ တစ်ဦးချင်းကို ရွေးချယ်တင်မြှောက်ခြင်း သို့မဟုတ် ခန့်အပ်ခြင်းဖြစ်သည်။ ဥပဒေဆိုင်ရာလုပ်ငန်းစဉ်များကို ဓမ္မဓိဌာန်ကျကျ စီမံလုပ်ဆောင်ရန်နှင့် အမှုတစ်ခုကို အပြီးသတ်ရန် နောက်ဆုံး ဆုံးဖြတ်ချက်ပေးရန် တရားဝင်အသိပေးလုပ်ဆောင်စေသူဖြစ်သည်။

Judicial System - နိုင်ငံတော်အပိုင်းမှနေ၍ ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုသည့် တရားရုံးများ၏ ကွန်ရက်ဖြစ်သည်။ တရားမ၊ ရာဇဝတ်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စအဝဝတို့ပါဝင်သော တရားစီရင်ရေးကို တရားဥပဒေစိုးမိုးမှုနှင့်အညီ စီမံအုပ်ချုပ်ခြင်းဖြစ်သည်။

Judiciary - ပင်မတရားသူကြီးများဟု ဆိုနိုင်သော (တရားသူကြီးများ၊ အငယ်တန်းတရားသူကြီးများနှင့် အမှုတစ်ခုကို ဆုံးဖြတ်စီရင်သူများ) သူများမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးချင်းကို ရည်ညွှန်းပါသည်။ စနစ်ကို စီမံအုပ်ချုပ်သည့် ဝန်ထမ်းများလည်းပါဝင်သည်။

Justice - တရားမျှတမှုရှိအောင် စီမံခန့်ခွဲရသည့် ဥပဒေဆိုင်ရာ သို့မဟုတ် ဒဿနသီအိုရီအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုသည်။

Justice System - အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အုပ်ချုပ်နေသော အဖွဲ့များက တာဝန်ယူထားသည့် ရဲတပ်ဖွဲ့များ၊ တရားရုံးများနှင့် ထိန်းသိမ်းရေးစခန်းများ၏ ကွန်ရက်။

Policing - သီးသန့်လုပ်ပိုင်ခွင့်အာဏာကို အခြေပြု၍ ရာဇဝတ်မှုဥပဒေများ၏ စိုးမိုးမှုကို ထိန်းသိမ်းပေးခြင်း။ ရဲလုပ်ငန်းဆောင်ရွက်ခြင်း၏ ထင်ရှားသော ဦးစားပေးမှာ ဥပဒေဖြင့် တည်ငြိမ်မှုရှိရေးကို ထိန်းသိမ်းခြင်းဖြစ်သည်။

## အဓိကအချက်များကောက်နုတ်ချက်

နှစ်ပေါင်းများစွာ ဖြစ်ပွါးနေသော ပြည်တွင်းစစ်၏ အကျိုးဆက်ကြောင့် မြန်မာတောင်တန်းနယ်မြေအများစုသည် အစိုးရထိန်းချုပ်မှု ဘောင်အပြင်ဖက် သို့မဟုတ် အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင် အဓိကဇာတ်ကောင်များ (EAAs) ၏ ထိန်းချုပ်မှု၊ အုပ်ချုပ်မှု ရောထွေးနေသော အနေအထားအတွင်းတွင် ရှိနေကြဆဲ ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဓိက ဇာတ်ကောင်များ (EAAs) ] ဟုဆိုရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) (အပစ်ရပ်ထားသော (သို့မဟုတ်) ပဋိပက္ခဆက်လက်ဖြစ်ပွားလျှက်ရှိသော) အပြင် နယ်ခြားစောင့်တပ်များ (BGF) နှင့် ပြည်သူ့စစ်အဖွဲ့(PMF) တို့ ကဲ့သို့သော အစိုးရနောက်ခံပြု တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်ထားသော တိုင်းရင်းသားအဖွဲ့ အစည်းများ (State-backed ethnic paramilitary organization) ပါဝင်ပါသည်။ ထို့ကြောင့် ဖရိုဖရဲဖြစ်နေသည်ဟုထင်ရသော်လည်း ၎င်းနယ်မြေအများစုတွင် ဥပဒေစိုးမိုးရေး စတင်မှုအဆင့်တွင် ရှိနေကြပြီဖြစ်သည်။ ယင်းဥပဒေစိုးမိုးမှု သည် ရပ်ရွာအဆင့်တွင် ဓလေ့ထုံးတမ်းအရ တရားစီရင်ခြင်းစနစ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဓိက ဇာတ်ကောင်များ (EAAs)၊ တခါတရံ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်ထားသော တိုင်းရင်းသားအဖွဲ့ အစည်းများ (ethnic paramilitary organization) စီမံခန့်ခွဲသော တရားစီရင်မှုစနစ်တို့ကြောင့် နေရာအတော်များများတွင် အဓိကဖြစ်ပေါ်လာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်သော နယ်မြေများတွင် ၎င်းတို့၏ တရားစီရင်မှုစနစ်များသည် တရားဝင်ပုံစံ တစ်ခုတည်းသာရှိသော်လည်း ထိန်းချုပ်မှုရောယှက်နေသော နယ်မြေများ တွင်မူ အစိုးရနှင့် လက်နက်ကိုင်ထားသော တိုင်းရင်းသားအဖွဲ့များ၏ တရားစီရင်မှုစနစ်များသည် သီးခြားစီတည်ရှိနေသော်လည်း ရပ်တည်ချက် မှာ အတူတူပင်ဖြစ်သည်။

၎င်းနယ်မြေများရှိ အရပ်သားအများစုအတွက် တည်ငြိမ်မှုနှင့် ဥပဒေစိုးမိုးမှုတို့ကို ဖြည့်ဆည်းပေးသောအရာမှာ ကျေးရွာနှင့် ကျေးရွာအခြေပြု တရားစီရင်မှု စနစ်များဖြစ်သည်။ အဆိုပါနယ်မြေများတွင် အဖြစ်များသော တရားမကြောင်းနှင့် အသေးစားရာဇဝတ်မှုများကို ကျေးရွာသူကြီးနှင့် ကျေးရွာတရားစီရင်ရေးကော်မတီများက အစဉ်အလာဓလေ့ထုံးတမ်းဥပဒေများကို အမှီပြု၍ ကိုင်တွယ်ဖြေရှင်းလေ့ရှိကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဓိကဇာတ်ကောင်များ(EAAs)သည် ၎င်းတို့၏ တရားစီရင်မှုစနစ်များကို ကျေးရွာဖွဲ့စည်းပုံ၏ ထိပ်တွင်ထည့်သွင်းထားပြီး ယင်းတို့ကို အမှီပြု၍ အမှုကိစ္စများကို ကိုင်တွယ်ကြသည်။ ပြင်းထန်သောရာဇဝတ်မှုများကိုမူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ၏ တရားရုံးများတွင် ဖြေရှင်းရန်လိုအပ်ပြီး ၎င်းတရားရုံးများသို့ ကျေးရွာအဆင့်မှ အယူခံလွှာတင်သွင်းနိုင်သည်။

စာရွက်ပေါ်မှ ဖွဲ့စည်းပုံအရ EAO များ၏ တရားစီရင်မှုစနစ်များသည် အထက်မှအောက်သို့ အဆင့်ဆင့်ဖွဲ့ စည်းထားပြီး ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ ဗဟိုအဆင့်ဆင့်တင်ပြရန် ခွင့်ပြုထားသည်။ တရားဝင် လုပ်ထုံးလုပ်နည်းများ ဖြင့် ပံ့ပိုးထားသော ၎င်းတရားစီရင်မှုစနစ်များသည် အဆင့်တိုင်းတွင် ပိုမိုပြင်းထန်သော အမှုအခင်းများကို စစ်ဆေးရန်နှင့် ပိုမိုပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ရန် ခွင့်ပေးထားသည်။ EAO များအကြား တရားစီရင်မှု လုပ်ထုံးလုပ်နည်းများ ကွာခြားမှုရှိပြီး အချို့က ပုံစံတကျရှိမှုကို လိုက်ပါကျင့်သုံးကြပြီး အချို့က အခြေခံကျလွန်းသောပုံစံကို ဆုပ်ကိုင်ထားကြ သည်။ လက်တွေ့တွင်မူ ပဋိပက္ခ သံသရာ၊ နယ်မြေအတွင်း အဖွဲ့အစည်း၏ စွမ်းဆောင်ရည်၊ EAA အဖွဲ့ဝင်များနှင့် ပုဂ္ဂိုလ်ရေးဆက်နွယ်မှု စသည်တို့ကြောင့် ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများနှင့် ကွဲပြားမှုများရှိနိုင်သည်။

EAO အများစုအတွက် အဖွဲ့ တွင်းလုံခြုံမှုကို ၎င်းတို့၏ အမြဲတမ်းတပ်ဖွဲ့ဝင်များနှင့် ဒေသတွင်းအဆင့်တွင် ၎င်းတို့ဖွဲ့ စည်းထားသော ပြည်သူ့ စစ်အဖွဲ့ များက တာဝန်ယူကြသည်။ ၎င်းတပ်ဖွဲ့ ဝင်များကပင် တရားခံဖမ်းခြင်း၊ အချုပ်ခန်းစောင့်ကြပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ရပ်ရွာအတွင်း လူထုလုံခြုံရေးဆောင်ရွက်ရန်ရည်ရွယ်၍ ရဲဌာန ဖွဲ့စည်းထားသော EAO အနည်းစု ရှိသည်။ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရာတွင် ရဲဌာနကိုအခွင့်အာဏာပေးထားသောကရင်အမျိုးသားအစည်းအရုံး(KNU)အဖွဲ့မှလွဲလျှင်များသောအားဖြင့် EAOအုပ်ချုပ်ရေးအာဏာပိုင်များက လုပ်ဆောင်လေ့ရှိသည်။

ကျေးရွာဓလေ့ထုံးတမ်းတရားစီရင်မှုနှင့် EAAများ၏ တရားစီရင်မှုစနစ်များသည် ပဋိပက္ခကာလနှင့် အပစ်ရပ်ကာလများတစ်လျှောက် ဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန် ဆက်လက် တည်ရှိခဲ့ပြီးဖြစ်သည်။ EAA များ၏ တရားစီရင်မှုစနစ်များ နှင့် တည်ငြိမ်စေသည့် သက်ရောက်မှုရှိသော ကျေးရွာဓလေ့တရားစီရင်မှု မရှိပါက ဤသို့တည်ငြိမ်ပြီး တရားဥပဒေစိုးမိုးနိုင်စရာအကြောင်းမရှိပေ။[1] မြန်မာနိုင်ငံရှိ EAA များလှုပ်ရှားသော နယ်မြေအများစုတွင် ဗဟိုအစိုးရအနေနှင့် ထိန်းချုပ်နိုင်မှုရှိခဲ့လျှင်လည်း အနည်းငယ်သော ထိန်းချုပ်မှုသာလျှင် ရှိသည်။ EAO များ၏ ဥပဒေစိုးမိုးမှုနှင့် တရားစီရင်မှု ထိန်းသိမ်း နိုင်စွမ်းသည် ၎င်းတို့ထိန်းချုပ်သော နယ်မြေများ၊ ထိန်းချုပ်မှုရောနှောနေသောနယ်မြေများ၊ နှင့် ရံဖန်ရံခါသက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုများနေထိုင်ပြီး ပဋိပက္ခဇုန်များ နှင့် ကပ်နေသော အစိုးရထိန်းချုပ်နယ်မြေများအချို့ ရှိ၎င်းတို့ကိုယ်စားပြုသည့် လူထုအသိုင်းအဝိုင်းများအကြားတွင် တရားဝင်မှု ရရှိနိုင်စွမ်းအပေါ်တွင် အပြန်အလှန်အားဖြင့် သက်ရောက်မှုရှိသည်။

EAO များ၏ တရားစီရင်မှုစနစ်များ ဖွဲ့စည်းပုံနှင့် ကျေးလက်တရားစီရင်မှုပုံစံများကို အနည်းအကျဉ်းမျှသာ သိရှိနားလည်သေးသော်လည်း ဥပဒေစိုးမိုးမှုနှင့် မြန်မာ့တရားစီရင်မှုစနစ်များ အလုပ်လုပ်ပုံတို့အပေါ် ကျေးလက်တရားစီရင်မှုစနစ်များ၏ စဉ်ဆက်မပြတ်မှုနှင့် တည်ငြိမ်မှုတို့

[1] ၎င်းနယ်မြေများတွင် စစ်ဆင်ရေးများကြောင့် အရပ်ဖက်အသိုင်းအဝိုင်းအကြား တည်ငြိမ်မှုနှင့် အေးချမ်းမှုပျက်ပြားသည့်ကာလများ ရှိခဲ့သော်လည်း ၎င်းစစ်ဆင်ရေးများ မရှိတော့ချိန်တွင် တရားစီရင်မှုအပါအဝင် ကျေးရွာနှင့် EAO စီမံခန့်ခွဲမှုများ ပြန်လည်စတင်ကာ တည်ငြိမ်မှုနှင့် အေးချမ်းမှုပြန်လည်ရရှိလာသည်။

သည် အစိုးရနှင့် EAO များ၏ တရားဝင်တရားစီရင်မှုစနစ်များ တည်ဆောက်ရန် အမာခံအုတ်မြစ်သဖွယ် ဖြည့်ဆည်းပေးပြီး နိုင်ငံတစ်ဝှမ်း တည်ငြိမ်မှုနှင့် အေးချမ်းမှုထိမ်းသိမ်းရေး၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြသည်။ EAO တရားစီရင်မှု စနစ်များက နိုင်ငံ၏နယ်မြေ အများစုတွင် အစိုးရတရားစီရင်မှုစနစ်များနှင့် အပြိုင်လည်ပတ်လုပ်ဆောင်နေပြီး လူထုအသိုင်းအဝိုင်းအများစုအတွက် တရားစီရင်မှုဆိုင်ရာ နည်းလမ်းများ ဖြစ်နေသောအချက်ကြောင့် ယင်းစနစ်များသည် မြန်မာနိုင်ငံ၏ အနာဂါတ်စီမံအုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပါကြောင်း ညွှန်ပြသင့်ရှိသည်။

## အခန်း တစ်။ မိတ်ဆက်နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံ၏ အထင်ရှားဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရနောက်ခံပြုထားသော ပြည်သူ့စစ်များ၏ တရားစီ ရင်မှုစနစ်များနှင့် ၎င်းတို့ထိန်းချုပ်သောနယ်မြေများရှိ ဥပဒေစိုးမိုးမှုဆိုင်ရာ ဖြစ်ပေါ်နေမှုများကို လေ့လာတင်ပြထားသည်။ ဤလေ့လာမှုကို သဘောကွဲလွဲမှုဖြစ်ပွားရာဒေသများရှိ အခြေခံလူမှုဝန်ဆောင်မှုများ စီမံချက်(Social Services in Contested Areas Project-SSCA) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့ကွန်ယက်များ ပါဝင်လုပ်ဆောင်နေသော စီမံအုပ်ချုပ်မှု နှင့် လူမှုဝန်ဆောင်မှုတို့၏ အခန်းကဏ္ဍများအပေါ် အဓိကထားသော သုတေသနစီမံကိန်းများ၏ နောက်ဆက်တွဲအဖြစ် လေ့လာခဲ့ခြင်း ဖြစ်သည်။

ဤစာတမ်းတွင် အစိုးရနှင့် နိုင်ငံရေးအရ အတိုက်အခံအဖြစ် ဆက်လက်ရပ်တည်နေသော အပစ်ရပ်နှင့် အပစ်မရပ် လက်နက်ကိုင်အဖွဲ့များကို ရည်ညွှန်းရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ EAOs ဟူသောအခေါ်အဝေါ်ကို အသုံးပြုသွားမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ-EAOs နှင့် အစိုးရနောက်ခံပြု တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်ထားသော တိုင်းရင်းသားအဖွဲ့အစည်းများကို ခြုံငုံ၍ တစ်ဖွဲ့ချင်းစီအား တိုင်းရင်းသား လက်နက်ကိုင် အဓိကဇာတ်ကောင်များ (Ethnic Armed Actors-EAAs) ဟု သုံးနှုန်းသွားမည်ဖြစ်သည်။[2]

EAA တရားစီရင်မှုစနစ်များသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားနယ်မြေများရှိ ပြည်သူအများစု၏ ဘဝများအပေါ် တွင် ကြီးမားသောသက်ရောက်မှု ရှိသည်။ အချို့နယ်မြေများတွင် ဒေသခံပြည်သူများ သိရှိနားလည်သော တရားစီရင်မှုစနစ်များကိုသာ EAAs များက ဆောင်ရွက်ပေးကြသည်။ ထိန်းချုပ်မှုရောနှောနေသောနယ်မြေများရှိ ပြည်သူအများစုအတွက်မှာမူ EAA တရားစီရင်မှုစနစ်များသည် အစိုးရတရားစီရင်မှုစနစ်များနှင့် ပတ်သက်၍ သဘောမပေါက်နိုင်သောအရာများ၊ ငွေကြေးသုံးစွဲရသည့် သဘာဝများနှင့် နှိုင်းယှဉ်လျှင် သိရှိနားလည်လွယ်သော အတိုင်းအတာကို ကိုယ်စားပြုသည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြေအနေအရ ပဋိပက္ခဒဏ်ခံစားသင့်နယ်မြေများအတွက် အနာဂါတ်အုပ်ချုပ်မှုအစီအစဉ်များသည် အရေးပါသော ဗဟိုချက်နေရာမှ ပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ EAA ၏ လုပ်ပိုင်ခွင့်များ၊ တရားရုံးများ၊ ဥပဒေနှင့် စည်းကမ်းများ၊ ရဲလုပ်ထုံးလုပ်နည်းများ၊ ပြစ်ဒဏ်ပေးမှုများ၏ကဏ္ဍကို နားလည်သဘောပေါက်ခြင်းသည် အလွန်တန်ဘိုးရှိသည်။

ဤမိတ်ဆက်နိဒါန်း၏ ကျန်ရှိအပိုင်းတွင် ကမ္ဘာတဝှမ်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများမှ ဖော်ထုတ်ထားသည့် တရားစီရင်မှုစနစ်များနှင့် သက်ဆိုင်သော လက်ရှိသဘောတရား အယူအဆ၊ ယင်းသဘောတရားနှင့် အခြားစီမံအုပ်ချုပ်ရေးရည်မှန်းချက်များ ဆက်နွယ်ပုံတို့ကို ဦးစွာလေ့လာတင်ပြထားသည်။ ထို့နောက် မြန်မာနိုင်ငံတွင် အဆိုပါတရားစီရင်မှုစနစ်များ မည်သို့ဖွံ့ဖြိုးတည်ဆောက်၍ ဆောင်ရွက်နေသည်ကို အခြေခံမိတ်ဆက်သဘောတင်ပြထားသည်။ နောက်ဆုံးတွင် လေ့လာပုံနည်းစနစ်၏ အခြေခံခြုံငုံကြည့်ရှုမှုကို တင်ပြခြင်း၊ သုတေသနတွင် လွှမ်းခြုံနိုင်ခြင်းမရှိသောအရာအပါအဝင် သုတေသန၏ နယ်ပယ်ကို ဖေါ်ပြခြင်း၊ အစီရင်ခံစာ၏ ကျန်ရှိအပိုင်း ကောက်နုတ်ချက်ကို တင်ပြခြင်း တို့ကို ဖြည့်ဆည်းပေးထားသည်။

### ၁.၁။ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားစီရင်မှုဆိုင်ရာသီအိုရီ

တိုင်းရင်းသား အမျိုးသားရေးလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ တိုင်းရင်းသားလူမျိုးစု၏ လိုလားချက်များကို ကိုယ်စားပြုတောင်းဆိုခွင့် ပိုမိုရနိုင်မည့် နည်းလမ်းများအဖြစ်  သက်ဆိုင်ရာ နယ်မြေနှင့် လူထုအသိုင်းအဝိုင်းများကို ထိန်းချုပ်ရန် အဓိကအားဖြင့် ကြိုးစားကြသည်။ ထိန်းချုပ်ပြီးနောက်တွင် ဒေသခံလူထုကို အုပ်ချုပ်စီမံရမည်ဖြစ်ရာ များသောအားဖြင့် အုပ်ချုပ်သူအကြီးအကဲ၏ ထုံးတမ်း စဉ်လာတာဝန်ဝတ္တရားများဖြင့် လုပ်ငန်းစဉ် စတင်လေ့ရှိပြီး ၎င်းလုပ်ငန်းစဉ်တွင် ရဲလုပ်ငန်းနှင့် တရားစီရင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးနှင့် လူမှုဖူလုံရေးကို မြှင့်တင်ခြင်း၊ လူထုအား ပြင်ပဘေးရန်များမှ အကာအကွယ်ပေးခြင်း စသည်တို့ပါဝင်သည်။[3]

အုပ်ချုပ်မှုကဏ္ဍ၏ အဓိကသော့ချက်ဖြစ်ပြီး လက်နက်ကိုင်အဖွဲ့များက စတင်ထူထောင်လေ့ရှိသော အစိတ်အပိုင်း တစ်ခုမှာ လူထုအသိုင်းအဝိုင်းအား စနစ်တကျထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးနိုင်မည့် တပ်ဖွဲ့ဖြစ်သည်။ ၎င်းလုပ်ငန်းသည် ခေါင်းဆောင်ပိုင်း၏ အမြင့်ဆုံးဦးစားပေးရည်မှန်းချက်ဖြစ်ပြီး အဖွဲ့အစည်းအနေ နှင့် မတည်ငြိမ်သော ပျောက်ကြားလှုပ်ရှားမှုပုံစံမှ တည်ငြိမ်သော အစိုးရကဲ့သို့ အုပ်ချုပ်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်စွမ်း ရှိ မရှိကို အဓိက အဆုံးအဖြတ်ပေးမည့်အချက်ဟု ဆိုနိုင်သည်။[4] သူပုန်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုဆိုင်ရာပညာရှင် Zachariah Mampilly က ၎င်းလုပ်ငန်းသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများတွင် အရေးကြီးဆုံးဟု စဉ်းစားသည်။[5] ထိုကဲ့သို့သောအဖွဲ့မျိုးသည်

[2] အစိုးရနောက်ခံပြု တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်ထားသော တိုင်းရင်းသားအဖွဲ့အစည်းများတွင် နယ်ခြားစောင့်တပ်ဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့များ၊ အစိုးရမှ ဖွဲ့ထားသောအခြားပြည်သူ့စစ် အမျိုးအစားများ ပါဝင်သည်။ဂျူခန်နန်(၂၀၁၆)ကိုကြည့်ပါ။

[3] Timothy Wickam-Crowley. "Del Gobierno de Abajo al Gobierno de Arriba … and Back: Transitions to and from Rebel Governance in Latin America 1956-1990" in Rebel Governance in Civil War (New York: Cambridge University Press, 2015), 47.

[4] Timothy Wickham-Crowley. "The rise (and sometimes fall) of guerrilla governments in Latin America." Sociologial Forum 2, 1987, 482-483.

[5] Zachariah Mampilly. Rebel Rulers: Insurgent Governance and Civilian Life during War (New York: Cornell University Press, 2011), 134.

အခွန်ကောက်ခြင်းနှင့် ပိုမိုအဆင့်မြင့်သော ဝန်ဆောင်မှုများကဲ့သို့သော အခြားအုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းဆောင်တာများ ထူထောင်ရေးအတွက် အဓိကကျသော တည်ငြိမ်မှုနှင့် အေးချမ်းမှုကို လည်းဖြည့်ဆည်းပေးသည်။ ထိုစနစ်တကျထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်းလုပ်ငန်းကို သီးသန့် ရဲတပ်ဖွဲ့ဖြင့်ဖြစ်စေ၊ အဖွဲ့အစည်း၏ လက်နက်ကိုင်တပ်များ (များသောအားဖြင့် ပြည်သူ့စစ် အဖွဲ့များ) ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

ဒုတိယလိုအပ်သောလက္ခဏာမှာ အငြင်းပွားမှုဖြေရှင်းရေး ယန္တရား ဖန်တီးတည်ထောင်ခြင်း သို့မဟုတ် ဥပဒေစနစ်ပြဌာန်းခြင်းဖြစ်သည်။ ၎င်းစနစ်သည် တရားဝင် တရားစီရင်ရေးဖွဲ့စည်းပုံ သို့မဟုတ် အရေးပေါ်စနစ်ထက် ပိုကောင်းအောင်လုပ်ဆောင်လုပ်ဆောင်ခြင်းစနစ် ပါဝင်လာနိုင်သည်။ တရားဝင်သည်ဟု ရှုမြင်နိုင်ရန်အတွက် ထိုစနစ်ကို အရပ်သားများက တစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ လက်နက်ကိုင်အဖွဲ့အစည်းနှင့်ဖြစ်စေ အငြင်းပွါးမှုများတွင် အသုံးပြုနိုင်စေရန် လိုအပ်သည်။[6] အငြင်းပွားမှုဖြေရှင်းမှုစနစ်သည် ထိန်းချုပ်နယ်မြေ၏ တည်ငြိမ်မှု အတိုင်းအတာကို ဖြည့်ဆည်းပေးပြီး လက်နက်ကိုင်အဖွဲ့အစည်းအုပ်ချုပ်မှုလက်အောက်ရှိ အရပ်သားများ၏ ဘဝများကို ပုံမှန်ပြန် ဖြစ်လာစေသည်။[7]

လက်နက်ကိုင်အဖွဲ့များက အသုံးပြုသော တရားစီရင်မှုစနစ်များသည် ၎င်းတို့ဖန်တီးသည့် လုံးလုံးလျားလျား ပုံစံသစ် ဖြစ်လေ့မရှိပေ။ များသောအားဖြင့် အဆိုပါအဖွဲ့အစည်းများသည် တရားမမှုဆိုင်ရာ၊ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးများအတွက် အစိုးရ၏ လုပ်ထုံးလုပ်နည်းများ၊ ဓလေ့ထုံးတမ်းနည်းစနစ်များအပါအဝင် တည်ရှိပြီးသား တရားရေး အင်စတီကျူးရှင်းများနှင့် လုပ်ထုံးလုပ်နည်းများ၏ အစိတ်အပိုင်းများကို မှီငြမ်းကိုးကား၍ အဖွဲ့အစည်း၏ ဒေသတွင်းယဉ်ကျေးမှုစံနှုန်းအဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့်အညီဆောင်ရွက်ကြသည်။ အပြစ်ရှိကြောင်း ခိုင်မာသည့် တွေ့ရှိမှုကို အဓိကထားသည့် စံသတ်မှတ်ချက် ဥပဒေများအပေါ် အခြေခံသော ခေတ်မှီဥပဒေပိုင်းဆိုင်ရာစနစ်နှင့် ထုံးတမ်းဓလေ့ ဥပဒေတို့ ယှဉ်တွဲနေသည့် အခြေအနေမျိုးတွင် (အထူးသဖြင့် အောက်ခြေနယ်မြေအဆင့်တွင်) စနစ်နှစ်မျိုး ဖြစ်နေနိုင်သည်။[8]

တရားစီရင်မှုစနစ်များနှင့် အခြားဂန်ဆောင်မှုများကို ဆောင်ရွက်ကြသော လက်နက်ကိုင်အဖွဲ့များသည် ရေးဆွဲတည်ထောင်ထားသော စည်းမျဉ်းများအရ ဆောင်ရွက်ခြင်း သို့မဟုတ် အလွတ်သဘော ဆောင်ရွက်ခြင်းပုံစံများအပေါ် မူတည်ပြီး ကြီးကြီးမားမား ကွဲလွဲမှုရှိသည်။ အဖွဲ့အစည်းများသည် အရေးပေါ်ဖြေရှင်းခြင်းအစီအစဉ်များနှင့် စတင်လေ့ရှိကြပြီး နောက်ပိုင်းတွင် အုပ်ချုပ်ရေးပုံစံသို့ သွတ်သွင်းခြင်းဖြင့် တဖြည်းဖြည်းပြောင်းလဲလာသည်။[9] ၎င်းတို့သည် ကိုင်တွယ်မည့်အမှုကိစ္စများကို ရွေးချယ်ပုံနှင့် နိစ္စဓူဝရာဇဝတ်မှုများကို ကိုင်တွယ်ပုံတို့တွင်လည်း ကွဲပြားမှုရှိကြသည်။ အချို့က လူသိများသော အမှုကိစ္စများကို ပိုမိုကိုင်တွယ်ကြပြီး အချို့ကမူ များစွာကျယ်ပြန့်သော ရာဇဝတ်မှုများကို ကိုင်တွယ်ရန်အတွက် တရားရုံးများကို ဖွဲ့စည်းထားကြသည်။

လက်နက်ကိုင်အဖွဲ့များ အုပ်ချုပ်သောနယ်မြေများရှိ တရားဥပဒေစိုးမိုးမှုအတိုင်းအတာသည် ဒေသခံလူထု၏အမြင်တွင် အဖွဲ့အစည်း၏ တရားဝင်မှု အတိုင်းအတာနှင့် များသောအားဖြင့် ဆက်စပ်နေသည်။ ပြည်တွင်းစစ်၏ သဘောသဘာဝကြောင့် သီးသန့်နယ်မြေဒေသတစ်ခု၏ ပင်မအုပ်ချုပ်ရေး အဖွဲ့အစည်း ဖြစ်လာရန်အတွက် များ သောအားဖြင့် နှစ်မျိုး (သို့) ထို့ထက်ပိုသော အစိုးရပုံစံများ အပြိုင်အဆိုင် ဖြစ်လာနိုင်သည်။ တရားစီရင်မှု တည်ဆောက်ပုံကို အောင်မြင်စွာ ဖန်တီးနိုင်မှုသည် ရပ်ရွာလူထုအပေါ် အဖွဲ့တစ်ဖွဲ့၏ အခွင့်အာဏာကို ပို၍လေးနက်စေကာ များသောအားဖြင့် လက်နက်ကိုင် အဖွဲ့များက ၎င်းတို့သည်လည်း နိုင်ငံတော်အစိုးရကဲ့သို့ နားလည်တတ် ကျွမ်းကြောင်း ပြသရန် အသုံးပြုလေ့ရှိကြသည်။[10] အပြန်အလှန်အားဖြင့် ရပ်ရွာလူထုအကြား အဖွဲ့အစည်း၏ တရားဝင်မှုကို အထောက်အကူဖြစ်သည်။

လက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေး၏ လက္ခဏာကို ကွဲပြားခြားနားသော တရားဝင်ဖြစ်မှုအမျိုးအစားများ ပေါင်းစပ်ခြင်းဖြင့် ပုံဖေါ်သော်လည်း အနည်းဆုံး တစ်စိတ်တစ်ပိုင်း ဖိအားပေးမှု အမြဲတစ်စေရှိတတ်သည်။ အဖွဲ့အစည်းများသည် ၎င်းတို့၏ အဖွဲ့တွင်းလုံခြုံရေးတပ်ဖွဲ့များ၏ ထိန်းသိမ်းကြပ်မတ်သည့် လုပ်ငန်းစဉ်များမှတဆင့် နယ်မြေပိုင်နက်အတွင်း အကြမ်းဖက်နည်းလမ်း အသုံးပြုခြင်းနှင့်ပတ်သက်၍ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှု၊ Weberian sovereignty ၏ အဓိကအစိတ်အပိုင်း ဖြစ်လာနိုင်သည်။[11] အဖွဲ့အစည်း၏ တရားစီရင်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး ဖွဲ့စည်းများသည် ရပ်ရွာလူထုနှင့် ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းကို ဖန်တီးပေးသည်။ နောက်ပိုင်းတွင် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းခြင်းဖြင့် တရားဝင်မှုကို ဆက်လက်ဖြစ်ပေါ်စေသည်။ ယင်းတရားဝင်မှုကို ရာဇဝတ်မှုများကို ကိုင်တွယ်ခြင်းဖြင့်ဖြစ်စေ၊ တရားမမှုများတွင် အရပ်သားများအကြား အငြင်းပွားမှုကို ဖြေရှင်းပေးခြင်းဖြင့် ဖြစ်စေရရှိသည်။ အခြေခံကျလွန်းသည့်အချက် ဖြစ်သည့် တိုင်အောင် လက်နက်ကိုင်အဖွဲ့အစည်းသည် တရားစီရင်မှုစနစ် ကောင်းစွာအလုပ်ဖြစ်ခြင်းကြောင့် ၎င်းတို့နယ်မြေအတွင်းမှ ပြိုင်ဖက်များ အပါအဝင် အရပ်သားလူထု၏ လွှမ်းမိုးမှုအရှိဆုံးအဖွဲ့ အနေဖြင့် အသိအမှတ်ပြုမှုကို ရရှိလာနိုင်သည်။

---

6 Ibid., 51.

7 Ernesto Guevara. Guerrilla Warfare (New York: Vintage Books, 1969), 83.

8 Mampilly 2011, op. cit.

9 Nelson Kasfir. "Rebel Governance – Constructing a Field of Inquiry: Definitions, Scope, Patterns, Order, Causes" in Rebel Governance in Civil War (New York: Cambridge University Press, 2015), 43.

10 Bert Suykens. "Comparing Rebel Rule Through Revolution and Naturalization: Ideologies of Governance in Naxalite and Naga India in Rebel Governance in Civil War (New York: Cambridge University Press, 2015).

11 Mampilly 2011, Rebel Rulers.

အဖွဲ့အစည်း၏တရားဝင်မှုကို ထိန်းသိမ်းခြင်းသည် လက်နက်ကိုင်အဖွဲ့က အုပ်ချုပ်သော လူထုအသိုင်းအဝိုင်း၏ မျှော်မှန်းချက်များကို များသောအားဖြင့် ပြည့်မီစေသည်။ လက်နက်ကိုင်အဖွဲ့များသည် အရပ်သားများ၊ အခြားလူမှုဆိုင်ရာ နိုင်ငံရေးဆိုင်ရာ အဓိကကျသူများနှင့် မကြာခဏပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ပြီး တစ်ခါတစ်ရံတွင် ၎င်းတို့အား အခွင့်အာဏာအချို့ကို ခွဲဝေပေးထားရန် လိုအပ်သည်။[12] ၎င်းတို၎့၏အခွင့်အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ကျေးရွာဓလေ့တရားစီရင်မှုစနစ်များရှိနေသောရွာများတွင် တရားစီရင်ခွင့် လွှဲအပ်ပေးထားမှုများကို တွေ့ရှိနိုင်သည်။ ထို့အပြင် ဘာသာရေးခေါင်းဆောင်များ၊ ပညာတတ်များနှင့် အခြားဩဇာကြီးပုဂ္ဂိုလ်များက လက်နက်ကိုင်အဖွဲ့များ၏ တိုက်ရိုက် (သို့) သွယ်ဝိုက်ခွင့်ပြုချက်ဖြင့် တရားဝင်မဟုတ်သည့်တိုင်အောင် လက်တွေ့လုပ်ပိုင်ခွင့်အာဏာကို ထိန်းသိမ်းထားကြသည်။

ကျေးလက်ဒေသများမှ ပြည်သူများအတွက် ကျေးရွာသည် အခြေခံအကျဆုံး နှင့် အသက်ဆိုင်ဆုံး ယူနစ်တစ်ခုဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များသည် ကျေးရွာတရား စီရင်မှုစနစ်များကို ကြားဝင်စွက်ဖက်မှု မပြုခြင်းအားဖြင့် အရပ်သားလူထု၏ ဘဝများအနေအထားမပျက် ပုံမှန်နေထိုင်မှု အတိုင်းအတာကို ဖြည့်ဆည်းပေးနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျေးရွာအဆင့်တွင် တရားစီရင်မှုစနစ် လုံးဝအသစ်စက်စက်ကို အတင်းအကြပ်ချမှတ်ခြင်းမှ ထွက်ပေါ်လာနိုင်သော မတည်ငြိမ်မှု အလားအလာကို လျော့ကျစေသည်။[13]

## ၁.၂။ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) ၏ တရားစီရင်မှု

မြန်မာနိုင်ငံမှ EAOs တရားစီရင်မှုသည် အထက်တွင်ဖော်ပြခဲ့သော ပုံစံများကို ယေဘူယျအားဖြင့် လိုက်နာမှုရှိသည်။ အစိုးရကျောထောက်နောက်ခံပြုသောပြည်သူ့စစ်အများစုသည်လည်းမူလက EAOsများအဖြစ်ဖွဲ့စည်းခဲ့ခြင်းကြောင့်၎င်းတို့သည်လည်းအထက်ပါပုံစံအတိုင်းပင်ဖြစ်ပြီး များသောအားဖြင့် အစိုးရနှင့် စတင်ပူးပေါင်း ဆောင်ရွက်ပြီးနောက်တွင်လည်း ၎င်းတို့၏ မျဉ်းပြိုင်ပုံစံ တရားစီရင်မှုစနစ်များကို အတိုင်းအတာတစ်ခုအထိ ဆက်လက်ထိန်းသိမ်းထားတတ်ကြသည်။

ဤစာတမ်းတွင် လေ့လာထားသော EAAs တိုင်းသည် ၎င်းတို့ထိန်းချုပ်သော နယ်မြေများတွင် တရားစီရင်မှုစနစ် ပုံစံအချို့ရှိသည်။ ဖြစ်ရပ်အများစုတွင် အဆိုပါတရားစီရင်မှုစနစ်များသည် အစိုးရမှဖြစ်စေ၊ အခြားလက်နက်ကိုင်အဖွဲ့များမှဖြစ်စေ လွှမ်းမိုးမှုရှိသော ရောနှောထိန်းချုပ်နယ်မြေများအထိ ပြန့်နှံ့လျက်ရှိသည်။ အချို့အဖွဲ့အစည်းများသည် ဥပဒေကျင့်ထုံးများ၊ ရဲတပ်ဖွဲ့များ၊ တရားရုံးစနစ်နှင့် အချုပ်ခန်းများဖြင့် အတော်အတန်စနစ်ကျပြီး ရှုပ်ထွေးမှုရှိသော တရားစီရင်ရေးအင်စတီကျူးရှင်းများကို ထူထောင်ထားကြသည်။ အချို့ကမူ ရှိရင်းစွဲ ကျေးရွာတရားစီရင်မှုပုံစံအပေါ်တွင် စနစ်ကျသော တရားစီရင်မှုစနစ်ကို အပေါ်ယံခပ်ပါးပါး အုပ်ထားရုံမျှသာရှိသည်။ EAAs များက ခိုင်မာသော တရားစီရင်မှုပုံစံကို ကျင့်သုံးသောနယ်မြေအများစု၌ပင် ကျေးလက်တရားစီရင်မှုသည် ရွာသူကြီးနှင့် ကျေးရွာကော်မတီများလက်တွင် များသောအားဖြင့် ရောက်ရှိနေသည်။

အချို့ EAAs များသည် ဗြိတိသျှ-အိန္ဒိယ ဓလေ့ထုံးတမ်းဥပဒေစနစ်မှ ဆင်းသက်လာပြီး၊ နှစ်ပေါင်းများစွာအတွင်း နောက်ဆက်တွဲများစွာ ထည့်သွင်းထားသော၊ ထုံးတမ်းဓလေ့ဥပဒေအချို့ ပေါင်းထည့်ထားသော ဥပဒေပုံစံတစ်မျိုးကို အသုံးပြုကြသည်။ သို့သော် လက်တွေ့တွင် EAA ဥပဒေကျင့်ထုံးများသည် တရားမဥပဒေစနစ်များနှင့် ပိုမိုတူညီမှုရှိပြီး အဖွဲ့အစည်းသည်၎င်းဥပဒေများအား ကိုးကားရည်ညွှန်းအသုံးပြုနိုင်မည့် နစ်တစ်ခုထဲတွင် ပေါင်းစုပြဌာန်းထားသည်။ အဖွဲ့တရားသူကြီးများမှာ အများအားဖြင့် လက်ရှိဥပဒေများကို ရေးဆွဲရန်၊ သုံးသပ်ရန်၊ ပြင်ဆင်ရန် အခွင့်အာဏာမရှိပေ။ ဤတာဝန်ကို အဖွဲ့အစည်း၏ အမှုဆောင်ကော်မတီ (သို့) သီးခြားဌာနတစ်ခုသို့ သီးသန့်အပ်နှံထားပြီး ရေးဆွဲထားသော ဥပဒေကို ညီလာခံများ သို့မဟုတ် အခြားဖွဲ့စည်းထားသောအဖွဲ့များမှ အတည်ပြုပေးရသည်။[14] တရားရုံးများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များဖြင့် ကျင့်ထုံးများကို ချမှတ်ခြင်းမပြုပေ။

EAAs များသည် ရာဇဝတ်ဥပဒေနှင့် တရားမဥပဒေအကြား ကွဲပြားခြားနားမှုများကို တိကျရှင်းလင်းစွာ ပြုလုပ်လာကြသည်။ အဖွဲ့အစည်းအများစုတွင် ရာဇဝတ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းဖွင့်ဆိုထားသော ကိုယ်ပိုင်ကျင့်ထုံး သို့မဟုတ် စည်းမျဉ်းများရှိကြသည်။ အချို့တွင် ရပ်ပိုင်းဆိုင်ရာစော်ကားမှု၊ မြေအမွေဆက်ခံမှု၊ ကွာရှင်းပြတ်စဲမှု ကဲ့သို့သော တရားမမှုများအတွက်လည်း ကျင့်ထုံးများရှိကြသည်။ ဖြစ်ရပ်အများစုတွင် တရားမအငြင်းပွားမှုများ နှင့် အသေးစားရာဇဝတ်မှုများကို ကျေးရွာမှာပင် ရွာသူကြီးနှင့် ကျေးရွာတရားစီရင်ရေးကော်မတီတို့က ဖြေရှင်းပေးကြသည်။ ကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် နှစ်မျိုးစလုံး၏ အမှုအခင်းများကို ဒေသအလိုက်ထုံးတမ်းဓလေ့ဥပဒေကို အမှီပြု၍ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ဆုံးဖြတ်ဖြေရှင်းပေးသည်။ လူသတ်မှု၊ မုဒိန်းမှုနှင့် မူးယစ်ဆေးဝါးမှု ကဲ့သို့သော ပိုမိုပြင်းထန်သောပြစ်မှုများကိုမူ EAA တရားစီရင်မှု စနစ်များသို့ များသောအားဖြင့် တိုက်ရိုက်လွှဲပြောင်းပေးသည်။ ရွာသူကြီးနှင့်

[12] Till Förster, "Dialogue Direct: Rebel Governance and Civil Order in Northern Côte d'Ivoire," in Arjona, et al., Rebel Governance, 204

[13] Mampilly Rebel Rulers.

[14] နောက်တစ်ခုသည် KNU, NMSP, KNPP တို့၏ကိစ္စဖြစ်ပြီး ခရိုင်အမျိုးမျိုးကို တန်းတူကိုယ်စားပြုရန် ရည်ရွယ်သော ညီလာခံများကို ပဏာမ ဆုံးဖြတ်ချက်ချသည့် အဖွဲ့အစည်းများဟု ရှုမြင်သည်။

ကော်မတီများက အမှုအခင်းများကို သုံးသပ်ပြီးနောက် ကျေးရွာအဆင့်တွင် ၎င်းတို့ဖြေရှင်းနိုင်ခြင်းမရှိသည့် တရားမမှုများကိုလည်း EAA တရားစီရင် မှုစနစ်များသို့ လွှဲပြောင်းပေးလေ့ရှိသည်။ ထို့အပြင် တစ်ခါတစ်ရံ ယင်းကဲ့သို့ အမှုကိစ္စများကို ကျေးရွာအုပ်စု အာဏာပိုင်များက အလွတ်သဘော လုပ်ငန်းစဉ် များဖြင့် ကိုင်တွယ်ဖြေရှင်းတတ်ကြသည်။

## ၁.၃။ နည်းစနစ်

ဤစာတမ်းအတွက် သုတေသနလုပ်ငန်းကို ၂၀၁၅ စက်တင်ဘာလနှင့် ၂၀၁၆ မေလအကြားတွင် ပြုလုပ်ခဲ့သည်။ သုတေသနတွင် မြန်မာနိုင်ငံ တိုင်းရင်းသားနယ်မြေများရှိ ရဲလုပ်ငန်း၊ တရားစီရင်မှု၊ ပြစ်ဒဏ်စီရင်မှုတို့နှင့် ပတ်သက်သော ရနိုင်သမျှ သမိုင်းကြောင်းမှတ်တမ်းများကို လေ့လာသုံးသပ်ခဲ့သည်။ EAO တရားစီရင်မှုစနစ်များနှင့် ပတ်သက်သည့် အချက်အလက်များကို တွေ့ဆုံမေးမြန်းမှုများ၊ ဆွေးနွေးပွဲများနှင့် အီးမေးလ် တို့မှတဆင့် စု ဆောင်းခဲ့သည်။ တွေ့ဆုံမေးမြန်းမှုနှင့် အလွတ်သဘော ဆွေးနွေးမှုများကို EAO တရားစီရင်မှုစနစ်များတွင် ပါဝင် ပတ်သက်ခဲ့သော လက်ရှိနှင့် အငြိမ်းစားအဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ EAO ထိန်းချုပ်နယ်မြေများရှိ တရားစီရင်မှုစနစ်များအကြောင်းနှံ့စပ်သော နိုင်ငံရေးပါတီဝင်များ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့်လည်းကောင်း၊ EAOs များနှင့် အကျွမ်းဝင်သော တစ်သီးပုဂ္ဂလအကဲခတ်လေ့လာသူ များနှင့်လည်းကောင်း လုပ်ဆောင်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများကို မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၊ ကရင်၊ မွန်၊ ရှမ်း၊ ကချင်ပြည်နယ်များနှင့် ထိုင်းနိုင်ငံတို့တွင် ပြုလုပ်ခဲ့သည်။ EAO တရားစီရင်မှုစနစ်များနှင့် လုပ်ငန်းစဉ်များကို ဗဟုသုတရှိသော နိုင်ငံခြားသုတေသနပညာရှင်များ၊ အကူအညီ ပေးရေးလုပ်သားများနှင့်လည်း နောက်ဆက်တွဲ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတိုင်းရင်းသားနယ်မြေ များအကြောင်း နှစ်ပေါင်းများစွာ သုတေသနပြုခဲ့သော စာရေးဆရာများကလည်း အချက်အလက်များ ဖြည့်ပေးခဲ့သည်။

## ၁.၄။ သုတေသန၏ နယ်ပယ်နှင့် အလေးပေးမှု

ဤစာတမ်းသည် အဓိက EAOs ၇ ဖွဲ့ နှင့် အစိုးရကျောထောက်နောက်ခံပြု ပြည်သူ့စစ်အဖွဲ့ကြီးတစ်ဖွဲ့တို့၏ စနစ်တကျပုံစံဝင်သော တရားစီရင် မှုများနှင့် အလွတ်သဘောတရားစီရင်မှုစနစ်များအပြင် အခြား EAAs များနှင့် ပတ်သက်သော အချက်အလက် အနည်းငယ်ကို ဆွေးနွေးသုံးသပ်မှု ပြုလုပ်ထားသည်။ အချို့ဖြစ်ရပ်များ၌ EAOs များ၊ ပြည်သူ့စစ်များနှင့် အစိုးရတို့၏ တရားစီရင်မှုစနစ်များ ရောယှက်နေသော နယ်မြေများတွင် ၎င်းစနစ်များအကြား ဆက်သွယ်ဆောင်ရွက်ပုံများကိုလည်း မီးမောင်းထိုးပြထားသည်။

ဤစာတမ်းတွင် EAAs များက အရပ်သားများ၏ သာမန်ရာဇဝတ်မှုများကို ကိုင်တွယ်ရန်အတွက် ထူထောင်ထားသော တရားစီရင်ရေး အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများကို အလေးပေးလေ့လာထားသည်။ ၎င်းတို့ တပ်ဖွဲ့ဝင်များကျူးလွန်သော ရာဇဝတ်မှုများကို ကိုင်တွယ် ရေးအတွက် ထူထောင်ထားမှုများအတွက်မူ အလေးပေးမှု နည်းပါသည်။ သို့ရာတွင် သတင်းပေးများ၊ စပိုင်များ၊ အခွန်ရှောင်သူနှင့် စစ်မှုထမ်း ရန်ရှောင်သူများ၊ စစ်သုံ့ပန်းများ စသဖြင့် စွပ်စွဲခံရသူများ ပတ်သက်နေသော အမှုကိစ္စများ ပါဝင်ဖွယ်ရှိသည့် EAAs ၏ ပဋိပက္ခများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ဆက်နွယ်သော ရာဇဝတ်မှုများအတွက် တရားစွဲဆိုမှုများ၊ ပြစ်ဒဏ်စီရင်မှုများကိုမူ လေ့လာတင်ပြထားခြင်း မပြုပါ။[15]

ဤစာတမ်းသည် EAAs နယ်မြေများတွင် တရားစီရင်မှုအပေါ် လက်ခံထားကြသောအမြင်ကို တင်ပြထားသော်လည်း လူထုအသိုင်းအဝိုင်းများ၏ တကယ့်အတွေ့အကြုံနှင့် လိုလားမှုများအပေါ် အပြည့်အဝလေ့လာစုံစမ်းချက်ကို တင်ပြထားခြင်း မရှိသည့်အပြင် လက်ခံထားကြသော EAOs တရားစီရင်မှုစနစ်များ၏ တရားဝင်မှုကိုလည်း အဆုံးအဖြတ်ပေးခြင်း မပြုပါ။ သို့ရာတွင် ဤစာတမ်းပါ ဆွေးနွေးချက်များသည် EAAs များက စိတ်ကူးထားသော သို့မဟုတ် ရေးဆွဲထားသော နည်းလမ်းကိုသာတင်ပြခြင်းထက် အဆိုပါစနစ်များ၏ လက်တွေ့လုပ်နေသော လုပ်ထုံးလုပ်နည်း များကို ဆွေးနွေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

## ၁.၅။ စာတမ်း ဖွဲ့စည်းထားပုံ

စာတမ်း၏ နောက်ပိုင်းကို အခန်း လေးခန်း ခွဲထားသည် -

**အခန်း ၂** သည် မြန်မာနိုင်ငံတွင် ဗြိတိသျှကိုလိုနီခေတ်မှ ၂၀၁၀ ရွေးကောက်ပွဲအထိ ကျင့်သုံးခဲ့သော တရားစီရင်မှုစနစ်များ၏ သမိုင်းအကျဉ်းကို တင်ပြထားသည်။ ဤအခန်းသည် EAAs တရားစီရင်မှုစနစ်များ ဖြစ်ပေါ်ကြီးထွားလာမှုအပေါ် ကိုလိုနီခေတ်၊ လွတ်လပ်ရေးအလွန် ပါလီမန် ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် တရားစီရင်မှုစနစ်များက မည်သို့လွှမ်းမိုးထားသည်ဟူသောအချက်နှင့် အဓိက သက်ဆိုင်သည်။ ထို့အပြင် EAAs တရားစီရင်မှုစနစ်များကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC)/နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC)နှင့် လက်ရှိအစိုးရတို့၏ တရားစီရင်မှုစနစ်များနှင့် နှိုင်းယှဉ်၍ အသေးစိတ်သုံးသပ်ထားမှုများကိုလည်း တင်ပြထားသည်။

[15] နေ့စဉ် ရာဇဝတ်မှု တရားစီရင်ခြင်းနှင့် လက်နက်ကိုင်အဖွဲ့များ ရည်မှန်းသော တရားစီရင်ခြင်းတို့အကြား ခြားနားမှုကို Suykens ၏ "Comparing Rebel Rule" စာ ၁၄၇ တွင် ဆွေးနွေးထား

**အခန်း ၃** တွင် ကျေးရွာဓလေ့ထုံးတမ်းတရားစီရင်မှုစနစ်၏ သမိုင်းနောက်ခံကို တင်ပြထားသည်။ ဤအခန်းတွင် ဆွေးနွေးထားသော လုပ်ထုံးလုပ်နည်းများသည် ယနေ့ကာလအထိ ဆက်လက်ရှိနေဆဲဖြစ်သည်။

**အခန်း ၄** သည် EAOs ၇ ဖွဲ့ (အင်အားကြီးအဖွဲ့အားလုံးအပါအဝင်) နှင့် အစိုးရကျောထောက်နောက်ခံပြု ပြည်သူ့စစ်တစ်ဖွဲ့တို့ကို စစ်တမ်းပြုခဲ့မှုအား တင်ပြထားသည်။ ဤအခန်းတွင် အဖွဲ့အစည်းတစ်ခုချင်းစီ၏ တရားစီရင်ရေး တည်ဆောက်ထားပုံ၊ ရဲလုပ်ငန်း လုပ်ရည်ကိုင်ရည်၊ ရာဇဝတ်ကြောင်းနှင့် တရားမကြောင်း ဥပဒေရင်းမြစ်များ၊ လွှဲပြောင်းစီရင်မှု ကွင်းဆက်များ၊ တရားစွဲဆိုမှု လုပ်ထုံးလုပ်နည်းများ၊ ပြစ်ဒဏ်စီရင်မှုနှင့် ဖမ်းဆီးချုပ်နှောင်မှု လုပ်ရည်ကိုင်ရည်များကို ရနိုင်သမျှ ချပြထားသည်။

**အခန်း ၅** တွင် ဤသုတေသန၏ တွေ့ရှိချက်များနှင့် အကျိုးဆက်များကို လေ့လာထားသည်။ ဤအခန်းတွင် ကျေးရွာအခြေပြုတရားစီရင်မှုစနစ်များ၊ EAOs တရားစီရင်မှုစနစ်များ၏ ထိရောက်မှု၊ EAOs တရားစီရင်မှုစနစ်များအချင်းချင်းနှင့် အစိုးရတရားစီရင်မှုစနစ်တို့ ချိတ်ဆက်မှု စသည်တို့ကို လေ့လာတင်ပြထားသည်။

**အခန်း ၆** တွင် EAOs ထိန်းချုပ်နယ်မြေများရှိ တရားစီရင်မှု၊ အနာဂတ်သုတေသနအတွက် ဖြစ်နိုင်ခြေများ၊ အနာဂတ်တွင် အစိုးရ နှင့် EAA တရားစီရင်ရေးစနစ်များအကြား အပြန်အလှန် လုပ်ဆောင်နိုင်မှု ဖြစ်နိုင်ခြေရှိသော နယ်မြေများစသည်တို့နှင့်ပတ်သက်သော ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ချက်များဖြင့် စာတမ်းကို အဆုံးသတ်ထားသည်။

## အခန်း နှစ်။ မြန်မာနိုင်ငံ၏ တရားစီရင်မှုစနစ်နှင့် EAO တရားစီရင်မှုများအပေါ် လွှမ်းမိုးမှုများ

ယခင်က အစိုးရ အုပ်ချုပ်ခဲ့သော နယ်မြေများတွင် လက်နက်ကိုင်အဖွဲ့အစည်းများက ဝင်ရောက်ထိန်းချုပ်သော အခြေအနေမျိုးတွင် အစိုးရ၏ စီမံအုပ်ချုပ်ပုံ အတွေ့အကြုံကို လူထုအသိုင်းအဝိုင်း၏ မှတ်ဉာဏ်တွင် စွဲကျန်နေတတ်သည်။ အဆိုပါဖြစ်ရပ်မျိုးတွင် လက်နက်ကိုင်အဖွဲ့အစည်းများက ယခင်အစိုးရ၏ လုပ်ထုံးလုပ်နည်းများကို အလွယ်တကူ ပြန်လည်အသုံးပြုခြင်း မရှိသကဲ့သို့ ယခင်ပုံစံနှင့် လုံးဝလမ်းခွဲခြင်းကိုလည်း ပြုလုပ်ခြင်းမရှိပေ။လက်နက်ကိုင်အဖွဲ့ အစည်းများသည် ၎င်းတို့၏ရည်မှန်းချက်နှင့် ကိုက်ညီမှုရှိပြီး ထိရောက်မှုရှိသည်ဟု ယူဆသည့် အုပ်ချုပ်မှုအလေ့အထများကို ပုံစံတူယူကျင့်သုံးနေသည့်အလျောက် စီမံအုပ်ချုပ်မှုတွင် တူညီသောအရာများစွာ ကျန်ဆဲဖြစ်လိမ့် မည်။ သို့ရာတွင် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ထားပုံများ၊ စွမ်းဆောင်ရည်များ၊ ရင်းမြစ်များ ကွဲပြားခြားနားမှုကြောင့်ဖြစ်စေ၊ အဆိုပါ နယ်မြေများရှိ လူထုက နိုင်ငံအစိုးရ၏ စွမ်းဆောင်မှု သို့မဟုတ် သဘောသဘာဝကို ကျေနပ်မှုမရှိသောကြောင့်ဖြစ်စေ အစိုးရနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား စီမံအုပ်ချုပ်ပုံ ကွဲပြားခြားနားမှုများ ပေါ်လွင်လာတတ်သည်။[16]

မြန်မာနိုင်ငံတွင်မူ လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရက တစ်ခါမှတည်ငြိမ်စွာ ကိုင်တွယ်ခဲ့ဘူးခြင်းမရှိသော နယ်မြေများတွင် EAAs အများစုက စီမံအုပ်ချုပ်လျက်ရှိသည်။ သို့ရာတွင် ၎င်းတို့၏ တရားစီရင်မှုစနစ်များကို မြန်မာအစိုးရ၏စနစ်က နည်းလမ်းအမျိုးမျိုးဖြင့် လွှမ်းမိုးထားသည်။ ပထမအချက်အနေနှင့် မတူကွဲပြားသော နယ်မြေများတွင် ခြားနားသော တရားစီရင်မှုနည်းအမျိုးမျိုးဖြင့် ကျင့်သုံးခဲ့သော ကိုလိုနီအစိုးရထံမှ တရားစီရင်မှု လုပ်ထုံးလုပ်နည်းများကို EAAs အများစုက အမွေဆက်ခံခဲ့ကြသည်။ အခြား EAAs များသည် မြန်မာနိုင်ငံ အစွန်အဖျားဒေသများကို နှစ်ပေါင်း များစွာ ထိန်းချုပ်သွားခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီထံမှ အထက်ပါလုပ်ထုံးလုပ်နည်းများကို ရရှိခဲ့ကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၈၀ ခုနှစ်များနှောင်းပိုင်းတွင် အဖွဲ့ တွင်းပုန်ကန်မှုများမှတဆင့် EAO များအဖြစ် ဖွဲ့ထွက်ခဲ့ကြသည်။ ထို့အပြင် EAOs များအပေါ်တွင် အစိုးရ၏ စနစ်ကို အတွေ့အကြုံရှိသူ ဥပဒေစိုးမိုးရေး ကျွမ်းကျင်သူများ သို့မဟုတ် သင်တန်းဆင်းရှေ့နေများကလည်း သြဇာလွှမ်းမိုးမှုရှိခဲ့သည်။

ထို့အပြင် EAO တရားစီရင်မှုစနစ်များသည် (အစိုးရ၏ လွှမ်းမိုးမှုနှင့် မဆိုင်ပဲ) ရောနှောထိန်းချုပ် နယ်မြေများတွင် ဖြစ်စေ၊ EAOs ထိန်းချုပ် နယ်မြေများနှင့်ကပ်လျက် အစိုးရထိန်းချုပ်နယ်မြေများတွင်ဖြစ်စေ အစိုးရ၏ တရားစီရင်မှုစနစ်နှင့် အပြိုင်ပုံစံ (သို့) ဆန့်ကျင်ဖက်ပုံစံရပ်တည်တတ်သည်။ သို့ဖြစ်ရာ EAOs တရားစီရင်မှုစနစ်များကို ပို၍အနီးကပ် မလေ့လာမီ မြန်မာနိုင်ငံ၏ အစိုးရတရားစီရင်မှုစနစ်များ၏ သမိုင်းကြောင်းကို အသေးစိတ်လေ့လာရန် မဖြစ်မနေလိုအပ်သည်။ ဤအခန်းတွင် ၎င်းလေ့လာမှုကို တင်ပြထားပြီး EAOs တရားစီရင်မှုစနစ်များအပေါ် အစိုးရက လွှမ်းမိုးသော နည်းလမ်းများနှင့်ပတ်သက်သည့် ခေါင်းစဉ်ခွဲများဖြင့် စတင်ကာ အဓိကဖွံ့ဖြိုးတိုးတက်ခဲ့သော ခေတ်တစ်ခုစီအကြောင်း ခေါင်းစဉ်ခွဲများ နောက်ဆက်တွဲ ပါဝင်မည်ဖြစ်သည်။

### ၂.၁။ EAO တရားစီရင်မှုစနစ်များအပေါ် အစိုးရက သြဇာလွှမ်းမိုးပုံ

ခြုံကြည့်ပါက EAO တရားစီရင်မှုစနစ်များ၏ ဖွဲ့စည်းပုံ၊ ဖြစ်ပေါ်တိုးတက်လာပုံတို့နှင့်ပတ်သက်၍ ရရှိနိုင်သော အချက်အလက် အလွန်နည်းပါးသည်။ သို့ရာတွင် ကိုလိုနီအစိုးရနှင့် မြန်မာအစိုးရ၏ လွှမ်းမိုးမှုများကို လက်ရှိ EAAs တရားစီရင်မှုစနစ်များတွင် တွေ့ရှိနိုင်သည်။

၁၈၆၇ တွင် မြန်မာဘုရင် စစ်ရှုံးသွားပြီးနောက် ဗြိတိသျှကိုလိုနီအုပ်ချုပ်သူများက မြန်မာနိုင်ငံ နယ်မြေပိုင်နက်များကို နှစ်ပိုင်းခွဲခြားခဲ့သည်။ ယနေ့ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ၊ ကရင်ပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့သည် တောင်တန်းဒေသအဖြစ်သတ်မှတ်ကာ ရှိရင်းစွဲတိုင်းရင်းသားခေါင်းဆောင်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာအချို့ ပြန်လည်အပ်နှင်းပေးခဲ့သည်။ ကျန်အပိုင်းကိုမူ ဗမာပြည်မ (နောက်ဆုံးတွင် ဗမာဌာနဆိုင်ရာ အုပ်ချုပ်ရေး) ဟု ခေါ်ဝေါ်ကာ ပိုမိုလေ့လာဆန်းစစ်မှုများပြုလုပ်ကာ စနစ်ကျသော အစိုးရအုပ်ချုပ်ရေးကို ထူထောင်၍ စီမံအုပ်ချုပ်ခဲ့သည်။ ၎င်း ခွဲခြားမှုသည် နောက်ပိုင်းတွင် EAOs များက ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန် အစိုးရများ၏ လုပ်ထုံးလုပ်နည်းများကို အမွေဆက်ခံခဲ့မှုအပေါ်တွင် သိသိ သာသာ သြဇာလွှမ်းမိုးမှုရှိခဲ့သည်။

ဗမာလူများစုအကြားတွင် တိုင်းရင်းသားအချို့ ပြန့်ကျဲနေထိုင်သော ဗမာပြည်မတွင် ကိုလိုနီဥပဒေကို ခိုင်မာစွာ ကျင့်သုံးခဲ့ပြီး ပိုမိုစနစ်ကျသော တရားစီရင်မှုစနစ် ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ပြည်မနယ်မြေထဲတွင် ကရင်နှင့် မွန်ဒေသများပါဝင်ခဲ့ပြီး[17] ၎င်းဒေသများတွင် ပြည့်စုံမှုအရှိဆုံး တရားစီရင်မှုစနစ် ကျင့်သုံးသည့် EAOs နှစ်ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့ ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည်။

၁၉၄၈ လွတ်လပ်ရေးရသောအခါ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီစနစ်၏ တရားရေးနှင့် ရဲလုပ်ငန်း အပါအဝင် တရားစီရင်မှု ကျင့်ထုံးတစ်ခုလုံးကို ဆက်ခံကျင့်သုံးခဲ့သည်။ အလားတူပင် ၁၉၄၀ ခုနှစ်များနှောင်းပိုင်းနှင့် ၁၉၅၀ ခုနှစ်များ အစောပိုင်းတွင် တိုင်းရင်းသားတော်လှန်မှုများ ပေါ်ပေါက်လာသောအခါ အချို့ EAOs များက ကိုလိုနီ တရားစီရင်မှုစနစ်၏ အတွေ့အကြုံများနှင့် နမူနာများကို ယူဆောင်သွားကြသည်။ အမှန်တကယ်တွင်

[16] Förster, "Dialog Direct", 204.

[17] အစိုးရ၏ ပဲခူးတိုင်း ကျောက်ကြီးနှင့် ရွှေကျင်၊ ကရင်ပြည်နယ် ဖာပွန်နှင့် သံတောင်တို့၏ ကုန်းမြင့်ပိုင်းများ ပါဝင်သော သံလွင်ခရိုင်မှလွဲ၍

KNU အ စောပိုင်းခေါင်းဆောင် စောဘဦးကြီးသည် KNU နှင့်အတူ တောမခိုမီက ဗြိတိသျှသင်တန်းဆင်း ရှေ့နေတစ်ဦး ဖြစ်ပြီး များစွာသော အစိုးရပိုင်းတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့နောက်တွင် ကိုလိုနီအစိုးရအတွေ့အကြုံ အမျိုးမျိုးရှိသော အရာရှိများလည်း ပါဝင်သည့် KNU သည် မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီအမျိုးသား တိုးတက် ရေးပါတီ (KNPP)၊ ပအိုဝ့်အမျိုးသားအစည်းအရုံး (PNO) တို့ကို ဖွဲ့စည်းရာတွင် အရေးပါလာခဲ့သည်။[18] ထို့အပြင် ဗမာပြည်ကွန်မြူနစ်ပါတီသည်လည်း မြန်မာနိုင်ငံ၏ ဗမာလွှမ်းမိုးမှုများသော အမျိုးသားရေးလွတ်မြောက်မှုလှုပ်ရှားမှု၏ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပြီး အချို့အဖွဲ့ဝင်များသည် ကိုလိုနီအစိုးရနှင့် ကြားဖြတ်အစိုးရများတွင် လုပ်ကိုင်ဘူးသော အတွေ့အကြုံရှိကြသည်။

အစပိုင်းတွင် ၎င်းအဖွဲ့အစည်းများသည် ကျယ်ပြန့်သော တရားစီရင်မှုစနစ်များကို မစီမံနိုင်ပဲ တိုက်ရေးခိုက်ရေးဖြင့် အလုပ်များခဲ့ကြသော်လည်း နယ်မြေထိန်းချုပ်မှု ပိုမိုတည်ငြိမ်လာသည့်အလျောက် ပိုမိုပုံစံကျပြီး ထိရောက်မှုရှိသောစနစ်များကို ဖြည်းဖြည်းမှန်မှန်စီမံခဲ့ကြသည်။ KNU သည် ၎င်းအစီအစဉ်ကို ၁၉၇၀ ခုနှစ်များတွင် ဆောင်ရွက်ခဲ့ပြီး ဗြိတိသျှစာအုပ်စာတမ်းဟောင်းများအပေါ် ကြီးကြီးမားမား အခြေခံထားသော လက်ရှိဥပဒေစာအုပ်များ နှင့် တရားစီရင်ရေးဆိုင်ရာ၊ ရဲလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရေးသားဖန်တီးခဲ့သည်။[19] ထို့အပြင် ၁၉၆၀ ခုနှစ်များနှင့် ၁၉၇၀ ခုနှစ်များမှစ၍ ရှေ့နေသင်တန်းဆင်းများနှင့် အစိုးရစနစ်အတွင်း ဥပဒေလုပ်ငန်း အတွေ့အကြုံရှိသူများသည် မြေအောက်ရေးလှုပ်ရှားမှုသို့ တစ်ဦးချင်းလာရောက်ပူးပေါင်းခဲ့ကြရာ EAO တရားစီရင်မှုစနစ်များအပေါ် အစိုးရ၏ပုံစံ လွှမ်းမိုးမှုဆက်လက်ဖြစ်ပေါ်ခဲ့သည်။[20] မြန်မာနိုင်ငံမြောက်ပိုင်းကဲ့သို့ နယ်မြေများတွင်လည်း အဆိုပါပုံစံကျသောစနစ်များကို ကျေးရွာဓလေ့ထုံးတမ်းတရားစီရင်မှုစနစ်များအပေါ်တွင် အုပ်စီး၍ ချမှတ်ကျင့်သုံးခဲ့ကြသည်။

ထိုအတောအတွင်း တောင်တန်းဒေသများမှ ထုံးတမ်းစဉ်လာ အုပ်ချုပ်သူအကြီးအကဲများသည် ၁၉၆၂ အထိ လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဆက်လက်ထိမ်းသိမ်းနိုင်ခဲ့ကြသည် (အခန်း ၂.၃ တွင် ဆွေးနွေးထားသည့်အတိုင်း) ။ ထို့ကြောင့်ယင်းနယ်မြေများတွင် EAOs များနှင့် ပြည်သူ့စစ်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ထုံးတမ်းစဉ်လာတည်ဆောက်ထားပုံများ၏အပေါ်တွင် ပိုမိုစနစ်ကျသော စီမံအုပ်ချုပ်မှုကို အလွယ်တကူအပေါ်မှ အုပ်မိုးကာ အုပ်ချုပ်နိုင်ခဲ့သည်။ အလားတူ တရားစီရင်ရေးတွင်လည်း ကျေးရွာဓလေ့ တရားစီရင်မှုစနစ်၏အပေါ်တွင် စနစ်ကျသော တရားစီရင်မှုပုံစံကို နေရာချခဲ့ကြသည်။ သို့ရာတွင် အချို့တိုင်းရင်းသားခေါင်းဆောင်များသည် ဆိုင်ရာလွတ်မြောက်ရေး လှုပ်ရှားမှုများသို့ မပူးပေါင်းမီ မြန်မာပြည်မ၌ နေထိုင်ရင်း၊ ပညာသင်ရင်း၊ အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်ရင်းရရှိခဲ့သော အစိုးရတရားစီရင်မှုစနစ်အတွေ့အကြုံများကို သယ်ဆောင်လာခဲ့ကြရာ ပိုမိုတိုးတက်ခေတ်မီသော EAOs အချို့သည် ကိုလိုနီစနစ်၏ လွှမ်းမိုးမှုများကို လက်ခံရယူခဲ့ကြပုံရသည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ EAOs များနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှ EAOs များအကြား ကိုလိုနီ အစိုးရထံမှ တရားဝင်ဥပဒေကျင့်ထုံးများကို ဆက်ခံရယူသည့် အတိုင်းအတာတွင် သိသိသာသာ ကွာခြားမှုရှိသည်။ ရှမ်း EAOs အများစုနှင့် နိုင်ငံမြောက်ပိုင်းမှ ပြည်သူ့စစ်အဖွဲ့များသည် အခြေခံကျလွန်းသော စီမံအုပ်ချုပ်မှုပုံစံဖြင့် ဖွဲ့စည်းထားသော စစ်တပ်ဖွဲ့စည်းထားပုံများသာဖြစ်ကြသည်။ ထိုဖွဲ့စည်းတည်ဆောက်ထားပုံတွင် ၎င်းတို့၏ တရားစီရင်မှုစနစ်များလည်းပါဝင်ရာ အစိတ်အပိုင်းအများစုမှာ ပြည်သူ့စစ်များက ဖမ်းဆီးချုပ်နှောင်ရန်အတွက်နှင့် ကျေးရွာဓလေ့ထုံးတမ်းဥပဒေကျင့်ထုံးများကို အခြေခံသော အလေ့အထအတွက်သာ ဦးစားပေးထားပြီး ခပ်ပါးပါးဖွဲ့စည်းထားသည်။

သို့ရာတွင် တရုတ်နယ်စပ်တစ်လျှောက်ရှိ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်မှ နယ်မြေအများစုကို ဗမာပြည်ကွန်မြူနစ်ပါတီက ထိန်းချုပ်လာမှုကြောင့် ၎င်းပါတီမှ အရာရှိများမှ ဖွဲ့စည်းထားသော EAOs များ (ဝပြည်သွေးစည်း ညီညွတ်ရေးပါတီ UWSP, အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစု NDAA, မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု MNDAA) အပေါ်တွင် ပါတီထူထောင်သူ ခေါင်းဆောင်များဖြစ်သော ဗမာပညာတတ်များက အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးမှုရှိခဲ့ပြီး ခေါင်းဆောင်မှုအပေါ်တွင်လည်း များစွာသက်ရောက်မှုရှိသည်။ သို့ရာတွင် တရုတ်နိုင်ငံနှင့် အဆက်အသွယ်များခြင်းနှင့် ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းတွင် ဗကပကို ကူညီခဲ့သော တရုတ်တပ်နီတော်အဖွဲ့ဝင်များကြောင့် ၎င်းတို့၏စနစ်များကို ကွန်မြူနစ် တရားစီရင်မှု အယူအဆများက ပိုမိုအားကောင်းစွာ လွှမ်းမိုးထားဖွယ်ရှိသည်။

ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ တရားစီရင်မှုစနစ်သည် သိသိသာသာ အခြေခံကျလွန်းသည်။ အဖွဲ့အစည်းသည် ခရစ်ယာန်ဘာသာကိုးကွယ်မှုကြောင့် အနောက်နိုင်ငံများနှင့် ခိုင်မာသောဆက်သွယ်မှုရှိသော်လည်း ကိုလိုနီအစိုးရထံမှ သိသာထင်ရှားသော လွှမ်းမိုးမှုမရှိခဲ့ပေ။ KIO ကို ကျောင်းသားများနှင့် ရိုးရာလူမျိုးစုခေါင်းဆောင် ဒူးဝါးများက ဖွဲ့စည်းခဲ့ကြရာ ၎င်းတို့သည် အချိန်ကာလအချို့တွင် အစိုးရနှင့်အဆက်အဆံရှိခဲ့သူများဖြစ်သော်လည်း အဖွဲ့၏တရားစီရင်မှုစနစ်အပေါ်တွင် တိုက်ရိုက်ပတ်သက်မှု အနည်းငယ်သာရှိသည်။

---

[18] ကိုလိုနီခေတ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခဲ့သော ကယားပြည်နယ်တွင် လှုပ်ရှားသည့် KNPP ၏ တရားစီရင်မှုစနစ်သည် ကိုလိုနီစနစ်ကို အခြေခံထားခြင်းမှာ KNU ၏ လွှမ်းမိုးမှုကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ် တောင်တန်းဒေသတွင် ရှမ်းအသိုင်းအဝိုင်းကို အတိုက်အခံရပ်တည်သည့် PNO ၏ တရားစီရင်မှုစနစ်သည် ဒေသခံ ပအိုဝ့်ဓလေ့ထုံးစံ အပေါ်တွင် အခြေခံသည်။

[19] အစိုးရအုပ်ချုပ်သော မြန်မာပြည်မတွင် အလုပ်လုပ်ပြီးနောက် KNU သို့ဝင်ရောက်ပူးပေါင်းခဲ့သော ရှေ့နေတစ်စုက လုပ်ဆောင်ခြင်းဖြစ်ပြီး စောထူးထူးလေး၊ စောရယ်ဂျီနော်နှင့် စောဘင်ဂျာမင်တို့ ပါဝင်သည်။

[20] ယခင် KNU အထွေထွေအတွင်းရေးမှူးနှင့် ယခုအကြံပေး စောထူးထူးလေးနှင့် ယခင် PNLO ဥက္ကဌ ခွန်ဥက္ကာတို့ ပါဝင်သည်။

## ၂.၂။ ကိုလိုနီခေတ် မြန်မာနိုင်ငံ (၁၈၈၆ - ၁၉၄၈)

တောင်တန်းဒေသနှင့် မြန်မာပြည်မအကြား ကွဲပြားခြားနားမှုသည် ၁၉၂၃ နှင့် ၁၉၃၇ ခုနှစ် အဓိက ပြုပြင်ပြောင်းလဲမှုများအပါအဝင် ကိုလိုနီအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လှိုင်းအမျိုးမျိုးကြားတွင်လည်း ဆက်လက်တည်ရှိခဲ့သည်။ ၁၉၃၅ ခုနှစ် မြန်မာအစိုးရ အက်ဥပဒေအရ[21] ၁၉၃၇ တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထုတ်လိုက်ပြီး မြန်မာပြည်မကို ဌာနဆိုင်ရာအုပ်ချုပ်ရေးစနစ် ကျင့်သုံးကာ တောင်တန်းဒေသများကို နယ်မြေအပိုင်း(၁)နှင့်အပိုင်း(၂)အဖြစ် သတ်မှတ်ခဲ့သည်။ ဌာနဆိုင်ရာအုပ်ချုပ်ရေး မြန်မာနိုင်ငံသည် ပြည်ပရေးရာနှင့် ကာကွယ်ရေးကိစ္စတို့ကို ဘုရင်ခံ၏လက်ထဲတွင် ထိန်းထားသော်လည်း ပါလီမန်အပါအဝင် အကန့်အသတ်နှင့် ဒေသတွင်းဒီမိုကရေစီပုံစံကို ရရှိခဲ့သည်။ တောင်တန်းဒေသ နယ်မြေအပိုင်း(၁)နှင့် အပိုင်း (၂)များကိုမူ ဘုရင်ခံ၏ လက်အောက်တွင် တိုက်ရိုက် ဆက်လက်ထားရှိခဲ့ကာ တောင်တန်းဒေသနယ်မြေအပိုင်း(၂) မှ ဒေသများမှာသာ လွှတ်တော်သို့ ကိုယ်စားလှယ်များ စေလွှတ်နိုင်ခဲ့[22] ပြီး အဆိုပါတောင်တန်းဒေသ နယ်မြေ ၂ ပိုင်းလုံးကို မြန်မာနိုင်ငံ တောင်တန်းဒေသ အုပ်ချုပ်ရေးဌာန၏ဒေသခံအရာရှိများက ခပ်လျော့လျော့ ကြီးကြပ်ခဲ့သည်။ တရားမကြောင်းဆိုင်ရာ၊ ရာဇဝတ်ကြောင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာအားလုံးကို သားစဉ်မြေးဆက် စော်ဘွားများ၊ အကြီးအကဲများက ဆက်လက်စီမံ အုပ်ချုပ်ခဲ့သည်။[23]

ဗြိတိသျှတို့သည် ၁၉၀၀ တွင် အောက်မြန်မာနိုင်ငံအတွက် ဗဟိုတရားရုံးကို ထူထောင်ခဲ့ပြီး အထက်မြန်မာနိုင်ငံ၏ တရားရေးကော်မရှင်နာမင်းကြီးကို ခန့်အပ်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ၎င်းကို အဆင့်မြင့်တရားရုံးနှင့် အစားထိုးခဲ့ပြီး ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသမှလွဲလျှင် မြန်မာတစ်နိုင်ငံလုံးနှင့်ပတ်သက်သော တရားမကြောင်းနှင့် ရာဇဝတ်ကြောင်း အယူခံမှုအတွက် အမြင့်ဆုံးအခွင့်အာဏာပေးခဲ့သည်။ သီးခြားတရားရေးဌာနကို ၁၉၀၅ တွင် ဖွဲ့စည်းသည်။ ၁၉၂၂ မြန်မာနိုင်ငံတရားရုံးများ အက်ဥပဒေအရ တရားရေးဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ခရိုင်အဆင့်၊ ခရိုင်ခွဲအဆင့်၊ မြို့နယ်အဆင့် ရာဇဝတ်တရားသူကြီးများနှင့် ယှဉ်တွဲဆောင်ရွက်ရသော ခရိုင်တရားသူကြီးများကို ခန့်အပ်သည်။ တရားရေးဌာန၏ ခရိုင်နှင့် စက်ရှင်တရားသူကြီးများ၊ အောက်အဆင့် တရားသူကြီးများသည် တရားမမှုများအတွက် အဓိကတာဝန်ရှိသော်လည်း ရာဇဝတ်မှုများကိုပါ ကူညီကြရသည်။ အစိုးရဌာနဝန်ထမ်းများဖြစ်ပြီး အစိုးရကို တာဝန်ခံရသူများဖြစ်သော်လည်း ရာဇဝတ်တရားသူကြီးများသည် ၎င်းတို့၏ ရာဇဝတ်တရားစီရင်မှုများတွင် အဆင့်မြင့်တရားရုံးကိုလည်း တာဝန်ခံကြရသည်။ ခြားနားသောအချက်မှာ တရားရေးဌာနအရာရှိများသည် တရားစီရင်ရေးတာဝန်ရှိသူအစစ်များဖြစ်ကြပြီး တရားရုံးချုပ်၏ တိုက်ရိုက်လက်အောက်ခံဝန်ထမ်းများဖြစ်သည်။[24]

ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် ရာဇဝတ်ကြောင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် ဗြိတိသျှတို့၏ ပုံစံအပေါ်တွင် အခြေခံသည်။[25] ၁၈၆၀ အိန္ဒိယပြစ်မှုဆိုင်ရာဥပဒေသည် ရာဇဝတ်ကြောင်းဥပဒေတစ်ခုလုံးကို ဖြည့်ဆည်းပေးသည်။ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ၁၈၉၈ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေတွင် ထည့်သွင်းရေးဆွဲထားပြီး သက်သေခံဥပဒေကို ၁၈၇၂ အိန္ဒိယသက်သေခံအက်ဥပဒေတွင် ဖြည့်ဆည်းပေးထားသည်။ လုပ်ထုံးလုပ်နည်းဥပဒေသည် မည်သည့်ရာဇဝတ်မှုကို မည်သည့်တရားရုံးက ကိုင်တွယ်ရမည်ကို အသေးစိတ်ဖော်ပြထားသည်။

ပြင်းထန်သောရာဇဝတ်မှုများအတွက် ရာဇဝတ်တရားသူကြီးသည် ကနဦးစုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် လုံလောက်သော အထောက်အထားတွေ့ရှိရပါက တရားခံကို စက်ရှင်တရားရုံးတွင် စစ်ဆေးသင့်သည်ဟု ဆုံးဖြတ်သည်။ စက်ရှင်တရားသူကြီးများက တရားရုံးလက်ထောက်နှစ်ဦး၏ အကူအညီဖြင့် အမှုများကိုစစ်ဆေးသည်။ သက်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသော မည်သည့်ပြစ်ဒဏ်မဆို ချမှတ်နိုင်သော တရားသူကြီးက လက်ထောက်များ၏ အမြင်ကို မစဉ်းစားပဲနေနိုင်သည်။ သေဒဏ်စီရင်မှုကိုမူ အဆင့်မြင့်တရားရုံးက အတည်ပြုပေးရသည်။ ပြစ်မှုများကို ရာဇဝတ်တရားသူကြီးက စစ်ဆေးရာတွင် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်သည်။ အသေးစားပြစ်မှုများအတွက် တရားခံကို တရားရုံးသို့ ဆင့်ခေါ်ကာ စွပ်စွဲထားသော ရာဇဝတ်မှုအတွက် ရှင်းလင်းထုချေစေပြီး အကယ်၍ အပြစ်ရှိကြောင်း ဝန်ခံပါက ချက်ခြင်းစွဲချက်တင်ကာ ပြစ်ဒဏ်စီရင်သည်။ အကယ်၍ ဝန်ခံခြင်းမပြုပါက သက်သေထွက်ချက်များကို စုစည်းကာ မှတ်တမ်းတင်ထားပြီး တရားခံကို လွှတ်ခြင်း (သို့) ပြစ်ဒဏ်ချမှတ်ခြင်း ပြုလုပ်သည်။ ပြင်းထန်သောပြစ်မှုများတွင်မူ တရားခံကို ဖမ်းဆီးခြင်းဖြင့်ဖြစ်စေ၊ ဝရမ်းထုတ်၍ဖြစ်စေ တရားရုံးသို့ ဆင့်ခေါ်နိုင်သည်။ တရားစွဲဆိုမှုအတွက် သက်သေခံ အထောက်အထားများကို တင်ပြပြီး တရားခံကိုမေးမြန်းသည်။ တရားခွင်အပြီးတွင် တရားခံကို ပြစ်ဒဏ်မချပဲနေနိုင်သော်လည်း နောက်ပိုင်းအမှုပြန်ဖွင့်ခြင်းကို တားဆီးထားခြင်းမရှိပေ။ အကယ်၍ မှန်းဆချက်ဖြင့် အမှုဖွင့်ပါက တရားခံကို ထုံးစံအရ တရားစွဲပြီး ထုချေလွှာတောင်းသည်။ အပြစ်ရှိကြောင်း (သို့) အပြစ်မရှိကြောင်း ထုချေလျှောက်လဲချက်ကို မှတ်တမ်းတင်ပြီးလျှင် တင်ပြထားသော ခုခံချေပမှုနှင့် စွပ်စွဲမှုသက်သေခံချက်များကို ရာဇဝတ်တရားသူကြီးက ကြားနာကာ ထို့နောက်တွင် လွှတ်ရန် သို့မဟုတ် စွဲချက်တင်ရန် အမိန့်ချသည်။ ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် အဆိုပါအမှုကိစ္စများနှင့်ပတ်သက်၍ တောင်တန်းဒေသနှင့် ဥရောပ ဗြိတိသျှနိုင်ငံသားများမှလွဲလျှင် လူတိုင်းအပေါ် တူညီသော ရာဇဝတ်မှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးသည်။[26]

---

[21] ၁၉၃၇ အထိ အမှန်တကယ် ခွဲထုတ်ခြင်း မရှိသေး

22 ၁၉၃၅ မြန်မာနိုင်ငံ အစိုးရအက်ဥပဒေ။ နယ်မြေ အပိုင်း (၁) နှင့် အပိုင်း(၂)တို့ဆိုင်ရာ အထူးခွင့်ပြုချက်အား ဒုတိယ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည်။ စာမျက်နှာ ၆၂။ http://www.asianlii.org/mm/legis/const/1937/1.pdf တွင် ရနိုင်ပါသည်။

[23] Martin Smith. Burma: Insurgency and the Politics of Ethnicity (New York: Zed Books, 1993), 42-43. တောင်တန်းဒေသ များတွင် ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်၊ သံလွင်ခရိုင်တို့နှင့် ရခိုင်၊ ချင်း၊ ကချင်၊ နာဂနယ်မြေများ ပါဝင်သည်။

[24] Furnivall Govenance of Modern Burma, 12-13.

[25] အဓိကခြွင်းချက်မှာ တရားရုံးချုပ်သို့တင်သော မူရင်းအမှုများ၌သာ တရားသူကြီးများ၏ စစ်ဆေးမှုများကို တွဲခြင်းဖြစ်သည်။

[26] Furnivall 1960, op. cit. 13.

လက်ထပ်ထိမ်းမြားမှု၊ အမွေဆက်ခံမှုတို့နှင့်ပတ်သက်သော အမှုများမှလွဲလျှင် တရားမမှုအများစုတွင် အနောက်တိုင်းပုံစံ ဥပဒေများကို ကျင့်သုံးသည်။ တရားမကြောင်းလုပ်ထုံးလုပ်နည်းများကို ၁၈၈၂ တရားမကြောင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ ကျင့်ထုံးဥပဒေတွင် ထည့်သွင်းထားပြီး နောက်ပိုင်းတွင် ၁၉၀၈ ကျင့်ထုံးဥပဒေဖြင့် အစားထိုးသည်။ ၁၈၇၂ အိန္ဒိယစာချုပ်စာတမ်း အက်ဥပဒေနှင့် ၁၈၈၂ ပိုင်ဆိုင်ခွင့်လွှဲပြောင်းမှု အက်ဥပဒေတို့အပါအဝင်တရားမကြောင်းဥပဒေအတွက် မှီငြမ်းသော အခြားအက်ဥပဒေအများအပြားသည် မူဂါဒများအရ တရားစီရင်ရေးဆိုင်ရာ နိုင်ငံတကာအယူအဆမှ ဒေသခံအယူအဆများအထိ အခြေထားခဲ့ပြီး ယင်းအက်ဥပဒေများသည် ဥပဒေကို တိတိကျကျ လိုက်နာရန်မှုကို ဦးတည်ခြင်းထက် ညှိနှိုင်းရန် အလေးပေးပါသည်။ ဒေသခံတို့၏ ဓလေ့ထုံးတမ်း အငြင်းပွားမှုဖြေရှင်းခြင်းကို စာရွက်စာတမ်း၊ အထောက်အထားတို့ကို အလေးပေးသည့် ပြဋ္ဌာန်းထားသောကျင့်ထုံးနှင့် အစားထိုးခဲ့ပြီး ဥပဒေအရ ရပိုင်ခွင့်များကို ဆုံးဖြတ်နိုင်ရန် အချက်အလက်အပေါ်တွင် အခြေခံသော တရားစီရင်မှုကို လုပ်ဆောင်ခြင်းဖြစ်သည်။[27]

တောင်တန်းဒေသများတွင် တရားရေး စီမံခန့်ခွဲခွင့်အာဏာကို ဒေသခံအကြီးအကဲများက ဆက်လက်ရယူထားကြပြီး ဌာနဆိုင်ရာအုပ်ချုပ်ရေးဥပဒေများအပြင် ဓလေ့ထုံးတမ်းဥပဒေများကိုလည်း တစ်စိတ်တစ်ပိုင်း အသိအမှတ်ပြုထားသည်။ ရှမ်းပြည်နယ်တွင် ဘုရင်ခံ၏အာဏာကို ထုံးတမ်းဓလေ့ဥပဒေ ပြင်ဆင်မှုအဖြစ် တိုးချဲ့ခဲ့သည်။ ရာဇဝတ်မှုစီရင်ပိုင်ခွင့်အာဏာကို ရုံးအုပ်ကြီးနှစ်ဦး (ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် တစ်ဦး၊ တောင်ပိုင်းအတွက်တစ်ဦး) က ကိုင်တွယ်သည်။ ခြွင်းချက်မှာ တရားလိုနှင့် တရားခံ နှစ်ဦးစလုံး ရှမ်းလူမျိုးဖြစ်နေပါက စော်ဘွားများက ဓလေ့ထုံးတမ်းဥပဒေဖြင့် ကိုင်တွယ်ရန်ဖြစ်သည်။[28] ၁၉၃၅ တွင် တရုတ်နိုင်ငံနှင့် နယ်ခြားမျဉ်းသတ်မှတ်ပြီးနောက် မူလက ဗြိတိသျှလက်အောက်ခံမဟုတ်သော "ဝ" တို့ကို ရှမ်းပြည်မြောက်ပိုင်းရုံးအုပ်ကြီး၏ လက်အောက်သို့ သွတ်သွင်းခဲ့သည်။[29]

ကချင်လူမျိုးတို့အကြား ဖြစ်ပွါးသော ပြင်းထန်သည့်ရာဇဝတ်မှုများကိုမူ အဆင့်မြင့်တရားရုံးကဲ့သို့ ဆောင်ရွက်သည့် ဒေသဆိုင်ရာကော်မရှင်နာမင်းကြီးအဖြစ်လည်းကောင်း၊ စက်ရှင်တရားသူကြီးအဖြစ်လည်းကောင်းဆောင်ရွက်ရသော ဒုတိယကော်မရှင်နာမင်းကြီးက ကိုင်တွယ်သည်။ အခြားဥပဒေပိုင်းဆိုင်ရာ အမှုကိစ္စများကို လူမျိုးစုအကြီးအကဲ ဒူးဝါးများအား ကချင်ထုံးစံဖြင့် ကိုင်တွယ်ရန် ခွင့်ပြုထားသည်။ အမှုများ စစ်ဆေးရာတွင်နှင့် အခြားသော တာဝန်များထမ်းဆောင်ရာတွင် အစိုးရက ခန့်အပ်ထားသော တောင်အုပ်ဟုခေါ်သော အရာရှိများက ဒူးဝါးများ ကို အကူအညီပေးရသည်။[30]

ချင်းတောင်တန်းတွင်လည်း ကချင်ကဲ့သို့ပင် အလားတူပုံစံအတိုင်း ရုံးအုပ်ကြီးများ သို့မဟုတ် ၎င်းတို့၏ လက်ထောက်များ၏ ကြီးကြပ်မှုအောက်တွင် လူမျိုးစုအကြီးအကဲများက စီမံအုပ်ချုပ်ကြသည်။ ရခိုင်တောင်တန်းတွင်မူ အဆင့်မြင့်တရားရုံး၏ တရားမမှုစီရင်ခွင့်အာဏာကို ရခိုင်ကော်မရှင်နာမင်းကြီးက ကိုင်တွယ်ပြီး ရာဇဝတ်မှုများကို နိုင်ငံ၏အမြင့်ဆုံး တရားရေးအာဏာပိုင်များက ကိုင်တွယ်သည်။[31]

ကရင်တို့အတွက် တရားစီရင်မှုမှာမူ ကရင်အများစုသည် မြန်မာပြည်မရှိ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရန်ကုန်၊ ပဲခူး နှင့် ယနေ့မွန်ပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်အလယ်ပိုင်း၊ တောင်ပိုင်းတို့တွင် ဗမာလူမျိုးများနှင့် ရောယှက်နေထိုင်သောအချက်ကြောင့် အတော်အတန်ရှုတ်ထွေးမှုရှိသည်။ သို့ရာတွင် ကရင်လူထုတစ်စိတ်တစ်ပိုင်းမှာမူ နောက်ပိုင်းတွင် သီးသန့်နယ်မြေအဖြစ် သတ်မှတ်ခံရသော တောင်တန်းဒေသသံလွင်ခရိုင်တွင် နေထိုင်ကြ သည်။[32] ၎င်းခရိုင်သည် ရဲမင်းကြီးအဖြစ်၊ တာဝန်အရတရားသူကြီးအဖြစ် ဆောင်ရွက်သူ လက်ထောက်ကော်မရှင်နာမင်းကြီး၏ စီမံအုပ်ချုပ်မှုလက်အောက်တွင်ရှိသည်။[33] ယနေ့အရှေ့တောင်ပိုင်းရှိ ကရင်နယ်မြေအနည်းငယ်ကိုမူ သီးသန့်နယ်မြေအပိုင်းနှစ်အဖြစ် သတ်မှတ်ကာ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်မှုအစီအစဉ်အောက်တွင် ထားရှိသည်။ လက်တွေ့တွင် မြန်မာပြည်မရှိ ကရင်များသည် ဌာနဆိုင်ရာ တရားစီရင်မှု အင်စတီကျူးရှင်းများ၏ လက်အောက်တွင်ရှိသော်လည်း သံလွင်ခရိုင်နှင့် အခြားနယ်မြေအနည်းငယ်ရှိ ကရင်များမှာမူ ၎င်းတို့၏ လူမျိုးစုခေါင်းဆောင်များနှင့် မိရိုးဖလာ တရားစီရင်မှုစနစ်များ၏ လက်အောက်တွင်ရှိခဲ့ကြသည်။[34]

ကိုလိုနီခေတ် ရဲလုပ်ငန်းသည် မြန်မာနိုင်ငံ ပုလိပ်အဖွဲ့ (BP) ၏ တာဝန်ဝတ္တရားဖြစ်သည့်အပြင် အစိုးရ၏ ခြိမ်းခြောက် ဖိအားပေးမှုနည်းဗျူဟာတွင် အဓိကအစိတ်အပိုင်းဖြစ်သည်။[35] ရဲဌာနသည် ကိုလိုနီအစိုးရ၏ မျက်စိနှင့် နားအဖြစ်ဆောင်ရွက်ခွင့်ရသည့် ကျယ်ပြန့်သောထောက်လှမ်းရေး

[27] Robert H. Taylor. The State in Myanmar. (Singapore: NUS Press, 2009), 255.

28 Also known as Saopha or Chaopha in Shan.

[29] Furnivall, Governance of Modern Burma, 11

[30] ibid

[31] bid.,12

[32] သံလွင်ခရိုင်သည် စစ်တောင်းမြစ် အရှေ့ဖက်မှ ထိုင်းနယ်စပ်အထိ၊ သံလွင်မြစ်မှ ကရင်နီပြည်နယ်အထိ ကျယ်ဝန်းသည်။ ယနေ့ကာလတွင် ကရင်ပြည်နယ် ဖာပွန်၊ သံတောင်နှင့် ပဲခူးတိုင်းအရှေ့ပိုင်းတို့ ပါဝင်သည်။ ကိုလိုနီခေတ် မှတ်တမ်းများတွင် သံလွင်ခရိုင်၊ ဖာပွန်ခရိုင်၊ သံလွင်ကုန်းမြင့်ခရိုင် စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်သည်။

[33] Salween District excerpt from "THE IMPERIAL GAZETTEER OF INDIA, 1908".

[34] Furnivall, Governance of Modern Burma, 12

[35] ဘားမားပုလိပ်အဖွဲ့ကို ၁၈၆၁ တွင် တရားဝင်ဖွဲ့စည်းပြီး နောက်ပိုင်းတွင် စစ်ရဲတပ် (၁၈၈၇)၊ ရထားရဲ (၁၈၉၁)၊ ရန်ကုန်ရဲ (၁၈၉၉) တို့ ပါဝင်ဖွဲ့ စည်းသည်။

ကွန်ယက်ကို အကောင်အထည်ဖော်ခဲ့သည်။[36] ၁၉၀၆ တွင် ထောက်လှမ်းရေးနှင့် စောင့်ကြည့်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အာဏာရရှိထားသော ရာဇဝတ်မှု စုံစမ်းရေးဌာန (CIB) ကို ဖွဲ့စည်းခဲ့သည်။[37] ၁၉၃၇ တွင် မြန်မာနိုင်ငံကို အိန္ဒိယလက်အောက်မှ ခွဲထုတ်ပြီးနောက် မြန်မာစစ်ရဲတပ်(BMP)သုံးပုံနှစ်ပုံကိုမြန်မာတောင်တန်းဒေသတပ်ဖွဲ့အဖြစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးတောင်တန်းဒေသများတွင်တာဝန်ထမ်းဆောင်စေသည်။ ကိုလိုနီခေတ်တွင် ရဲဌာနသည် လေးစားခံရခြင်းမရှိပဲ ကိုလိုနီအုပ်ချုပ်သူများ၏ လက်ကိုင်တုတ်အဖြစ် များသောအားဖြင့် ရှုမြင်ခံရသည်။[38] ရဲဌာနသည် ပါဝင်ဖွဲ့စည်းထားသည့် လူမျိုးအရလည်း စိတ်ဝမ်းကွဲစရာဖြစ်ခဲ့သည်။ စစ်ရဲတပ်သည် အိန္ဒိယလူမျိုး၊ ဂေါ်ရခါးလူမျိုးနှင့် တိုင်းရင်းသားလူမျိုးများဖြင့် လုံးလုံးလျားလျားဖွဲ့စည်းထားသည်။ နယ်ဖက်ရဲဌာနအတွက် လူသစ်စုဆောင်းရာတွင်လည်း အိန္ဒိယလူမျိုးနှင့် တိုင်းရင်းသားလူမျိုးများကို တစ်ဖက် စောင်းနင်း ခေါ်ယူခဲ့သည်။[39]

## ၂.၃။ လွတ်လပ်ရေးနှင့် ပါလီမန်ခေတ် မြန်မာနိုင်ငံ (၁၉၄၈ - ၁၉၆၂)

၁၉၄၈ လွတ်လပ်ရေးရသည့်အချိန်တွင် ၁၉၄၇ အခြေခံဥပဒေ ပုဒ်မ ၁၃၃ မှ ၁၅၃ အထိ ပြဋ္ဌာန်းထားသော တရားစီရင်မှုကို တည်ဆောက်ထားပုံသည် ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးခေတ်ကအတိုင်း အများစုနီးပါးတူညီမှုရှိပြီး ယခင်တောင်တန်းဒေသများကိုပါ ထည့်သွင်းရန် ချဲ့ထွင်းထားသည်။ တစ်ခုတည်းသော အဓိကအပြောင်းလဲမှုမှာ အမြင့်ဆုံး အယူခံတင်သွင်းနိုင်သည့် တရားရုံးအဖြစ် နိုင်ငံတော်တရားရုံးချုပ်ကို ဖွဲ့စည်းခြင်းဖြစ်သည်။ အဆင့်မြင့်တရားရုံးမှာမူ ရန်ကုန်မြို့တော်တွင် မူလအတိုင်း အမှုကိစ္စများကို စီရင်ပိုင်ခွင့်ရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံတစ်ခုလုံးမှ ရာဇဝတ်မှုနှင့် တရားမမှုများတွင် မူအရ အယူခံတင်သွင်းရန် တရားရုံးအဖြစ်ဆောင်ရွက်သည်။ သေဒဏ်ချမှတ်မှုအားလုံးကို အဆင့်မြင့်တရားရုံးမှ အတည်ပြု ပေးရန် လိုအပ်သည်။[40] ခရိုင်များတွင် တရားစီရင်သည့် လုပ်ငန်းကိုမူ အစိုးရသစ်က ပြန်လည်ရယူထားသည်။ ခရိုင်များတွင် အမြင့်ဆုံးထောင်ဒဏ် ၂ နှစ် ချမှတ်နိုင်သည့် ရာဇဝတ်မှုများကို စီရင်ခွင့်ရသော ရာဇဝတ်တရားရုံးများနှင့် ထောင်ဒဏ် ၇ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သော ရာဇဝတ်မှု များ အတွက် အထူးရာဇဝတ်တရားရုံးများရှိသည်။ အဆိုပါ ရာဇဝတ်တရားသူကြီးများအားလုံးသည် အုပ်ချုပ်ရေးဌာန၏အရာရှိများဖြစ်သော်လည်းတရားစီရင်မှုလုပ်ပိုင်ခွင့်အရအဆင့်မြင့်တရားရုံးကိုတာဝန်ခံကြရသည်။ ရာဇဝတ်တရားရုံးများနှင့် ယှဉ်တွဲရှိနေသည့် ခရိုင်တရားရုံးများမှာမူ တရားမမှုများကို စစ်ဆေးရန် အခွင့်အာဏာရှိသည်။ စက်ရှင်တရားရုံးများမှာမူ ပိုမိုပြင်းထန်သော ရာဇဝတ်မှုများနှင့် ရာဇဝတ်တရားရုံးများမှ တက်လာသော အယူခံမှုများကို ကြားနာစစ်ဆေးသည်။[41] အခြေခံဥပဒေတွင် ဗြိတိသျှတို့၏ ဥပဒေစိုးမိုးရေး အယူအဆများ ခိုင်မာစွာ အမြစ်တွယ် လျက်ရှိသည်။ လွတ်လပ်ရေးမရမီခေတ် ဥပဒေများကို ပြင်ဆင်ရန်အတွက် ၁၉၅၆ ခုနှစ်တွင် တရားမကြောင်း လုပ်ထုံးလုပ်နည်း (ပြင်ဆင်ချက်) ကဲ့သို့သော ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့သည်။

၁၉၄၇ အခြေခံဥပဒေသည် မြန်မာနိုင်ငံကို ပြည်မနှင့် တိုင်းရင်းသားပြည်နယ်လေးခု (မူလက သုံးခု) အဖြစ်ပိုင်းခြားထားသည်။[42] ပြည်နယ်တစ်ခုစီသည် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကောင်စီနှင့် အခွန်စည်းကြပ်ခွင့်များရှိကြသော်လည်း ဗဟိုအစိုးရလက်ထဲတွင် ထိရောက်သောအာဏာ ရှိနေသောကြောင့် ဖက်ဒရယ်တည်ဆောက်ပုံသည် အမှန်တကယ်ထက် အမည်ခံသဘောသာရှိသည်။ တရားစီရင်ရေးကိစ္စများတွင် တောင်တန်းဒေသများကို ဗဟိုတရားစီရင်မှုစနစ်အောက်သို့ ထည့်သွင်းလိုက်သော်လည်း အရေးကြီးသော ကွာခြားမှုအချို့ရှိသည်။ ပြည်နယ်များသည် ပြည်ထောင်စုဥပဒေနှင့် ဝိရောဓိ မဖြစ်သ၍ ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေများကို ရေးသားခွင့်ရှိသည်။ ရှမ်း၊ ကယားနှင့် ကချင်ပြည်နယ်တို့သည် ယခင်က တောင်တန်းဒေသအုပ်ချုပ်ရေး အောက်တွင်ရှိခဲ့သောကြောင့် မိရိုးဖလာ ဥပဒေကျင့်ထုံးများ ကျင့်သုံးရန် ခွင့်ပြုထားခြင်းနှင့်အတူ လျော့တိလျော့လျဲ ကြီးကြပ်အုပ်ချုပ်ခဲ့သည်။[43] အစိုးရတရားစီရင်မှုစနစ်သည် မြို့ကြီးများနှင့် မြို့နယ်များကို ကျော်လွန်၍ လက်တံဆန့်နိုင်ခြင်းမရှိသောကြောင့် ၎င်းဓလေ့မှာ ဆက်လက်တည်ရှိခဲ့သည်။ အဆိုပါနယ်မြေများရှိ ကျေးရွာများသည် တရားစီရင်ခြင်း အပါအဝင် မိရိုးဖလာဓလေ့အတိုင်း အုပ်ချုပ်မှု ဆက်လက်တည်ရှိနေသည်။ သာဓကအားဖြင့် ကချင်ပြည်နယ်တွင် ဒေသခံလူမျိုးစုအကြီးအကဲများက ယခင်က အစိုးရအုပ်ချုပ်ရေးအရာရှိများ၏ အကူအညီဖြင့် လုပ်ဆောင်ခဲ့သည့်အတိုင်း ဆက်လက်အုပ်ချုပ်ခဲ့ကြသည်။[44] ၁၉၅၀ ခုနှစ်များတွင် ပြည်တွင်း

36 ဘားမားပုလိပ်အဖွဲ့အတွင်း ထောက်လှမ်းရေးဌာနကို ၁၈၉၀ တွင်ဖွဲ့စည်းသည်။ နောက်ပိုင်းတွင် CIB ၏ ဌာနခွဲဖြစ်လာခဲ့ပြီး ၁၉၄၈ တွင် ခွဲ ထုတ်၍ အထူးတပ်ဖွဲ့ SB ဟု အမည်ပြောင်းသည်။

37 Andrew Selth. "Myanmar's Police Forces: Coercion, Continuity, and Change." Contemporary Southeast Asia 34: 1, 2012, 55-56.

38 ibid., 57.

39 66.

40 Furnivall *Governance of Modern Burma* 76-77; Tinker, Hugh 1959. The Union of Burma: A Study of the First Years of Independence. New York: Oxford University Press, 140.

41 Furnivall Furnivall, *Governance of Modern Burma* 78; Tinker 1959, op. cit. 140; Nang Yin Kham. An Introduction to the Law and Judicial System of Myanmar. Myanmar Law Working Paper Series, Working Paper No. 001, 2014, Center for Asian Legal Studies, Faculty of Law, National University of Singapore: 6.

42 ၎င်းတို့မှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ် (၁၉၅၂ မှစ၍ ကယားဟုခေါ်)နှင့် ရှမ်းပြည်နယ်တို့ဖြစ်သည်။ သို့ရာတွင် ၁၉၅၁ အထိ ကရင်ပြည်နယ်ကို မဖွဲ့စည်းရသေးပဲ သံလွင်ခရိုင်နှင့် ကပ်လျက် ကရင်နယ်မြေများကို ကော်သူးလေ အထူးဒေသဟု သတ်မှတ်ထားသည်။ ချင်းဝိသေသတိုင်းသည် ပြည်မ၏ တိုးချဲ့အစိတ်အပိုင်းဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးကောင်စီရှိသော်လည်း အခြားပြည်နယ်များ ၏ ရပိုင်ခွင့်များအနက်မှ အနည်းငယ်ကိုသာရရှိသည်။

43 Josef Silverstein. Burma: Military Rule and the Politics of Stagnation. (New York: Cornell University Press, 1977), 58-59. ကရင်ပြည်နယ်သည် တောင်တန်းဒေသ အုပ်ချုပ်ရေးအောက်ရှိ သံလွင်ခရိုင်နှင့် မြန်မာပြည်မအုပ်ချုပ်ရေးအောက်ရှိ ခရိုင်များစွာ ပါဝင်သည်။

44 Nang Yin Kham *Judicial System of Myanmar , 6.*

စစ်ပြန့်နှံ့ လာသောကြောင့် မြန်မာပြည်မရှိ စပ်ဆက်နယ်မြေအချို့အပါအဝင် တိုင်းရင်းသားနယ်မြေများသည် တိုင်းရင်းသားပုန်ကန်သူများနှင့် ကွန်မြူနစ်ပုန်ကန်သူများ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့ကြပြီး အစိုးရတရားစီရင်မှုစနစ်၏ အပြင်ဖက်တွင် ကျန်မြဲကျန်နေခဲ့ကြသည်။

ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့မှ အစဉ်အလာခေါင်းဆောင်စော်ဘွားများသည် အခြေခံဥပဒေအရ လုပ်ပိုင်ခွင့်ပေးထားသော ကဏ္ဍများမှတဆင့် သီးသန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဆက်လက်ရရှိခဲ့ကြသည်။ ရှမ်းစော်ဘွားများသည် ၁၈၈၇ ဗြိတိသျှလက်အောက်တွင် စတင်ခဲ့သော မင်းယောစနစ်အရ တရားရေးစီမံအုပ်ချုပ်ခွင့် အပါအဝင် ထုံးတမ်းစဉ်လာ အခွင့်ထူးများကို ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။ ၎င်းအာဏာများကို ၁၉၅၀ တွင် အမည်ခံသဘော ရုတ်သိမ်းခဲ့ပြီး ရှမ်းနှင့် ကရင်နီစော်ဘွားများက အာဏာစွန့်လွှတ်ရန် သဘောတူခဲ့ကြသည့် ၁၉၅၉ တွင် တရားဝင် ရုတ်သိမ်းခဲ့သည်။ ထိုအချိန်တွင်မူ စော်ဘွားများ၏ တရားစီရင်ခွင့်အာဏာကို မြန်မာပြည်မတွင် အသုံးပြုသည့် ပြည်ထောင်စုစနစ်ဖြင့် အစားထိုးခဲ့သည်။ ၎င်းစနစ်အရ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တွင် တရားသူကြီးများရှိသည်။[45] ဒေသခံစော်ဘွားများသည် ခရိုင်နှင့် စက်ရှင်တရားသူကြီး အာဏာများအပြင် အမှုများကို ၎င်းတို့ထံ အရင်တင်ပြစေသော အခွင့်အာဏာရရှိထားသည်။ လက်တွေ့တွင်မူ သီးခြားကမ္ဘာလို ဖြစ်နေသော တောင်တန်းဒေသများသည် အခွန်များကို ပစ္စည်းဖြင့်ကောက်ခံခြင်း၊ သားစဉ်မြေးဆက်ခေါင်းဆောင်များသာ တာဝန်ရှိသူဖြစ်ခြင်း၊ တောင်ပေါ်နေလူထုသည် ငါးရက်တစ်ဈေးသို့လာရခြင်း၊ ဟော်နန်းထဲမှ စော်ဘွားများက အုပ်ချုပ်နေခြင်းနှင့် ရန်ကုန်သည် အလှမ်းဝေးခြင်းအစရှိသော လမ်းဟောင်း၊ ပုံစံဟောင်းထဲတွင်ကျန်နေရစ်ခဲ့သည်။[46]

မြန်မာနိုင်ငံသည်လွတ်လပ်ရေးရသောအခါမြန်မာနိုင်ငံရဲအဖွဲ့နှင့်ပြည်ထောင်စုစစ်ရဲတပ်(UMP)တို့ကိုဖွဲ့စည်းခဲ့သည်။ပြည်ထောင်စုမြန်မာနိုင်ငံ၏ သာယာအေးချမ်းမှုကို ဆောင်ကြဉ်းပေးမည့် အစီအစဉ်၏ အဓိကအစိတ်အပိုင်းအဖြစ် ရဲတပ်ဖွဲ့ကို ဦးနုအစိုးရက စဉ်းစားခဲ့သည်။ သို့ရာတွင် ဆိုးဝါးသော ပြည်တွင်းလုံခြုံရေး အခြေအနေကြောင့် ရဲတပ်ဖွဲ့သည် ၎င်း၏အခြေခံတာဝန်များကိုပင် အနိုင်နိုင်ရုန်းကန်နေရသည်။ ၁၉၅၈ ပထမဆုံး စစ်တပ်အာဏာသိမ်းချိန်တွင် ရဲတပ်ဖွဲ့သည် အင်အားကြီးလာသော စစ်တပ် (တပ်မတော်) ၏ လောင်းရိပ်မိုးခြင်းကို ခံနေရပြီဖြစ်သည်။[47] ဦးနုအစိုးရက နိုင်ငံရေးအတိုက်အခံများကို နှိမ်နင်းရန် ရဲတပ်ဖွဲ့ကို အသုံးပြုခြင်းသည် ရဲတပ်ဖွဲ့ လုပ်ရည်ကိုင်ရည်မရှိကြောင်း၊ အဂတိလိုက်စားကြောင်း၊ နိုင်ငံရေးဘက်လိုက်မှုရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံယူဆမှုကိုသာ ဖြစ်ပေါ်စေခဲ့သည်။[48] ထို့အပြင် လွတ်လပ်ရေးရပြီးနောက်တွင် ရဲတပ်ဖွဲ့အတွင်း လူမျိုးရေးဦးစားပေးမှုများ အဆုံးသတ်သွားသော်လည်း ဗမာရဲတပ်ဖွဲ့ဝင်များ လွှမ်းမိုးလာမှုကြောင့် ခွဲခြားဆက်ဆံခံရသည်ဟု ယူဆကြသော တိုင်းရင်းသားအသိုင်းအဝိုင်းထံမှ စောဒကတက်မှုများ တစ်ဖန်ထွက်ပေါ်လာစေသည်။[49]

## ၂.၄။ ဦးနေဝင်းခေတ် (၁၉၆၂ - ၁၉၈၈)

၁၉၆၂ အာဏာသိမ်းပြီးနောက်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်တရားရုံးချုပ်နှင့် အထက်တရားရုံးများ ကို အစားထိုးရန် ဗဟိုတရားရုံးကို ဖွဲ့စည်းခဲ့သည်။ ဗဟိုတရားရုံးသည် နောက်ဆုံးအယူခံဝင်ရန် တရားရုံးဖြစ်ပြီး ၎င်း၏ရှေ့မှ တရားရုံးနှစ်ခုကဲ့သို့ တူညီသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည်။ သောင်းကျန်းမှုလုပ်ရပ် များ၊ လူထုလုံခြုံရေးပျက်ပြားစေသော ရာဇဝတ်မှုများ၊ အမျိုးသားစီးပွါးရေး၊ ယဉ်ကျေးမှု၊ ပိုင်ဆိုင်မှုတို့ကို ခြိမ်းခြောက်သော လုပ်ရပ်များကို ကိုင်တွယ်ရန် အထူးရာဇဝတ်တရားရုံးများကိုလည်း ဖွဲ့စည်းခဲ့သည်။[50] အထူးရာဇဝတ်တရားရုံးများသည် သာမန်ထောင်ဒဏ်၊ ပြည်နှင်ဒဏ်နှင့် သေဒဏ်စီရင်ချက်များကို ချမှတ်နိုင်သည်။ အတည်ပြုသော အာဏာပိုင်အဖွဲ့သစ်က ပြစ်ဒဏ်များကို ပြန်လည်သုံးသပ်ပြီး သေဒဏ်ကိုမူ ဗဟိုတရားရုံးက ပြန်လည် သုံးသပ်သည်။[51] တော်လှန်ရေးကောင်စီလက်အောက်တွင် ရှိရင်းစွဲဥပဒေအားလုံး ဆက်လက်အကြုံးဝင်ပြီး လက်အောက်ခံတရားရုံးများမှာလည်း ယခင်အတိုင်း လုပ်ငန်းတာဝန်များ စီမံခွင့်ရရှိသည်။[52]

တော်လှန်ရေးကောင်စီသည် တရားရုံးစနစ် ပြုပြင်ပြောင်းလဲခြင်းဖြင့် တစ်နိုင်ငံလုံးတွင် တရားစီရင်မှု တစ်ပုံစံ တည်းတူညီအောင် ဖန်တီးရန် ရည်မှန်းခဲ့သည်။  ယင်းရည်မှန်းချက်ကို မြန်မာပြည်မနှင့် ပြည်နယ်များအကြား ကွဲပြားနေသော စံနှုန်းများက တားဆီးခဲ့သည်။ တရားစီရင်မှုကို မိရိုးဖလာထုံးတမ်းများဖြင့် ကိုင်တွယ်နေသော ၎င်း နယ်မြေများတွင် မြန်မာပြည်မ၌ ကျင့်သုံးသကဲ့သို့ တူညီသောဥပဒေများ၊ တရားရုံးများဖြင့် ချမှတ်ကျင့်သုံးရန် ရည်မှန်းသည်ဟု စစ်အုပ်ချုပ်သူများက ပြောကြားခဲ့ကြသည်။ ထိုသို့ဖြစ်လာရန် တူညီသော တရားစီရင်မှုပုံစံကို ဖန်တီးနိုင်ရန် အတွက် ဗဟိုအစိုးရနှင့် လက်တွဲလုပ်ဆောင်ရမည့် ဒေသခံ ပြည်နယ်တာဝန်ခံများကို လိုအပ်သည်။[53]

---

[45] ၁၉၄၇ အခြေခံဥပဒေ ရေးဆွဲချိန်တွင် လက်ရှိ ပြည်နယ်နှင့် တိုင်းများ၊ ခရိုင်များ၊ မြို့နယ်များကို မဖွဲ့စည်းရသေး

[46] Tinker, *First Years of Independence*, 162-163; Nang Yin Kham, *Judicial System of Myanmar*, 6; Smith, *Insurgency*, 193; ရှမ်း သက်ကြီးဝါကြီး သမိုင်း ပညာရှင်နှင့် အင်တာဗျူး ၂၀၁၆။ ထိုကာလအတွင်း ပြည်သူတို့သည် တရားစီရင်မှုကို ရှောင်ရှားရန် ငွေပေး၍မရနိုင်သေး။

[47] Selth “Myanmar’s Police Forces,” 56.

[48] Ibid 57.

[49] Ibid 66.

[50] Silverstein 1977, *Politics of Stagnation*, 95.

[51] Ibid

[52] Taylor, *State in Myanmar* 339.

[53] Silverstein, *Politics of Stagnation.,* 95.

စစ်အုပ်ချုပ်သူများ ရင်ဆိုင်ရသော ပြဿနာတစ်ခုမှာ ဆိုရှယ်လစ်စနစ်၏ ရည်မှန်းချက်များနှင့် ဗြိတိသျှတို့ထံမှ ဆင်းသက်လာသော ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးချင်း ရပိုင်ခွင့်နှင့် ဝတ္တရားများအကြား အဓိကဦးစားပေးမှု ဝိရောဓိဖြစ်နေခြင်းဖြစ်သည်။ တော်လှန်ရေး ကောင်စီသည် တရားစီရင်ရေးနယ်ပယ်မှ ပရိဖက်ရှင်နယ် တတ် ကျွမ်းနားလည်သော တရားသူကြီးများနှင့် ရှေ့နေများကို ဖယ်ရှားရန်နှင့် ပြည်သူ့တရားရုံးများဖြင့် အစားထိုးရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည်။ ပြည်သူ့တရားရုံးများ ဖွဲ့စည်းခြင်းသည် ဗြိတိသျှတို့ ပြဋ္ဌာန်းခဲ့သော တရားသူကြီး တစ်ဦးစနစ်ကို ဆိုရှယ်လစ်ပါတီဝင်များ လွှမ်းမိုးသော (ပြည်သူများထဲမှ ရွေးချယ်တာဝန်ပေးသည့်) တရားသူကြီးအဖွဲ့စနစ်ဖြင့် အစားထိုးရန် ရည်ရွယ်ခြင်းဖြစ်သည်။[54] သို့ရာတွင် ဥပဒေကျွမ်းကျင်သူမဟုတ်သော အဖွဲ့ဝင်များဖြင့် ပြည်သူ့တရားရုံးများ၊ အယူခံတရားရုံးများ၊ အခြားတရားရေးအဖွဲ့အစည်းများကို မည်သို့ပင် ပြင်ဆင်စေကာမူ အခြေခံကျသော ဥပဒေပိုင်းဆိုင်ရာ တည်ဆောက်ထားပုံမှာမူ ပရိဖက်ရှင်နယ်နှင့် ဗျူရိုကရေစီပုံစံ ရှိနေဆဲပင်ဖြစ်သည်။ အဆိုပါကာလအတွင်း ၁၉၆၃ ခုနှစ်တွင် ရာဇဝတ်မှုဥပဒေ ပြင်ဆင်ချက်ဥပဒေအပါအဝင် ဥပဒေအချို့ကို ပြင်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ရာဇဝတ်ကြောင်း လုပ်ထုံးလုပ်နည်း ပြင်ဆင်ချက် ဥပဒေကို ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

၁၉၇၂ တွင် ဆိုရှယ်လစ်အနာဂါတ် အကောင်းဆုံးပုံစံများထက် ကိုလိုနီခေတ်နှင့် ပိုမိုနီးစပ်သော တရားရုံးများနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ စနစ်သစ်ကို ထူထောင်သော ပြုပြင်ပြောင်းလဲမှုများဖြင့် ပိုမိုထိရောက်သော စနစ်ပြောင်းလဲမှုကို စတင်ခဲ့သည်။[55] ခရိုင်များကို ဖျက်သိမ်းလိုက်ရာ ခရိုင်အရာရှိများ၏ တရားစီရင်မှုဆိုင်ရာလုပ်ပိုင်ခွင့်များလည်း ပျက်ပြယ်သွားခဲ့သည်။ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအဆင့်တို့တွင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကို ဖွဲ့စည်းပေးပြီး တရားစီရင်ခွင့် အာဏာများကို ပေးအပ်ခဲ့သည်။[56] လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများတွင် ဒေသခံအသိုင်းအဝိုင်းများပါဝင်ပြီး ပြည်သူ့တရားရုံးများ၏ လုပ်ပိုင်ခွင့်ရ အစိတ်အပိုင်း ဖြစ်လာခဲ့သည်။

၁၉၇၄ အခြေခံဥပဒေသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တရားဝင်အစိုးရဖြစ်အောင်  ပြုလုပ်ပေးပြီး တရားစီရင်ရေးနယ်ပယ်ကို ထိပ်မှစ၍ သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးသည်။ တရားရေးဌာနကို ဖျက်သိမ်းကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ထားသော ပြည်သူ့တရားသူကြီးအဖွဲ့ဖြင့် အစားထိုးခဲ့သည်။ ပြည်သူ့တရားသူကြီးအဖွဲ့က တရားစီရင်မှုစနစ်ကို ကြီးကြပ်၍ စီမံခန့်ခွဲသည်။ အလားတူ ရွေးချယ်ဖွဲ့စည်းထားသော ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က အစိုးရဥပဒေအရာရှိများ၊ အမှုလိုက်အရာရှိများကို ကြီးကြပ်အုပ်ချုပ်သည်။ ဗဟိုတရားရုံးသည် အမြင့်ဆုံးအယူခံခွင့်ရှိသော တရားရုံးဖြစ်သည်။[57] ဗဟိုတရားရုံး၏ လက်အောက်တွင် ပြည်နယ်နှင့် တိုင်းပြည်သူ့တရားရုံးများ၊ မြို့နယ်တရားရုံးများ၊ ရပ်ကွက်နှင့် ကျေးရွာပြည်သူ့တရားရုံးများရှိကြသည်။[58] စနစ်သစ်သည် မြန်မာဓလေ့ထုံးတမ်းတရားစီရင်မှုဓလေ့များနှင့် အနောက်တိုင်းဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သက်သေခံ နည်းဥပဒေများကို တွဲဖက်ထားသော အရောစနစ် ဖြစ်လာသည်။[59]

အစိုးရသည် ၎င်း၏တရားစီရင်မှုစနစ်တွင် တရားမျှတမှုသင်္ကေတပေါ်လွင်အောင် ဆက်လက်ပြုလုပ်ခဲ့ပြီး ပြည်သူ့တရားသူကြီးအဖွဲ့ကလည်း ဥပဒေနှင့် ဓလေ့ထုံးတမ်းများကို နားလည်သဘောပေါက်နိုင်ရန် ပညာရှင်တတ်ကျွမ်းသူများ၏ အကြံဉာဏ်ပေးမှုအပေါ် ဆက်လက်မှီခိုခဲ့သည်။[60] ရောဘတ်တေလာ၏ အဆိုအရ တောင်သူလယ်သမားများက ၎င်းတို့၏ရပိုင်ခွင့်များနှင့် လူမှုအဖွဲ့အစည်း၏ အကျိုးစီးပွါးများအား ကိုလိုနီဥပဒေစနစ်က လုံလုံလောက်လောက် အကာအကွယ်ပေးခြင်းမရှိဟု ယူဆထားကြသည်ဟု သိရသည်။ တစ်ဦးချင်း၏ မြေပိုင်ဆိုင်ခွင့်အပေါ် ကိုလိုနီအစိုးရကထားရှိသောသဘောထားသည် ကျင့်ဝတ်ဆိုင်ရာ မှားယွင်းရုံသာမကပဲ ဆင်းရဲနွမ်းပါးသူများအား တရားစီရင်မှုစနစ်ကို လက်လှမ်းမမှီစေရန် ရည်ရွယ်ဖန်တီးထားသည်ဟု လယ်သမားလူထုက ယူဆခံစားကြသည်။[61]

ဥပဒေစိုးမိုးမှုအပိုင်းကိုကြည့်လျှင် ၁၉၆၂ စစ်အာဏာသိမ်းမှုသည် အစပိုင်းတွင် ဥပဒေနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းအားလုံးကို စစ်တပ်က တာဝန်ယူခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ရဲတပ်ဖွဲ့သည် သီးခြားအင်စတီကျူးရှင်း တစ်ခုအနေနှင့် ဆက်ရှိနေသော်လည်း စစ်တပ်ကို အမိန့်ခံရပြီး ရဲတပ်ဖွဲ့၏ထိပ်ပိုင်းရာထူးများတွင်စစ်တပ်မှအရာရှိများကိုစတင်ထည့်သွင်းလာခဲ့သည်။ရဲတပ်ဖွဲ့သည်ဗမာလူမျိုးဖြင့်အဓိကဖွဲ့စည်းထားသောအဖွဲ့ဖြစ်နေဆဲပင်ဖြစ်သည်။ ၁၉၆၄ တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟု အမည်ပြောင်းလဲခြင်းနှင့် ပြည်ထောင်စုစစ်ရဲတပ်ကို စစ်တပ်သို့ ပေါင်းစည်းခြင်းတို့ ပြုလုပ်ခဲ့သော အဓိကပြုပြင်ပြောင်းလဲမှုများအပြီးတွင် ရဲတပ်ဖွဲ့သည် အာဏာနှင့် တရားဝင် အဆင့်အတန်းအချို့ကို ပြန်လည်ရရှိလာခဲ့သည်။[62] သို့သော် ယင်းသို့ပြန်လည်စန်းထမှုသည် ခဏတာမျှသာ ဖြစ်ခဲ့ပုံရပြီး မဆလအစိုးရက ပြည်သူ့ရဲတပ်ဖွဲ့ကို တပ်မတော်(စစ်တပ်) ၏ လက်ဝေခံ သဖွယ် ထားရှိခဲ့သောကြောင့် အဆင့်အတန်းနှင့် ရင်းမြစ်များဆုံးရှုံးမှု ဖြစ်ပေါ်လာခဲ့သည်။[63] စစ်အုပ်ချုပ်သူများက ရဲတပ်ဖွဲ့သည် လိုလားအပ်

---

[54] Taylor, State in Myanmar., 340.

[55] Silverstein , *Politics of Stagnation.*, 96.

[56] ၁၉၇၄ တွင် ပိုင်နက်နယ်မြေ ပြန်လည်ဖွဲ့စည်းခဲ့ရာ မြန်မာပြည်မ၏ ယခင်ခရိုင်နယ်မြေများ ပါဝင်သော “တိုင်း” များကို ဖော်ထုတ်ခဲ့သည်။

[57] Silverstein, *Politic of Stagnation*, 129-130.

[58] Nang Yin Kham *Judicial System of Myanmar,* 7.

[59] Taylor, State in Myanmar, 340.

[60] Silverstein , Politic of Stagnation ,129-130.

[61] Taylor, State in Myanmar, 255.

[62] Selth “Myanmar’s Police Foruces, 56.

[63] ibid., 66-67. ၁၉၈၈ ဆန္ဒပြပွဲများတွင် ပြည်သူများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်ချီတက်ခဲ့သည်။

သော လုပ်ဖေါ်ကိုင်ဖက်ဟု ယေဘူယျအားဖြင့် သတ်မှတ်ယူဆထားကြပြီး ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကို ရက်စက်ကြမ်းတမ်းစွာ ဖြိုခွဲမှုတွင် အဓိကရဂုဏ်းနှိမ်နင်းရေး လုံထိန်းရဲတပ်ဖွဲ့၏ ပါဝင်မှုကဏ္ဍကြောင့် နောက်ပိုင်းတွင် ထိုသို့ သတ်မှတ်ယူဆမှု ပိုမိုခိုင်မာလာခဲ့သည်။[64] ထို့အပြင်ပြည်သူ့ရဲတပ်ဖွဲ့သည် ဆန္ဒပြပွဲကာလအတွင်း ညံ့ဖျင်းသော လုပ်ဆောင်ပုံများကြောင့် ပြည်တွင်း၊ ပြည်ပနှစ်ခုစလုံးတွင် ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခြင်းခံခဲ့ရသည်။

## ၂.၅။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၉၈၈ - ၂၀၁၁)

၁၉၈၈ တွင် နဝတ က နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက် ၁၉၇၄ ဆိုရှယ်လစ် အခြေခံဥပဒေကို ဖျက်သိမ်းလိုက်သောအခါ တရားစီရင်ရေးမူဘောင်သည် ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန်အစပိုင်းပုံစံသို့ တရားဝင် ပြန်လည်ရောက်ရှိသွားခဲ့သည်။ နဝတ၏ ဒုတိယမြောက် ဥပဒေပြုဆောင်ရွက်ချက်မှာ ပြည်သူ့တရားသူကြီးအဖွဲ့ကို ဖျက်သိမ်း၍ အမြင့်ဆုံးတရားရုံးအဖြစ် တရားရုံးချုပ်ကို ပြန်လည်ထူထောင်သည့် တရားစီရင်ရေးဆိုင်ရာဥပဒေ (၂/၈၈) ဖြစ်သည်။ တရားရုံးချုပ်၏ လက်အောက်တွင် ပြည်နယ်နှင့် တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တရားရုံးများကို အမည်ခံသဘော ဖွဲ့စည်းခဲ့သည်။ ယခင်တရားစီရင်ရေး အယူအဆဟောင်းကို တရားစီရင်ရေး စစ်စစ်ပုံစံဖြင့် အစားထိုးခဲ့ပြီး ဆိုရှယ်လစ် အစိုးရလက်ထက်က ပြည်သူ့တရားရုံးအဆင့်ဆင့်တွင် အကြံပေးများအဖြစ် ထမ်းဆောင်ခဲ့သော ဥပဒေအရာရှိများမှာ ယခုအခါ တရားသူကြီးများ၏ တရားဝင်ကဏ္ဍကို ရရှိလာကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် နအဖက အခြေခံတရားစီရင်မှုဆိုင်ရာဥပဒေ (၅/၂၀၀၀) ကိုထုတ်ပြန်ကာ နောက်ထပ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး လူငယ်ပြစ်မှုဆိုင်ရာ အထူးတရားရုံးများ၊ စည်ပင်သာယာပြစ်မှုတရားရုံးများ၊ လမ်းစည်းကမ်းချိုးဖောက်မှုတရားရုံးများကို ရန်ကုန်နှင့် မန္တလေးမြို့တွင် ဖွဲ့စည်းခဲ့သည်။[65] ၂၀၀၀ နှင့် ၂၀၀၈ တွင် တရားမကြောင်း လုပ်ထုံးလုပ်နည်း ပြင်ဆင်ချက်ဥပဒေဖြင့် တရားမမှုခုံရုံးများအတွက် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခဲ့သည်။[66]

ပြည်သူ့ရဲတပ်ဖွဲ့ကို နဝတလက်ထက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟု အမည်ပြောင်းခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော် (စစ်တပ်) ၏ လက်အောက်ခံ ဖြစ်နေသေးသော်လည်း မြန်မာနိုင်ငံ ပြည်တွင်းရေးရာများတွင် ပိုမိုအရေးပါသောကဏ္ဍကို ပြန်လည်ရရှိလာခဲ့သည်။ သို့သော်လည်း ရဲတပ်ဖွဲ့၏ အကြီးတန်း ရာထူးများကို တပ်မတော်အရာရှိများက ဆက်လက်ရယူထားကြသည်။ နဝတနှင့် နအဖလက်ထက်တွင်[67] ရဲတပ်ဖွဲ့သည် ပိုမိုစနစ်ကျလာခြင်း၊ ရင်းမြစ်များပိုကောင်းလာခြင်း၊ ရဲအသွင်ပိုမိုပီသလာခြင်းတို့ ဖြစ်လာခဲ့သည်ဟု အကဲခတ်လေ့လာသူများအကြား အသိအမှတ်ပြုမှု ရှိခဲ့သော်လည်း ၂၀၀၇ ရွှေဝါရောင်ဆန္ဒပြပွဲများကို အကြမ်းဖက်ဖြိုခွဲရာတွင် ရဲတပ်ဖွဲ့ ပါဝင်ခဲ့သည့်ကဏ္ဍကြောင့် ပြည်တွင်းနှင့် ပြည်ပတွင် ဂုဏ်သတင်းကျဆင်းခဲ့သည်။[68] ထို့အပြင် ဦးနေဝင်းခေတ် ပြည်သူ့ရဲတပ်ဖွဲ့ထံမှ ဆင်းသက်လာသော အကျင့်ဆိုးဖြစ်သည့် အရပ်သားလူထုအပေါ် အဂတိလိုက်စားမှုနှင့် ကိုယ်ကျိုးရှာမှု နာမည်ဆိုးကိုလည်း ဆက်လက်ထိန်းသိမ်းခဲ့သည်။[69]

## ၂.၆။ မြန်မာနိုင်ငံ၏ လက်ရှိ တရားစီရင်ရေးဆိုင်ရာ အုပ်ချုပ်စီမံခန့်ခွဲမှု

မြန်မာနိုင်ငံ၏ လက်ရှိ တရားစီရင်မှုစနစ်ကို ၂၀၀၈ အခြေခံဥပဒေနှင့် ၂၀၁၀ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ တို့၏အောက်တွင် ဖွဲ့စည်းထားသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသည် အမြင့်ဆုံးခုံရုံးဖြစ်ပြီး ၎င်း၏ လက်အောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များရှိသည်။ ၎င်းတို့၏အောက်တွင် ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ တရားရုံးများနှင့် အောက်ဆုံးအဆင့်တွင် မြို့နယ်တရားရုံးများရှိသည်။ ဥပဒေအရ ဖွဲ့စည်းထားသော အခြားတရားရုံးများမှာ လူငယ်ပြစ်မှုဆိုင်ရာတရားရုံးများ၊ စည်ပင်သာယာပြစ်မှုဆိုင်ရာတရားရုံးများနှင့် လမ်းစည်းကမ်းပြစ်မှုဆိုင်ရာ တရားရုံးများဖြစ်သည်။ အမှုအများစုကို အစိုးရတရားစီရင်ရေးစနစ်ဖြင့် စစ်ဆေးလျက်ရှိပြီး လောလောဆယ်ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် စတင်နေသည်။ ၎င်းရုံးများ၏ စီရင်ချက်များအပေါ် ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များသို့ အယူခံလွှာတင်နိုင်ပြီး နောက်ဆုံးအဆင့်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးသို့ အယူခံလွှာတင်နိုင်သည်။ သို့ရာတွင် ပြည်ထောင်စု၏ အမြင့်ဆုံး တရားလွှတ်တော်ချုပ်သည် အခြေခံဥပဒေခုံရုံး၏ အာဏာနှင့် တပ်မတော်စစ်ခုံရုံးများ၏ အာဏာတို့ကို ကန့်သတ်ခြင်းမပြုပေ။[70]

စာရွက်ပေါ်တွင်တရားစီရင်မှုကိစ္စများကိုကိုင်တွယ်ရန်အတွက် ရေးဆွဲထုတ်ပြန်ထားသော သီးခြားစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများရှိသည်။ အမှုများကို တရားသူကြီး (သို့) တရားသူကြီး၏ရှေ့မှောက်တွင် ကြားနာရပြီး ရှေ့နေများ (သို့) လျှောက်လဲသူများက ချေပလျှောက်လဲကြရသည်။ တရားမကြောင်း အမှုဆိုင်ခြင်းကို တရားမကြောင်း လုပ်ထုံးလုပ်နည်းကျင့်ထုံးဖြင့် စီမံခန့်ခွဲသည်။ ၁၉၆၀ တရားရုံးလက်စွဲနှင့် ၁၈၇၂ သက်သေခံ

[64] ibid., 57, 67.

[65] Taylor, State in Myanmar, 452-453.

[66] *Governance of Modern Burma*, 79; Nang Yin Kham, *Judicial System of Myanmar*, 4

[67] ၂၀၀၄ တွင် တပ်မတော်ထောက်လှမ်းရေးအဖွဲ့ကို ဖယ်ရှားပြီးနောက် ပြည်တွင်းလုံခြုံရေးကို အကဲခတ် စောင့်ကြည့်ရာတွင် ကြီးမားသော ကဏ္ဍမှ ပါဝင်ခဲ့သည်။

[68] Selth, "Myanmar's Police Forces," 57

[69] ibid., 67.

[70] Nang Yin Kham, Judicial System of Myanmar, 7-8.

အက်ဥပဒေတို့ကိုလည်း ရှေ့နေများက ကိုးကားကြသည်။ တရားမမှုစစ်ဆေးရန် သင့်လျော်မည့်တရားရုံးကို တိုင်ကြားမှု၏တန်ဘိုး၊ ပတ်သက်သော တရားပြိုင်များ၏ တည်နေရာ၊ လုပ်ငန်း၏နေရာ၊ စစ်ဆေးမည့်ကိစ္စ ဖြစ်ပွါးသောနေရာ စသည့်အချက်များဖြင့်ဆုံးဖြတ်သည်။ ရာဇဝတ်မှုများတွင်မူ တရားသူကြီးများက ရာဇဝတ်မှု လုပ်ထုံးလုပ်နည်းကျင့်ထုံး၊ သက်သေခံအက်ဥပဒေတို့နှင့်အညီ ဆောင်ရွက်ရသည်။ ရာဇဝတ်တရားရုံးများသည် သက်သေခံ အထောက်အထားနှင့် ပစ္စည်းသက်သေတင်ပြခြင်းနှင့် မျက်မြင်သက်သေများ၊ ဦးတိုက်လျှောက်ထားသူများ၊ တရားခံများကို စစ်မေးခြင်းစသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရသည်။ တရားခံကိုလည်း ငြိစွန်းသော ဥပဒေပုဒ်မက ခွင့်ပြုသည့် ပြစ်ဒဏ်ပမာဏထက် ပိုမိုချမှတ်၍ မရပေ။ ရာဇဝတ်မှုကျူးလွန်မှုများကို ကျူးလွန်မှုနှင့် အကျိုးဆက်သက်ရောက်ရာ ပိုင်နက် နယ်နမိတ်အတွင်းရှိ တရားရုံးများတွင် ပုံမှန်အားဖြင့် စစ်ဆေးလေ့ရှိသည်။ သို့ရာတွင် ခရိုင်တရားရုံးက စစ်ဆေးနေသော မည်သည့်အမှုကို မဆို တိုင်းတရားလွှတ်တော်တွင် ရွှေ့ပြောင်းစစ်ဆေးရန် သမ္မတက ညွှန်ကြားနိုင်ပြီး ၎င်းအမိန့်သည် တရားလွှတ်တော်ချုပ်က ယခင်ထုတ်ပြန်ထားသော မည်သည့် ညွှန်ကြားချက်ကိုမဆို ဆန့်ကျင်ဖက်မဖြစ်စေရဟု ဖော်ပြထားသည်။[71]

တရားလွှတ်တော်ချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများသည် ရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရန် အခွင့်အာဏာရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများသည် စက်ရှင်တရားသူကြီးကဲ့သို့ အာဏာမျိုးကို ရရှိသည်။ မြို့နယ်တရားသူကြီးများ၊ အဓိမြို့နယ်တရားသူကြီးများ၊ လက်ထောက်မြို့နယ် တရားသူကြီးများသည် အောက်ရုံး(ရာဇဝတ်)တရားသူကြီးကဲ့သို့ အာဏာမျိုးကိုရရှိသည်။ တရားလွှတ်တော်ချုပ် တရားသူကြီးသည် ရာဇဝတ်မှုလုပ်ထုံးလုပ်နည်းကျင့်ထုံးနှင့်အညီ ဥပဒေကခွင့်ပြုထားသော ပြစ်ဒဏ်မှန်သမျှကို ချမှတ်နိုင်သည်။ တရားလွှတ်တော် တရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ တရားသူကြီးများ၊ ခရိုင်တရားသူ ကြီးများသည် ဥပဒေက ခွင့်ပြုထားသော ပြစ်ဒဏ်မှန်သမျှကို ချမှတ်နိုင် သည်။ သေဒဏ်စီရင်ချက်များကိုမူ တရားလွှတ်တော်ချုပ်ရုံး၏ အတည်ပြုချက် ရယူရသည်။ လက်ထောက် ခရိုင်တရားသူကြီးများသည် သေဒဏ်မှလွဲ၍ ဥပဒေကခွင့်ပြုသော ပြစ်ဒဏ်မှန်သမျှကို ချမှတ်နိုင်သည်။ မြို့နယ်တရားသူကြီးများသည် ၇ နှစ်အထိ ထောင်ဒဏ်ကို ချမှတ်နိုင်သည်။ အရန်မြို့နယ်တရားသူကြီးသည် အထူးအောက်ရုံးအာဏာကို ရရှိထားပါက ၇ နှစ်ထက် မပိုသော ထောင်ဒဏ်ကို ချမှတ်နိုင်သည်။ လက်ထောက် မြို့နယ်တရားသူကြီးများသည် ၎င်းတို့၏ အောက်ရုံးအာဏာများနှင့်အညီ ပြစ်ဒဏ်များကို ချမှတ်နိုင်သည်။[72]

လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ စီမံခွင့်အာဏာလက်အောက်တွင်ရှိပြီး အခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၏ ဝန်ကြီးသည် တာဝန်ထမ်းဆောင်ဆဲ တပ်မတော်အရာရှိဖြစ်ရန် လိုအပ်သည့်အပြင် ယင်းရာထူးကို ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ခန့်အပ်ရသည်။ ဖွဲ့စည်းပုံအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဌာနချုပ်ရုံးများ၊ ပြည်နယ်နှင့် တိုင်းရဲတပ်ဖွဲ့များ၊ အထူးဌာနခွဲ လေးခု၊ လေ့ကျင့်ရေးကျောင်း ငါးခု၊ ရဲတပ်ရင်း ၁၉ ခုနှင့် အသေးစား အဓိရဲတပ်ဖွဲ့များစွာ ပါဝင်ဖွဲ့စည်းထားသည်။ ပြည်နယ်နှင့် တိုင်း ရဲတပ်ဖွဲ့များသည် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့် ရဲစခန်းများ၏ အင်အားဖြင့် ဖွဲ့စည်းထားပြီး တစ်နိုင်ငံလုံးတွင် ရဲစခန်းပေါင်း ၁၂၀၀ ကျော်ရှိသည်။ အထူးဌာနခွဲများမှာ မှုခင်းစုံစမ်းရေးတပ်ဖွဲ့၊ အထူးသတင်းတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်သာယာ ရဲတပ်ဖွဲ့တို့ဖြစ်သည်။ ၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားသည် ၈၀,၀၀၀ နီးပါးရှိသည်ဟု ယုံကြည်ရပြီး တရားမဝင် ခန့်မှန်းချက်များအရ အင်အား ၁၀၀,၀၀၀ အထိရှိသည်ဟုဆိုသည်။[73] ၂၀၁၀ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အခြားပြုပြင်ပြောင်းလဲမှုများနှင့်အတူ ရဲတပ်ဖွဲ့ကိုလည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပိုမိုခေတ်မီသော၊ ဥပဒေတတ်ကျွမ်းသော အဖွဲ့အစည်းဖြစ်လာခဲ့ပြီး အင်အားကြီး၊ ဩဇာကြီးလာသော အင်စတီကျူးရှင်းတစ်ခုအဖြစ် တစ်ဖြည်းဖြည်းအသိအမှတ်ပြုခြင်း ခံလာရသည်။ အရာရှိရွေးချယ်မှု စံနှုန်းများကို မြှင့်တင်ခဲ့ပြီး အလွှာအားလုံးတွင် သီးသန့်ညွှန်ကြားချက်များလည်း အဆင့်မြင့်လာသည်။ ရဲလုပ်ငန်းအယူဝါဒနှင့် လေ့ကျင့်ရေး အစီအစဉ်များသည် လူထုအခြေပြု ရဲလုပ်ငန်းကို ကြီးကြီးမားမား ဦးစားပေးရန် ပြောင်းလဲခဲ့ပြီး အရပ်ဖက်လူထု အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိပ်တန်းဦးစားပေး သတ်မှတ်လာခဲ့သည်။ ထို့အပြင် အဂတိလိုက်စားမှု လျှော့ချရန် ကြိုးစားသည့်အနေနှင့် တစ်ဦးချင်းစည်းကမ်း လိုက်နာမှုဆိုင်ရာ ဦးစားပေးအချက်များကိုလည်း မြှင့်တင်ခဲ့သည်။[74]

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရာဇဝတ်မှုစုံစမ်းရေးနှင့် တားဆီးရေး၊ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေး ကဲ့သို့သော သမာရိုးကျ ဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်ဝတ္တရားများကိုသာမကပဲ တပ်မတော်နှင့် မကြာခဏ အနီးကပ်ပူးပေါင်းဆောင်ရွက်ရသော အရန်စစ်တပ်လုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ ရဲတပ်ဖွဲ့သည် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရသည့် အဖွဲ့အစည်း ဖြစ်ရုံသာမကပဲ မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေး အသုံးချကရိယာ၏ အဓိကအစိတ်အပိုင်းဖြစ်နေသည်ဟု ဆက်လက်ရှုမြင်ကြသည်။[75] အထူးသဖြင့်လုံခြုံရေးရဲတပ်ရင်းများသည် တိုင်းပြည်ကို တပ်မတော်နှင့်အတူ ကာကွယ်ရသော မဟာဗျူဟာမြောက် အရန်အဖွဲ့အစည်း အစိတ်အပိုင်း ဖြစ်သည်ဟု သတ်မှတ်ယူဆခြင်းခံရသည်။[76]

---

71 ibid., 11-12, 15, 16.

72 ibid., 15-16.

73 Selth, "Myanmar's Police Forces," 59-60. For more detailed information on the MPF, see also Andrew Selth, *Police Reform in Burma (Myanmar)*: *Aims, Obstacles, and Outcomes,* Regional Outlook Paper 44 (Brisbane: Griffith Asia Institute, Griffith University, 2013).

74 Selth, Police Reform in Burma, 8, 10.

75 ရဲတပ်ဖွဲ့၏ တိုးမြင့်လာသောကဏ္ဍသည် နဝတ နှင့် နအဖ လက်ထက်တွင် စတင်ခဲ့သည်။

76 Selth , "Myanmar's Police Forces", 57-58. တပ်ရင်းများသည် ယခင် လုံထိန်းတပ်များဖြစ်ပြီး ၁၉၈၉ တွင် ရဲတပ်ရင်းဟု မခေါ်မီ ၁၉၈၈ အတွင်း အကြိမ်ကြိမ် အမည်ပြောင်းခဲ့သည်။

## အခန်း သုံး။ ကျေးရွာ တရားစီရင်မှုစနစ်

ကျေးရွာများသည် ရာဇဝတ်မှုများ ကိုင်တွယ်ခြင်းအပါအဝင် ရပ်ရွာအရေး စီမံအုပ်ချုပ်ခွင့်ကို သိသာထင်ရှားသော အတိုင်းအတာတစ်ခု ရရှိထားခြင်းသည် မြန်မာဘုရင်များ လက်ထက်ကတည်းက ဖြစ်ပုံရသည်။ မြန်မာအစိုးရ အဆက်ဆက်နှင့် EAOs များသည် ၎င်းတို့၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်းရှိ လူတိုင်းအပေါ်တွင် တရားဝင်ဥပဒေများ ချမှတ်ကျင့်သုံးရန် ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြသည်။ သို့သော် လက်တွေ့တွင် အငြင်းပွါးမှုများနှင့် အသေးစားရာဇဝတ်မှုများကို မိရိုးဖလာ ညှိနှိုင်းမှု၊ ဆုံးဖြတ်မှုပုံစံဖြင့် ဖြေရှင်းနေသော ကျေးရွာအဆင့်တွင် တရားဝင်ဥပဒေများမှာ အကြံပြုညွှန်ပြချက်နှင့် ပိုတူနေပုံရသည်။ အစိုးရနှင့် EAOs အာဏာပိုင်များသည် ရင်းမြစ်နှင့် အင်စတီကျူးရှင်းစွမ်းဆောင်ရည် အကန့်အသတ်ရှိသောကြောင့် ဥပဒေပါ တိကျသောစာသားများအတိုင်း အမှုကိစ္စများကို ကိုင်တွယ်စေရေးတွင် အနည်းအကျဉ်းမျှသာ ရင်းနှီးမြှုပ်နှံခဲ့ကြပုံရသည်။ ထို့ကြောင့် လက်တွေ့တွင် ကျေးရွာတွင်း တရားမကြောင်း အငြင်းပွါးမှုများနှင့် အသေးစားရာဇဝတ်မှုများကို ကျေးရွာခေါင်းဆောင်များနှင့် ကျေးရွာကော်မတီများက စီရင်ဆုံးဖြတ်နေကြရသည်။

အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရဲတပ်ဖွဲ့သည် ကျေးလက်လူနေမှုဘဝတွင် သမိုင်းကြောင်းအရ အရေးမပါသောကဏ္ဍမှ ပါဝင်ခဲ့ရသည်။ ကိုလိုနီအုပ်ချုပ်ရေးစနစ်တွင် ကျေးရွာအဆင့်ကို နယ်မြေခံရဲစခန်းပေးရန် ပြဌာန်းထားသော်လည်း ၎င်းတို့၏ ဖြန့်ကျက်ထိရောက်မှုမှာ ရှင်းလင်းသဲကွဲခြင်းမရှိပါ။ အခါအားလျော်စွာ ဖြစ်လာနိုင်သော ပုန်ကန်မှုများနှင့် မငြိမ်မသက်ဖြစ်မှုများကို တားဆီးရန်အတွက် ကျေးရွာများတွင် ရဲစခန်းများကို ကာလရှည်ကြာ အခြေစိုက်ထားသော်လည်း ရဲများက ခရိုင်နှင့် မြို့နယ်ရဲစခန်းများတွင် ကျောက်ချနေကြမြဲသာဖြစ်သည်။ ၁၉၅၃ ဒေသန္တရအစိုးရအက်ဥပဒေအရ ဒေသခံအရပ်ဖက်အာဏာပိုင်များ၏ ထိန်းချုပ်မှုအောက်တွင် ကျေးရွာရဲတပ်ဖွဲ့ကိုဖွဲ့စည်းရန် ခွင့်ပြုခဲ့သည်။[77] လက်ရှိတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် မြို့နယ်ခွဲအဆင့်များ တွင် ရဲစခန်းများကို ဖွဲ့စည်းထားပြီး ကျေးရွာအဆင့်တွင်မှု ရံဖန်ရံခါ တွေ့ရှိရသည်။

ထိုအတောအတွင်း ကျေးရွာတရားစီရင်မှု လုပ်ထုံးလုပ်နည်းများက ဖွဲ့စည်းပေးထားသော အခြေခံအုတ်မြစ်အပေါ်တွင် EAA တရားစီရင်မှုစနစ်အများစုက အားပြုတည်ဆောက်လာခဲ့ကြသည်။ EAA များ၏ ထိန်းချုပ်မှုအောက်တွင် ကျေးရွာများသည် အခွန်ဆက်ကြေးပေးခြင်း၊ အရေးကြီးသော စည်းကမ်းများလိုက်နာခြင်းနှင့် အခြားဝတ္တရားများကို ကျေပြွန်ခြင်းတို့ ရှိနေသ၍ အနည်းငယ်မျှသာ စွက်ဖက်မှုသာခံရသော ကိုယ်တိုင်အုပ်ချုပ်ခွင့်ကို ရရှိထားကြသည်။[78] EAA အများစုသည် မြို့နယ် သို့မဟုတ် မြို့နယ်နှင့်တူညီသော အဆင့်အထိသာ တရားဝင်ခန့် အပ်ထားသော တရားစီရင်ရေးတာဝန်ခံများရှိသောကြောင့် အောက်အဆင့်များတွင် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုခေါင်းဆောင်များမှတဆင့် ဆောင်ရွက်လျက်ရှိသည်။[79] အချို့ EAA တရားစီရင်မှုစနစ်များတွင် ကျေးရွာ နှင့် ကျေးရွာအုပ်စုခေါင်းဆောင်များက ၎င်းတို့ကိုင်တွယ်ရန် မဖြစ်နိုင်ပဲ အထက်အဆင့်က ကိုင်တွယ်ရန် လိုအပ်သည်ဟု ယူဆကာ လာရောက်လွှဲပြောင်းပေးသော အမှုကိစ္စများကိုသာ မြို့နယ်အဆင့်တာဝန်ခံများက ကိုင်တွယ်ရသည်။ အချို့ EAA များတွင်မှု ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များအား ရာဇဝတ်မှုများကို အထက်သို့ အမြဲတမ်းတင်ပြရန်နှင့် ကိုယ်တိုင်ကိုင်တွယ်ဖို့ မကြိုးစားရန် ညွှန်ကြားထားသည်။ သို့ရာတွင် အဆိုပါရာဇဝတ်မှုများကို EAA သို့ လွှဲပြောင်းပေးမှု အတိုင်းအတာသည် ၎င်းအဖွဲ့အစည်း ရရှိထားသော တရားဝင်မှုအဆင့်နှင့် ဆိုင်ရာနယ်မြေတွင် အမှန်တကယ် မည်မျှ ရပ်တည်လှုပ်ရှားနိုင်မှုတို့အပေါ်တွင် ကြီးကြီးမားမား မူတည်နေသည်။

အကျိုးဆက်အနေနှင့် ကျေးလက်နယ်မြေများတွင် အသုံးပြုနေသော ထုံးတမ်းဓလေ့များကို အစိုးရ (သို့) EAA တရားစီရင်မှုစနစ်များက မတို့မထိနိုင်ပဲရှိနေဆဲပင်ဖြစ်သည်။ဓလေ့ထုံးတမ်းကျေးလက်ဥပဒေများနှင့်လက်တွေ့လုပ်ဆောင်နေမှုများသည်တိုင်ရင်းသားအုပ်စုများအကြားတွင် ကွာခြားရုံသာမကပဲ လူမျိုးစုတစ်စုအတွင်းမှာပင် တစ်မြို့နှင့် တစ်မြို့၊ တစ်ရွာနှင့် တစ်ရွာအကြားတွင် ကွဲပြားလျက်ရှိသည်။ ဓလေ့ထုံးတမ်းကျေးလက်ဥပဒေများနှင့် လက်တွေ့လုပ်ဆောင်နေမှုများသည် လုပ်ထုံးလုပ်နည်းအတိုင်းအတာများ ကွဲပြားနေပြီး ရံဖန်ရံခါရေးသား မှတ်တမ်းတင်မှုမရှိပဲ တဆင့်စကားဖြင့် ဆင်းသက်လာခြင်းဖြစ်သော်လည်း လူများစုအသိုင်းအဝိုင်းက အသိအမှတ်ပြုထားသည်ဟု များသောအားဖြင့်နားလည် လက်ခံထားကြသည်။ ဓလေ့ထုံးတမ်းကျေးလက်ဥပဒေများနှင့် လက်တွေ့လုပ်ဆောင်နေမှုများသည် တစ်ခါတစ်ရံရှင်းလင်းတိကျသော်လည်း၊ တစ်ခါတစ်ရံ စေ့စပ်ညှိနှိုင်းခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းဖြင့် ဆုံးဖြတ်နိုင်အောင် ကျေးရွာခေါင်းဆောင်နှင့် ကျေးရွာကော်မတီတို့အား အထောက် အကူပြုသည့် လမ်းညွှန်အဖြစ်သာရှိသည်။

၎င်းဆုံးဖြတ်ချက်များသည် တိကျပြီး၊ တစ်သမတ်တည်းရှိသော ဥပဒေများဖြစ်ရန် အမြဲတစ်စေ ရည်ရွယ်ထားခြင်း မဟုတ်သော်လည်း ရပ်ရွာအသိုင်းအဝိုင်း၏ တည်ငြိမ်မှုနှင့် သဟဇာတဖြစ်မှုကို ထိမ်းသိမ်းရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကျေးလက်တောရွာများတွင် လူမှုဆိုင်ရာတည်ငြိမ်အေးချမ်းမှုသည် ထိပ်တန်းအဆင့်အရေးကြီးကြောင်းနှင့် ယင်းကို ကမောက်ကမဖြစ်အောင် လုပ်လိုသူမရှိဟု ရပ်ရွာအသိုင်းအဝိုင်းက စွဲစွဲမြဲမြဲ

---

[77] Furnivall , *Governance of Modern Burma*, 86; Selth, "Myanmar's Police Forces," 60, 67.

[78] EAO တစ်ဖွဲ့ခြင်းက ချမှတ်ထားသော အခြေခံစည်းမျဉ်းနှင့် ဝတ္တရားများသည် အလွန်ကွဲပြားသည်။ ဥပမာအားဖြင့် အချို့ EAO က လူသစ်စု ဆောင်းသည်၊ အချို့က ဒေသခံရင်းမြစ်များ အသုံးပြုမှုကို တားမြစ်သည်၊ အချို့ကကျေးရွာများကို အခြေခံအိမ်ထောင်စု အချက်အလက်များကောက်ယူခိုင်းသည်။ ခြိုင့်ကြည့်လျှင်မူ အဆိုပါ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ကျင့်သုံးမှုတွင် သူကြီးများက တာဝန်ရှိသည်။

[79] အချို့ကလည်း ကျေးရွာအုပ်စုနှင့် ကျေးရွာသူကြီးများအား လုံခြုံရေးနှင့် တရားစီရင်ရေးအတွက် အထူးတာဝန်ခံတစ်ဦးကို ခန့်အပ်ရန် စည်းကမ်းသတ်မှတ်ထားသည်။ သို့ရာတွင် များသောအားဖြင့် ထိုတာဝန်ခံသည် သာမန်ရွာသားတစ်ဦးဖြစ်ပြီး EAA ၏ တပ်ဖွဲ့ဝင်အဖြစ် တရားဝင်သတ်မှတ်ထား ခြင်း မပြုပေ။

ခံယူထားခြင်းကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှု အတိုင်းအတာကို ကြီးကြီးမားမားထိန်းသိမ်းထားနိုင်ခဲ့သည်။ သို့ဖြစ်ရာ အကောင်းဆုံး ပုံစံရှိနေသည့် ဓလေ့ထုံးတမ်းတရားစီရင်မှုတို့သည် ရပ်ရွာ၏ တည်ငြိမ်မှုနှင့် အငြင်းပွါးသူတို့၏ ညှိနှိုင်းသဘောတူမှုတို့အကြားတွင် ဟန်ချက်ညီနေရန် ကြိုးစားလုပ်ဆောင်လေ့ရှိသည်။ သို့ရာတွင် ထိုသို့ဓလေ့ထုံးတမ်းအရ ဆုံးဖြတ်မှုများသည် တရားဝင်တရားစီရင်မှုစနစ်၏ တရားမျှတမှု အယူအဆများကိုဖြစ်စေ၊ တရားပြိုင် တစ်ဖက် (သို့) နှစ်ဖက်စလုံးနှင့် ဖြစ်စေ ဆန့်ကျင်ဖက်ဖြစ်လာနိုင်သည်။[80] အချို့ဖြစ်ရပ်များတွင် ကျေးရွာ အာဏာပိုင်များက ညှိနှိုင်းမှုလုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအနေနှင့် ကျူးလွန်သူတရားခံကို သက်ဆိုင်ရာအာဏာပိုင်များထံ လွှဲအပ်မည်ဟု ခြိမ်းခြောက်နိုင်သည်။ သို့ရာတွင် တရားဝင်စနစ်ဖြင့် ခြိမ်းခြောက်ခြင်းထက် လူမှုရေးဆိုင်ရာပြစ်ဒဏ်များ သို့မဟုတ် ပြစ်ဒဏ်ပေးမှုများက ပိုမို ဖိအားပေးနိုင်သော ဖြစ်ရပ်များစွာရှိသည်။

ဇယားကွက် ၁ သည် ကျေးရွာအဆင့်တွင် ရာဇဝတ်မှုများကို မည်သို့ကိုင်တွယ်ရမည် ဟူသော နည်းစနစ်များကို ထူထောင်ရန် အစိုးရက ကြိုးစားခဲ့သော ပြုပြင်ပြောင်းလဲမှုများ အပါအဝင် ကိုလိုနီခေတ်မတိုင်မီမှ ၁၉၆၂ အထိ ကျေးရွာအဆင့် တရားစီရင်မှုစနစ် ဖြစ်ပေါ်လာခဲ့ပုံ သမိုင်း အကျဉ်းကို ဖော်ပြထားသည်။

### ဇယားကွက် ၁ - မြန်မာနိုင်ငံတွင် ၁၉၆၂ မတိုင်မီ ကျေးရွာအဆင့် တရားစီရင်မှုစနစ်များ တိုးတက်ဖြစ်ပေါ်လာပုံ

ကိုလိုနီခေတ်မတိုင်မီ မြန်မာနိုင်ငံတွင် ဗမာဘုရင်များ၏ အုပ်ချုပ်မှုသည် မြို့နယ်အဆင့်၏ အောက်သို့ ကျော်လွန်ချဲ့ထွင်မှု မရှိသလောက်ပင် ဖြစ်သည်။ ယင်းအစား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကြီးမားစွာရရှိထားသော ဒေသခံအကြီးအကဲ ရွာစားများမှတဆင့် သွယ်ဝိုက်အုပ်ချုပ်ခဲ့ရာ အကျိုးဆက်အနေနှင့် ဒေသန္တရအစိုးရပုံစံကို ဖြစ်ပေါ်စေခဲ့သည်။ ဗြိတိသျှတို့ကလည်း အထူးသဖြင့်ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသ များတွင် ၎င်းစနစ်ကို လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၈၈၆ တွင် အထက်မြန်မာပြည်ကို သိမ်းယူပြီးနောက်တွင် ၁၈၈၉ အောက်မြန်မာပြည် ကျေးရွာများ အက်ဥပဒေအရ မြန်မာပြည်မရှိ ခရိုင်များအားလုံးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကျေးရွာအုပ်စုများအဖြစ် ခွဲခြားလိုက်သည်။ ပုံမှန်အားဖြင့် မြို့နယ်တစ်ခုတွင် ကျေးရွာအုပ်စု (၅၀)ခန့်ဖြစ်သည်။ နောက်ပိုင်းတွင် တောင်တန်းဒေသဖြစ်လာမည့် မြန်မာပြည်မြောက်ပိုင်း ကုန်းမြင့်နယ်မြေများကိုမူ တစ်ဆင့်ခံအုပ်ချုပ်ခဲ့ပြီး ဒေသန္တရအုပ်ချုပ် ရေးအစီအစဉ်များကို အများအပြား ဆက်လက်ထိန်းသိမ်းခဲ့သည်။[81]

အောက်မြန်မာပြည်၏ တရားစီရင်ရေးကိစ္စများအတွက် ကျေးရွာအုပ်စုများတွင် အသေးစားရာဇဝတ်မှုနှင့် တရားမမှုများကို စစ်ဆေးရန် အခွင့်အာဏာရှိသော ကျေးရွာအုပ်စုသူကြီးများကို ခန့်အပ်ခဲ့သည်။ ထို့အတွက်ကြောင့် တရားစီရင်မှုကို ယခင်ကအတိုင်း ဒေသဓလေ့ နှင့်အညီ ဆောင်ရွက်ခဲ့သော ကိုလိုနီခေတ် အစောပိုင်းကာလများတွင် ကျေးရွာများမှ ကိုလိုနီအရာရှိများ ကြိုကြားကြိုကြား ထွက်ပေါ်လာခဲ့ပုံ ရသည်။ ထိုအတော အတွင်း ၎င်းကျေးလက်နယ်မြေများသည် အုပ်ချုပ်ရေးစီရင်စုနှင့် မတူပဲ လူမှုဆိုင်ရာအစုအဝေးသဖွယ် ဖြစ်နေပြီး ထိုအဆင့်တွင် မပြောင်းလဲပဲ ကျန်ရစ်ခဲ့သည်။[82] ထိုစနစ်ကို ၁၉၀၇ ကျေးလက်အက်ဥပဒေဖြင့် ပြင်ဆင်ခဲ့ပြီး ယင်းဥပဒေကို တစ်နိုင်ငံလုံးတွင် ကျင့်သုံးရန် ဗြိတိသျှအုပ်ချုပ်ရေးပြီးဆုံးချိန်အထိ တွန်းအားပေးခဲ့သည်။ ၁၉၀၇ ကျေးလက်အက်ဥပဒေကို ပြင်ဆင်ခဲ့သော ၁၉၂၃ အခြေခံ ဥပဒေ ပြုပြင်ပြောင်းလဲမှုများအပြီးတွင် ကျေးရွာများအား ရွာသူကြီးခန့်အပ်မှုတွင် ပြောရေးဆိုခွင့်ပေးသောစနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၀၇ အက်ဥပဒေအရ ယခင်က သူကြီးတစ်ဦးတည်း ကိုင်တွယ်ခွင့်ရခဲ့သော အသေးစားအမှုများကို စစ်ဆေးရာတွင် သူကြီးကိုကူညီရန် ကျေးရွာ ရပ်မိရပ်ဖကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။[83] အဆိုပါ ကျေးရွာခေါင်းဆောင်မှု အခြေခံပုံစံကို တိုင်းရင်းသားနယ်မြေများ တွင် ယနေ့အထိ ဆက်လက်ကျင့်သုံးနေပြီး EAO စီမံအုပ်ချုပ်မှုစနစ်၏ အခြေခံအုတ်မြစ်အဖြစ် ပါဝင်ဖွဲ့စည်းထားသည်။[84]

ကျေးရွာသူကြီးများသည် တန်ဘိုးပမာဏတစ်ခုအထိ တရားမကြောင်း အငြင်းပွါးမှုများကို ဆုံးဖြတ်ရန်နှင့် အသေးစားရာဇဝတ်မှုများဖြစ်သော လက်ရောက်ကျူးလွန်မှု၊ ခိုးမှု၊ ပိုင်နက်ကျူးလွန်မှု၊ အကျိုးစီးပွါးဖျက်ဆီးမှု၊ အခြားကျူးလွန်မှုများကို စစ်ဆေးရန် အခွင့်အာဏာရရှိထားသည်။ သူကြီးများအား အသေးစားဒဏ်ငွေချမှတ် ခွင့်နှင့် ၂၄ နာရီထက်မပိုသော ချုပ်နှောင်ခွင့်တို့ကို အကန့်အသတ်နှင့် ပေးအပ်ထားသည်။ အထူးတလည် အခြေအနေများတွင်မူ ပိုများသောဒဏ်ငွေနှင့် ၁၅ ရက်ထက်မပိုသော ချုပ်နှောင်ခွင့်တို့ကို အပ်နှင်းထားသည်။ ၁၉၂၄ ကျေးလက်အက်ဥပဒေ ပြင်ဆင်ချက်အရ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဥက္ကဋ္ဌအဖြစ် သူကြီးကဆောင်ရွက်ပြီး ကာလ အပိုင်းအခြားအလိုက် ရွေးချယ်တင်မြှောက်သော ကျေးရွာကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။ ၎င်းကော်မတီ ပြင်ဆင်ဖွဲ့စည်းမှုကို လိုအပ်ချက်အရ လုပ်ဆောင်နိုင်ပြီး ကော်မတီ၏အမိန့်ထုတ်ပြန်ချက်များကို လက်ထောက်ကော်မရှင်နာမင်းကြီး (သို့) တိုင်းဒေသခွဲအရာရှိက ပြန်လည် စစ်ဆေးရသည်။ တရားမမှုများတွင်မူ အယူခံခွင့်မရှိသော်လည်း အထူးဖြစ်ရပ်များတွင် ပြန်လည်စစ်ဆေးပေးရန် ဆိုင်ရာမြို့နယ် တရားသူကြီးထံ အယူခံလွှာတင်နိုင်သည်။[85]

[80] မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပဋိပက္ခနှင့် ပတ်သက်၍ ကာလရှည်ကြာ အကဲခတ်လေ့လာသူများ၊ အင်န်ဂျီအိုလုပ်သားများနှင့် တွေ့ဆုံ မေးမြန်းခြင်း၊ ၂၀၁၆

[81] Furnivall, *Governance of Modern Burma*, 8, 81; Taylor, *State in Myanmar*, 82-83

[82] Furnivall, *Governance of Modern Burma*, 81.

[83] ibid., 9, 81.

[84] အထူးသဖြင့် မြန်မာအစိုးရက ထိရောက်စွာ အုပ်ချုပ်ခဲ့ဘူးခြင်းမရှိသော အရှေ့တောင်ပိုင်းဒေသများမှ ဖြစ်ရပ်ဖြစ်သည်။

[85] Furnivall, Governance of Modern Burma, 87.

ထိုစနစ်သည် ၁၉၄၈ လွတ်လပ်ရေးရချိန်တွင်လည်း ဆက်လက်ကျန်ရှိခဲ့ပြီး ၁၉၅၃ ဒေသန္တရအစိုးရအက်ဥပဒေ ပြဌာန်းချိန်အထိ တည်ရှိခဲ့သည်။ အဆိုပါ အက်ဥပဒေကို မြန်မာပြည်မကဲ့သို့ တိုင်းရင်းသားနယ်မြေများတွင် ကျင့်သုံးခြင်း ရှိ၊ မရှိ မသဲကွဲသော်လည်း ကျင့်သုံးရန် ရည်ရွယ်ခဲ့သည်ဟု အကျိုးသင့်အကြောင်းသင့် ယူဆနိုင်သည်။ ၁၉၅၉ တွင် ရှမ်းစော်ဘွားများက ရိုးရာအစဉ်အလာအာဏာများကို စွန့်လွှတ်ခဲ့ပြီးနောက် ပြည်ထောင်စု စီမံအုပ်ချုပ်မှုစနစ်ကို ရှမ်းပြည်နယ်တွင် ကျင့်သုံးခဲ့သည်။

အဆိုပါအက်ဥပဒေအရ သူကြီး၏ကဏ္ဍကို ရွေးချယ်ခံကျေးရွာကောင်စီက ရယူလိုက်ပြီး ကောင်စီတွင် အဖွဲ့ဝင်ငါးဦး ပါဝင်ကာ ဥက္ကဋ္ဌကို အဖွဲ့ဝင်များထဲမှ ရွေးချယ်သည်။ တရားစစ်ဆေးသူ၊ ဆုံးဖြတ်စီရင်သူ၊ ရဲအရာရှိ၊ အခွန်အရာရှိ၊ အထွေထွေအုပ်ချုပ်ရေးအရာရှိ စသော သူကြီး၏ ယခင်လုပ်ငန်းတာဝန်များအားလုံးကို ကောင်စီက အမွေဆက်ခံသည်။ ကောင်စီအဖွဲ့ဝင်အားလုံးပါဝင်သော ကျေးရွာခုံရုံးကို ကျေးရွာတိုင်း အတွက် ဖွဲ့စည်းပေးသည်။ ကျေးရွာခုံရုံးက ယခင်ကျေးရွာကော်မတီများ၏ ကဏ္ဍကို ဆက်ခံသည်။ အမှုများကို စစ်ဆေးရာတွင် ကျေးရွာခုံရုံး၌ ကျေးရွာကောင်စီအဖွဲ့ဝင်အားလုံး ရုံးထိုင်ခွင့်ရှိသည်။ အဖွဲ့ဝင်သုံးဦးမပြည့်ပါက အမှုများကို စစ်ဆေးဆုံးဖြတ်ခွင့်မရှိသည့် အပြင် ၎င်းတို့အနက်မှ နှစ်ဦးသည် အမှုစစ်ဆေးစဉ် တစ်လျှောက်လုံး ရုံးထိုင်သူ ဖြစ်ရမည်။ ကျေးရွာကောင်စီဥက္ကဋ္ဌသည် ကျေးရွာခုံရုံး ဥက္ကဋ္ဌဖြစ်သည်။ အကယ်၍ ဥက္ကဋ္ဌ မရှိပါက ၎င်း၏နေရာတွင် ကောင်စီအဖွဲ့ဝင်တစ်ဦးကို ရွေးချယ်နိုင်သည်။[86] စနစ်သစ်၏ ရည်မှန်းချက်သည် ဥပဒေတင်းကျပ်စွာ ကျင့်သုံးမှုကို ဒေါသထွက်လေ့ရှိကြသော ကျေးရွာအတွင်း တရားမျှတမှုအယူအဆကို ကျေနပ်မှုရစေရန်အတွက် ဖြစ်နိုင်သမျှ အပြန်အလှန် သဘောတူညှိနှိုင်းခြင်းဖြင့် အလွတ်သဘောပုံစံဖြစ်နေသော ဥပဒေပိုင်းဆိုင်ရာကိစ္စများကို ကျေးရွာခုံရုံးအနေနှင့် ပြင်ဆင်ရန်ဖြစ်သည်။[87]

ရာဇဝတ်မှုများနှင့် ပတ်သက်လျှင်မူ ကျေးရွာခုံရုံး၏ အခွင့်အာဏာသည် ယခင်ကျေးရွာကော်မတီနှင့် ထပ်တူထပ်မျှ တူညီမှုရှိသည်။ အဓိက ကွာခြားမှုတစ်ခုမှာ ကျေးရွာခုံရုံးသည် ကျူးလွန်သူက နစ်နာသူကို လျော်ကြေးပေးစေခြင်းဖြင့် အမှုကိုကြေအေးရန် ခွင့်ပြုရာတွင် ပိုမို လွတ်လပ်ခွင့်ရှိလာခြင်းဖြစ်သည်။ ၎င်းအခွင့်အာဏာသည် အငြင်းပွါးမှုများကို သင့်မြတ်စွာဖြေရှင်းမှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်သည်။ နောက်ထပ်ပြောင်းလဲမှုတစ်ခုမှာ ကျေးရွာခုံရုံးက စစ်ဆေးနိုင်သောအမှုများကို ထိုခုံရုံးတွင်သာ စစ်ဆေးစေခြင်းဖြစ်သည်။ ယခင်ကမူ ရဲစခန်းသို့ရောက်လာသော အသေးစားရာဇဝတ်မှုများကို မြို့နယ်တရားရုံးသို့ တင်ခွင့်ပြုထားသည်။ အဆိုပါအမှုများကို မြို့နယ်တရားရုံးတွင် စစ်ဆေးရန်အတွက် စုံစမ်းမေးမြန်းမည့်အစား ကျေးရွာခုံရုံးသို့လွှဲရန် ရဲစခန်းကို ညွှန်ကြားထားသည်။ ကျေးရွာခုံရုံးက ချမှတ်နိုင်သည့် ပြစ်ဒဏ်များကိုလည်း တိုးမြှင့်ပေးထားသည်။ ငွေဒဏ်ကိုလည်း တိုးပေးထားပြီး ပြစ်မှုကျူးလွန်သူကို အလုပ်ကြမ်းတစ်လ (သို့) ထောင်ဒဏ် တစ်လ ချမှတ်ခွင့်ရှိသည်။ ထောင်ဒဏ်အပြင် ငွေဒဏ်ကိုလည်း ပေါင်း၍ချမှတ်နိုင်သည်။ အချို့ပြစ်မှုများတွင် ထောင်ဒဏ်ခြောက်လအထိ ပြစ်ဒဏ်စီရင်ခွင့်ရှိသည်။ အယူခံလွှာများကို ခရိုင်တရားသူကြီးထံ တင်သွင်းနိုင်သည်။ အယူခံလွှာတင်လိုက်သည်နှင့်တစ်ပြိုင်နက် အမှုကို အထက်တရားရုံးက အရေးပိုင်သွားသည်။ ထိုအက်ဥပဒေကြောင့် ကျေးရွာခုံရုံးသို့ ရောက်လာသူမှန်သမျှသည် လစ်လျူရှုခြင်း၊ မယုံနိုင်ခြင်း၊ ဘက်လိုက်ခြင်းတို့မှ ထွက်ပေါ်လာသော မမျှတမှုကို တုန့်ပြန်အကာအကွယ်ပေးသည့် ဥပဒေ၏ အပြည့်အဝကာကွယ်မှုကို ရရှိနိုင်ကြသည်။[88]

ပြင်ဆင်ချက်ဥပဒေသည် ကျေးရွာခုံရုံး၏ တရားမကြောင်း စီရင်ပိုင်ခွင့်အာဏာများကိုလည်း ပိုမိုဖြည့်ဆည်းပေးထားသည်။ ကျေးရွာခုံရုံးများသည် တန်ဘိုးပမာဏတစ်ခုအထိ အမှုများကို အခြားတရားရုံးများသို့ လွှဲပြောင်းပေးရန်မလိုပဲ စစ်ဆေးရန် အခွင့်အာဏာရှိသည်။ အဆိုပါ အမှုအခင်းများတွင် လက်ရောက်ကျူးလွန်မှု (သို့) အနာတရမှု၊ အသရေဖျက်မှု၊ ကန်ထရိုက်စာချုပ်၊ ကုန်စည်ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ ရေအသုံးပြုခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုတန်ဘိုးများ ပါဝင်သည်။ လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲမှုများကိုမူ တန်ဘိုးနှင့်မဆိုင်ပဲ ကျေးရွာခုံရုံးတွင် စီရင်ဆုံးဖြတ်နိုင်သည်။ အမှုတွင် ပတ်သက်သော တရားပြိုင်များသည် တစ်ရွာတည်းမှဖြစ်ပြီး ထိုရွာတွင် အမှုဖြစ်ပွါးပါက ထိုအမှုကို ထိုရွာ၏ ခုံရုံးတွင် စစ်ဆေးစေသည်။ အကယ်၍ တရားပြိုင်များအားလုံးသည် တစ်ရွာတည်းမှဖြစ်ပြီး အခြားရွာတွင် အမှုဖြစ်ပွါးပါက ၎င်းရွာနှစ်ရွာအနက်မှ တစ်ရွာ၏ခုံရုံးတွင် အမှုကို စစ်ဆေးနိုင်သည်။[89]

ကျေးရွာနှင့် ရပ်ကွက်အဆင့်တွင် ခုံရုံးများ၏ လုပ်ငန်းဆောင်တာသည် လူထုအသိုင်းအဝိုင်းတွင် လုံးဝအရည်အသွေးနိမ့်သော ဒေသခံ ပုဂ္ဂိုလ်များ၏ လက်ထဲတွင် ရောက်ရှိနေသည်။ အဆိုပါခုံရုံးများသည် သက်သေခံဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအပေါ် များစွာကိုးကား ဆောင်ရွက်ခြင်းမပြုသည့်အပြင် တစ်ခါတစ်ရံ တရားမဝင် အလွတ်သဘောဆောင်ရွက်မှု လွန်ကဲသည်ဟု ဝေဖန်ဆန်းစစ်သူများက ထောက်ပြသည်။ တစ်ဖက်တွင်လည်း အလွတ်သဘောဆန်မှုနှင့် နယ်မြေခံပုဂ္ဂိုလ်ဖြစ်မှုတို့သည် ခုံရုံးများအား လူတိုင်းသွားရောက်နိုင်အောင်၊ ဖုံးကွယ် လျှို့ဝှက်မှုများမရှိအောင် ပြုလုပ်ပေးသည်ဟု ညွှန်ပြမှုများရှိသည်။ သို့ရာတွင် ယခင်က တရားသူကြီးတစ်ဦးကိုသာ လာဘ်ပေး ရသောစနစ် ဟောင်းထက် ပိုမိုဈေးကြီးလာသော်လည်း ခုံရုံးအဖွဲ့ဝင် တရားသူကြီးများ၏ တန်စိုးလက်ဆောင်ယူမှု အလွယ်တကူ ဖြစ်နိုင်ချေ ရှိလာခဲ့သည်။[90]

---

[86] ibid., 87-88.

[87] ibid., 88

[88] ibid., 88-89.

[89] ibid., 90.

[90] Taylor, , State in Myanmar, 340.

## အခန်း လေး။ မြန်မာနိုင်ငံအရှေ့တောင်ခြမ်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဓိကဇာတ်ကောင်များ (EAA)\ တရားစီရင်ရေးစနစ်များ

### မြေပုံ(၁) : မြန်မာနိုင်ငံအရှေ့တောင်ခြမ်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များ/တိုင်းဒေသကြီးများနှင့် မြို့နယ်များ)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

မြေပုံ (၂) : ကရင်အမျိုးသားအစည်းအရုံး၏ ခရိုင်များ နှင့် မြို့နယ်များ



ဤအခန်းနှင့် အခန်း(၅) နှင့် (၆)တို့တွင် မြန်မာနိုင်ငံတွင် ကာလကြာရှည်က တည်ထောင်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ((EAOs) ၇ ဖွဲ့ နှင့် အစိုးရကျောထောက်နောက်ခံပြု စနစ်တကျဖွဲ့စည်းထားမှုအရှိဆုံး ပြည်သူ့စစ်အဖွဲ့ဖြစ်သည့် ပအိုဝ်းအမျိုးသားတပ်၏ တရားစီရင်ရေးစနစ်အကြောင်းကို စစ်တမ်းကောက်ယူ ထားပါသည်။ EAA တစ်ဖွဲ့ချင်းစီမှ ဖြည့်စည်းပေးသော သတင်းအချက်အလက် အသေးစိတ်နှင့် အတိမ်အနက်မှာ တပြေးညီရရှိသည်မဟုတ်ပါ။ အချို့သောအဖွဲ့များ၏ အချက်အလက်များမှာ ရရှိရန် ပိုမိုလွယ်ကူသည်။ ထို့ပြင် အချို့အဖွဲ့များ၏စနစ်မှာ အဆင့်ပိုမြင့်ကာ ၎င်းတို့ကိုယ်တိုင်က ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ထားရှိပါသည်။ EAAs များမှ တရားစီရင်ရေး တာဝန်ရှိသူများနှင့် အခြားကိုယ်စားလှယ်များအပြင် မျှတသောအမြင်များရရှိအောင်နှင့် အချို့သော တွေ့ရှိချက်များကို ပိုမိုခိုင်မာအောင် အခြားသော အဓိကကျသည့် အချက်အလက်များပေးနိုင်မည့်သူများအား တွေ့ဆုံမေးမြန်းကာ လိုအပ်သော သတင်းအချက်အလက်များကို ဖြည့်တင်းထားပါသည်။ အဆိုပါသတင်းအချက်အလက်ပေးနိုင်မည့်သူများမှာ ယခင် EAAs အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတပ်နယ်မြေများတွင် လှုပ်ရှားနေသည့် အစိုးရမဟုတ်သော ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း များ၊ ဒေသဆိုင်ရာ သတင်း ထောက်များနှင့် သုတေသနပြုသူများနှင့် အခြားသော သတင်းများ စုဆောင်း ထားသည့် လေ့လာသူများဖြစ်ကြသည်။ ယခု အစီအရင်ခံစာအတွက် မြန်မာနိုင်ငံအရှေ့တောင်ခြမ်းတွင် ကယားပြည်နယ် ၊ ကရင်ပြည်နယ် ၊ မွန်ပြည်နယ် ၊ ပဲခူး အရှေ့ခြမ်း နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ပါဝင်ပါသည်။ (မြေပုံ ၁ ကိုကြည့်ပါ)

## ၄.၁ ။ ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)

KNU သည် အစိုးရက သတ်မှတ်ထားသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်အချို့နေရာများ၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတလျှောက် ကျေးလက် ဒေသများအပေါ်တွင် အဆင့်အမျိုးမျိုးကွဲပြားသော လွှမ်းမိုးမှုကို ကျယ်ကျယ်ပြန့်ပြန့် ထိန်း သိမ်းထားရှိသည်။ ယင်းဇရိယာများကို KNLA တပ်မဟာများအတိုင်း အုပ်ချုပ်ရေးအရ ခုနစ်ခရိုင်ခွဲထားသည် (မြေ ပုံ ၂ ကို ကြည့်ပါ)။[91] ခရိုင်တစ်ခုတွင် မြို့နယ်နှစ်ခုမှ ငါးခုရှိကာ KNLA တပ်မများနှင့်အကြမ်းဖျင်းကိုက်ညီပြီးခွဲခြားထားခြင်းဖြစ်သည်။မြို့နယ်တစ်ခုစီတွင်ကျေးရွာပေါင်းနစ်ဆယ်ခန့်စီအထိထပ်မံခွဲခြားထားရှိပါသည်။

KNU ကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူး ၁ နှင့် အတွင်းရေးမှူး ၂ တို့အပြင် KNLA အကြီးတန်းအရာရှိ နှစ်ဦးနှင့်၊ ဌာနပေါင်းစုံမှ အကြီးအကဲများပါဝင်သော အဖွဲ့ဝင် ၆ ယောက် ရှိသည့် အမှုဆောင်ကော်မတီအဆင့်က ဗဟိုအဆင့်တွင် ဦးဆောင် ဦးရွက်ပြုသည်။ ထိပ်ဆုံးအကြီးအကဲ ငါးဦးကို ခရိုင်ခုနစ်ခုလုံးမှ ကိုယ်စားလှယ်ရာ ပေါင်းများစွာ ပါဝင်ကျင်းပသည့် လေးနှစ်တစ်ကြိမ် KNU ဗဟိုကော်မတီညီလာခံ၌ ရွေးချယ် တင်မြှောက်ကြသည်။ အမှုဆောင်ကော်မတီသည် ကြားကာလတွင် KNU ဗဟိုကော်မတီညီလာခံနှင့် လူ ၅၀ ပါသော အမြဲတမ်း ကော်မတီ တို့ကို တာဝန်ခံရသည်။ အမှုဆောင်ကော်မတီနှင့် အထွေထွေအတွင်းရေးမှူးအောက်တွင် ကာကွယ်ရေးဌာန ၊ ပြည်ထဲရေးနှင့် သာသနာရေးဌာန၊ တရားစီရင် ရေးတို့ အပါအဝင် ဗဟိုဌာန ၁၄ ခုရှိသည်။ ခရိုင်/တပ်မဟာနှင့် မြို့နယ်/ တပ်မ တစ်ခုစီတိုင်းတွင် ဥက္ကဋ္ဌများနှင့် KNLA တပ်မှူးများရှိကြပြီး ၎င်းတို့သည် ယင်းနယ်မြေ၏ အမှုဆောင်ကော်မတီများကို ခေါင်းဆောင်ကြသည် (KNU က အမြဲတမ်းအထက်တွင်ရှိသည်)။ ထို့ပြင် ညီလာခံများနှင့် အမြဲတမ်း ကော်မတီများသည် ၎င်းတို့ကိုယ်စားပြုနယ်မြေများအားလုံးကို ကိုယ်စားပြု ပါဝင်ကြပါသည်။

KNU သည် တောတောင်အထူထပ်ဆုံးနယ်မြေများတွင် အင်အားအတောင့်တင်းဆုံးဖြစ်ပြီး မူထရော်ခရိုင်၊ တောင်ပိုင်း တော်ဦးခရိုင်နှင့် အရှေ့ပိုင်း ကလာလွီ့ထူးခရိုင်တို့တွင် ခိုင်မာစွာ နေရာယူထားသည်။ မြောက်ပိုင်း ဒူး သာဦး၊ အရှေ့ပိုင်း ဘားအံခရိုင်၊ တောင်ပိုင်း ဒူးပလာယာ ခရိုင်နှင့် အရှေ့ပိုင်း ဘလစ်ဒီဝါး (မြိတ်-ထားဝယ်ခရိုင်) သစ်တောနယ်မြေနှစ်ခုတို့ရှိ ကျေးရွာအုပ်စုများအပေါ်လည်း လွှမ်းမိုးချုပ်ကိုင်မှုရှိသည်။ ခရိုင်အားလုံး၏ အစိတ်အပိုင်းများတွင် ၎င်းတို့၏ အုပ်ချုပ်နေမှုအာဏာများသည် အစိုးရနှင့် အခြားသော EAA များ၏ အာဏာနှင့် သိသာစွာ ထပ်နေသည်များရှိသည်။ မည်သို့ဆိုစေ KNU ၏ ခရိုင်နှင့် မြို့နယ်အရာရှိများသည် ယင်းကဲ့သို့ ထိန်းချုပ်မှုများရောထွေးနေသည့် နေရာများ တလျှောက် ကရင်အသိုင်းအဝိုင်းများ၌ အားကောင်းသော အခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်သည်။

### အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ

KNU ၏ တရားစီရင်ရေးစနစ်တွင် အဓိကအဖွဲ့အစည်းသုံးခုအဖြစ် တရားစီရင်ရေးဌာန၊ အုပ်ချုပ်ရေးအဆင့်တိုင်းတွင် တရားသူကြီးများဖြင့် ဖွဲ့စည်းထားသော တရားသူကြီးအဖွဲ့နှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF) တို့ ပါဝင်သည်။ တရာစီရင်ရေးဌာနနှင့် တရားသူကြီးများသည် သီးသန့်အဖွဲ့အစည်းများဖြစ်ပြီး နီးနီးကပ်ကပ် အလုပ်တွဲလုပ်ကြရသည်။ KNPF သည် ပြည်ထဲရေးနှင့် သာသနာရေးဌာနလက်အောက်တွင် ရှိသည်။ တရားသူကြီးများနှင့် KNPF သည်လည်း အုပ်ချုပ်ရေး အဆင့်တိုင်းတွင် အမှုအလိုက် အလုပ်အတူတွဲလုပ်ကြရသည်။

[91] မြောက်မှ တောင်သို့၊ တော်ဦး (တောင်ငူ) ခရိုင် - တပ်မဟာ (၂)၊ ကလာလွီ့ထူး (ညောင်လေးပင်) ခရိုင် - တပ်မဟာ (၃)၊ မူးထရော (ပါပန်) ခရိုင် - တပ်မဟာ (၅)၊ ဒူးသာထူး (သထုံ) ခရိုင် - တပ်မဟာ (၄)၊ ဘားအံခရိုင် - တပ်မဟာ (၇)၊ ဒူပလယ ခရိုင် - တပ်မဟာ (၆)၊ ဘလစ်ဒီဝါ (မြိတ်-ထားဝယ်) ခရိုင် - တပ်မဟာ (၄) တို့ဖြစ်ကြသည်။ ကရင်အမည်များဖြစ်ပြီး ကွင်းစ ကွင်းပိတ်ထဲမှ အမည်များမှာ ဗမာပြန် အမည်များ ဖြစ်သည်။ ဤအခန်းတွင် အစိုးရဖွဲ့စည်းပုံနှင့် ကိုက်ညီမည် မဟုတ်သော KNU ခရိုင်နှင့် မြို့နယ်များ ဖွဲ့စည်းပုံကို အသုံးပြုသည်။ KNU တောင်ငူခရိုင်သည် သံတော်မြို့နယ်၊ ကရင်ပြည်နယ်၊ ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ်ပါဝင်သော ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်း မူးထ ရော်နှင့် ပါပန် မြို့နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် ကျိုက်ထို၊ သထုံနှင့် ဘီလင်းမြို့နယ်များ တစ်စိတ်တစ်ပိုင်း ပါဝင်သော သထုံခရိုင်၊ သံလွင်မြစ်နှင့် မြဝတီ - ဘားအံ လမ်းမကြီးအကြား ကရင်ပြည်နယ် ဘားအံခရိုင်၊ မြဝတီ - ဘားအံ - ဘုရားသုံးဆူ တောင်ပိုင်း လမ်းဆုံမှ ကရင် ပြည်နယ် ဒူးပလယခရိုင်နှင့် ထားဝယ် တနင်္သာရီတိုင်းတို့ဟူ၍ အကြမ်းဖျင်း ကိုက်ညီနိုင်သည်။

*တရားစီရင်ရေးဌာန*

KNU တရားစီရင်ရေးဌာနသည် ဥပဒေများ ပြဌာန်းခြင်းနှင့် ယင်းဥပဒေများကို အများသိရှိစေရန် ဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများအတွက် တာဝန်ရှိသည်။ ဥပဒေဆိုင်ရာ အမှုတွဲများတွင် တရားသူကြီးများကို အကြံပေးခြင်းနှင့် မှတ်ချက်များပေးခြင်းအားဖြင့် ဥပဒေဆိုင်ရာ ဆုံးဖြတ် ချက်များကို အထောက်အကူပေးသည်။ တရားစီရင်ရေးဌာနသည် ကျေးရွာအဆင့်အထိ ဥပေဒပုဒ်မများ သိရှိနားလည်အောင် ဖြန့်ဝေခြင်းနှင့် KNU ဌာနများကို ဥပဒေကိစ္စရပ်များနှင့်ပတ်သက်၍ သင်တန်းပေးခြင်းများတွင် တာဝန်ရှိသည်။ ယင်းဌာနအနေဖြင့် သင်တန်းများနှင့် အခြားသော လုပ်ငန်းဆောင်တာများကို အောက်ခြေအဆင့်များ၌ လုပ်ကိုင်ဆောင်ရွက်ကြသော်လည်း ဗဟိုအဆင့်တွင်သာ ဝန်ထမ်းထားရှိပြီး ခရိုင်နှင့် မြို့နယ်အဆင့်များတွင် မရှိပေ။[92]

*တရားသူကြီးများအဖွဲ့*

တရားသူကြီးများအဖွဲ့မှာ သီးခြားဖြစ်ပြီး လွတ်လပ်သောအဖွဲ့အစည်းဖြစ်သည်။ ယင်းတွင် တရားရုံးချုပ်၊ ခရိုင်တရားရုံးများ၊ နှင့် မြို့နယ်တရားရုံးများပါဝင်သည်။ KNU က ခန့်အပ်သော တရားသူကြီးများ ရှိသည့် တရားဝင်တရားရုံးများမှာ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုများတွင် မရှိပါ။ ယင်းအစား ရွာလူကြီးများက ကျေးရွာ ကော်မ တီမှတဆင့် ရွာအတွင်းရှိ အမှုငယ်များနှင့် တရားမအငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းရန် အခွင့်အာဏာရှိသည်။ ကျေးရွာအဆင့်တွင် မဖြေရှင်းနိုင်သောအမှုများ သို့မဟုတ် ကျေးရွာတစ်ခုထက် ပို၍ပါဝင်သောအမှုများကို ကျေးရွာအုပ်စုအဆင့်မှ အကြီးအကဲများက ကိုင်တွယ်ဖြေရှင်းသည်။[93]

တရားသူကြီးအရေအတွက်၊ ၎င်းတို့အား ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် ၎င်းတို့၏သက်တမ်းသည် KNU အခြေခံဥပဒေတွင် ပြဌာန်းထားသည်။ တရားသူကြီးများမှာ ခန့်အပ်ခြင်းခံရသူများမဟုတ်ပေ။ ပါတီအတွင်း မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ဗဟိုညီလာခံတို့၌ ရွေးချယ်ခြင်းဖြစ်သည်။ တရားရုံးချုပ်အဆင့်တွင် တရားရုံးချုပ်တရားသူကြီး သုံးဦးရှိသည်။ ၎င်းတို့ကို လေးနှစ်တစ်ကြိမ် ကျင်းပသော KNU ညီလာခံများမှ ရွေးချယ်တင်မြှောက်သည်။ ညီလာခံအတွင်း KNU ဗဟိုအမြဲတမ်းကော်မတီမှ ရွေးချယ်ထားသူများကို ညီလာခံကြီးတစ်ခုလုံးက အတည်ပြုပေးပြီး လေးနှစ်သက်တမ်း တာဝန်ထမ်းဆောင်ရပါသည်။[94] မြို့နယ်နှင့် ခရိုင်အဆင့်တွင်မူ တရားသူကြီးတစ်ဦးစီ ရှိကြသည်။ ၎င်းတို့ကို နှစ်နှစ်တစ်ကြိမ် ကျင်းပသည့်မြို့နယ်နှင့် ခရိုင်အဆင့်ညီလာခံများမှ ရွေးကောက်တင်မြှောက်ကြသည့်အတွက် ၎င်းတို့သက်တမ်းမှာ နှစ်နှစ်ဖြစ်သည်။ တရားသူကြီးများမှာ KNU တရားရေးစနစ်တွင် လွတ်လပ်သူများဖြစ်ကာ အခြားသော တာဝန်ရှိများထံမှ မတူသည့် ရှုထောင့်အမြင်များကို ရယူကြသော်လည်း လွတ်လပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။[95] သို့သော် KNU တွင် ၎င်းတို့သည် တရားသူကြီးတာဝန်အပြင် အခြားသောတာဝန်များလည်းရှိသည်။[96] တရားသူကြီးများတွင် ၎င်းတို့၏ ဝန်ထမ်းများရှိပြီး လစာရိက္ခာကို သက်ဆိုင်ရာ မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးတို့မှ အထောက်အပံ့ရယူသည်။[97] လက်ရှိ KNU တရားသူကြီးများမှာ ပုံစံတကျ တက္ကသိုလ်များမှ ဥပဒေသင်တန်းပေးထား သူများမဟုတ်ဘဲ ၎င်းတို့၏ ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် ဗဟုသုတများမှာ ၎င်းတို့ ကိုယ်ပိုင်အတွေ့အကြုံများမှ ရရှိခြင်းဖြစ်သည်။ ၎င်းတို့သည် KNU ဥပဒေရေးရာ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုကြသည်။[98]

ဥပဒေအရ တရားသူကြီးများသည်သာ တရားခွင်ကို ကျင်းပရသည်။ သို့သော် လက်တွေ့တွင် အမြဲထိုသို့မဖြစ်ပေ။ အခါအားလျော်စွာ မြို့နယ်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ KNLA တပ်မဟာနှင့် တပ်မမှ တပ်မှူးများက တရားခွင်ခေါ်ပြီး အမှုကို ကိုင်တွယ်ဆုံးဖြတ်ကြသည်။ အချို့အမှုများတွင် ထိုတပ်မှူးများကသာ ဖြစ်ပွားချိန်၌ ရှိနေသူများဖြစ်၍ ယင်းသို့ဆုံးဖြတ်ကြသည်။ အထူးသဖြင့် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ခက်ခဲသော ပဋိပက္ခဖြစ်နေသည့်အချိန်များနှင့် ဒေသခံများက ၎င်းတို့ဆီသို့ တိုက်ရိုက်ပုဂ္ဂိုလ်ရေးခင်မင်မှုဖြင့်လာရောက် တောင်းဆိုမှုများကြောင့်ဖြစ်သည်။ ယင်းအချက်များကြောင့်အပြင် တွေ့ဆုံမေးမြန်းခဲ့သော KNU ခေါင်းဆောင်များက မှတ်ချက်ပြုကြသည်မှာ မြို့နယ်နှင့် ခရိုင်

---

92 အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆၊ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၊ ၂၀၁၅။

93 အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆၊ KHRG လူ့အခွင့်အရေး စောင့်ကြည့်ရေးနှင့် အင်တာဗျူး ၂၀၁၆ (၂)

94 အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆၊ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၊ ၂၀၁၅။

95 အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆။

96 အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆၊ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၊ ၂၀၁၅။ ဥပမာ - လက်ရှိ KNU တရားသူကြီးချုပ် စောထော်လေးမူမှာ စိုက်ပျိုးမွေးမြူရေး ဌာန၏ အကြီးအကဲလည်း ဖြစ်သည်။

97 ဥပမာ - မူးထရော်ခရိုင်တွင် တရားသူကြီးတစ်ဦး၊ လက်ထောက် တစ်ဦးနှင့် အုပ်ချုပ်ရေး ဝန်ထမ်းတစ်ဦးသာ ခရိုင်အဆင့်တွင် ရှိသည်။ မူးထရော်ခရိုင်၏ မြို့နယ် ၃ ခုကို ဖြတ်လျှက် လူးသော်၊ ဒွဲလို နှင့် ဘူးသိုတို့တွင် တရားသူကြီး သုံးဦး၊ မြို့နယ်သုံးခုလုံးအတွက် အုပ်ချုပ်ရေး ဝန်ထမ်း ၉ ဦးရှိသည်။ ဗဟိုမူဝါဒအရ ခရိုင်က မြို့နယ်မှ အခွန်အားလုံးကို ကောက်ယူစုဆောင်းရပြီး ဝန်ထမ်းများနှင့် အခြားလိုအပ်သည်များ အတွက် လိုသလိုပြန်သုံးရသည်။ လက်တွေ့တွင် အချို့မြို့နယ် အုပ်ချုပ်ရေးများမှာ ပိုမိုလွတ်လပ်ပြီး ၎င်းတို့ ဝန်ထမ်းများအတွက် ၎င်းတို့ ဘာသာ အခွန်ကောက်၍ တာဝန်ယူကြသည်။

98 အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆၊ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၊ ၂၀၁၅။ ဥပမာ - KNU ၏ အတွေ့အကြုံအရှိဆုံး တရားသူကြီးမှာ ဒူးပလယခရိုင်ရှိ အလွန်အသက်အရွယ် ကြီးနေပြီဖြစ်သော ပုဂ္ဂိုလ်ဖြစ်၍ ၎င်း၏ တရားရေးဆိုင်ရာ အသိပညာများမှာ အစိုးရနှင့် KNU ဥပဒေများမှ မိမိဘာသာ လေ့လာသင်ယူခြင်းဖြစ်ကာ KNU တရားစီရင်ရေး စနစ်တွင် ကာလရှည်ကြာ လုပ်သက်ရှိသည်မှ ရရှိခြင်းဖြစ်သည်။ KNU ဥပဒေများနှင့် တရားစီရင်ရေး အလေ့အကျင့်ကို မသိနားမလည်ခြင်းက တရားသူကြီးများက ၎င်းတို့အလုပ်ခွင်တွင် စိတ်ဝင်စားမှု လျော့နည်းစေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ဤရာထူးနေရာအတွက် ၎င်းတို့ကိုယ်တိုင် လုံလောက်သော အသိပညာ မရှိဟု ခံစားနေရသောကြောင့်ပင်။

ခေါင်းဆောင်ပိုင်းနှင့် KNLA အရာရှိများပါဝင်လာပြီး တရားစီ ရင်ရေးစနစ်တွင် မိမိလိုလားသူအား ဘက်လိုက်တတ်ခြင်းကြောင့် ယင်းမှာပြဿနာတစ်ရပ်ဖြစ်သည်ဟု ဆိုကြသည်။ KNU ၏ အပစ်အခတ်ရပ်စဲရေးမှ ဖြစ်ပေါ်လာသည့် တည်ငြိမ်အေးချမ်းမှုသည် အငြင်းပွားမှုများ ဖြေရှင်းရေးနှင့် ရာဇဝတ်မှုများအတွက် KNU ၏ တရားဝင်ဥပဒေကြောင်း လုပ်ငန်းစဉ်များအား အသုံးပြုမှုနယ်ပယ်ကို မြှင့်တင်ရန် အခွင့်ရလာပါသည်။[99]

KNU သည် မကြာသေးမီက ကရင်ဥပဒေရေးရာကော်မတီကို ဗဟိုတရားရုံးအောက်မှ ဌာနများပါဝင်သော ကော်မတီအဖြစ် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီကို တရားစီရင်ရေးဌာနနှင့် ပြည်ထဲရေးနှင့် သာသနာရေးဌာနမှ အကြီးအကဲများ၊ တရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီးနှစ်ဦး၊ KWO ၊ စည်းရုံးရေးနှင့် သတင်းအချက်အလက်ဌာန၊ စိုက်ပျိုးရေးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။[100] ယင်းအဖွဲ့မှာ တရားဥပဒေစိုးမိုးရေး၊ ဥပဒေဆိုင်ရာ အသိပညာပြန့်ပွားရေး၊ တရားရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများမြှင့်တင်ရေး၊ တရားခွင်ကို ကိုင်တွယ်ရန် တရားသူကြီးများအား လေ့ကျင့်ပေးရေးတို့အတွက် တာဝန်ရှိသည်။ ယင်းအဖွဲ့တွင် လောလောဆယ် ရဲအရာရှိများ၊ တရားသူကြီးများနှင့် ကျေးရွာလူကြီးများကို အမှုကိုင်တွယ်စီမံခန့်ခွဲခြင်းနှင့် တိုင်ကြားမှုများ ဖြေရှင်းရေးစနစ်နှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ သင်တန်းပေးရန် တစ်နှစ်စာအစီအစဉ် ရှိသည်။[101]

*ကရင်အမျိုးသား ရဲတပ်ဖွဲ့ (KNPF)*

ကရင်အမျိုးသားရဲတပ်ဖွဲ့ကို တည်ငြိမ်မှုထိန်းသိမ်းရေး၊ ရာဇဝတ်မှုများနှင့်ပတ်သက်၍ ဖမ်းဆီးမှုများပြုလုပ်နိုင်ရန် နှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်ရန် ၁၉၉၁ တွင် စတင်ဖွဲ့စည်းသည်။ အုပ်ချုပ် ရေးအရ ရဲတပ်ဖွဲ့မှာ ၁၉၄၈ တွင် ဖွဲ့စည်းခဲ့သော ပြည်ထဲရေးနှင့် သာသနာရေးဌာနလက်အောက်တွင်ရှိသည်။[102] ၁၉၉၁ မတိုင်မီ ရာဇဝတ်မှုဆိုင်ရာ အရေးယူခြင်းကို ယခုအခါ ကာကွယ်ရေးအဖွဲ့အဖြစ် ရပ်တည် လျက်ရှိသော ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDO) က တာဝန်ယူခဲ့သည်။ ရာဇဝတ်မှုများ ကိုင်တွယ်ရာတွင် KNPF အတွက် လုပ်ဆောင် ထားသည့် လမ်းညွှန်မှာ ဥပဒေရေးရာသတ်မှတ်ချက်များအတိုင်းဖြစ်သည်။[103] KNPF သည် KNU ၏ ခရိုင် ၇ ခုလုံးတွင် တည်ရှိပြီး ခရိုင်တစ်ခုချင်း တွင် အမျိုးသမီး ရဲအရာရှိများ အပါအဝင် တပ်ဖွဲ့ဝင်ပေါင်း ၆၀၀ ကျော်ရှိပါသည်။[104]

KNPF ၏ ဗဟိုဌာနချုပ်မှာ မူးထရော်ခရိုင်တွင် တည်ရှိပြီး မကြာမီ KNU ဗဟိုဌာချုပ်များ တည်ရှိရာ ဘားအံခရိုင်၊ လေးဝါးသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်သည်။[105] KNPF ၏ ရဲစခန်းများသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်များရှိ KNU ရုံးများနှင့် တစ်နေရာတည်းတွင်ရှိပြီး ရဲစခန်းများ၏ အကြီးအကဲများရှိကြသည်။[106] မြို့နယ်တိုင်းတွင် ရဲစခန်း ရှိသည် မဟုတ်ဘဲ အဆင့်တိုင်းရှိ ဝန်ထမ်းအရေအတွက်မှာလည်း နယ်မြေအပေါ် မူတည်သည်။ ဒူးသာထူး၊ ဘလစ်ဒီဝါး၊ မူးထရော်၊ ဒူးပလာယာ နှင့် ဘားအံတို့သည် KNPF တည်ရှိသော အလုပ်လုပ်ရဆုံးခရိုင်များ ဖြစ်ကြပါသည်။[107]

KNPF သည် မြို့နယ်အာဏာပိုင်များ၊ ကျေးရွာနှင့် ကျေးရွာအုပ်စု လုံခြုံရေးနှင့်ဆိုင်သော ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်သည်။ ကျေးရွာတစ်ရွာတိုင်း၌ မြန်မာတပ်မတော်၏ လှုပ်ရှားမှုများကို စောင့်ကြည့်ပြီး ရဲ၊ KNLA KNDO တို့နှင့် အလုပ်လုပ်ကြရန်အတွက် လုံခြုံရေးနှင့်ဆိုင်သော ကိုယ်စားလှယ်တစ်ဦးစီထားရှိပါသည်။ ၎င်းတို့သည် ၎င်းတို့ တာဝန်ယူထားသည့် နယ်မြေအခြေအနေကို စောင့်ကြည့်လေ့လာကာ ရာဇဝတ်မှုမှန်သမျှကို အစီရင်ခံရသည်။ ယင်း ကျေးရွာ၏ လုံခြုံရေးနှင့်ဆိုင်သော ကိုယ်စားလှယ်များကို ကျေးရွာအုပ်စုခေါင်းဆောင်က ရွေးချယ်ထားသည့် လုံခြုံရေးအကြီးအကဲက အုပ်ချုပ်ပါသည်။[108]

KNLA နှင့် KNDO တို့မှာ KNPF မရှိသည့်အချိန်တွင် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသည့်အခါ၊ သို့မဟုတ် လေးနှစ်တစ်ကြိမ်ကျင်းပသော

---

[99] အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆၊ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၊ ၂၀၁၅။ KNHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး ၊ ၂၀၁၆ (၁)

[100] The Karen Women's Organization is not a department of the KNU, but is a community based organization, given special rights by the KNU Constitution, including to representation in all of the organization's main administrative and legislative organs.

[101] အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆။

[102] ပြည်ထဲရေးနှင့် သာသနာရေးဌာနတွင် ဗဟိုအဆင့် ၌သာ ဝန်ထမ်းများရှိပြီး အောက်ခြေအဆင့်များမှာ မြို့နယ်နှင့် ခရိုင် ဥက္ကဋ္ဌများက လုပ်ဆောင်ကြသည်။

[103] အကြီးတန်း KNU တရားစီရင်ရေးဌာနအရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၆။

[104] ပြည်ထဲရေးနှင်ပ သာသနာရေးဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊ အမျိုးသမီးရဲမေအများစုမှာ ရာထူးနိမ့်ကြ ပြီး အမျိုးသမီးတရားခံအဖြစ် သံသယရှိသူများကို ကိုင်တွယ်ရန်စုဆောင်းထားခြင်းဖြစ်ကာ ၎င်းတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြု မြှင့် တင်ပေးရန် လိုအပ်သည်။ မူးထရော် ခရိုင်အဆင့်မှ KNPF ရဲမေတစ်ဦးကို အင်တာဗျူးခြင်းဖြစ်သည်။

[105] ပြည်ထဲရေးနှင့် သာသနာရေးဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊

[106] ပြည်ထဲရေးနှင့် သာသနာရေး ဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊ KNU မူးထရောခရိုင် တရားသူကြီးနှင့် အင်တာဗျူး ၂၀၁၅။ ယင်းအရာရှိများက ရဲသားများကို ရိက္ခာနှင့် အခြားလိုအပ်သည်များ ထောက်ပံ့ပေးသည်။

[107] ပြည်ထဲရေးနှင့် သာသနာရေး ဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊ KNU မူးထရောခရိုင် တရားသူကြီးနှင့် အင်တာဗျူး ၂၀၁၅၊ ကော့ကရိတ်မြို့နယ် KNPF အရာရှိနှင့် အင်တာဗျူး။ ဥပမာ မူးထရော်ခရိုင်တွင် KNU အားကောင်းပြီး ခရိုင်အဆင့် ရဲသား ၃၄ ဦး ရှိသည်။ မြို့နယ်အဆင့်တွင်မူ လူးသော်တွင် ၂၂ ဦး၊ ဒွဲလိုတွင် ၂၁ ဦးနှင့် ဘူးသိုတွင် ၂၅ ဦးရှိသည်။ ကော့ကရိတ်မြို့နယ် ဒူးပလယ ခရိုင်တွင် မြို့နယ်ရုံးမှ ကျေးရွာ စီရင်စုများကို ရဲသားခွဲတမ်းချပေးထားသည်။

[108] ကော့ကရိတ်မြို့နယ် KNPF အရာရှိနှင့် အင်တာဗျူး ၂၀၁၅။

ညီလာခံကဲ့သို့ ကြီးမားသော အစည်းအဝေးများ၊ ကရင်နှစ်သစ်ကူးပွဲတော်ကဲ့သို့ ရိုးရာ ယဉ်ကျေးမှုကိစ္စရပ်များအတွက် စည်းကမ်းထိန်းသိမ်း ကြပ်မတ်ရန်နှင့် လုံခြုံရေးဆောင်ရွက်ရန် လိုအပ်သည့်အခါ မျိုး အထူးအခြေအနေမှလွဲ၍ ရဲတာဝန်ကို မထမ်းဆောင်ကြပါ။ ယင်းအခန်းကဏ္ဍတွင် ပါဝင်ရသောအခါ မိမိကိုယ်မိမိဖော်ပြသည့် လက်ပတ်များကို ဝတ်ဆင်ကြရပြီး လက်ထိပ်များကို သယ်ဆောင်သွားကြရပါသည်။[109] သို့သော် လည်း ၎င်းတို့အား တခါတရံတွင် ရဲလုပ်ငန်းကိစ္စများကိုပါ ဆောင်ရွက်ရန် တာဝန်ပေးသည်။ အချို့ကိစ္စများတွင်ဆိုလျှင် ၎င်းတို့ချည်းဆောင် ရွက်သည်များရှိသည်။ အထူးသဖြင့် အရပ်သားကြီးကြပ်မှုအားနည်းလျှင် သို့မဟုတ် KNPF တည်ရှိမှု အကန့်အသတ်နှင့်ဖြစ်လျှင် ၎င်းတို့ ပါဝင်လာခြင်းဖြစ်သည်။ အတည်ပြု၍ မရသော အစီရင်ခံစာများအရ KNLA နှင့် KNPF တို့အကြားတွင် ယခင်က ငြိပက္ခများရှိခဲ့ပြီး ကိစ္စရပ် အများစု၌ အကျိုးစီးပွားနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာများတွင် ပဋိပက္ခများရှိပုံပေါ် သည်။[110]

တစ်နှစ်တစ်ခါ တရားစီရင်ရေးဌာန၊ တရားသူကြီးများနှင့် KNPF တို့အကြား ဗဟိုမှ စီစဉ်ကျင်းပပြုလုပ်သော အစည်းအဝေးများရှိပါသည်။ ယင်းအစည်းအဝေးများတွင် ခရိုင်နှင့် တပ်မဟာအသီးသီးမှ ခရိုင်ဥက္ကဋ္ဌများနှင့် စစ်ဖက်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြရပါသည်။ ယင်းအစည်းအဝေးများတွင် လွန်ခဲ့သည့်နှစ်အတွင်း မည်သည့်အစီအစဉ်များ အကောင်အထည်ဖော်ခဲ့သည်၊ လာမည့်နှစ်များတွင် မည်သည့် အစီအစဉ် မဟာဗျူဟာများ ချမှတ်မည်ဆိုသည်တို့ကို ဆွေးနွေးကြလေ့ရှိသည်။[111]

KNPF သည် ဝန်ထမ်းအသစ်များအား လေ့ကျင့်သင်တန်းပေးသည်။ ၂၀၁၆၊ မတ်လတွင် ယင်းသင်တန်းမှ ဝန်ထမ်းအသစ် ၂၀၀ မွေးထုတ်ခဲ့ သည်။[112] ပြည်ထဲရေးနှင့် သာသနာရေးဌာန၏ လက်ရှိအကြီးအကဲဖြစ်သော ပဒိုစောအာတိုးကို ၂၀၁၂ တွင် ခန့်အပ်ခဲ့ပြီးကတည်းက KNPF အတွက် သင်တန်းများတိုးတက်ရန် အားထုတ်ကြိုးပမ်းခဲ့ပါသည်။ ၎င်းအား ခန့်အပ်ပြီးကတည်းက KNLA မှ ပြုလုပ်သော အခြေခံ စစ်ပညာ သင်တန်းနှင့် ရဲအရာရှိများ အတွက် လမ်းညွှန်၊ စည်းမျဉ်းစည်းကမ်း၊ တာဝန်များ ညွှန်ကြားချက်သင်တန်းများအပါအဝင် အဓိကကျသည့် သင်တန်း အများအပြားပေးနိုင်ခဲ့သည်။[113] အကြီးတန်း ရဲအရာရှိတစ်ဦးက ၂၀၁၆ ၌ ခရိုင်နယ်အားလုံးမှ ရဲများနှင့် တရားသူကြီးများပါဝင်ရမည့် သင်တန်းနှစ်ခု စီစဉ်ထားသည်ဟု မနှစ်ကပြောကြားခဲ့သည်။[114] KNPF အနေဖြင့် သက်ဆိုင်ရာခရိုင်အဆင့်များတွင် ၎င်းတို့၏ ခရိုင်ဝန်ထမ်း များကိုလည်း သင်တန်းများစီစဉ်ပေးပြီး ခရိုင်နှင့် မြို့နယ်တရားရေးလုပ်ငန်းတွင် ပါဝင်နေသူများလည်း ပါဝင်သည်။

ပဒိုစောအာတိုး၏ ပြောကြားချက်အရ KNPF အနေဖြင့် ရဲလုပ်ငန်းကျွမ်းကျင်မှုနှင့် ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးများနှင့် ပတ်သက်သည့် ထပ်ဆောင်းသင်တန်းများလိုအပ်နေသည်ဟု ၎င်းတို့က ယူဆနေကြသည်ဟု သိရသည်။[115] ပြည်ထဲရေးနှင့် သာသနာရေးဌာန၊ တရားစီရင်ရေး ဌာနတို့ကလည်း KNPF မှာ လူအင်အားမလုံလောက် မှုနှင့် ၎င်းတို့တာဝန်ယူရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့်သင်တန်းများ အလုံအလောက် မရှိခြင်းတို့ကြောင့် ၎င်းတို့ တာဝန်များကို အပြည့်အဝကျေပွန်အောင် မထမ်းဆောင်နိုင်ဘဲ ဖြစ်နေသည်ဟု ယူဆကြောင်းပြောကြားကြသည်။ ထိုသို့သော လိုအပ်ချက်များကြောင့် ရဲဝန်ထမ်းများမှာ ၎င်းတို့တာဝန်ကို သေသေချာချာမသိရှိဘဲဖြစ်နေကြသည်။[116] ယခင်က စုံစမ်းစစ်ဆေးရေး နည်းစနစ်များ မပြည့်စုံခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဟာကွက်များ ရှိပြီး အားနည်းခြင်းတို့ကြောင့် နှစ်ကြာလာသောအခါ အမှားအယွင်းများ ရှိသည်ကို KNU မှအကြီးတန်းခေါင်းဆောင်များက ၎င်းတို့ KNU အတွင်းတွင် အသိအမှတ်ပြုလာကြသည်။ KNU အကြီးတန်းတရားသူကြီးတစ်ဦးက "ရဲဝန်ထမ်းတွေအနေနဲ့ ဆိုးဝါးတဲ့ကိစ္စတွေ အတော်များများ လုပ်ခဲ့တယ်"ဟု ၎င်းအမြင်ကို ပြောကြားခဲ့သည်။[117] ၂၀၁၆၊ ဩဂုတ်လ အစောပိုင်း တွင် KNPF အရာရှိများနှင့် KNLA စစ်သားများက ထိုင်းနိုင်ငံ၊ သမ်ဟင်းဒုက္ခသည်စ ခန်းမှ မူးယစ်ဆေးဝါးသုံးစွဲသူဟု စွပ်စွဲခံရသည့် အုပ်စုတစ်ခုကို ရိုက်နှက်နေမှုများအားပြသသည့် ဗီဒီယိုဖိုင်တစ်ခု လူမှုကွန်ယက်စာမျက်နှာများ၌ ပျံ့နှံ့ခဲ့သည်။ ယင်းပျံ့နှံ့မှုက အွန်လိုင်းပေါ်မှ ကရင်လူထု အသိုင်းအဝိုင်းကို ဒေါသထွက်စေခဲ့ကာ KNU မှ ယင်းသို့ ရိုက်နှက်မှုသည် KNU ၏ ဝါဒအတွေးအခေါ်နှင့် မညီညွတ်ဘဲ မသင့်တော်ပါ ကြောင်း ကျေညာချက်ထုတ် တောင်းပန်ခဲ့ရသည်။[118]

၂၀၁၂ အပစ်အခတ် ရပ်စဲပြီးကတည်းက မြန်မာအစိုးရသည် ရဲဝန်ထမ်းများ အင်အားတောင့်တင်းအောင် ဆောင် ရွက်မှုနှင့် ၎င်းတို့ သင်တန်းများ၊ လူသစ်စုဆောင်းမှုများကို ဝေဖန်ပြောကြားခဲ့သည်။ သို့သော် KNU က KNPF သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်

[109] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး ၂၀၁၅၊ ကိုယ်တိုင် လေ့လာကြည့်ရှုခြင်း။

[110] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး ၂၀၁၅။

[111] KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၂၀၁၅။ လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး အခက်အခဲများကြောင့် တခါတရံ တွင် ခရိုင်အားလုံးမှ ဥက္ကဋ္ဌများ မတက်ရောက်နိုင်ခြင်း ဖြစ်သည်။

[112] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး ၂၀၁၅။

[113] ကော့ကရိတ် မြို့နယ် KNPF အရာရှိနှင့် အင်တာဗျူး ၂၀၁၅၊ သင်တန်းတစ်ခုတွင် ပါဝင်သော သင်တန်းဆရာများနှင့် အရင်းအမြစ်များမှာ အိုင်ယာလန်မှ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခု၏ ပူးပေါင်းပါဝင်မှုဖြင့် ဖြစ်သည်။

[114] ပြည်ထဲရေးနှင့် သာသနာရေး ဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊

[115] ပြည်ထဲရေးနှင့် သာသနာရေး ဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊

[116] ပြည်ထဲရေးနှင့် သာသနာရေးဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊ KNU တရားရေးဌာန အကြီးတန်း အရာရှိနှင့် အင်တာဗျူး ၂၀၁၆။

[117] KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး ၂၀၁၅။

[118] ဘူးသို၊ ဗီဒီယိုတွင် ဗမာပြည်သူ့စစ်၏ ကြမ်းတမ်းသောစစ်ဆေးမေးမြန်မှုအဖြစ်ပြသည်။ France 24 ((http://observers. france24 .com/en/20160808 -video-burma-karen-police-army ။အဖြစ်အပျက်မှာ KNLA တပ်မဟာ ၄ တွင် ၂၀၁၆ ဇူလိုင်လ အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(NCA) ပါ နိုင်ငံရေးဆွေးနွေးမှုများ သဘောတူညီမှုမရခင်အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးအခန်းကဏ္ဍကို ဆက်လက် လုပ်ဆောင်နိုင်သည်ဆိုသော သဘောသက်ရောက်သည့် ကြားကာလအစီအစဉ်များ သဘောတူညီထားမှုနှင့် ကိုက်ညီမှုရှိသည်ဟု ယူဆကြောင်းပြောပါသည်။ အတိအကျဆိုရလျှင် NCA အပိုဒ် ၂၅ (က) အရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ သက်ဆိုင်ရာ ဒေသ၏ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် အပြည့်အဝတာဝန်ရှိ ကြောင်းထင်ရှားသည်။ ယင်းအပိုဒ်အရ ကြားကာလအတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် "ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အခြေပြု၍ ဒေသဆိုင်ရာ တရားဥပဒေစိုးမိုးမှု ကိစ္စရပ်များနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ" အပါအဝင် အချို့သောအစီအစဉ်များ၊ စီမံကိန်းများကို တစ်ဖွဲ့နှင့် တစ်ဖွဲ့ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်။[119] ပဒိုအဲကေလုက "ကျွန်တော်တို့မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ ဥပဒေတွေ ရှိပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးနဲ့ ညွှန်ကြားချက်တွေကို ထိန်းသိမ်းနိုင်ဖို့ ကျွန်တော်တို့ ကိုယ်ပိုင် တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ရမှာ ဖြစ်ပါတယ်"ဟု ပြောကြားပါသည်။[120]

## ဥပဒေများနှင့် ရာဇဝတ်မှုပုံစံများ

KNU ဥပဒေများကို ၁၉၄၈ ခုနှစ်တွင် ပထမဆုံးပြဋ္ဌာန်းခဲ့ပြီး ယင်းတို့မှာ အလွန်အခြေခံကျပါသည်။ အစောပိုင်း KNU ခေါင်းဆောင်များက ၎င်းတို့ နယ်မြေကို ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများကိုသာ အဓိကထားခဲ့ပြီး အုပ် ချုပ်ရေးစနစ်တစ်ခုဖန်တီးရေးတွင် KNU ၏ လက်ရှိ ဥပဒေ တည်ဆောက်ထားပုံကို ပြန်လည်သုံးသပ်ရန်နှင့်  ချဲ့ထွင်ရန် သိပ်အရေးမကြီးဟု သဘောထားရှိခဲ့ကြသည်။ ၁၉၇၀ နှစ်များတွင် ဥပဒေပုဒ်မ များနှင့် ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မာနယ်ပလောရှိ KNU ဌာနချုပ်တွင် ရှေ့နေဟောင်းများက ပြန်လည်ဖွဲ့စည်းခြင်းနှင့် တိုးချဲ့ ပြဋ္ဌာန်းခြင်းများပြုလုပ်ခဲ့သည်။[121] ဥပဒေအဟောင်းများကို ပြင်ဆင်ဖြည့်စွက်ပြီး ဥပဒေအသစ်များကို ရေးသားခဲ့ရာ ဥပဒေရေးရာစာအုပ် လေးအုပ်နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စာအုပ်တစ်အုပ်တို့ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ကြသည်။

တရားစီရင်ရေးဌာနမှာ ဥပဒေအသစ်များရေးဆွဲခြင်းနှင့် အဟောင်းများ ပြင်ဆင်ခြင်းအတွက် တာဝန်ရှိပါသည်။ ယင်းဌာနက ဥပဒေများအသစ်ရေးပြီး သို့မဟုတ် ပြန်လည်ပြင်ဆင်ရေးဆွဲ၍ အဆင်သင့်ဖြစ်သည့်အခါ ပထမဆုံးအတည်ပြုရန် KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ ပေးပို့ရပါသည်။ အကယ်၍အတည်ပြုချက်ရပြီးပါက နောက်လာမည့် လေးလပတ်ညီလာခံတွင် မဲပေးရန်တင်ပြရပါမည်။ ၎င်းတွင်အတည်ပြုခဲ့ပါက ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးဖြစ်သည်။[122]

KNU တွင် ဥပဒေစာအုပ် လေးအုပ်ရှိသည်။ ဥပဒေလုပ်ထုံးလုပ်နည်းများစာအုပ်၊ ရာဇဝတ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေနှင့် 'မော်' ဥပဒေတို့ဖြစ်သည်။ ဥပဒေလုပ်ထုံးလုပ်နည်းများစာအုပ်သည် တရားသူကြီးများ၏ အခန်းကဏ္ဍ၊ တရားခွင်ကို မည်သို့လုပ်ဆောင်ရမည်၊ တရားစီရင်ပိုင်ခွင့်၊ ရဲဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရား များ၊ ရဲလုပ်ထုံးလုပ်နည်းများအပါအဝင် ဥပဒေကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည်နှင့်ဆိုင်ပါသည်။[123] ရာဇဝတ်မှုဆိုင်ရာဥပဒေစာအုပ်မှာ အမျိုးမျိုးသော ရာဇဝတ်မှုခင်းများအကြောင်း၊ ယင်းရာဇဝတ်မှုများကို မည်သည့်အဆင့်တွင် တရားစွဲသင့်သည်၊ ရာဇဝတ်မှု၏ပြင်းထန်မှုနှင့် အမှုကိုတရားစွဲသည့် တရားရုံးအဆင့်ပေါ် မူတည်၍ ပြစ်ဒဏ်ပေးမှု အမျိုးအစားများနှင့် ပြင်းထန်မှုများကို ဖော်ပြထားသည်။ တရားမမှုဆိုင်ရာစာအုပ်မှာ ကိုယ် ထိလက်ရောက်စော်ကားမှု၊ မြေယာအငြင်းပွားမှု၊ ထိခိုက်ဒဏ်ရာအတွက်လျော်ကြေးကိစ္စတို့ကဲ့သို့ ပုဂ္ဂလိကဆိုင် ရာကိစ္စရပ်များအကြား အငြင်းပွားမှုများနှင့် ပတ်သက်သည်။ တရားရုံးအဆင့်နှင့် အမှု၏ပြင်းထန်မှုပေါ် အခြေခံ၍ ဒဏ်ကြေးငွေများကို စည်းကြပ်ပေးဆောင်စေသည့် အကြောင်းများလည်း ဖော်ပြထားသည်။ မော်ဥပဒေမှာ တစ်ဦးချင်းမှ ၎င်းတို့ ကိုယ်တိုင်ပြုစားသော သို့မဟုတ် နတ်ဆရာတစ်ဦးကို ၎င်းတို့ကိုယ်စားပြုစားရန် ခိုင်းစေသောမန္တာန်များဖြင့် ကျိန်စာတိုက်ခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုတို့နှင့် သက်ဆိုင်သော ဥပဒေဖြစ်သည်။ အခြားကမ္ဘာမှ အနောက်အယှက်များအား ပြင်းပြင်းထန်ထန်ယုံကြည်ကြသည့် ကရင်လူမျိုးများက ထိုသို့သောပြစ်မှုများကို အမှန်တကယ်ဟု ယူဆကြပြီး ယင်းသို့သော ကိစ္စများကြောင့် ထိခိုက်ဒဏ်ရာရမှုတို့အပေါ် စိုးရိမ်ကြောင့်ကြကြသည်။

တရားရုံးများမှ ကိုင်တွယ်ဖြေရှင်းရသည့် အဖြစ်အများဆုံး မှုခင်းများမှာ လူသတ်မှုများဖြစ်ပြီး ပါဝင်ဆွေးနွေးကြသူများက အိမ်ထောင်ရေး ဖောက်ပြန်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကဲ့သို့ မိသားစုဆိုင်ရာအမှုများဖြစ်သည်ဟု ဖော်ပြကြသည်။ ကရင်အသိုင်းအဝိုင်း၌ အဖြစ်အများဆုံး မှုခင်းတို့မှာ လူသတ်မှု၊ ခိုးမှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါး သုံးစွဲထုတ်လုပ်ရောင်းချမှုတို့ ဖြစ်သည်ဟု KNPF က အစီရင်ခံတင်ပြသည်။[124] အိမ်ထောင်ရေးဖောက်ပြန်မှုကို KNU တရားစီရင်ရေးစနစ်က ၁၉၉၅ ခုနှစ်အထိ  ပြစ်မှုကြီးအဖြစ် သတ်မှတ်ထားပြီး ယင်းနောက်တွင် ဥပဒေများကို ပြောင်းလဲလိုက်ကာ တရားခံအတွက် ပြစ်ဒဏ်ကို လျှော့ပေါ့ပေးခဲ့သည်။[125] တရားခံကို ငွေဒဏ်ဖြစ်စေ၊ အချိန်တစ်ခုကြာ ထိပ်တုံးခတ်

[119] NCA အုပ်ချုပ်ရေးဆိုင်ရာ အခန်း ကြားကာလအစီအစဉ်များမှ ပုဒ်မ ၄ နှင့် ၆။

[120] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး ၂၀၁၆။

[121] ရှေ့နေများကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် သင်တန်းပေးပြီး KNU သို့ မချိတ်မီ အစိုးရ စနစ်ထဲ၌ ဥပဒေနှင့်ပတ်သက်၍ လေ့ကျင့်စေသည်။ ၎င်းတို့မှာ စောထူးထူးလေး၊ စောဘင်ဂျမင်နှင့် စောရယ်ဂျီနယ်တို့ ဖြစ်သည်။

[122] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး ၂၀၁၆။

[123] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး ၂၀၁၆။

[124] ပြည်ထဲရေးနှင့် သာသနာရေး ဌာနမှ KNU အကြီးတန်းအရာရှိတစ်ဦးနှင့် အင်တာဗျူး ၂၀၁၅၊

[125] ယခင်တည်းက KNU ဥပဒေတွင် ယင်းအမှုနှင့် ပတ်သက်၍ အလွန် တင်းကြပ်သည်။

ခြင်းဖြစ်စေ ပြစ်ဒဏ်ပေးသည်။ အိမ်ထောင်ရေးဖောက်ပြန်သောအမှုကို ကျေးရွာအုပ်စုအဆင့်တွင် ဆုံးဖြတ်ကြပြီး မှားယွင်းသည့်ဘက်ကို လျော်ကြေးပေးစေခြင်းဖြင့် အဆုံးအဖြတ်လုပ်ကြသည်။ တခါတရံ စုံတွဲများမှာ အတူတကွနေထိုင်ကြရန် ဆုံးဖြတ်ကြသလို တခါတရံတွင်လည်း ရိုးရှင်းစွာ လမ်းခွဲပြတ်စဲ ကွာရှင်းကြသည်။[126]

## တရားစီရင်ရေးလုပ်ငန်းစဉ်

### *လွှဲပြောင်းပုံ အဆင့်ဆင့်*

ရာဇဝတ်မှုတစ်ခု ဖြစ်ပွားလျှင် သို့မဟုတ် ရွာသားများအကြား အငြင်းပွားမှုများဖြစ်ပေါ်လျှင် ယင်းအမှုကို ကျေးရွာအကြီးအကဲဆီသို့ တင်ပြရသည်။ သို့သော်လည်း ရွာသားများသည် အခြားသော ရပ်မိရပ်ဖများ၊ လူကြီးသူမများ၊ ဘာသာရေး ခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းအဖွဲ့ဝင်များ၊ KNU/KNLA မှ ပုဂ္ဂိုလ်များ သို့မဟုတ် အခြား EAA မှ ပုဂ္ဂိုလ်များကဲ့သို့ ဩဇာအာဏာရှိသောသူများနှင့် ရင်းနှီးပါက ထိုသူများထံသို့ အရင်သွားရောက်တတ်ကြသည်။[127] KNU ဥပဒေအရ ကျေးရွာအကြီးအကဲများသည် KNU နှင့် ရိုးရာဓလေ့ထုံးတမ်းဥပဒေနှင့် ကျင့်ထုံးများကို ပေါင်းစပ်အသုံးချ၍ အသေးစားမှုခင်းများကို ကိုင်တွယ်ဖြေရှင်းရန် အာဏာရှိကြသည်။ သင့်တော်သော ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အခြားသော အတိုင်းအတာများ ဆောင်ရွက်ခွင့်ကို လွတ်လွတ်လပ်လပ် ကိုင်တွယ်ဆုံးဖြတ်နိုင်ရန် အာဏာလည်းပေးထားသည်။ ယင်းအမှုသေးများမှာ ရွာသားများချင်း လက်သီးထိုးမှု၊ အိမ်တွင်း အကြမ်းဖက်မှုနှင့် အသေးစားခိုးမှုတို့ ပါဝင်သည်။

မိမိရပ်ရွာတွင်း၌ မဖြေရှင်းနိုင်သော အမှုဖြစ်လျှင် KNU ဥပဒေစာအုပ်များတွင် ညွှန်းဆိုထားသော တိကျသည့် လမ်းညွှန်များအရ စီရင်ချက်ချမှတ်ရမည့် အုပ်ချုပ်ရေးဆိုင်ရာအဆင့်ဆင့်သို့ လွှဲပြောင်းရမည်ဖြစ်သည်။[128] အချို့ အမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းအရ အုပ်ချုပ်ရေးဆိုင်ရာအဆင့်တစ်ခုဆီသို့ တိုက်ရိုက်လွှဲအပ်ရန် ဖော်ပြထားခြင်းလည်းရှိပါသည်။[129] သုံးလအောက်အလုပ်ကြမ်းနှင့် ထောင်ဒဏ်ပေးရသောအမှုများကို ကျေးရွာအုပ်စုအဆင့်ဥက္ကဋ္ဌနှင့် လုံခြုံရေးအကြီးအကဲတို့က ကိုင်တွယ်သည်။[130] ယင်းအဆင့်တွင် ဖြစ်နေကျစီရင်မှုမှာ သတိပေးခြင်းနှင့် ဒဏ်ရိုက်ခြင်းဖြစ်သည်။ ဒုတိယအကြိမ်ကျူးလွန်လျှင်မူ ထိုသူကို ထပ်မံကျူးလွန်သည့်အတွက် မြို့နယ်အဆင့်သို့ အလိုအလျောက်ပို့ပေးရသည်။ လက်တွေ့တွင် နယ်မြေအများအပြားမှ ကျေးရွာအုပ်စုများအနေဖြင့် ၎င်း တို့၏ နယ်မြေများအတွင်းအမှုများကို မည်သို့ကိုင်တွယ်သည် ဆိုသည်၌ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် လိုသလိုပြောင်းလဲနိုင်မှုနှင့်ပတ်သက်၍ အဆင့်တစ်ခုတွင် ထိန်းသိမ်းထားရှိကြသော်လည်း ၎င်းမှာ KNU ထိန်းချုပ်မှု အတိုင်းအတာ ပေါ်လိုက်၍ ကွာခြားပါသည်။

မြို့နယ်အဆင့်သည် တရားမမှုအများအပြားစုပါဝင်သော[131] သုံးနှစ်အထက်ထောင်ချနိုင်သော အမှုများကို ကိုင်တွယ်ရသည်။[132] ခိုးမှုများတွင် ခိုးယူသည့် ပစ္စည်း၏တန်ဖိုးပေါ်မူတည်၍ ကိုင်တွယ်သည့် တရားရုံးအဆင့်မတူပေ။ လူသတ်မှု၊ နိုပ်စက်ညှင်းပမ်းမှု၊ မုဒိမ်းမှုနှင့် မြန်မာငွေငါးသန်းအထက်ခိုးမှုတို့အပါအဝင် ရာဇဝတ်မှုများကို မြို့နယ်အ ဆင့်တွင် ကိုင်တွယ်ဖြေရှင်းရန် အာဏာမရှိသဖြင့် ခရိုင်အဆင့်သို့ တိုက်ရိုက်လွှဲပြောင်းပေးရသည်။[133] မြို့နယ်အဆင့်တွင် ထောင်ဒဏ်သုံးနှစ်အထိ ပြစ်ဒဏ်စီရင်ခွင့်ရှိသော်လည်း ယင်းပြစ်ဒဏ်မပေးမီ ခရိုင်အဆင့်မှ ခွင့်ပြုချက် လိုသည်။

ခရိုင်တရားရုံးက မြို့နယ်အကျဉ်းထောင်တွင်ဖြစ်စေ၊ မြို့နယ်အကျဉ်းထောင် မရှိပါက ခရိုင်အကျဉ်းထောင်တွင် ဖြစ်စေ၊ ၃ နှစ်မှ ၇ နှစ် ထောင်ဒဏ်ကျခံရန် ပြစ်ဒဏ်စီရင်ပိုင်ခွင့်ရှိသည်။[134] အချို့သောအမှုများကိုမူ ဗဟိုအဆင့်သို့ လွှဲပေးရသည်။ ခရိုင်အဆင့်မှ မည်သည့် လူသတ်မှုမဆိုကို ပြစ်ဒဏ်ချမှုအတွက် ဗဟိုအဆင့်သို့ ထင်မြင်ချက်တောင်းခံရသည်။ စီရင်ချက်ချရန်အတွက် ရက် ၄၀ စောင့်ဆိုင်းရသည်။ ၂၀၁၂ အထိ လူသတ်မှုများကို ဗဟိုအဆင့်သို့ တင်ပြရသည်။ လူသတ်မှုအတွက် ပြစ်ဒဏ်သည် ကျူးလွန်သူ၏ လုပ်ဆောင်ချက်နှင့် ရည်ရွယ်ချက်အတိုင်းအတာပေါ်မူတည်၍ ကွဲပြားသည်။ မုဒိမ်းမှု၊ လူသတ်မှုနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုတို့မှာ ဗဟိုအဆင့်က ကိုင်တွယ်ရသော အဓိကအမှုများဖြစ်ကြသည်။

တရားခံ သို့မဟုတ် စွပ်စွဲခံရသူများသည် အဆင့်ပိုမြင့်သော တရားရုံးများသို့ အယူခံဝင်ရန် ယင်းအဆင့်မြင့် တရားရုံးများသို့ လိပ်မူ၍ အသနား

---

[126] KNHR လေ့လာစောင့်ကြည့်သူနှင့် အင်တာဗျူး ၂၀၁၆ (၁)

[127] KNHR လေ့လာစောင့်ကြည့်သူနှင့် အင်တာဗျူး ၂၀၁၅၊ KWO သို့မဟုတ် ကရင်လူငယ်အစည်းအရုံး (KYO) တို့မှ CBO အဖွဲ့ဝင်များမှာ ပိုကောင်းသော ပညာရေးရှိကြပြီး KNU KNLA တို့အနေဖြင့် ပိုသဘောကျ လက်ခံကြသည်။

[128] KNHR လေ့လာစောင့်ကြည့်သူနှင့် အင်တာဗျူး ၂၀၁၆(၁)။

[129] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး ၂၀၁၆။

[130] ချက်ပြုတ်ခြင်း၊ ရေထမ်းခြင်း၊ ထင်းခွဲခြင်း၊ ရိက္ခာများသယ်ခြင်း၊ အခြားအသုံးဝင်သော အလုပ်များ KNU စခန်းတွင် ပံ့ပိုးလုပ်ဆောင်ပေး ရသည်။

[131] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။

[132] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[133] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။ KNU မူးထရော ခရိုင်တရားသူကြီးနှင့် အင်တာဗျူး၊ ၂၀၁၅။ ခရိုင်အားလုံး၏ အမှုအခင်းအချက်အလက် အားလုံးကို မရရှိနိုင်ပေ။ ဥပမာ - မူးထရောခရိုင်တွင် ၂၀၁၄ တုန်းက ခရိုင်တရားရုံးသို့ အမှု ၅ ခု၊ ၂၀၁၅ ဇန်နဝါရီမှ အောက်တိုဘာအထိ ၈ မှု တက်ခဲ့သည်။

[134] KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။ KNU မူးထရော ခရိုင်တရားသူကြီးနှင့် အင်တာဗျူး၊ ၂၀၁၅။

ခံစာဖြင့် လျှောက်ထားရသည်။[135] အယူခံကို အချိန်သတ်မှတ်ချက်တစ်ခုအတွင်း လျှောက်ထားရသည်။ ဗဟိုတရားရုံးသို့ အယူခံဝင်ရန် အချိန် ၄၅ ရက်ရသည်။ အချို့သော အယူခံဝင်မှုများမှာမူ ၎င်းတို့အခက်အခဲနှင့် အယူခံဝင်ရန် စာပို့ချိန်တို့ကြောင့် နောက်ကျသည်များရှိကြသည်။[136] ခရိုင်သို့ တိုက်ရိုက်တင်သော အမှုများအား အယူခံဝင်ရန် အထက်အဆင့်များရှိနေစေရန် အောက်အဆင့်သို့ ပြန်ချပေးသော အဖြစ်အပျက်များလည်း ရှိခဲ့ဖူးသည်။[137]

*စုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးလုပ်ငန်းစဉ်များ*

ကျေးရွာအဆင့်တွင် ကိုင်တွယ်သောအမှုများအတွက် KNU ဥပဒေအရ ပေးထားသော လုပ်ပိုင်ခွင့်ဖြင့် သမရိုးကျ စုံစမ်းစစ်ဆေးမှုနှင့် တရားရုံးလုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ရန်မလိုပေ။ ကျေးရွာအဆင့်တွင် တရားဝင်ခန့်အပ် တာဝန်ပေးထားသည့် တရားသူကြီးများလည်းမရှိပါ။ ကျေးရွာအကြီးအကဲ သို့မဟုတ် ဩဇာရှိသော ပုဂ္ဂိုလ်တို့ကသာ နှစ်ဖက်စလုံးကို ခေါ်ယူ၍ ကျေးရွာကော်မတီတွင် အမှုကို ဆွေးနွေးကြသည်။ လျော်ကြေးပေးစေခြင်း အပါအဝင် အငြင်းပွားမှုဖြေရှင်းခြင်းပုံစံနှင့် အပေးအယူပုံစံများဖြင့် အမှုကိုအပြီးသတ်လိုက်ကြသလို အချို့အမှုကိုလည်း ပြစ်ဒဏ်ပေးကြသည်။[138] အခြားဩဇာရှိပုဂ္ဂိုလ်များက ကျေးရွာအဆင့် တရားစီရင်ဆုံးဖြတ်ရာတွင် ပါဝင်ကြသည်။ ကျေးရွာအဆင့်တွင် တရားစွဲဆိုပါက ရပ်ရွာက အပြစ်ပေးခြင်းကို ဆုံးဖြတ်ပေးကြရာ အောက်တွင်ဆွေးနွေးထားသည်။

တခါတရံ ကျေးရွာအကြီးအကဲများသည် ရွှေ့လျားတရားသူကြီးများကို ခေါ်ယူရသည်။ ယင်းပုဂ္ဂိုလ်များမှာ ဥပဒေရေးရာတွင် ကျွမ်းကျင်နှံ့စပ်ကြသူများ ဖြစ်သော်လည်း KNU တရားရေးစနစ်တွင် ပါဝင်ကြသူများ မဟုတ်ရပါ။ ယင်းပုဂ္ဂိုလ်များသည် KNU အဖွဲ့ဝင်များ ဖြစ်စရာမလိုသလို ကျေးရွာတစ်ခုခုတွင် အခြေချနေသူများလည်း ဖြစ် စရာမလိုပါ။[139] ကျေးရွာအကြီးအကဲက ဆင့်ခေါ်မှ အမှုကို လာရောက်ကြားနာပြီး ၎င်းတို့ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရသည်။ အမှုကိုပြေလည်အောင် ရပ်ရွာတွင် ဖြေရှင်းပြီးပါက KNPF သို့ အကြောင်းကြားရသည်။

ထို့ပြင် ကိုယ်ကျင့်တရားအရ ရှေ့ဆောင်လမ်းပြဖြစ်သော သံဃာတော်များကလည်း ဗုဒ္ဓဘာသာကျေးရွာများတွင် ကျေးရွာအဆင့် တရားစီရင်မှုနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြသည်။ အချို့နေရာများတွင် သံဃာတော်များ၏ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အာဏာရှိမှုသည် ကျေးရွာအကြီးအကဲထက်ပင် ပိုဩဇာရှိပြီး ထိုနယ်မြေတွင် ထိရောက်သော မူလအာဏာပိုင်သူဖြစ်နေတတ်သည်။ ဘားအံနှင့် ဒူပလယာ ခရိုင်တို့၏ အချို့အပိုင်းများတွင် ယင်းသို့သော ကိစ္စရပ်များရှိသည်။ ၎င်းတို့သည် အချို့သော ကျေးရွာလူကြီးမှုဖြစ်စေ၊ KNU မှဖြစ်စေ မကိုင်တွယ်နိုင်သော သို့မဟုတ် မကိုင်တွယ်လိုသော အမှုများ၌ KNU တရားရေးစနစ်တွင် လွှဲပြောင်းရယူ ကိုင်တွယ်ပေးသူများဖြစ်ကြသည်။ ခရစ်ယာန်သင်းအုပ်ဆရာများကမူ ထိုသို့သော အခန်းကဏ္ဍတွင် ပါဝင်လေ့ရှိ ပုံမရပဲ တရားစီရင်ရေးကိစ္စများ၌ ပါဝင်လေ့မရှိပါ။[140]

အမှုတစ်ခုကို ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဆင့်တွင် မဖြေရှင်းနိုင်ပါက KNU သို့ အကြောင်းကြားရမည့် ပုံမှန်လုပ်ငန်းစဉ်မှာ ကျေးရွာအုပ်စုလုံခြုံရေးအကြီးအကဲ သို့မဟုတ် ဥက္ကဋ္ဌက မြို့နယ်အဆင့်ရှိ KNPF သို့မဟုတ် အခြား KNU အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။ ယင်းသို့ အစီရင်ခံမှုရောက်လာလျှင် KNU မှ ပထမဆုံးအဆင့် လုပ်ဆောင်ရမည်မှာ KNPF ကို စုံစမ်းစစ်ဆေးစေခြင်းဖြစ်သည်။ အောက်တွင်ဖော်ပြထားသည့် အချက်များအတိုင်း သက်သေများနှင့် စကားပြောခြင်း၊ အခင်းဖြစ်ပွားရာနေရာကို ဓာတ်ပုံရိုက်ယူခြင်းတို့ ပြုလုပ်ကြရသည်။ KNU အရာရှိအတော်တော်များများက KNPF ၏ စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်မှာ တိုးတက်အောင်လုပ်ဆောင်ဖို့ လိုအပ်နေသည်ဟုမှတ်ချက်ပြုကြသည်။ သံသယရှိသူများကို မြို့နယ်ရုံးမှ ခေါ်ယူစစ်ဆေးကာ အချုပ်ထဲတွင် ထိန်းသိမ်းထားသည်။ အထက်သို့ ထပ်တက်ရမည့်အမှုများအတွက် ဖမ်းဆီးထားသူများကို ခရိုင်အချုပ်ထောင်သို့ ၎င်းတို့ တရားခွင်အတွက် မပြောင်းရွှေ့နိုင်မီကာလစပ်ကြားတွင် မြို့နယ်အချုပ်၌သာ ထားရှိသည်။[141]

ရဲများက ၎င်းတို့၏ စစ်ဆေးတွေ့ရှိချက်များကို သင့်တော်သော အုပ်ချုပ်ရေးအဆင့်ရှိ တရားသူကြီးများထံသို့ အစီရင်ခံစာပေးပို့ရသည်။[142] အထူးသဖြင့် မြို့နယ်အဆင့်ဖြစ်သည်။ အမှုအကြောင်းပိုမိုရှင်းလင်းလာသည့်အခါ သင့်တော်သော အုပ်ချုပ်ရေးအဆင့်ရှိ တရားရုံးသို့ တင်ပြရသည်။ ထို့နောက် အဆင့်အမျိုးမျိုးမှ ဥက္ကဋ္ဌများနှင့် ကော်မတီများထံမှ လိုအပ်သော သတင်းအချက်အလက်များရရှိအောင် လုပ်ဆောင်ရသည်။[143]

---

[135] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[136] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[137] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ ဥပမာ - ဒူပလယ ခရိုင်တွင် မကြာသေးခင်ကမှ ဖြစ်ပွားခဲ့သော လူသတ်မှုကို မြို့နယ်မှ မကိုင်တွယ်နိုင်ဟု ထင်သောကြောင့် ခရိုင်တရားရုံးသို့ ပို့ခဲ့သည်။ ခရိုင်က ယင်းအမှုကို ဗဟိုသို့ ထပ်ပို့ခဲ့သည်။ အစဦးဆုံးတရားခွင်မှာ ဗဟိုအဆင့်တွင် ဖြစ်ခဲ့ပါက အယူခံဝင်ရန် မဖြစ်နိုင်တော့သောကြောင့် ဗဟိုမှ ယင်းအမှုကို ခရိုင်သို့ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။

[138] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၅။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖားစည်စာအုပ်တိုက်မှ စကောကရင်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေသည့် ကရင်သမိုင်းနှင့် ရိုးရာ တရားစီရင်ရေးစနစ် စာအုပ်တွင် ကြည့်ပါ။

[139] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[140] KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ KHRG လေ့လာစောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၅။

[141] ကော့ကရိတ် မြို့နယ် KNPF အရာရှိနှင့် အင်တာဗျူး ၊ ၂၀၁၅။

[142] KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။ အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[143] KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။

မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ဗဟိုအဆင့် တရားခွင်များကို တရားသူကြီးတစ်ဦးက ဦးဆောင်သည့် တရားရေး ကော်မတီဖြင့် ဆောင်ရွက်သည်။ တရားသူကြီးအပြင် တရားရေးကော်မတီအဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းမှုမှာ အမှုသွားအမှုလာကို မူတည်၍ ပြောင်းလဲသည်။ ကော်မတီတွင် ပါဝင်မည့်သူများကို တရားသူကြီးက ရွေးချယ်၍ အမှုနှင့်ဆိုင်သော ကိစ္စရပ်များနှင့်ပတ်သက်သည့် ဗဟုသုတရှိမှု သို့မဟုတ် အမှုဖြစ်ပွားရာ နေရာဒေသအကြောင်း နားလည်မှုတို့အပေါ် အခြေခံ၍ ရွေးသည်။ ဥပမာ - ကရင်အမျိုးသမီးအဖွဲ့ (KWO) မှ အဖွဲ့ဝင်များကို အမျိုးသမီး များနှင့် ကလေးများပါဝင်သည့်အမှုမျိုးတွင် ရွေးချယ်သည်။[144] ကော်မတီများကို အသုံးပြုရသော အခြားအကြောင်းရင်းမှာ တရားသူကြီးများက ၎င်းတို့ချည်းသက်သက် စီရင်ဆုံးဖြတ်မှုတာဝန်ကို မယူချင်သောကြောင့် ဖြစ် သည်။ ကော်မတီများက KWO အဖွဲ့ဝင်များသော်လည်းကောင်း၊ သင့်တင့်သည့် ကျေးရွာကော်မတီအဖွဲ့ဝင်များ ကဲ့သို့ ပုဂ္ဂိုလ်များကိုသော်လည်းကောင်း ၎င်းတို့ကိုယ်တိုင်ကော်မတီတွင်မပါဝင်သော်လည်း ၎င်းတို့၏ အကြံဉာဏ်ပေးမှုကို တောင်းခံသည်။[145] ဗဟိုအဆင့် KNU ခေါင်းဆောင်များအား မည့်သည့်အဆင့်တွင်မဆို တရားစွဲဆိုမှုများ၌ ပါဝင်ခြင်းကို တားမြစ်ထားသည်။ သို့သော် ခရိုင်နှင့် မြို့နယ်အဆင့် ခေါင်းဆောင်များကမူ ပါဝင်နိုင်သည်။

တရားခွင်ကို တရားသူကြီးများ အားလုံးသို့ ရာထူးခန့်အပ်စဉ်က ထုတ်ပေးထားသည့် တရားရေးလက်စွဲစာအုပ်မှ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ရသည်။ တရားရေးဌာနသည် ယင်းစာအုပ်ကို အမှုဆောင်ကော်မတီ နှင့် ဗဟိုညီလာခံတို့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ တည်းဖြတ်ပြင်ဆင်မှုပြုသည်။[146] သိသာထင်ရှား သောအချက်မှာ KNPF ကို တရားခွင်တွင် တရားလိုနေရာမှ ဆောင်ရွက်စေပြီး လုပ်ထုံးလုပ်နည်း များအတိုင်း လိုက်နာစေသည်။[147] KNPF အရာရှိများက ရာဇဝတ်မှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များနှင့် သက်သေ အထောက်အထားများကို ပုံစံတွင် ပြင်ဆင်၍ တရားရုံး၌ တင်ပြရသည်။

တရားခံများကို အပြစ်ရှိ၊ မရှိ ထွက်ဆိုရန် မေးမြန်းကြသည်။[148] တရားသူကြီးက တရားခံ၊ စွပ်စွဲခံရသူ (များ) နှင့် မျက်မြင်သက်သေများကို မေးခွန်းများမေးရသည်။[149] KNPF အရာရှိများ၊ တရားလို၊ တရားခံဖက်မှ အရာရှိများသည်လည်း မျက်မြင်သက်သေများ၊ လက်ရှိသက်သေ အထောက်အထားများနှင့် မှန်ကန်ကြောင်း သက်သေထူမှုများကို တောင်းဆိုနိုင်သည်။[150] အမှုအများစုသည် သက်သေများပေါ်တွင် များစွာ မူတည်နေသည်။ အဘယ်ကြောင့်ဆိုသော် စုံစမ်းစစ်ဆေးရန်ခက်ခဲပြီး အထောက်အထားအနည်းငယ်သာရှိသောကြောင့်ဖြစ်သည်။ တရား ခွင်တွင် ရှေ့နေများ မရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုနယ်မြေများတွင် လေ့ကျင့်သင်ကြားထားသည့် ရှေ့နေများ မရှိသောကြောင့်ဖြစ်သည်။

လက်တွေ့တွင် အမှုအခင်းများကို KNU ဥပဒေစာအုပ်နှင့် သင်တန်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြဲ လုပ်ဆောင်ခြင်း မဟုတ်ပါ။ KNU အုပ်ချုပ်ရေးအားနည်းသောနေရာ သို့မဟုတ် တပ်မတော်နှင့် အခြားလက်နက်ကိုင်တပ်များ၏ လှုပ်ရှားမှုများရှိသဖြင့် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးခက်ခဲသော နေရာများ၌ ထိုသို့ဖြစ်တတ်သည်။ ဥပမာ အချို့သောနယ်မြေများတွင် မြို့နယ်အာဏာပိုင်က ၎င်းလုပ်ပိုင်ခွင့် အာဏာအတွင်း ရှိသင့်သော အမှုအခင်းများ ရှိလာပါက ၎င်းကိုယ်တိုင်စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားစွဲမှုများ ပြုလုပ်မနေတော့ပဲ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအာဏာပိုင်များသို့ နှုတ်မိန့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အမှုကို မည်သို့ ကိုယ်တွယ်ရ မည်ဆိုသည်ကို ညွှန်ကြားလေ့ရှိသည်။[151] ယင်းသို့သော အလေ့အထများမှာ KNU ၏ ဥပဒေကျင့်ထုံးများကို ဖောက်ဖျက်ရာရောက်သည်။[152]

### *တရားစီရင်ပိုင်ခွင့် ကိစ္စရပ်များ*

ထိန်းချုပ်နယ်မြေ ရောထွေးနေသော အပိုင်းများမှ အခြား EAAs သို့မဟုတ် ဒေသခံ အာဏာပိုင်များအနေဖြင့် အမှုအခင်းများကို အခါအားလျော်စွာ KNU သို့ လွှဲပြောင်းပေးရသည် (NMSP အကြောင်း အခန်းတွင် KNU နှင့် NMSP ကြား ထိန်းချုပ်မှုထပ်နေသော ဒေသများမှ အမှုအခင်းများအတွက် သတင်းအချက်အလက်များတွင် ကြည့်ပါ) ။[153] KNU ဆက်ဆံရေးရုံးများက အစိုးရလည်း ရှိနေသော နေရာများရှိ ရွာသားများထံမှ တိုင်ကြားမှုများ

[144] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ ထို့ပြင် KWO သည် အမျိုးသမီးများ ဥပဒေအကာအကွယ် ရရှိစေမှု တိုး တက်အောင် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ KNU မူဝါဒအရ ကျေးရွာတိုင်း၌ ကျေးရွာကော်မတီတွင် ပါဝင်မည့် KWO ကိုယ်စားလှယ်တစ်ဦး ရှိရသည်။ KWO အဖွဲ့ဝင်များသည် KNU ကို ဖိအားပေးပြီး တရားရေး လုပ်ထုံးလုပ်နည်းများ၌ အမျိုးသမီး အခွင့်အရေးများရရှိရန် တွန်းအားပေးသည်။ အိမ်တွင်းအကြမ်း ဖက်မှုနှင့်လိင်အကြမ်းဖက်မှုတို့တွင် ခံရသူများအတွက် လုံခြုံသော နေရာတစ်ခုအ ဖြစ်ဆောင်ရွက်သည်။ သို့သော် KWO ၏ လက်တံနှင့် စွမ်းဆောင်ရည်တို့မှာ တစ်နေရာနှင့် တစ်နေရာ ကွာခြားမှု ရှိကာ အချို့နေရာများတွင် ပိုစွမ်းဆောင်နိုင်သည်။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၅။

[145] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[146] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[147] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[148] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[149] KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။

[150] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[151] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)၊ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[152] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[153] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

ကို ရရှိတတ်သည်။ ထိုအခါ အစိုးရနှင့် ဆွေးနွေးမှုများ ပြုလုပ်ရသည်။[154] တရားရေးဌာနအရာရှိများ အဆိုအရ တခါတရံတွင် စေ့စပ်ညှိနှိုင်းခြင်းအားဖြင့် ဖြေရှင်းရသည်များလည်း ရှိသည်ဟုသိရသည်။ တချို့အခြေအနေများတွင်လည်း KNU အနေဖြင့် ၎င်းတို့အဖွဲ့ဝင်များ ထိုင်းနိုင်ငံဘက်တွင် အမှုအခင်းများ ကျူးလွန်လာပါက အရေးယူ ရသည်များရှိသည်။ ထိုင်းအာဏာပိုင်များက KNU တရားရေးစနစ်အတိုင်း ကရင်လူမျိုးများကို လွှဲပြောင်းပေးသည်။ တခါတရံတွင်လည်း KNU မှ လွှဲပြောင်းပေးရန် တောင်းဆိုရသည်။ အထက်တွင်ဖော်ပြခဲ့သော KNPF နှင့် KNLA အရာရှိများ အချုပ်သားကို ရိုက်နှက်သည့် ဗီဒီယိုဖိုင်ကိစ္စတွင် စွပ်စွဲခံရသော မူးယစ်ဆေးဝါးသုံးစွဲသူများအား ထိုင်းဘက်မှ သမ်ဟင်း ဒုက္ခသည်စခန်းတွင် စခန်းလုံခြုံရေးများက ဖမ်းဆီးကာ ထိုင်းရဲများလက်သို့ အပ်ခဲ့ပြီး ၎င်းတို့က KNU အာဏာပိုင်များသို့ ထပ်မံလွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ KNU သို့မဟုတ် KNU/KNLA (PC) ကို ထိုင်းအာဏာပိုင်များက ၎င်းတို့လက်သို့အပ်ရန် တောင်းဆိုခဲ့သည်။[155]

## အပြစ်ပေးခြင်းများ

ကျေးရွာအဆင့်တွင် ကိုင်တွယ်ရသော အမှုသေးများတွင် ကျေးရွာအာဏာပိုင်များက တခါတရံ တိုက်ရိုက်အပြစ်ပေးခြင်းကို ကျင့်သုံးသည်။ ဥပမာ သတင်းပေးသူတစ်ဦး၏ ပြောကြားချက်အရ လက်သီးထိုး ရန်ဖြစ်ကြသူနှစ်ဦး လုံးကို ကျေးရွာလူကြီးရုံးခန်းတွင် ချုပ်ထားလေ့ရှိပြီး[156] တခါတရံထိပ်တုံးခတ်ထားသည်။ ယင်းသို့သော မိမိဒေသအလိုက်ကျင့်သုံးမှုမှာ တစ်နေရာနှင့် တစ်နေရာမတူပါ။ ထိပ်တုံးခြေကျင်းများ အသုံးပြုခြင်းမှာမူ ကျေးရွာအာဏာပိုင်များအကြား ဘုံတူညီမှုတစ်ခုဖြစ်သည်။ ခိုးမှုကျူးလွန်သူများအတွက် ၎င်းတို့ ခိုးယူသောပစ္စည်းပေါ်မူတည်၍ အလျော်ပေးစေခြင်းဖြင့် အဆုံးအဖြတ်ပြုကြသည်။[157]

စာရွက်ပေါ်တွင် KNU သည် ၎င်း၏ ဌာနချုပ်တွင် ဗဟိုအကျဉ်းထောင်ရှိပြီး မြို့နယ်နှင့် ခရိုင်အဆင့်များတွင်လည်း အကျဉ်းထောင်များရှိရမည် ဖြစ်သည်။ လက်ရှိအခြေအနေတွင်မူ ဗဟိုအကျဉ်းထောင်မရှိပေ။ ခရိုင်လေးခုတွင်သာ အကျဉ်းထောင်များရှိပြီး မြို့နယ်အနည်းအကျဉ်းတွင်သာ အကျဉ်းထောင်များရှိကြသည်။[158] ၂၀၁၂ တွင် လက်မှတ်ရေးထိုးသော နစ်ဖက်အပစ်အခတ်ရပ်စဲရေးနှင့် NCA စာချုပ်မှ ဆောင်ကြဉ်းလာသော တည်ငြိမ်အေးချမ်းမှုနှင့်အတူ တရားရေးဌာနသည် အခြားသောခရိုင်နယ်များတွင် ကိုယ်ပိုင်အကျဉ်းထောင်များ ဆောက်လုပ်ရန် တွန်းအားပေးလာသည်။[159]

အကျဉ်းထောင်များမှာ အများအားဖြင့် မြို့နယ် သို့မဟုတ် ခရိုင် ဌာနချုပ်ဝင်းအတွင်း တရားရုံးများ အနီးအနားတွင် ရှိကြသည်။[160] သီးခြားခြံဝင်းများမှာ အရပ်သားနှင့် စစ်ဘက်အကျဉ်းသားများအတွက် ခွဲခြားထိန်းသိမ်းရန် ဖြစ်သည်။ အကျဉ်းထောင်လုံခြုံရေးကို KNLA စစ်သားများက တာဝန်ယူသည်။ အပြစ်သားများကို အများအားဖြင့် ခြေကျင်းခတ်ခြင်း မပြုလုပ်ဘဲ ထွက်ပြေးခြင်းမှာလည်း ရှားပါးလွန်းပါသည်။[161]

ရာဇဝတ်မှုများအတွက် ထောင်ချခြင်းမှာ အသုံးများသော ပြစ်ဒဏ်ဖြစ်သည်။ ထောင်ထဲတွင် ထောင်ကျသူများမှာ အလုပ်ကြမ်းလုပ်ခြင်း၊ ချက်ပြုတ်ခြင်း သို့မဟုတ် KNU အုပ်ချုပ်ရေးရုံးများတွင် တောက်တိုမယ်ရလုပ်ခြင်းတို့ကို လုပ်ကြရသည်။[162]ထောင်သားများအတွက် အစားသောက်ကို ခရိုင်အာဏာပိုင်များက စီစဉ်ပေးရသည်။ လူတစ်ဦးသည် အချိန်ကုန်လာသည်နှင့်အမျှ ၎င်းတို့ အပြုအမူများမှာ ကောင်းမွန်သည်ဟု ပြသနိုင်လျှင် ချုပ်ရက်လျော့ ရနိုင်ပြီးခွင့်လည်း ရနိုင်သည်။[163] သေဒဏ်ချမှတ်ခြင်းမှာ KNU ၏ အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည်။[164]

---

[154] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)။

[155] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[156] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)။

[157] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)၊ အဆိုပါသတင်းပေးသူ အလိုအရ ယင်းအဖြစ်များသည် လူထုရှေ့တွင် ဖြစ်ပွားလေ့မရှိ၊ အချို့အမှုများ၌ ယုံတမ်းဖြစ်ရပ်အဖြစ်ဖြင့် ယင်းအဖြစ်အပျက်များကို လက်ခံကြလေ့ရှိသည်။

[158] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ KNU အနေဖြင့် မာနယ်ပလောရှိ ဌာနချုပ်တွင် ၁၉၈၀ ခုနှစ်များ သို့မဟုတ် ယင်းထက် စောပြီး ၁၉၉၀ ခုနှစ်များ အလယ်လောက်အထိ လုပ် ဆောင်လေ့ ရှိခဲ့သည်။ ၁၉၉၅ တွင် မနီပူလောကို ဆုံးရှုံးခဲ့ကာ KNU တွင် အကျဉ်းထောင်ထားရန် လုံခြုံစိတ်ချရသော နေရာမရှိတော့ဘဲ ယခုထိ ပြန်လည်ထူထောင်ရန် လုပ်ဆောင်နေဆဲဖြစ်သည်။ မူးထရော၊ ဘားအံ၊ ဒူးပလယ၊ ဘလစ်ဒီဝါး ခရိုင်တို့တွင် ခရိုင်အဆင့် အကျဉ်း ထောင်များတော့ ရှိသည်။

[159] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ အကြီးတန်း KNU ပြည်ထဲရေးနှင့် သာသနာရေးဌာနအရာရှိနှင့် အင်တာဗျူး၊ ၂၀၁၅။ ညောင်လေးပင်နှင့် သထုံမြို့နယ်တို့မှ အုပ်ချုပ်ရေးပိုင်းအနေဖြင့် အကျဉ်းထောင်များဆောက်ရန် ကြိုးပမ်းလျှက်ရှိသည်။ ဘားအံခရိုင်တွင် မူးယစ် ဆေးစွဲသူများကို အထူးအာရုံစိုက်အားပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၎င်း၏ အကျဉ်း ထောင်များတွင် ဆောင်ရွက်နေသည်။

[160] အကျဉ်းထောင်များကို အဓိကအားဖြင့် ဝါး သို့မဟုတ် သစ်တို့ဖြင့် အချုပ်ခန်းများခွဲကာ တည်ဆောက်ထားရှိသည်။

[161] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)၊ အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၅။ KNU မူးထရော ခရိုင်တရားသူကြီးနှင့် အင်တာဗျူး၊ ၂၀၁၅။ အချို့အကျဉ်းထောင်များမှာ အတန်ငယ် ကြီးမားသည်။ နိုဝင်ဘာ ၂၀၁၅ ၌ ဒေးပုနော်၊ မူးထရော် ဌာနချုပ်ရှိ အကျဉ်းထောင်မှာ အကျဉ်းသား ၄၅ ဦးခန့် ရှိသည်။

[162] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၅။

[163] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။ KNU မူးထရော ခရိုင်တ ရားသူကြီးနှင့် အင်တာဗျူး၊ ၂၀၁၅။

[164] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ ၂၀၁၅ နှင့် ၂၀၁၆ တို့တွင် ဒူပလယ ခရိုင်၌ KNPF အဖွဲ့ဝင် ငါးဦးကို သတ်ဖြတ်မှုတွင် ပါဝင်သည့် KNLA စစ်သား အများအပြားကို ကွပ်မျက်ခဲ့သည်။ ယင်းအမှုကို အရပ်ဘက် ပြောင်းပြီးအချိန်တွင် စစ်ဘက် တရားရုံးမှ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

## KNU တပ်မှ အမှုထမ်းများ ကျူးလွန်သည့် ရာဇဝတ်မှုများ

ရွာသားများ၏ သတင်းပေးပို့မှုများ နည်းပါးသော်လည်း KNU အရာရှိများ၊ KNLA နှင့် KNDO မှ စစ်သားများက ၎င်းတို့ အခွင့်အာဏာအလွဲသုံး စားလုပ်မှုများနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းများအတွက် အမှုအခင်းများရှိကြသည်။[165] ယခင်က ယင်းအမှုများကို အရပ်သားမှုခင်းများနှင့် ခွဲထုတ်ကာ သီးသန့်ကိုင်တွယ်သည်။ စုံစမ်းစစ်ဆေးခြင်းနှင့် စီရင်ချက်ချခြင်းတို့ကို ရဲနှင့် တရားရေးမပါဘဲ KNLA က ဆောင်ရွက်သည်။ သို့သော် ၂၀၁၄ တွင် KNLA စစ်သားတစ်ဦးက အရပ်သားတစ်ဦးနှင့် အခင်းဖြစ်ပွားသောအမှုကို KNU တရားရေးစနစ်သို့ တင်ပြခဲ့သည်။ သို့သော်ငြားလည်း ပထမတော့ စစ်ဘက်ဆိုင်ရာသို့ အရင်တင်ပြခဲ့ရသည်။ ယခင်က စစ်တပ်က အမှုအခင်းများကို ၎င်းတို့ဘာသာ စီရင်ဆုံးဖြတ်ပြီး အပြစ်ရှိသည်ဟု ဆုံးဖြတ်ထားသူကို တရားရေးဌာနသို့ လွှဲပြောင်းပေးသော်လည်း တရားရေးဌာနမှ အမှုနှင့်ပတ်သက်၍ ရာဇဝင်လည်းမသိဘဲ မည်သို့ ကိုင်တွယ်ရမှန်း ယယနန မသိကြသောကြောင့် ယခုလို ပြောင်းလဲလိုက်ရခြင်းဖြစ်သည်။ ယခုတိုင် KNLA/KNDO အမှုထမ်းများ စစ်စည်း ကမ်းဖောက်ဖျက် ပြစ်မှုကျူးလွန်ပါက စစ်ဘက်ဆိုင်ရာ ဥပဒေအရ စစ်တပ်တရားရုံးများက ကိုင်တွယ်ကြတုန်း ဖြစ်သော်လည်း တရားသူကြီး တစ်ဦးနှင့် ရဲအရာရှိတို့ကို မဖြစ်မနေ ဖိတ်ခေါ်ရသည်။[166] ဗဟိုကော်မတီ သို့မဟုတ် အမှုဆောင် ကော်မတီဝင်များကိုမူ ဥပဒေကြောင်းအရ အရေးယူမှု မပြုနိုင်ချေ။ ကျူးလွန်ခြင်းရှိပါက ကော်မတီမှ ဦးစွာဖယ်ရှားရသည်။[167] အရပ်သားအမှုအခင်းများကိုမူ စစ်ဘက်ဆိုင်ရာသို့ မည်သည့် အခါမှ မလွှဲပြောင်းပေး ချေ။[168]

## တရားရေးစနစ် ပြုပြင်ပြောင်းလဲခြင်း

တွေ့ဆုံမေးမြန်းခဲ့သော KNU ခေါင်းဆောင်များက တရားရေးစနစ်မှာ စင်းလုံးချောမဟုတ်သော်လည်း တော်လှန်ရေးကာလအတွင်းတွင်မူ အကောင်းဆုံးအနေအထားဖြစ်ကြောင်း၊ KNU အနေဖြင့် တရားရေးစနစ် တိုးတက်လာအောင် လုပ်ဆောင်နေကြောင်း အသိအမှတ်ပြု ပြောဆိုခဲ့ကြသည်။[169] အဓိကပြဿနာမှာ KNU တွင် နယ်မြေ ပိုင်ဆိုင်သော်လည်း လူ့စွမ်းအားအရင်းအမြစ်ရှားပါးခြင်းဖြစ်သည်။ အများအပြား သော အမှုထမ်းများမှာ မတူညီ သော ဌာနများတွင် တချိန်တည်းအလုပ်များစွာကို တာဝန်ထမ်းဆောင်နေရသည်။ အထူးသဖြင့် မြို့နယ်အဆင့် တွင် ဖြစ်သည်။ တရားသူကြီးများအတွက် ဥပဒေကျင့်ထုံးများ၊ အမှုကိုင်တွယ်နည်းများနှင့်ပတ်သက်၍ ပိုကောင်းမွန်သော သင်တန်းများ လိုအပ်နေသည်ကို အသိအမှတ်ပြုသည်။ တရားရေးဆိုင်ရာ အမှုအခင်းများကို ကိုင်တွယ်ရန် စွမ်းဆောင်ရည်မှာ ပြဿနာ ဖြစ်သည်။[170]

## ၄.၂ - ကလိုထူးဘော ကရင်အဖွဲ့အစည်း (KKO)/ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)

တိုးတတ်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်(DKBA) ကို ၁၉၉၄တွင် KNU မှ ခွဲထွက်ကာ ဖွဲ့စည်းခဲ့သည်။ KNU မှ တပ်မတော်နှင့် ၁၅ နှစ်ကြာ ပဋိပက္ခဖြစ်ခဲ့ပြီးနောက် တပ်မတော်၏ တောင်းဆိုချက်အရ ၂၀၁၀ ခုနှစ်တွင် BGFs အဖြစ်ပြောင်းလဲခဲ့သည်။ BGFs အဖွဲ့ ၁၂ ဖွဲ့ ပေါ်ထွက်ခဲ့ပြီး အမှတ်စဉ် ၁၀၁၁ မှ ၁၀၂၂ အထိဖြစ်သည်။ KNU သည် တပ်မတော်နှင့် ပဋိပက္ခဖြစ်နေစဲဖြစ်သည်။ ၂၀၁၁ ဦးသိန်းစိန်အစိုးရ လက်ထက်တွင် အပစ်အခတ်ရပ်စဲမှုသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ဒီမိုကရေဒီ ကရင်အကျိုးပြုတပ်မတော်အဖြစ် အမည်ပြောင်းလဲခဲ့ပြီး အရပ်သားအဖွဲ့ကို ကလိုထူးဘောအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဗိုလ်တချို့သည် KKO/DKBA မှခွဲထွက်ကာ တိုးတတ်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်ကို ပြန်လည်အသက်သွင်းရန်ကြိုးပမ်းခဲ့သည်။ သို့သော် ထိုအဖွဲ့အား ယခုစာတမ်းတွင် မဖော်ပြထားပါ။ [171]

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်သည် မူလအစကတည်းက စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရပ်ဖက်အုပ်ချုပ်မှုအတွက် သီးခြားဖွဲ့စည်းထားသည့်ပုံစံ မရှိပါ။ ကလိုထူးဘောကရင်အဖွဲ့ (KKO) သည် DKBA ၏ အုပ်ချုပ်မှုစီမံခန့်ခွဲရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး သက်ရောက်မှုအာဏာ များများစားစားမရှိဘဲ လက်ရှိအချိန်တွင် အတွင်းရေးမှူး ၅ ဦးသာရှိသည်။ KKO သည်အများအားဖြင့် KNU နှင့်ဆက်ဆံရာတွင် အခြေခံကျသော နိုင်ငံရေးမူဝါဒများနှင့်ပတ်သက်၍ အာရုံစိုက်လုပ်ဆောင်သည်။ DKBA သည် ဒေသန္တရအုပ်ချုပ်ရေးကို ရပ်ရွာ ခေါင်းဆောင်များအား လွှဲအပ်ထားပြီး မြို့နယ်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးအဆင့်ကို KNU အား စီမံခန့်ခွဲဖို့ ပေးအပ်ရန် ဆန္ဒရှိသည်။

[165] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)၊ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)။

[166] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)။

[167] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[168] KNU မူးထရော ခရိုင်တရားသူကြီးနှင့် အင်တာဗျူး၊ ၂၀၁၅။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။

[169] အကြီးတန်း KNU တရားရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[170] KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၂)။ KNU တရားသူကြီးချုပ်နှင့် အင်တာဗျူး၊ ၂၀၁၅။ KHRG လေ့လာ စောင့်ကြည့်သူများနှင့် အင်တာဗျူး၊ ၂၀၁၆ (၁)။

[171] BGF 1023 သည် တချိန်တည်းမှာ ကရင်ငြိမ်းချမ်းရေးအဖွဲ့ကို KNU မှ ခွဲထွက်အဖြစ် ဖွဲ့စည်းသည်။

ဤအပိုင်းတွင် တရားစီရင်မှု စီမံအုပ်ချုပ်ရေး ပါဝင်သည်။[172]

DKBA ၏ ထိန်းချုပ်မှုဧရိယာသည် ကရင်ပြည်နယ်အရှေ့တောင်ဘက်ပိုင်း၊ ဖားအံ-မြဝတီကားလမ်း တောင်ဘက်ခြမ်းဖြစ်ပြီး အရှေ့ဒေါနဖုံနှင့် အနောက်ဒေါနဖုံဟူ၍ ခွဲခြားထားသည်။[173] DKBA သည် ဝေါလေနှင့် စုကလီဒေသများတွင် အစိုးရအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို မြို့နယ်ခွဲ ဒေသအဖြစ် ဖော်ဆောင်ရန် တက်ကြွစွာ အားထုတ်မှုပြုခဲ့သည်။ DKBA သည် နောက်ထပ်ဖိအားတစ်ခုအနေဖြင့် မိမိ၏ ထိန်းချုပ်နယ်မြေများတွင် KNU တွင် ဖွဲ့စည်းထားသည့် ကျေးရွာဖွဲ့စည်းတည်ဆောက်ပုံများကဲ့သို့ ရပ်ကျေးကော်မတီများ ဖွဲ့စည်းရန်ဖြစ်သည်။[174]

## တရားစီရင်ရေးလုပ်ငန်းစဉ်များ

တရားစီရင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ကိုင်တွယ်ရန်လိုအပ်သည့် နယ်မြေများသည် KNU ၏ အုပ်ချုပ်ရေး စနစ်ထူထောင်ထားသည့် နယ်မြေများအတိုင်းကျယ်ပြန့်သည်။ ပုံမှန်အားဖြင့် သေးငယ်သည့်အမှုကိစ္စရပ်များကို ကျေးရွာအဆင့်၊ ဒေသခံဘုန်းကြီး (သို့) ဒေသအပေါ် သြဇာညောင်းသူက ကိုင်တွယ်ဖြေရှင်းသည်။ DKBA နယ်မြေတွင်းမှ ကိုင်တွယ်ဖြေရှင်းသူပုဂ္ဂိုလ်သည် အထူးသဖြင့် ဒေသဓလေ့ထုံးတမ်း အတိုင်းသာ ဆောင်ရွက်လေ့ရှိပြီး ရပ်ရွာအတွင်း တရားဥပဒေအရ အမှားလုပ်မိသူတစ်ယောက်ကို အချိန်အတိုင်းအတာတစ်ခုအထိ ဘုန်းကြီး ဝတ်စေခြင်းဖြင့် အပြစ်ပေးလေ့ရှိသည်။

မည်သို့ပင်ဖြစ်စေ ပိုမိုပြင်းထန်ပြီး မဖြေရှင်းနိုင်သည့် ရာဇဝတ်မှုများကို KNU သို့လွှဲပြောင်းပေးလေ့ရှိသည်။ DKBA အဓိကလွှမ်းမိုးသည့် နယ်မြေများတွင်လည်း အခြေခံကျသည့်အာဏာပိုင်မှာ ကော့ကရိတ်မြို့နယ်တွင်းရှိ KNU အဖွဲ့ဝင်များဖြစ်သည်။ KNU သည် ကော့ကရိတ်မြို့နယ် ၏ အရှေ့ဘက်ဒေါနအခြမ်းအတွက် ရည်ရွယ်၍ ရဲအရာ ရှိများပါဝင်သည့် အုပ်ချုပ်ရေးအဖွဲ့ခွဲထားရှိပြီး အဓိကမြို့နယ်များ၏ အာဏာပိုင်များမှာမူ အနောက်ဘက်ဒေါန အခြမ်းတွင်ရှိသည်။ မှုခင်းကိစ္စရပ်များကို KWO နှင့် အခြားသော သင့်တော်သည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများသို့ အခါအားလျော်စွာ ဦးဆုံးလွှဲပြောင်းပေးလေ့ရှိသည်။[175]

DKBA ပိုင်နယ်မြေများသည် များစွာသော ကရင်နယ်ခြားစောင့်တပ်များ BGF ၊ NMSP ၊ KNU/KNLA-PC [176] အပါအဝင် အစိုးရပိုင်နယ်မြေများနှင့် ရောထွေးထပ်တူကျလျက်ရှိနေသည်။ ဒူပလာယာ အရပ်ဒေသ၏ တောင်ဘက်နယ် မြေသည် DKBA နှင့် NMSP တို့နှစ်ခု၏ နယ်မြေများ ထပ်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူမှာ မွန်လူမျိုးဖြစ်ပါက KNU သို့လွှဲပြောင်းပေးအပ်ပြီး KNU မှတဆင့် NMSP နှင့် ညှိနှိုင်းဆောင်ရွက်သည်။[177] ကရင်နယ်ခြားစောင့်တပ်များ (BGFs) နှင့် DKBA တို့အကြား တရားဥပဒေအရ ပတ်သက်ခဲ့ဖူးသော ကိစ္စအကြောင်းအရာများ မရှိခဲ့ပါ။ DKBA ၏ပြောကြားချက်များအရ မှုခင်းများကို အစိုးရတရားစီရင်ရေးသို့ လွှဲပြောင်းပေးခဲ့ခြင်းမရှိခဲ့သော်လည်း DKBA အနေဖြင့် မည်သို့ဖြေရှင်းသင့် ကြောင်း အစိုးရမှ အကြံပြုချက်များပေးခဲ့သည်။[178]

DKBA နှင့် ရပ်ရွာလူထုအကြား တရားစီရင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုံးဝကင်းရှင်းကြောင်း DKBA မှ ခေါင်းဆောင်များက အခိုင်အမာ ပြောဆိုသည်။ ဤသည်မှာ DKBA ၏တင်းကျပ်သော စည်းမျဉ်းများကြောင့် ရပ်ရွာလူ ထုအကြား ပဋိပက္ခကို ရှောင်ရှားလို၍ ဖြစ်ကြောင်း DKBA မှဆိုသည်။ ရပ်ရွာလူထုနှင့်ဆက်ဆံရန် DKBA မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်းဆောင်ရွက်ပြီး လူထုနှင့်တွေ့ဆုံရန် ကြိုတင် စီစဉ်မှုဖြင့် ဆောင်ရွက်သည်။[179] DKBA ၏ ဌာနချုပ်ဖြစ်သော ဆုံဆည်းမြိုင်တွင် မိမိတပ်မှ မူးယစ်မှောင်ခိုကျူးလွန်သူ တပ်သားများအတွက် အကျဉ်းထောင်တစ်ခုရှိပြီး ယင်းအကျဉ်းထောင်တွင် အရပ်သားများအား ဖမ်းဆီးအကျဉ်းချခြင်း မရှိခဲ့ပါ။[180]

---

172 ၂၀၁၀ BGFs အဖြစ်သို့ အသွင်မပြောင်းခင် မူလ DKBA (၁၉၉၄ - ၂၀၁၀) တွင် တပ်မတော်သည် DKBA နယ်မြေများ၌ တရားစီရင်မှု အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသည့်အဖွဲ့ဖြစ်သည်။ DKBA သည်၎င်းတို့၏ ဌာနချုပ်နယ်မြေဖြစ်သည့် မြိုင်ကြီးငူဒေသတွင်း၌သာ တရားဥပပေကြောင်းအရ ဆောင်ရွက်နိုင်သည်။ ထိုအချိန်တွင် အစိုးရ၏ အာဏာပိုင်အနည်းငယ်သည် ယင်းမြိုင်ကြီးငူဒေသ အပြင်ဘက်တွင်ရှိသည်။ ယခင်က DKBA တပ်မဟာ ၅ ၏ဌာနချုပ်ဖြစ်ခဲ့သော ဝေလီဒေသတွင် ၂၀၁၀ နိုဝင်ဘာလထိ တရားဥပဒေနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် DKBA အနေဖြင့် တိုက်ရိုက်ကိုင်တွယ်ခြင်းမရှိဘဲ ဒေသတွင်း အရပ်ဘက်ခေါင်းဆောင်များနှင့် လွှဲထားခဲ့သည်။ ပြင်းထန်ကြီး မားသည့်ကိစ္စရပ်များမှသာ တပ်မတော်မှ တရားစွဲဆိုပြီး စီရင်ချက်ချမှတ်ကိုင်တွယ်ခဲ့သည်။ မြို့နယ်အဆင့်တွင် မသင်္ကာသူများအား စစ်တပ်မှာ ဖမ်းချုပ်ပြီး စီရင်ချက်ချလေ့ရှိခဲ့သည်။ ထိုအချိန်ထိ DKBA မှာ ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့ပါ။

173 DKBA မှအကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး, ၂၀၁၆ ၊ အရှေ့ဒေါနဖုံသည် ဆုံစည်းမြိုင် (ကရင်လို မောကတ) ဌာနချုပ်ပါဝင်သည့် ဒေါနတောင်နှင့် သောင်ရင်းမြစ်ကြားတွင်တည်ရှိပြီး Meh K'Neh, Palu, Waley, Kyu Ka Li and Sakhanthit ဒေသများ ဝန်းရံလျက်ရှိကာ  ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ အနောက်ဒေါနဖုံသည် ကျုံဒိုး, ကျိုက်ဒုံ နှင့် ဘုရားသုံးဆူအနီးတဝိုက်ဒေသများ ပါဝင်သည်။

174 DKBA မှအကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး, ၂၀၁၆။

175 အကြီးတန်း KNU တရားစီရင်ရေး ဌာနအရာရှိနှင့် အင်တာဗျူး , ၂၀၁၆ ; DKBA မှအကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး၊၂၀၁၆။

176 ဖားအံခရိုင်၂၀၀၇တွင် KNU မှ ခွဲထွက်လာသည့် EAO သည်ကရင်ငြိမ်းချမ်းရေးကောင်စီဖြစ်သည်။ ထိုအဖွဲ့ကို KNU/KNLA-Peace Council လို့ခေါ်သည်။

177 DKBA ၏အကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး၊ ၂၀၁၆။

178 DKBA ၏အကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး၊၂၀၁၆။ မြဝတီဒေသအတွင်း မူးယစ်ဆေးဝါးမှောင်ခိုကိစ္စရပ်များတွင် DKBA တပ်သား ပါဝင်ကျူးလွန်မှုကိစ္စရပ်နှင့်စပ်လျဉ်း၍ မည်သို့ကိုင်တွယ်ဖြေရှင်းသင့်သည်ကို အစိုးရမှ အကြံပြုမှုများရှိနေခဲ့သည်။ DKBA အနေဖြင့် ယင်းသို့သော တပ်သားများအား အစိုးရထံသို့ လွှဲပြောင်းစီရင်ချက်ချမှတ်စေခဲ့သည်။

179 DKBA ၏အကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး , ၂၀၁၆။

180 DKBA ၏အကြီးတန်းခေါင်းဆောင်နှင့် အင်တာဗျူး , ၂၀၁၆။

## ၄.၃ - မွန်ပြည်သစ်ပါတီ (NMSP) / မွန်အမျိုးသားလွတ်မြောက်ရေးတပ် (MNLA)

မွန်ပြည်သစ်ပါတီ (NMSP) သည် မြန်မာနိုင်ငံအရှေ့တောင်ဘက်မွန်ပြည်နယ်တွင် ၁၉၅၈ ခုနှစ်ကတည်းကရှိသော အဓိက EAA တပ်ဖွဲ့ တစ်ခုဖြစ်ပြီး ယင်း၏ တပ်မတော်မှာ မွန်အမျိုးသားလွတ်မြောက်ရေးတပ် (MNLA) ဖြစ်သည်။ NMSP သည် ၁၉၉၅ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဒေသကို ရရှိခဲ့သည်။ လက်ရှိအချိန်တွင် NMSP သည် မိမိတို့အပစ်ရပ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း သထုံ၊ မော်လမြိုင်၊ ထားဝယ်နှင့် ဌာနချုပ်ဟူ၍ ခရိုင်လေးခုခွဲခြားကာ စီမံခန့်ခွဲအုပ်ချုပ်သည်။ ခရိုင်တစ်ခုတွင် မြို့နယ် ၂ ခုမှ ၄ ခု ထပ်မံခွဲခြားထားသည်။ NMSP ပိုင်မြို့နယ်တစ်ခုစီတွင် ကျေးရွာ ၁၀ ရွာ ဝန်းကျင်ပါဝင်သည့် ကျေးရွာအုပ်စု ၂ စုမှ ၃ စု ပါဝင်သည်။ NMSP နှင့် KNU တို့၏ ခရိုင်နယ်မြေများမှာ သိသာစွာ ထပ်နေပါသည်။ သို့သော်လည်း ၎င်းတို့၏ ဆက်ဆံရေးမှာ ကောင်းမွန်ပြီး ထပ်နေသော နယ်နမိတ်များတွင် ပိုင်ဆိုင်ခွင့်တောင်းနေသော နယ်မြေအချို့ရှိနေပါသေးသည်။ NMSP ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းရှိ ကျေးရွာခေါင်းဆောင်များသည် NMSP ကို အာဏာပိုင်အဖြစ်သတ်မှတ်ထားပြီး မြန်မာဗဟိုအစိုးရ အာဏာပိုင်များအနေဖြင့် ၎င်းတို့နယ်မြေအတွင်းဝင်ရောက်ရန် ကြိုတင်ခွင့်ပြုချက်တောင်းဆိုမှုမရှိလျှင် ခွင့်မပြုပါ။[181]

NMSP ၏ အမှုဆောင်ကော်မတီသည် အဓိက ဌာနသုံးခုဖြစ်သည့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်၏ ကာ ကွယ်ရေးဌာန၊ ပါတီရေးရာဌာနနှင့် အုပ်ချုပ်ရေးဌာနတို့ကို ကြီးကြပ်ဆောင်ရွက်သည်။ အုပ်ချုပ်ရေးဌာနသည် တရားစီရင်ရေးဌာနအပါအဝင် တခြားသောဌာနရှစ်ခုကို ကြီးကြပ်ဆောင်ရွက်သည်။[182]

### အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ

တရားစီရင်ရေးဌာနသည် တရားစီရင်ရေးကော်မတီများဖြင့် လည်ပတ်ဆောင်ရွက်ကာ မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့်ကော်မတီများခွဲထားသည်။ ဗဟိုအဆင့်တရားစီရင်ရေးကော်မတီတွင် အဖွဲ့ဝင် ၇ ဦးပါဝင်ပြီး NMSP မှ တွဲဖက် အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူသည်။ ခရိုင်အဆင့်တွင် MNLA မှအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဥက္ကဋ္ဌ၊ ခရိုင် အဆင့်တရားရေးဌာန တာဝန်ခံနှင့် အုပ်ချုပ်ရေးဌာန၏ ဌာနခွဲများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။ မြို့နယ်အဆင့်တရားစီရင်ရေးကော်မတီတွင်မူ ကျေးရွာခေါင်းဆောင်အချို့၊ မြို့နယ်အဆင့်အဖွဲ့ဝင်များနှင့် စစ်တပ်အရာရှိများပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ မြို့နယ်အဆင့်ကော်မတီသည် လက်ရှိအချိန်တွင် တရားစီရင်ရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အာဏာမရှိဘဲ မှုခင်းများအား စုံစမ်းထောက်လှမ်းသည့်အပိုင်းကို အလေးပေးဆောင်ရွက်သည်။ ဖော်ပြပါ ပုံစံသည် NMSP ၏ တရားရေးစနစ်သည် ၁၉၉၅ ခုနှစ် အပစ်ရပ်မတိုင်ခင်ကတည်းက လက်ရှိအချိန်ထိ ပြောင်းလဲမှုတစုံတရာမရှိသေးသော အခြေအနေဖြစ်သည်။[183]

ကျေးရွာအဆင့်တွင် ကျေးရွာတိုင်းအတွက် တရားစီရင်ရေးကော်မတီရှိပြီး ရွာသူကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။ ထို့အပြင် ကျေးရွာတရားစီရင်ရေးကော်မတီဥက္ကဋ္ဌကိုဒေသခံရပ်ရွာလူထုမှရွေးကောက်တင်မြှောက်သည်။ ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့်တွင် တရားစီရင်ရေးနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသည့်အဖွဲ့ ဖွဲ့စည်းထားသည်။ ကျေးရွာအဆင့်အဖွဲ့များကို ရွာသူကြီးမှခေါင်းဆောင်ပြီး ကျေးရွာအုပ်စုအဆင့်ခေါင်း ဆောင်ကိုမူ ယင်းကျေးရွာအုပ်စုတွင်းနေ တခြားသော ရပ်ရွာလူထုအဖွဲ့ဝင်များမှ ရွေးကောက်တင်မြှောက်သည်။[184]

NMSP တွင် ကိုယ်ပိုင်ရဲတပ်ဖွဲ့မရှိပါ။ ရာဇဝတ်မှုဖြင့် တရားစွဲခံရသူများအား ဖမ်းဆီးရန်အတွက် မွန်အမျိုးသား လွတ်မြောက်ရေးတပ်မှ တာဝန်ယူထားသည်။[185]

### ဥပဒေများ

NMSP တွင် ကာလရှည်ကြာစွာသုံးခဲ့သော ကိုယ်ပိုင်ပြဌာန်းထားသည့် ဥပဒေရှိသော်လည်း စတင်ရေးဆွဲက တည်းက မရှင်းလင်းသည့်အချက်များ ပါနေခဲ့သည်။ ကိုလိုနီခေတ်တွင်အသုံးပြုခဲ့သည့် မြန်မာ့ဥပဒေကို နောက်ပိုင်းတွင် လွတ်လပ်သည့် မြန်မာနိုင်ငံအစိုးရ၏ ပြန်လည်သုံးသပ်မှုတချို့နှင့်အတူ မွန်ပြည်နယ်ဥပဒေကို မပြဌာန်းမီ NMSP ၏ အကြံဉာဏ်များရယူကာ အတည်ပြုခဲ့သည်။[186] မွန်ပြည်နယ်ဥပဒေကို NMSP အုပ်ချုပ်ခွင့်ရဒေသပြင်ပရှိ ဥပဒေကျွမ်းကျင်သူများအား တခါတရံဖိတ်ကြားပြီး ဥပဒေပြန်လည်စီစစ်ခြင်း၊ ဥပဒေကြမ်းများရေးဆွဲခြင်း၊ ပြစ်ဒဏ်စီရင်ချက်များအတွက် အကြံဉာဏ်ပေးခြင်းများဖြင့် အခါအားလျော်စွာ ပြင်ဆင်မွမ်းမံခဲ့သည်။[187] ယခင်က ပြင်ပမှရှေ့နေနှင့် ဥပဒေပညာရှင်များ

---

[181] Kim Joliffe. Ethnic Armed Conflict and Territorial Administration in Myanmar (Yangon: The Asia Foundation, 2015), 56-57. ခရိုင်အဆင့်မှ ဌာနချုပ်သည် ထိရောက်မှုရှိသော်လည်း ထည့်သွင်းမစဉ်းစားပါ။

[182] Jolliffe 2015, ibid. 56-57.

[183] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။ NMSP ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အင်တာဗျူး ၊၂၀၁၆။

[184] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆

[185] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊၂၀၁၆ ။ NMSP ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[186] မွန်ပညာရှင်နှင့် အင်တာဗျူး၊ ၂၀၁၆

[187] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး, ၂၀၁၆

အား ခေါ်ဆောင်၍ တရားစီရင်ရေးကော်မတီအား တရားရေးနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းလာစေရန် လေ့ကျင့်ပေးခဲ့သည်။

NMSP တရားရုံးများတွင် ကြားနာသည့် အမှုအခင်းများသည် ယေဘုယျကျသည့် လူမှုရေးပြဿနာများ၊ မိသား စုပြဿနာများ၊ လင်မယားပြတ်စဲခြင်း၊ မြေယာအငြင်းပွားမှုများနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များဖြစ်သည်။ အများအားဖြင့် မြေယာနေထိုင်မှုနှင့်ပတ်သက်သည့် အငြင်းပွားမှုများသည် NMSP တရားရုံးတွင် ကြားနာမှုများသည့် အချင်းအရာဖြစ်သည်။[188]

## တရားစီရင်ရေးကဏ္ဍအား စီမံအုပ်ချုပ်ခြင်း

## လွှဲပြောင်းပုံအဆင့်ဆင့်နှင့် တရားခွင်လုပ်ထုံးလုပ်နည်းများ

ပုံမှန်အားဖြင့် မှုခင်းများနှင့် အငြင်းပွားဖွယ်ရာကိစ္စရပ်များသည် ပထမဦးဆုံး ကျေးရွာအဆင့်တရားသူကြီး သို့မဟုတ် ရွာသူကြီးထံသို့ အစီရင်ခံတင်ပြသည်။ ထိုမှတဆင့် ရာထူးအာဏာပိုကြီးသည့်အဆင့်သို့ အစီရင်ခံတင်ပြသည်။ မှုခင်းဖြစ်စဉ်အခြေအနေ ကိစ္စအကြီးအသေးကိုလိုက်၍ လုပ်ပိုင်ခွင့်ရှိသည့် စီမံခန့်ခွဲအုပ်ချုပ်မှုအဆင့်က ကိုင်တွယ်ဖြေရှင်းရန်တာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တိုင်ကြားသူ သို့မဟုတ် စွပ်စွဲခံရသူတို့မှ တက်ကြွစွာ အယူခံဝင်နေခြင်း သို့မဟုတ် ရပ်ရွာအဆင့်တွင် ဖြေရှင်းဆုံးဖြတ်မပေးနိုင်သည့် ကိစ္စရပ်များဖြစ်နေခြင်းကြောင့်ဖြစ်သည်။

အသေးစားပြစ်မှုများနှင့် တရားမမှုများကို ကျေးရွာအဆင့်မှ ကိုင်တွယ်ဆောင်ရွက်သည်။[189] အရေးမကြီးသည့် မှုခင်းအသေးစားများနှင့် အရပ်သားအငြင်းပွားမှုများကို အဆုံးအဖြတ်ပေးရန် ကျေးရွာတရားစီရင်ရေးကော်မတီ အား လုပ်ပိုင်ခွင့်အာဏာပေးအပ်ထားသည်။ ကျေးရွာအုပ်စုအဆင့်ရှိအာဏာပိုင်များ ရှိသည့်နေရာမျိုးတွင် အရပ်သားအငြင်းပွားမှုများအား ယင်းအဆင့်တွင် စီရင်ဆုံးဖြတ်ပြီး ပြစ်မှုကြီးသည့်ရာဇဝတ်မှုများကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်သို့ လွှဲပြောင်းစီရင်သည်။[190]

ဥပမာအားဖြင့် ရပ်ရွာအဆင့်တွင် မုဒိမ်းမှုများဖြစ်ပါက ဖြစ်စဉ်အစီရင်ခံစာအား ကျေးရွာအာဏာပိုင်များမှ ရေးသားပြီး မြို့နယ်အဆင့်သို့ တင်ပြရပါသည်။ ထိုမှတဆင့် ခရိုင်အဆင့်သို့ ဆက်လက်တင်ပြပေးရပြီး ခရိုင်တရား စီရင်ရေးကော်မတီမှ ထိုအမှုကို တုန့်ပြန်ဆောင်ရွက်သည်။[191] အခြေခံအားဖြင့် ဖမ်းဝရမ်းကို မြို့နယ်အဆင့်တရား စီရင်ရေးကော်မတီမှထုတ်ပြန်ရရှိပြီး မြို့နယ်အဆင့် MNLA လုံခြုံရေးအဖွဲ့မှ စွပ်စွဲပြစ်တင်ခံရသူအား ဖမ်းဆီးရသည်။ ကျေးရွာအနီးတွင် MNLA လုံခြုံရေးအဖွဲ့ရှိနေသည့်အခါများတွင် ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်တရားစီရင်ရေးကော်မတီသို့ ဦးစွာသတင်းမပို့ဘဲ ကျေးရွာအာဏာပိုင်က MNLA လုံခြုံရေးအဖွဲ့သို့ တိုက်ရိုက်သတင်းပေးပို့နိုင်သည်။[192]

ပြဿနာမှာ မြို့နယ်အဆင့်တရားစီရင်ရေးကော်မတီက စွပ်စွဲခံရသည့် တရားခံကို မြို့နယ်တွင် စုံစမ်းစစ်ဆေးသော်လည်း ၎င်းကို ခရိုင်ဌာနချုပ်တွင် ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဤသည်မှာ စွပ်စွဲခံရသည့်တရားခံအား ထိန်းသိမ်းရန် ကျေးရွာအဆင့်တွင် ချုပ်ထားရန် လိုအပ်သော အဆောက်အဦမရှိသောကြောင့်ဖြစ်သည်။[193]မြို့နယ်အဆင့်မှစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးသောအခါယင်းဖြစ်စဉ်များကိုခရိုင်အဆင့်တရားစီရင်ရေးကော်မတီသို့ ဆုံးဖြတ်ချမှတ်နိုင်ရန်အတွက် အစီရင်ခံစာတင်သွင်းရသည်။[194] တရားမမှုများနှင့် အသေးစားမှုခင်းများကို ခရိုင်အဆင့်တရားစီရင်ရေးကော်မတီမှ စီရင်ချက်ချရန်အတွက် မြို့နယ်အဆင့်မှ စုံစမ်းစစ်ဆေးချက်များနှင့် ဆုံးဖြတ် ရန် အချက်အလက်များ ထည့်သွင်းအစီရင်ခံဖို့ လိုအပ်သည်။

အမှုစစ်ဆေးချိန်တွင် တရားလိုနှင့် တရာခံများဘက်မှာ သက်သေခံများအား ကိုယ်စားထွက်ဆိုခြင်းနှင့် မျက်မြင်သက်သေများအား ခေါ်ဆောင်၍ သက်သေခံထွက်ဆိုခြင်းများကို ခွင့်ပြုထားသည်။[195] NMSP တရားစီရင်ရေးစနစ်တွင် ရှေ့နေမရှိသည့်အတွက် တရားခံဘက်မှ ကိုယ်စားပြုပြောကြားပေးမည့် ပုဂ္ဂိုလ်ကို ရွေးချယ်ခွင့်ရှိသည်။[196] ဆုံးဖြတ်ချက်ချပြီးသည့်အခါတွင် တရားသူကြီးမှ ပြစ်ဒဏ်ကို ဖတ်ကြားပေးသည်။[197] ပြစ်တင်စွပ်စွဲခံရသူတစ်ဦးသည် အမှုစစ်ဆေးမှုမတိုင်ခင် အကျဉ်းထောင်ထဲတွင် ထိန်းသိမ်းထားခြင်းမရှိဘဲ ခရိုင်အဆင့်ဌာနချုပ်တွင် ထိန်းသိမ်းထားရှိကာ ၎င်းအားထောင်သို့မပို့မီ တရားသူကြီးက ဆုံးဖြတ်ချက်ချရန်လိုသည်။[198] တရားခံသည် တရားသူကြီး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ကို

[188] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဉက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး, ၂၀၁၆

[189] NMSP ဗဟိုကော်မတီဝင်နှင့်အင်တာဗျူး , ၂၀၁၆။

[190] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဉက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။ NMSP ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။ အချို့နေရာများတွင် NMSP ကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းထားခြင်းမရှိပါ။

[191] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဉက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆

[192] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဉက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။ NMSP ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[193] NMSP ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[194] MNLA ခရိုင်အဆင့်ဗိုလ်မှူးနှင့် အင်တာဗျူး၊ ၂၀၁၆။

[195] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဉက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။

[196] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။ NMSP တွင် ရှေ့နေ မရှိပါ။

[197] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[198] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

တရားစီရင်ရေးကော်မတီ၏ ဥက္ကဋ္ဌထံသို့ အယူခံဝင်ခွင့်ရှိသည်။[199] တရားစီရင်ရေးကော်မတီအဖွဲ့ဝင်အများစုက စစ်ဆေးကြားနာမှုပြုလုပ်ရန် လိုအပ်ပြီး ယင်းကော်မတီဝင် အများစုမှာ အများအားဖြင့် တခြားသော တာဝန်များရှိနေတတ်သောကြောင့် ရာဇဝတ်မှုနှင့် တရားမမှုများကို စစ်ဆေးရာ၌ တခါတရံ၌ အချိန်ကြာမြင့်နိုင်သည်။[200]

မှုခင်းအများစုမှာ ခရိုင်အဆင့်နှင့် အောက်အဆင့်များတွင် လုံးလုံးလျားလျားဖြေရှင်းစီရင်ပြီး ဗဟိုအဆင့်မှ ဖြေရှင်းဆုံးဖြတ်ပေးရသည့် ကိစ္စရပ်များမှာ နည်းပါသည်။[201] အကယ်၍ အမှုတစ်ခုကို ဗဟိုတရားစီရင်ရေးကော်မတီက ကိုင်တွယ်ရန်ဖြစ်လာပါက နောက်ထပ်ကော်မရှင်တစ်ခု ဖွဲ့စည်းပြီး ပြန်လည်ဆန်းစစ်ကာ တရားစီရင်ရေးကော်တီ၏ ဆုံးဖြတ်ချက်ကို စဉ်းစားပါသည်။ ၎င်းမှာ နှစ်ဖက်စလုံးကို စုံစမ်းစစ်ဆေးမှုများပြီး၍ ဗဟိုတရားစီရင်ရေးကော်မတီရှေ့မှောက်တွင် စကားပြောပြီးမှ ပြုလုပ်ရသော အလုပ်ဖြစ်သည်။ ဤကော်မရှင်သည် ဆုံးဖြတ်ချက်ကို နောက်ဆုံးပေး၍ပြစ်ဒဏ်ချမှတ်သည်။ ဤကော်မရှင်ကချမှတ်သည့် စီရင်ချက်ကို ကျန်အဖွဲ့များက သဘောတူညီရန်လိုအပ်ပြီး သဘောတူညီမှုမရှိခဲ့ပါက မှုခင်းအားနောက်တစ်ကြိမ်ပြန်လည်ဆန်းစစ်၍ ဆုံးဖြတ်ချက်အသစ်ချမှတ်ရသည်။[202]

## တရားစီရင်ပိုင်ခွင့်

NMSP ၏တရားစီရင်ရေးဌာနသည် မိမိပိုင်နက်နယ်မြေနှင့် နယ်မြေပြင်ပတွင် ဖြစ်ပွားသောမှုခင်းရေးရာများကို ကြားနာပေးသော်လည်း ပိုင်နက်ပြင်ပမှ မှုခင်းရေးရာကိစ္စရပ်များကို အမှုစစ်ဆေးသည့်အခါတွင် ယင်းဒေသမှ အာဏာပိုင်တို့၏ သဘောတူညီချက်ရမှသာ လုပ်ဆောင်သည်။ NMSP နယ်မြေတွင်းနေပြည်သူများသည် ပြည်မ အစိုးရတရားရုံးများအား တိုင်ကြားသည့်အခါ အချိန်ကုန်ခြင်း၊ ရှေ့နေခအများအပြားကုန်ကျခြင်းနှင့် တခြားသော စရိတ်စကများကြောင့် အစိုးရတရားရုံးသို့ တိုင်တန်းမှုမှာ နည်းပါသည်။[203] မွန်ပြည်နယ်တွင် တရားစီရင်မှုကို ဈေးဝယ်သလို ရွေးချယ်၍ ရနေသည်။ ပြည်မအစိုးရ၏ ဆုံးဖြတ်ချက်ကို မနှစ်သက်ပါက NMSP ထံမှ မတူညီသည့် ဆုံးဖြတ်ချက်ကို တောင်းခံနိုင်သလို NMSP ၏ဆုံးဖြတ်ချက်ကို သဘောမကျပါက ပြည်မအစိုးရ၏ ဆုံးဖြတ်ချက် ကို ခံယူနိုင်သည်။ တရားစီရင်ရေးနှင့်ပတ်သက်၍ လက်ရှိအချိန်ထိ အစိုးရနှင့် NMSP တို့အကြား တရားဝင်ညှိနှိုင်း ဆောင်ရွက်မှု မရှိသေးပါ။[204]

အများအားဖြင့် အစိုးရတရားရုံးသည် NMSP မှစစ်ဆေးစီရင်ထားသည့် အမှုတစ်ခုကို ကြားနာရန် ငြင်းပယ်လေ့ရှိပြီး NMSP အနေဖြင့်လည်း အစိုးရတရားရုံးမှ စီရင်ချက်ချပြီးဖြစ်သော အမှုကို ထပ်မံကြားနာပေးရန် ငြင်း ပယ်လေ့ရှိသည်။[205] သို့သော်လည်း တခါတရံတွင် ရာဇဝတ်မှုတွင် သံသယရှိသူ တစ်ဦးတစ်ယောက်ကို လွှဲပြောင်းပေးရန် အစိုးရက NMSP ထံမှ တောင်းခံခြင်းများရှိသည်။ ဥပမာအားဖြင့် NMSP ၏ တရားစီရင်ရေးစနစ်ဖြင့် ကြားနာနေဆဲဖြစ်သည့် အမှုတစ်ခုကို စီရင်ချက်မချမီ စွပ်စွဲပြစ်တင်ခံရသည့် တရားခံအား အစိုးရထံသို့ လွှဲ ပြောင်းပေးသည်များလည်းရှိသည်။ တခါတရံတွင် တရားခံသည် အစိုးရပိုင်နယ်မြေထဲတွင် ရာဇဝတ်မှုကျူးလွန်လာပြီး NMSP ပိုင်နက်ထဲသို့ ထွက်ပြေးတိမ်းရှောင်လာသူများဖြစ်သည်။ ယင်းဖြစ်စဉ်များကို NMSP မှ အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးရန် သဘောတူလေ့ရှိသည်။[206]

KNU နှင့် NMSP ပူးတွဲထိန်းချုပ်သည့်နယ်မြေများတွင် KNU သည် ကရင်ကျေးရွာများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပြီး NMSP မှာမူ မွန်ကျေးရွာများကို ကိုင်တွယ်ဖြေရှင်းသည်။ မွန်လူမျိုးတစ်ဦးနှင့် မွန်မဟုတ်သည့် တခြား လူမျိုးတစ်ဦးတို့ မှုခင်းဖြစ်ပါက NMSP ၏ လုပ်ထုံးလုပ်နည်းတရားစီရင်မှုနှင့်သာဖြေရှင်းပြီးကရင်လူမျိုးနှစ်ယောက် NMSPနယ်မြေအတွင်းမှုခင်းဖြစ်ပါကKNUသို့သာလွှဲပြောင်းပေးအပ်လေ့ရှိသည်။[207] အကယ်၍ မွန်လူမျိုးတစ်ဦးနှင့် ကရင်လူမျိုးတစ်ဦးတို့ NMSP နယ်မြေထဲတွင် မှုခင်းဖြစ်ပါက KNU အားဖိတ်ကြား၍ တရားစီရင်ရေး၌ ပါဝင်ဆောင်ရွက်စေသည်။ မွန်လူမျိုးများသည် KNU နယ်မြေထဲတွင် မှုခင်းဖြစ်ပါက အလားတူစီမံဆောင်ရွက်မှုများ ပြုလုပ်ကြောင်း NMSP က ဆိုသည်။

## ပြစ်ဒဏ်များ

ကျေးရွာနှင့် မြို့နယ်အဆင့်တွင်ချမှတ်သော ရာဇဝတ်မှုများသည် ၂၄ နာရီထက်မပိုသော ထိပ်တုံးခတ်ခြင်းဖြစ်သည်။ ခရိုင်အဆင့်နှင့် ဗဟိုအဆင့်တွင် ချမှတ်လေ့ရှိသော ပြစ်ဒဏ်များမှာ အကျဉ်းချခြင်း၊ နေအိမ်အကျယ်ချုပ်၊ ခြေကွင်း သို့မဟုတ် လက်ထိပ်ခတ်ခြင်းနှင့် တရားစီရင်ရေးဌာနသို့ ငွေဒဏ်ပေးဆောင်စေခြင်းဖြစ်သည်။ NMSP တရားစီရင်ရေးစနစ်တွင် သေဒဏ်မရှိပါ။[208]

[199] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[200] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။

[201] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး, ၂၀၁၆။

[202] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[203] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး, ၂၀၁၆။

[204] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး, ၂၀၁၆။

[205] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး, ၂၀၁၆။

[206] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[207] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[208] မွန်ပညာရှင်နှင့်အင်တာဗျူး၊ ၂၀၁၆။ ယခင်က NMSP သည် လူသတ်မှု၊ မုဒိန်းမှု၊ မူးယစ်ဆေးဝါး၊ လူသတ်ဓါးပြမှု တို့အပါအဝင် ရာဇဝတ်မှု ငါးခု ကျူးလွန်သူကို သေဒဏ်ချမှတ်စီရင်ခဲ့သည်။

အကျဉ်းကျသည့် ကာလကို ရာဇဝတ်မှုအမျိုးအစားနှင့် ပြင်းထန်မှုကိုလိုက်၍ ဆုံးဖြတ်သည်။ တရားမမှုများသည် အများအားဖြင့် ငွေဒဏ်ဖြင့်သာ ချမှတ်လေ့ရှိသည်။ လူသတ်မှုကဲ့သို့သော ကြီးမားသည့်ရာဇဝတ်မှုများကို ဖော်ပြထားသည့် ကာလအတိုင်း ထောင်ဒဏ်ချမှတ်သည်။[209] ခရိုင်နှင့် ဗဟိုအဆင့် ဌာနချုပ်များတွင် အကျဉ်းထောင်များရှိသည်။ ယင်းအကျဉ်းထောင်များကို NMSP ၏ အုပ်ချုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရပ်သားများက စီမံခန့်ခွဲသည်။[210] NMSP အကျဉ်းထောင်တွင် မူးယစ်ဆေးဝါးသုံးစွဲ၍ အကျဉ်းကျသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်စေ နိုင်ငံရေးကြောင့် အကျဉ်းကျသူများအပါအဝင် တခြားသောအကျဉ်းသားများအတွက် အလုပ်ကြမ်းဖြစ်စေ သတ်မှတ်ပြဌာန်းထားသည်။[211]

## MNLA တပ်မှ အမှုထမ်းများ ရာဇဝတ်မှုကျူးလွန်ခြင်း

NMSP အကြီးတန်းအရာရှိ၏ ပြောကြားချက်အရ MNLA တပ်သားများမှ ပြစ်မှုကျူးလွန်လျှင် တင်းကြပ်သော စည်းမျဉ်းများဖြင့် ကိုင်တွယ်ဖြေရှင်းပြီး အရပ်သားပြစ်မှုများကဲ့သို့ပင် စစ်ဆေးစီရင်သည်။ ထိုသို့စီရင်မှသာ ဒေသခံမွန်လူမျိုးများ၏ ယုံကြည်အားကိုးမှုရမည်ဟု NMSP မှအကြီးတန်းအရာရှိက ဆိုသည်။ ယင်းသို့သော ကိစ္စရပ် များကို အုပ်ချုပ်မှုရေးရာဌာနနှင့် စစ်ဘက်ဆိုင်ရာအရာရှိများပါဝင်သော ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ဆောင်ရွက်လေ့ရှိသည်။ အဆိုပါကော်မရှင်မှ စီရင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး အရပ်ဘက်နှင့် စစ်ဘက်တို့မှ သဘောမတူလျှင် တရားစီရင်ရေးဌာနသို့ လွှဲပြောင်းပေးလေ့ရှိသည်။ အကယ်၍ တပ်သားတစ်ယောက်မှာ အပြစ်ရှိလျှင် အကျဉ်းထောင်တွင် ထိန်းသိမ်းသည်။[212] တပ်သားအချင်းချင်းကျူးလွန်သော ပြစ်မှုများကိုမူ စစ်ဘက်ဆိုင်ရာ ကော်မတီမှ ကိုင်တွယ်ဖြေရှင်းလေ့ရှိသည်။

## ၄.၄ - ကရင်အမျိုးသားတိုးတက်ရေးပါတီ (KNPP) / ကရင်နီတပ် (KA)

KNPP သည် ကရင်နီပြည်နယ်တွင် နိုင်ငံရေးအရ လှုပ်ရှားမှုအများဆုံး EAA ဖြစ်သည်။ ကရင်နီတပ်များ အားကောင်းစွာ အခြေစိုက်သည့် နယ်မြေအနည်းငယ်သာ ရှိသော်လည်း ရှားတောနှင့် ဖားဆောင်းမြို့နယ်တို့တွင် စစ် စခန်းများစွာနှင့် ရွှေ့ပြောင်းနေရာယူမှုများကို ထိန်းသိမ်းထားနိုင်သည်။ ထို့ပြင် KNPP အနေဖြင့် ကျေးရွာအဆင့် ထိ စီမံနိုင်ရန် ဖွဲ့စည်းတည်ဆောက်ပုံရှိထားပြီး လူမှုရေးအရ ဝန်ဆောင်မှုများ ပေးနေပါသည်။ ကရင်နီပြည်နယ်အတွင်းရှိ တချို့သောဒေသများကို KNPP မှ စီမံအုပ်ချုပ်ရန် အစိုးရက သဘောတူညီခွင့်ပြုထားသည်။ KNPP တွင် တရားစီရင်ရေးဌာနအပါအဝင် အုပ်ချုပ်ရေးဌာန ၈ ခုမှ ၁၀ ခုထိရှိသည်။[213] ၂၀၁၂ ခုနှစ်တွင် KNPP နှင့် အစိုးရတို့အကြား နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် ရရှိထားပြီး တည်ငြိမ်မှုကောင်းစွာရရှိထားကာ တခြားသောအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင်လည်း တက်ကြွစွာပါဝင်လှုပ်ရှားလျက် ရှိသည်။

## အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ

KNPP ၏ တရားစီရင်ရေးဌာနသည် ဗဟို၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် သက်ဝင်လှုပ်ရှားလျက်ရှိသည်။[214] KNPP တရားစီရင်ရေးဌာနမှ ရေးဆွဲထားသော အခြေခံဥပဒေအရ တရားစီရင်ရေးဌာနမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော တရားစီရင်ရေးကော်မတီသည် ခရိုင်နှင့် မြို့နယ်အဆင့်များအတွက် တရားသူကြီးသုံးဦးစီခန့်အပ်တာ ဝန်ပေးအပ်ထားသည်။ ခရိုင်နှင့်မြို့နယ်အဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများသည် KNPP အုပ်ချုပ်ရေးဌာနနှင့် တရားစီရင်ရေးဌာနတို့၏ လွှမ်းမိုးမှုမရှိဘဲ တရားသူကြီးအဖြစ် အချိန်ပြည့်တာဝန်ထမ်းဆောင်သည်။ မည်သို့ပင်ဖြစ်စေ ဗဟိုအဆင့်တရားသူကြီးသည် တရားစီရင်ရေးဌာနမှ ဖြစ်သည်။ ခရိုင်နှင့် မြို့နယ်အဆင့်ပြစ်မှုများကို ကြားနာရန် တရားသူကြီးသုံးဦးရှိရန်လိုအပ်ပြီး လက်ရှိအခြေအနေတွင် ဆက်သွယ်မှုနှင့် သွားလာရခက်ခဲသော အခြေအနေများကြောင့် တရားသူကြီးနှစ်ဦးရှိလျှင် အမှုကိုကြားနာစစ်ဆေးခြင်း ဆောင်ရွက်နိုင်သည်။[215]

ကရင်နီဥပဒေနှင့် လူ့အခွင့်အရေးကော်မတီ (KnLHRC) သည် တရားစီရင်ရေးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး KNPP အမှုထမ်းများနှင့် ရပ်ရွာလူထုကို လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို သင်ကြားပို့ချပေးသည်။[216]

[209] MNLA ခရိုင်အဆင့်ဗိုလ်မှူးနှင့် အင်တာဗျူး၊ ၂၀၁၆။ NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။ မူးယစ်ဆေးဝါးနှင့် မုဒိန်းမှု ကျူးလွန်သူများကို ထောင်ဒဏ် ၁၅ နှစ်အထက် စီရင်ချမှတ်သည်။ လူသတ်မှုများတွင် ရည်ရွယ်သတ် ဖြတ်ခြင်းနှင့် မတော်တဆသတ်မိခြင်း စသည့်အချက်များကို မူတည်ပြီး ကွဲပြားပြီး ကြိုတင်ကြံစည်၍ သတ်ဖြတ်ခြင်းမှာ ပို၍အပြစ်ကြီးသည်။

[210] NMSP ၏ အကြီးတန်းအရာရှိ၊ တရားစီရင်ရေးဌာနဥက္ကဋ္ဌဟောင်းနှင့် အင်တာဗျူး၊ ၂၀၁၆။ NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[211] နိုင်ငံတကာသုသေသနပညာရှင်။ ပြစ်ဒဏ်ကျခံပြီး ပြန်လည်လွတ်မြောက်လာသူသည် ရပ်ရွာအတွင်း ပြစ်မှုထပ်မံကျူးလွန်နိုင်ခြေ များပုံရသည်။

[212] NMSP ဗဟိုကော်မတီဝင်နှင့် အင်တာဗျူး၊ ၂၀၁၆။

[213] Jolliffe 2015, op. cit., 57-58.

[214] KNPP အကြီးတန်း တရားစီရင်ရေးဌာန အရာရှိနှင့် အင်တာဗျူး ၂၀၁၆။ KNPP ၏ခရိုင်နှင့် မြို့နယ်များဖွဲ့စည်းပုံနှင့် အရေအတွက်ကို စာရေးသူမသိရှိပါ။

[215] KNPP အကြီးတန်း တရားစီရင်ရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[216] KNPP အကြီးတန်း တရားစီရင်ရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

KNPP တွင် ရဲတပ်ဖွဲ့မရှိဘဲ KNPP ပြည်ထဲရေးဌာနများတွင် ကိုယ်ပိုင်စစ်သားများရှိကာ ကရင်နီတပ်မတော်(KA) ၏ လွှမ်းမိုးမှုမရှိပေ။ ယင်းစစ်သားများ၏ အဓိကတာဝန်မှာ ရပ်ရွာတွင်း လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် ကယ်ဆယ်ရေး ကိစ္စရပ်များဖြစ်၍ သက်သက်သာသာရှိသော်လည်း အခြေအနေတစ်ခုအကြောင်းခိုင်လုံလျှင် တိုက်ခိုက်ရန်အတွက် လက်နက်ခဲယမ်းများ သယ်ဆောင်ထားသည်။ အဆိုပါတပ်သားများကို KNPP ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးဌာနက တာဝန်ပေးအပ်ထားပြီး ရာဇဝတ်မှုများကို ဖမ်းဆီးထိန်းသိမ်းရန် အာဏာရှိသည်။ နှိုင်းယှဉ်ရ သော် KA မှတပ်သားများသည် ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသူများဖြစ်သည်။[217]

## ဥပဒေများ

အသေးစားပြစ်မှုများနှင့် တရားမအငြင်းပွားမှုများကို ရပ်ရွာအဆင့်အာဏာပိုင်များက ဓလေ့ထုံးတမ်းလုပ်ထုံးလုပ် နည်းနှင့် ဥပဒေများအတိုင်း ကိုင်တွယ်စီရင်ပြီး ပြင်းထန်သည့်ပြစ်မှုများမှာမူ KNPP မှရေးဆွဲထားသည့် ရာဇဝတ် မှုဆိုင်ရာ ရေးဆွဲထားသည့်ဥပဒေများဖြင့် စီရင်ဆုံးဖြတ်သည်။ KNPP တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦး ပြောကြားချက်အရ မှုခင်းကိစ္စရပ်များအတွက် KNPP မရှိခင်ကတည်းက ရှိနေသော ကရင်ဓလေ့ထုံးတမ်းဥပဒေများဖြင့် ကိုင်တွယ်ပြီး ရေးသားမှတ်တမ်းတင်ထားခြင်းမရှိပဲ ကျေးရွာမျိုးဆက်အလိုက်လက်ဆင့်ကမ်းလာခဲ့ကာ လူတိုင်းသိသော လုပ်ထုံးလုပ်နည်းများဖြစ်သည်။[218] အဆိုပါဥပဒေများသည် ရပ်ရွာအသိုက်အဝန်းအကြားဖြစ်ပွားသော အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် အနညာတစီရင်မှုနှင့် အသေးစားရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ပေးခြင်းများအတွက် အခြေခံဖြစ်သည်။ ၎င်းကို ရပ်ရွာတွင်း လူကြီးသူမများက စီမံပြီး ရွာသားများက လေးစားလိုက်နာမည်ဟုလည်း မျှော်လင့်ကြသည်။[219]

KNPP တွင် ရာဇဝတ်မှုများဖြေရှင်းရန် ဥပဒေစာအုပ်ရှိပြီး အမျိုးမျိုးသော ရာဇဝတ်မှုများကို ဖော်ပြထားပြီး ပြစ်မှုအကြီးအသေးများနှင့် ကျခံရမည့်ပြစ်ဒဏ်များလည်းဖော်ပြထားသည်။ မူးယစ်ဆေးဝါး၊ မုဒိန်းမှုနှင့် လူသတ်မှုများသည် ပြင်းထန်ကြီးမားသည့် ရာဇဝတ်မှုများဖြစ်သည်။ ယင်းဥပဒေများကို KNPP မှတရားဥပဒေနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူများနှင့် တရားစီရင်ရေးဌာနမှ ရေးဆွဲထားသည်။ ယင်းဥပဒေများအပေါ် ပြန်လည်သုံးသပ်မှုများကို အခါအားလျော်စွာ ပြုလုပ်ရခြင်းသည် KNPP တရားစီရင်ရေးဌာန၏ တာဝန်ဖြစ်ပြီး ဥပဒေအသစ်များကို အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများဖြင့် ညှိနှိုင်းတိုင်ပင်၍ KNPP ဗဟိုကော်မတီသို့ တင် သွင်းရသည်။[220]

## တရားစီရင်ရေးအား စီမံခန့်ခွဲခြင်း

## လွှဲပြောင်းပုံအဆင့်ဆင့်နှင့် တရားခွင်လုပ်ထုံးလုပ်နည်းများ

တခြားသော တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများကဲ့သို့ ပြစ်မှုအသေးစားများနှင့် အငြင်းပွားမှုကို ရွာသူကြီးနှင့် ရပ်ရွာတွင်းမှ လေးစားထိုက်သူများက စီရင်ဆောင်ရွက်သည်။ အကယ်၍ ပြစ်မှုကြီးပါက KNPP မှရေးဆွဲထားသည့် ဥပဒေများအတိုင်း စီရင်ဆောင်ရွက်ပြီး ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့်တွင် ဖြေရှင်းမရသည့် ကိစ္စရပ်များအား မြို့နယ်အဆင့် KNPP အာဏာပိုင်များကို အစီရင်ခံသည်။

ထိုကဲ့သို့ ပြင်းထန်သည့်ပြစ်မှုများကို အစီရင်ခံလာပါက မြို့နယ်အဆင့်အရာရှိများက စုံစမ်းစစ်ဆေးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းများ လုပ်ဆောင်သည်။ အခြေခံအားဖြင့် KNPP မှ တရားသူကြီးများသည် မှုခင်းကိစ္စရပ်များအလိုက် ကော်မတီများယာယီဖွဲ့စည်း၍ ဆောင်ရွက်လုပ်ကိုင်သည်။ မြို့နယ်အဆင့်ကော်မတီတွင် ပုံမှန်အားဖြင့် မြို့နယ်တရားသူကြီးများ၊ ရွာသူကြီးများ၊ ရပ်ရွာ ရပ်မိရပ်ဖများနှင့် မြို့နယ်အုပ်ချုပ်ရေးဝန်ထမ်းဖြင့် ဖွဲ့စည်းသည်။

အမှန်တကယ်ပြင်းထန်ပြီး ခက်ခဲသည့်မှုခင်းများကို ခရိုင်အဆင့်တွင်ကြားနာရန် လွှဲပြောင်းပေးလေ့ရှိပြီးအလား တူကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ အမှုစုံစမ်းစစ်ဆေးခြင်းနှင့် ကြားနာခြင်းများကို စီစဉ်ဆောင်ရွက်သည်။[221]

## တရားစီရင်ပိုင်ခွင့်

အချို့သောမြို့နယ်များတွင် KNPP တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများရှိသော်လည်း အမြဲတမ်းအုပ်ချုပ်ရေးရုံး မရှိပါ။ အစိုးရထိန်းချုပ်သည့်မြို့များဖြစ်သော လွိုင်ကော်နှင့် ဒီမောဆိုးမြို့များတွင် KNPP ရုံးများရှိပြီး မြို့နယ်အုပ်ချုပ် ရေးမှူးသည် KNPP ကိုဝန်းရံနေသည့်နယ်မြေများကို အုပ်ချုပ်

[217] KNPP အကြီးတန်း တရားစီရင်ရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ ပြည်ထဲရေးမှ လုံခြုံရေးတပ်သားများနှင့် ကာကွယ်ရေးဌာနမှ တပ်သားများသည် တာဝန်အချို့ထပ်နေရာ ရောထွေးနေပြီး KNPP အနေဖြင့် ယင်းတို့ကို ခွဲခြားရန် ဆောင်ရွက်နေပြီး မိမိတို့ အုပ်ချုပ်ရေးစနစ်ကို ပိုမိုလွယ်ကူထိရောက်စေမည်ဖြစ်သည်။

[218] KNPP နားလည်ထားသည့် ကရင်နီတိုင်းရင်းသားတွင် ကယား၊ ကယန်းနှင့် အခြားသော မျိုးနွယ်စုအခွဲများပါဝင်သည်။ ရှင်းလင်းမှု မရှိသည်မှာ မျိုးနွယ်စုအားလုံးအတွက် ကျင့်သုံးနိုင်သော ဓလေ့ထုံးတမ်းဥပဒေရှိသလား (သို့) မတူသော မျိုးနွယ်စုများအတွင်း တစ်နေရာမှ တစ်နေရာ ကွဲပြားမှုများရှိသလား ဆိုသည်ပင်ဖြစ်သည်။

[219] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[220] KNPP အကြီးတန်း တရားစီရင်ရေးဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။ အင်တာဗျူးဖြေကြားသူပြောကြားသည်မှာ "အနှစ်လေးငါးဆယ် ဖြစ်နိုင်ပေမယ့် သိပ်တော့မသေချာဘူး"

[221] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

စီမံရန်တာဝန်ရှိပြီး မြို့အတွင်း တရားဥပဒေဆိုင်ရာ ကိစ္စရပ်များကို ဝင်ရောက်မစွက်ဖက်မိအောင် သတိထားဆောင်ရွက်သည်။ ယင်းရုံးများကို KNPP ဆက်ဆံရေးရုံးများနှင့် ခွဲထုတ်ထားသည်။ မြို့နေပြည်သူများအနေဖြင့် ယင်းရုံးများတွင် တရားဥပဒေနှင့် ပတ်သက်၍ အကူအညီတောင်းခံနိုင်ပြီး အမှုအတွက် ကြားနာစီရင်မှုများ မပြုလုပ်နိုင်ပါ။ ပြည်သူများအနေဖြင့် ဆက်ဆံရေးရုံးများ တွင်လည်း တရားဥပဒေအကြံဉာဏ်များ တောင်းခံနိုင်သည်။[222]

## ပြစ်ဒဏ်များ

ပြစ်ဒဏ်များမှာ ရာဇဝတ်မှုအကြီးအသေးအပေါ် လိုက်၍ အပြောင်းအလဲရှိပြီး လိုအပ်သည့်အုပ်ချုပ်ရေးအဆင့်အလိုက် စီရင်ဆောင်ရွက်သည်။ မြို့နယ်အဆင့်တရားစီရင်ရေးကော်မတီသည် ထောင်ဒဏ် ၅ နှစ်နှင့်အထက်ဖြစ်စေ ငွေဒဏ် မြန်မာငွေငါးသိန်းနှင့်အထက်ဖြစ်စေ ချမှတ်စီရင်နိုင်ပြီး ခရိုင်အဆင့်တွင်မူ ထောင်ဒဏ် ၁၀ နှစ်နှင့် အထက်ဖြစ်စေ ငွေဒဏ် မြန်မာကျပ်တစ်သိန်းနှင့်အထက် ချမှတ်စီရင်ခွင့်အာဏာရှိသည်။ ဗဟိုအဆင့်တွင် မည်သည့်ထောင်ဒဏ်ဖြစ်စေ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်ပြီး လက်ရှိအချိန်တွင် KNPP ဗဟိုအဆင့်မှ သေဒဏ်ချမှတ်ခြင်းများ ရှိသော်လည်း သေဒဏ်အဖြစ် ထပ်မံချမှတ်ခြင်းများ မရှိတော့ပါ။[223]

တရားစီရင်ရေးဌာနမှ အရာရှိများ၏ ပြောပြချက်အရ ကျေးရွာအဆင့်တွင် အကျဉ်းထောင်များမရှိပါ။ ယခင်က တွင်တွင်ကျယ်ကျယ်သုံးခဲ့သည့် ခြေကျင်းခတ်ချုပ်နှောင်ခြင်းကိုလည်း ထပ်မံခွင့်ပြုခြင်းမရှိပါ။ အစိုးရနှင့် လက်ရှိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် အချိန်နှင့် စစ်အင်အားလှုပ်ရှားမှုနည်းပါးသည့်အချိန်များတွင် အကျဉ်းထောင်များကို မြို့နယ်၊ ခရိုင်နှင့် ဗဟိုတွင်ရှိသော ဌာနချုပ်များတွင် ထားရှိသည်။ ယခင်က စစ်ရေးလှုပ်ရှားမှုမြင့်သည့် အချိန်တွင်မူ အကျဉ်းသားများအား ထိုင်းနိုင်ငံနယ်စပ်ရှိ ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားခဲ့သည်။ လက်ရှိ အပစ်အခတ်ရပ်စဲထားသည့် အခြေအနေတည်ငြိမ်မှုများကြောင့် KNPP အနေဖြင့် ကယားပြည်နယ်အတွင်း ၎င်းတို့၏ ဗဟိုအကျဉ်းထောင်သစ်ကို တည်ဆောက်ရန် စီစဉ်ရန် အခွင့်အလမ်းရှိနေပြီဖြစ်သည်။[224]

## တပ်ပိုင်းဆိုင်ရာတရားစီရင်ရေးနှင့် စီစဉ်ထားသော ပြုပြင်ပြောင်းလဲရန်များ

ကရင်နီတပ်မှ တပ်သားတစ်ဦးသည် ရာဇဝတ်မှုများနှင့် ပတ်သက်ခဲ့ပါက အရပ်သားများအား စီရင်ဆောင်ရွက် သည့်အတိုင်း တရားစီရင်ရေးဌာနမှ ကိုင်တွယ်ဆောင်ရွက်သည်။ ပြင်းထန်သည့် ရာဇဝတ်မှုဖြစ်ပါက ဗဟိုအဆင့် အုပ်ချုပ်ရေးသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်သည်။ ၁၉၉၀ ပြည့်နှစ်များအလယ်ပိုင်းတွင် စစ်သားများအပါအဝင် ဥပဒေဆိုင်ရာများအတော်များများ အကြုံးဝင်သည့် အရေးပေါ်ဥပဒေတစ်ခုကို အသုံးပြုခဲ့သော်လည်း ယခုအချိန်တွင် ပယ်ဖျက်ပြီးဖြစ်သည်။[225]

KNPP တရားစီရင်ရေးဌာနအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်တို့ကို လိုက်နာဆောင်ရွက်ရန် ဆန္ဒရှိသော်လည်း လက်ရှိအချိန်တွင် ယင်းနိုင်ငံတကာဥပဒေလိုအပ်ချက်များကို အလုံးစုံမလိုက်နာနိုင်သေးပေ။ KNPP တရားစီရင်ရေးဌာနမှ မိမိတို့တရားစီရင်ရေးစနစ်တိုးတက်စေရန် နိုင်ငံတကာမှ ဥပဒေကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး လေ့ကျင့်ရန် ဆန္ဒရှိသော်လည်း လက်ရှိနိုင်ငံရေး အခြေအနေများအရ ကယားပြည်နယ်အတွင်း နိုင်ငံခြားသားများဝင်ရောက်မှုကို ကန့်သတ်ထိန်းချုပ်ထားသည့်အတွက် အခက်အခဲများ ရှိနေပါသည်။[226]

---

[222] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[223] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[224] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[225] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

[226] KNPP အကြီးတန်း တရားစီရင်ရေး ဌာန အရာရှိနှင့် အင်တာဗျူး၊ ၂၀၁၆။

အခန်း ငါး ။ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၏ EAA တရားစီရင်မှု

မြေပုံ (၃) : ရှမ်းပြည်နယ်တောင်ပိုင်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## မြေပုံ (၄) : ရှမ်းပြည်နယ်အရှေ့ပိုင်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ)

Myanmar Information Management Unit

# Shan State (East) - Myanmar




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၅.၁ - ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)

RCSS/SSA သည် ရွှေတြိဂံမူးယစ်ကုန်သွယ်မှု တွင်ပါဝင်သည့်အတွက် နာမည်ကြီးခဲ့သော ပြည်သူ့စစ် တစ်ဖြစ်လဲ သူပုန်ခေါင်းဆောင်ခွန်ဆာ၏ တပ်ဖွဲ့ဝင်တို့မှ နောက်ဆုံးပုံစံတမျိုးဖြင့် ထွက်လာသည့် ရှမ်းလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။[227] ခွန်ဆာ၏ မော်ထိုင်းတပ်ဖွဲ့ (Mong Tai Army-MTA) အနေဖြင့် ၁၉၉၆ ခုနှစ်တွင် လက်နက်ချသောအခါ ရှမ်းတပ်မှူး ယွက်ဆစ်၏ လက်အောက်မှတပ်ဖွဲ့များသည် လက်နက်ချရန် ငြင်းဆန်၍ ရှမ်းပြည်တော်လှန်ရေးတပ်မတော် (SURA) ကိုပြန်လည်ဖွဲ့စည်းသည်။ နောက်ပိုင်းတွင် ၎င်းအမည်ကို ရှမ်းပြည်တပ်မတော် ဟုပြောင်းလဲလိုက်ကာ RCSS ကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းလိုက်သည်။[228]

RCSS သည် ထိုင်းနယ်စပ်ရှိရှမ်းပြည်နယ်တစ်ဝိုက် အထူးသဖြင့် မိုင်းတုံနှင့် လန်းခိုမြို့နယ်တို့တွင် အမာခံနယ်မြေများရှိ၍ ပျောက်ကျားတပ်ဖွဲ့ များချထားသည့်အပြင် ရှမ်းပြည်တောင်ပိုင်းနှင့် အရှေ့ပိုင်းမှ ကျေးလက်နေပြည်သူများနှင့်ခိုင်မာသည့် ဆက်ဆံရေးရှိသည်။ ရှမ်းပြည်မြောက် ပိုင်းမြို့နယ်များဖြစ်သည့် နမ့်ခမ်း၊ ကျောက်မဲနှင့် သီပေါတို့တွင် တပ်ဖွဲ့မှတပ်စခန်းအချို့အသေချထား၍ ရွှေ့ပြောင်းနိုင်သောတပ်နေရာချထားမှု လည်းရှိသည်။[229] RCSS ၏ ဗဟိုဌာနချုပ်မှာ မြန်မာ-ထိုင်းနယ်စပ်ပေါ်ရှိ လွိုင်တိုင်လန်းတွင်ရှိသည်။[230]

RCSS/SSA ၏ အဖွဲ့အစည်းတည်ဆောက်ထားပုံသည် မြန်မာနိုင်ငံအရှေ့တောင်ဘက်မှအဖွဲ့များနှင့် တစ်နည်းတစ်ဖုံအားဖြင့် ကွဲပြားနေပြီး ၎င်းတွင် အပြိုင်သွားနေသည့် နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ ဖွဲ့စည်းပုံတစ်ရပ်မရှိပါ။ အမြင့်မားဆုံးအဖွဲ့မှာ တပ်အရာရှိများနှင့်ဖွဲ့စည်းထားသည့် ဗဟိုကော်မတီဖြစ်သည်။ ထိုအဖွဲ့က မူဝါဒများကို ချမှတ်၍ ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးမည့် အမှုဆောင်ကော်မတီတို့ကို ရွေးချယ် တင်မြှောက်သည်။ အဖွဲ့အစည်းကို ကြီးစဉ်ငယ်လိုက်အမိန့်ပေးမှုပုံစံအောက်တွင်ရှိသည့် စစ်သားများစွာဖြင့်ဖွဲ့စည်းထားသည်။

RCSS တွင် အဓိကဌာန (၁၄) ခုရှိသည်။ အရပ်ဖက်ရေးရာစီမံခန့်ခွဲမှုဌာနတွင် အရပ်ဖက်ရေးရာစီမံခန့်ခွဲမှု၌ အထူး သင်တန်းပေးထားသည့် စစ်သားများဖြင့် ဖွဲ့စည်းထားသော "စီမံတပ်ရင်း" (၂၀) ထက်ပို၍ ရှိပါသည်။ ယင်းတပ်ရင်းတို့မှာ ကာကွယ်ရေးဌာနမှ "စစ်ဆင်ရေးတပ်ရင်း" တို့နှင့်အတူ လက်တွဲလုပ်ဆောင်ပါသည်။ ထိုတပ်ရင်းများအား RCSS ဒေသ ၅ ခုတွင် ဖြန့်ကျက်ထားကာ ရပ်ရွာတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ရေး အတိုင်းအတာတစ်ခုကို ကျင့်သုံးနိုင်ပြီး ကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့် နှင့်မြို့နယ်အဆင့်တို့တွင် ရုံးထိုင်သည့် အမှုထမ်းများရှိသည်။ အခြားသောဌာနအများစုမှာ အဓိကအားဖြင့် ဗဟိုဌာနချုပ်တွင်တည်ရှိပြီး ရပ်ရွာအဆင်မှ စီမံတပ်ရင်းတို့ဖြင့် ပူးပေါင်းလုပ်ဆောင်သည်။[231]

### အဖွဲ့အစည်းများ၊ တည်ဆောက်ပုံများနှင့် အခြေခံလုပ်ငန်းစဉ်အဆင့်ဆင့်

RCSS ၏ တရားစီရင်ရေးဌာနသည် မြို့နယ်နှင့် ဗဟိုအဆင့်တွင် လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်နိုင်ခြေရှိပါက ဒေသအဆင့်တွင် လည်းဆောင်ရွက် ပါသည်။ သို့သော် ၎င်း၏ အခန်းကဏ္ဍကို သေချာရှင်းလင်းစွာ မသိရပေ (သို့) ၎င်း ဌာနအနေဖြင့် တရားသူကြီးများကို ကြီးကြပ်ကွပ်ကဲရခြင်းနှင့် သီးသန့်ဥပဒေများကို ရေးဆွဲရမှုရှိ၊ မရှိမှာလည်း မရှင်းလင်းပေ။[232] ဗဟိုအဆင့်တွင် တရားသူကြီးများမရှိပါ။ ဆုံးဖြတ်ချက်အားလုံးသည် လက်ရှိ တွင် ဒုတိယဗိုလ် ချုပ်ကြီးလည်းဖြစ်၍ RCSS/SSA ၏ အလိုအလျောက်ခေါင်းဆောင်ဖြစ်သည့် ယွက်ဆစ်ထံမှလာသည်ဟု ဆိုကြသည်။[233] RCSS ၏ စစ်တပ်ဆန်သော ဖွဲ့စည်းပုံတွင် စစ်သားများသည် စနစ်တစ်လျှောက်လုံးတွင် ပါဝင်နိုင်ခြေရှိပြီး စီမံတပ်ရင်းများတွင်လည်း စစ်သားများ ပါဝင်ပါသည်။[234] အဆင့်တစ်ခုချင်းစီတွင် ရာဇဝတ်မှုနှင့် တရားမမှုများ ကို ကိုင်တွယ်ဖြေရှင်းရန်တာဝန်ရှိသည့် သီးသန့်အရာရှိများရှိပြီး ၎င်းအနေ ဖြင့် ဗဟိုတရားစီရင်ရေးစနစ် (သို့) ဌာန ဖွဲ့စည်းပုံ (သို့) သီးသန့်စည်းမျဉ်းတို့အောက်တွင် ရှိနေပုံမရပါ။

RCSS တွင် ရဲတပ်ဖွဲ့မရှိသော်လည်း ၎င်း၏ ထိန်းချုပ်မှုအောက်၌ ကျေးရွာအုပ်စုတစ်ခုချင်းစီအတွက် ယောက်ကျား (၁၀-၁၂) ယောက် အထိ

[227] လက်ရှိတွင် ပြည်သူ့စစ်တပ်ဖွဲ့ဖွဲ့စည်းထားသည့် အုပ်စုအချို့တွင် တရုတ်တိုင်းရင်းသားအများစု စိုးမိုးထားသော်လည်း ခွန်ဆာသည် ရှမ်းနှင့်တရုတ်အစပ်ဖြစ်၍ ရှမ်းအမျိုးသားအဖြစ်ရပ်တည်ခဲ့သည်။

[228] SURA သည် ကနဦးအစ၌ MTA မှခွဲထွက်အဖွဲ့ဖြစ်သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) နှင့်နီးစပ်၍ တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။ သို့ရာတွင်အစိုးရဘက်မှ အဖွဲ့အားလုံးကို အုပ်စုတစ်ခုအဖြစ် ဆွေးနွေး ရန်ငြင်းဆိုခဲ့ပြီး SSNA မှ အပစ်အခတ်ရပ်စဲရေးကို အကြွင်းမဲ့သဘောဖြင့် လက်မှတ် ထိုးခဲ့သည်။ ယွက်ဆစ်အဖွဲ့ကမူ လက်မှတ်မထိုးခဲ့ပါ။ ထို့နောက် SSNA ကို ၂၀၀၀ ခုနှစ်များအလယ်လောက်တွင် ဖျက်သိမ်း လိုက်၍ RCSS/SSA မှ ၎င်း၏တပ်ဖွဲ့အများစုကို သိမ်းသွင်းယူခဲ့သည်။

[229] Jolliffe 2015, op. cit., 65-66. SSA သည် ၎င်း၏စစ်ဆင်ရေးနယ်မြေကို ကျိုင်းတုံ၊ မိုင်းတုံ၊ ပင်လုံ၊ ဟိုမိန်းနှင့် လွိုင်တိုင်လန်းဟူ၍ (၅) ပိုင်းခွဲထားသည်။ နယ်မြေများမှာ အရွယ်အစားအားဖြင့်ကွဲပြား၍ အစိုးရမှသတ်မှတ်ထားသည့် မြို့နယ်တစ်ခုမှ သုံးမြို့နယ်အထိကို အကြုံး ဝင်သည်။

[230] Jolliffe 2015, ibid., 65-66. ဇန်နဝါရီလ၊ ၂၀၁၂တွင် RCSS နှင့်အစိုးရကြားရှိ သဘောတူညီချက်တစ်ခုက လန်းခိုမြို့နယ်၏ မြို့နယ်ခွဲအဖြစ် ဟိုမိန်းနှင့် မိုင်းတုံမြို့နယ်၏ မြို့နယ်ခွဲအဖြစ် မုန်းထတို့ကို RCSS ဗဟိုဌာနချုပ်၏ စီမံရေးရာနှင့် ဖွံ့ဖြိုးတိုးတက်မှုနယ်မြေများအဖြစ် သတ်မှတ်ခဲ့သည်။ RCSS အား ယင်းနယ်မြေများမှအရပ်သားများကို အုပ်ချုပ်ရန် အာဏာပေးအပ်ခဲ့သည်။

[231] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ထားသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး။ Jolliffe 2015, op. cit. pp. 65-66.

[232] ရှမ်းသတင်းစာဆရာတစ်ဦးနှင့်အင်တာဗျူး (၂၀၁၆)။

[233] ရှမ်းရပ်မိရပ်ဖတို့အပြင် သမိုင်းပညာရှင်တို့ဖြင့်အင်တာဗျူး (၂၀၁၆)။

[234] ရှမ်းရပ်မိရပ်ဖတို့အပြင် သမိုင်းပညာရှင်တို့ဖြင့်အင်တာဗျူး (၂၀၁၆)။

ပါဝင်သည့် ပြည်သူ့စစ်တို့ကို ဖွဲ့စည်းပေးထားပြီး ထိုသူတို့တွင် ဖမ်းဆီးနိုင်ခွင့် ရှိ သည်။ SSA မှ စစ်သားများသည်လည်း စွပ်စွဲခံရသူတစ်ဦးချင်းကို ဖမ်းဆီးရန် ဆင့်ခေါ် နိုင်သည်။[235]

RCSS/SSA ၏ ခေါင်းဆောင်မှုဓလေ့တို့မှာ ၁၉၆၀ ခုနှစ်များဆီက ယခင်ဖွဲ့အစည်းများထံမှ အမွေဆက်ခံထားခြင်း ဖြစ်သည်။ ယင်းအဖွဲ့အစည်းများတွင် Shan National United Front (SNUF)၊ တိုင်လန်းအမျိုးသားတပ် (TNA)၊ SURA၊ MTA နှင့် ရှမ်းပြည်အမျိုးသားတပ်တို့ ပါဝင်သည်။ ထိုအဖွဲ့အစည်းများတွင် မည်သည့်အဖွဲ့အစည်း၌မဆို ကောင်းမွန်စွာတည်ဆောက်ထားသည့် တရားစီရင်ရေးစနစ်များမရှိသော်လည်း သူတို့၏ ခေါင်းဆောင်အချို့သည် မြန်မာပြည်အလယ်ပိုင်းရှိ တက္ကသိုလ်များကိုတက်ရောက်ခဲ့ကြသူများ သို့မဟုတ် ထိုတက္ကသိုလ်များတွင် တက်ရောက်ခဲ့ကြသည့် ရှမ်းပညာတတ်တို့၏ လွှမ်းမိုးမှုခံရသူများဖြစ်သည်။ အချို့သတင်းများကမူ ထိုအတွေ့အကြုံသည် ဗြိတိသျှတို့အုပ်ချုပ်ခဲ့သည့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးဓလေ့နှင့် ရိုးရာရှမ်းပြည်၏ ဓလေ့ထုံးတမ်း တရားစီရင်ရေးစနစ်တို့၏ လွှမ်းမိုးမှုဟု ဆိုပါသည်။[236]

## တရားစီရင်ရေးကို စီမံခန့်ခွဲအုပ်ချုပ်ပုံ

ဤစာတမ်းအတွက် သတင်းရင်းမြစ်အတော်များများကမူ RCSS/SSA နယ်မြေများ၏ ဝေးလံသီခေါင်မှုနှင့် အဖွဲ့အစည်း၏ အခြေခံအကျဆုံးများလောက်သာ ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် အများအားဖြင့် ကျေးရွာအဆင့်တွင် တရားစီရင်ရေးလုပ်ဆောင်ရာ၌ ဓလေ့ထုံးတမ်းလုပ်ထုံးလုပ်နည်းများအပေါ် ကိုသာ ကြီးမားစွာ မှီခိုနေရဆဲဖြစ်သည်ဟုဆိုပါသည်။ ယင်းမှာရှမ်းရပ်ရွာအသိုင်းအဝိုင်းအတွက်သာမကပဲ လားဟူနှင့် အခါတို့ကဲ့သို့ RCSS/SSA ထိန်းချုပ်ထားသည့်ဒေသများတွင် နေထိုင်ကြသော အခြားတိုင်းရင်းသားအုပ်စုများတွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ယင်းလုပ်ထုံးလုပ်နည်းများမှာ သီးသန့်ဥပဒေများကိုလိုက်နာခြင်း (သို့) ထိန်းသိမ်းခြင်းထက် လူမှုရေးအရ သဟဇာတဖြစ်မှုကိုပို၍ ရည်ရွယ်ထားသည်ဟု ဆိုထားသော်လည်း အသုံးပြုသည့်နည်းလမ်းတို့မှာ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်၍ ဒေသခံတို့၏ မျက်လုံးထဲတွင်မူ လုပ်ပိုင်ခွင့် အာဏာအဆင့်တစ်ခုကိုထိန်းသိမ်းထားသည့် သဘောဖြစ်သည်။[237]

ရှမ်းသတင်းအရင်းအမြစ်အတော်များများ၏ အဆိုအရ ရှမ်းရပ်ရွာလူထုနှင့် RCSS/SSA တို့သည် ရှမ်းစော်ဘွား များထံမှ ဆင်းသက်လာသည့် ရိုးရာဓလေ့ထုံးတမ်းဥပဒေအမျိုးမျိုးကို ဆက်လက်အသုံးပြုကြဆဲဟုဆိုသည်။ ၎င်း ရိုးရာဓလေ့ထုံးတမ်းဥပဒေများကို နှစ်ပေါင်းရာချီ၍ အသုံးပြုခဲ့ကြကာ ၁၉၅၉ ခုနှစ်အထိ အသုံးပြုခဲ့ကြသည်။ ထိုဥပဒေများတွင် ရာဇဝတ်မှုတစ်ခုချင်းစီအတွက် သီးသန့်ပြစ်ဒဏ်များထည့်သွင်းပြဋ္ဌာန်းထားကာ တခါတရံ ခံရသူကို နစ်နာကြေးပေးရခြင်းများလည်းပါဝင်သည် (အခြားပြစ်ဒဏ်များကို အောက်တွင် ဆွေးနွေးထားသည်) ။[238]

သဘာဝအားဖြင့် ကျေးရွာတစ်ရွာတွင် တရားမမှု (သို့) ရာဇဝတ်မှုတို့ဖြစ်ပွားပါက ရွာသူကြီးအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်ထားသည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ အမှုကိုကိုင်တွယ်ရန် ဖြစ်သည်။ ဤကော်မတီများသည် ရာဇဝတ်မှုခင်းအသေးလေးများနှင့် ကွာရှင်းပြတ်စဲမည့် အမှုများအတွက်ပြေရာပြေကြောင်းဖြစ်စေရန်ကြားဝင်ဆောင်ရွက် သည်။[239]ထို့နောက်သူတို့သည်ပိုမိုကြီးမားသောအမှုများအားကျေးရွာအုပ်စုအဆင့်သို့ လွှဲပြောင်းပေးသည်။ ကျေးရွာအုပ်စုအဆင့်တွင် မုဒိမ်းကျင့်ခြင်းနှင့် ခိုးမှုတို့အပါအဝင် အချို့အမှုများအား တရားစီရင်နိုင်သည့်အာဏာရှိ၍ အချို့ဒေသတွင်မူ လူသတ်မှုကို တရားစီရင်နိုင်သည့် အာဏာမရှိပါ။[240] RCSS အနေဖြင့် လူသတ်မှုကို မြို့နယ်အဆင့်သို့ တင်ပြရန်လိုအပ်ပြီး စီမံတပ်ရင်းမှဝန်ထမ်းသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။ အခွန်ရှောင်တိမ်းမှုနှင့် RCSS/SSA ၏ လုပ်ရှားဆောင်ရွက်မှုများကို အစိုးရအား သတင်းပေးသည်ဟု ယူဆရသူများနှင့်ပတ်သက်၍ စီမံတပ်ရင်းမှဝန်ထမ်းသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။[241] RCSS/SSA စနစ်တွင် အမှုစစ်ဆေးစီရင်ပုံနှင့်ပတ်သက်၍ ရရှိနိုင်သည့် သီးသန့်သတင်းအချက်အလက်အနည်းငယ်သာရှိသည်။ သို့ရာတွင် ရင်းမြစ်တစ်ခု၏ အဆိုအရ တရားစီရင်ရန်အတွက် ကော်မတီများကို သင့်လျော်သည့် စီမံခန့်ခွဲရေးအဆင့်တွင် ဖွဲ့စည်းကြကြောင်းသိရ သည်။[242]

## ပြစ်ဒဏ်များ

ရာဇဝတ်မှုအများစုအတွက် ကျေးရွာဓလေ့ထုံးတမ်းဥပဒေ (သို့) RCSS/SSA ၏ တရားစီရင်ရေးစနစ်မှ ချမှတ်သည့် လျော်ကြေး (သို့) ပြစ်ဒဏ်အဆင့်များနှင့်ပတ်သက်၍ ရရှိနိုင်သည့် သတင်းအချက်အလက်အနည်းငယ်သာရှိပါသည်။ သတင်းရင်းမြစ်တစ်ခုအဆိုအရ စော်ဘွား များခေတ်မှ အမွေဆက်ခံလာသည့် ဓလေ့ထုံးတမ်းဥပဒေများတွင် မှုခင်းကြီးများအတွက သေဒဏ်ချမှတ်ပိုင်ခွင့်ရှိသော်လည်း၊ သေဒဏ်ပေးခဲ့ပြီး

---

235 ရှမ်းသတင်းစာဆရာတစ်ဦးနှင့်အင်တာဗျူး (၂၀၁၆)။ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

236 ယခင် CPB နှင့် UWSP တို့၏ တာဝန်ရှိသူတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

237 ရှမ်းရပ်မိရပ်ဖတို့အပြင် သမိုင်းပညာရှင်တို့ဖြင့်အင်တာဗျူး (၂၀၁၆)

238 ရှမ်းရပ်မိရပ်ဖတို့အပြင် သမိုင်းပညာရှင်တို့ဖြင့်အင်တာဗျူး (၂၀၁၆)

239 ရှမ်းရပ်မိရပ်ဖတို့အပြင် သမိုင်းပညာရှင်တို့ဖြင့်အင်တာဗျူး (၂၀၁၆)။ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (တောင်ကြီး၊ မတ်လ၊ ၂၀၁၆)။

240 ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

241 ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

242 ယခင်က SNDP လွှတ်တော်အမတ်အပြင် CBO ၏ခေါင်းဆောင်နှင့်အင်တာဗျူး (၂၀၁၆)။ ရှမ်းသတင်းစာဆရာနှင့် အင်တာဗျူး (၂၀၁၆)။

လူသတ်မှုကဲ့သို့ အမှုများပင် သံကွင်းခတ်၍ ထောင်ချထားခြင်းမျှသာ ပြစ်ဒဏ်ပေးခြင်းများရှိသည်။[243] ယနေ့အချိန်တွင် RCSS အနေဖြင့် သေဒဏ်ချမှတ်ခြင်းရှိ၊ မရှိနှင့်ပတ်သက်၍ ပြောဆိုချက်အမျိုးမျိုးရှိနေပါသည်။[244] သတင်းရင်းမြစ်တစ်ခု အဆိုအရ မြို့နယ်အာဏာပိုင်များမှ အပြစ်ရှိကြောင်းသတ်မှတ်ပြီးသည်နှင့်တစ်ပြိုင်နက် SSA အနေဖြင့် သေဒဏ်စီရင်ရန်အတွက် ရိုးရိုးစစ်သားများကို ဆင့်ခေါ် နိုင်သည်ဟုဆိုသည်။ ရင်းမြစ်တစ်ခုအဆိုအရ RCSS/SSA သည် သေဒဏ်စီရင်ခြင်းကို ညအခါ၌ လူထုမျက်ကွယ်ရာတောထဲတွင် ပြုလုပ်ရမည့် မူဝါဒတစ်ခုရှိသည်ဟုဆိုသည်။[245]

ရှမ်းပြည်နယ်တွင် မူးယစ်ဆေးမှုမှာ အဓိကမှုခင်းတစ်ရပ်ဖြစ်သည်။ ပထမဆုံးပြစ်မှုကျူးလွန်ခြင်းအတွက် တရားခံကို RCSS/SSA အာဏာပိုင်များက သတိပေးစာပေးပို့သည်။ ဒုတိယအကြိမ်ထပ်မံကျူးလွန်ပါက တရားခံ အားဖမ်းဆီး၍ ထောင်ချခြင်းသို့ စစ်သားအဖြစ်တာဝန်ထမ်းဆောင်စေခြင်းတို့အနက်မှ တစ်ခုကိုရွေးချယ်ခွင့်ပေး ထားသည်။[246]

RCSS တွင် လွိုင်တိုင်လန်ရှိ ဌာနချုပ်၌ ဗဟိုထိန်းသိမ်းရေးစခန်းနှင့် အကျဉ်းထောင်နှစ်ခုလုံးရှိပါသည်။ အမြဲတမ်းအကျဉ်းထောင်တွင် မြေကြီးထဲသို့တူးထားသည့် တွင်းများပါဝင်သည်။[247] ယင်းတွင်းများမှာ ဖန်ဘူးပုံသဏ္ဍာန်ဖြစ်၍ ထိပ်ဝတွင်ဝင်ပေါက်ငယ်လေးရှိပြီး ပေ (၂၀) ခန့်နက်ပါသည်။ ထိုတွင်းများမှာ လူတစ်ကိုယ်ထိုင် နိုင်ရုံသာဖြစ်၍ ပင်ပန်းဆင်းရဲစွာနေရမည်ဖြစ်သည်။ တွင်းအတွင်းတိုက်ပိတ်ထားခြင်းအတွက် အနည်းဆုံးပြစ်ဒဏ်သတ်မှတ်ရက်မှာ ရက် (၂၀) ဖြစ်သည်။ သိရသည်မှာ ထိုတွင်းအတွင်း ပြစ်ဒဏ်ခံရမည်ကို အလွန်ကြောက်ရွံ့ကြပါသည်။ ကြာရှည်စွာတိုက်ပိတ်ခံရပါက အသားအရောင်များသည် အဝါဘက်သို့ပြောင်းသွား၍ တွင်းထဲတွင် (၂၅) ရက်နှင့် ထို့ထက်ပို၍ကြာအောင်နေပြီးသည့်သူများမှာ သေဆုံးတတ်ကြပါသည်။ RCSS/SSA ၏ စစ်ဆင်ရေးနှင့် စီမံတပ်ရင်းအချို့ရှိ စစ်ဆင်ရေးနယ်မြေများ၌ ထိုတွင်းပုံစံကို အသုံးပြုထားသည့် ယာယီထိန်းသိမ်းရေးစခန်းများလည်းရှိ သည်။[248]

လွိုင်တိုင်လန်း၏ ထိန်းသိမ်းရေးစခန်းကို အဓိကအားဖြင့် မူးယစ်ဆေးမှုကျူးလွန်သူများအတွက် အသုံးပြုသည်။ ယင်းစခန်းကိုနှစ်ပိုင်းခွဲထားပြီး တစ်ပိုင်းမှာ မူးယစ်ဆေးရောင်းသူများနှင့် သုံးသူများအတွက်ဖြစ်ပြီး ကျန်တစ်ပိုင်းမှာ ဆေးစွဲနေသူများကို ပြန်လည်ပြုစုပျိုးထောင်ပေးရန်ဖြစ်သည်။[249] ပြန်လည်ပြုစုပျိုးထောင်ရေးစခန်း၏ အကြမ်းဖျင်းရည်ရွယ်ချက်မှာ ပင်ပန်းသည့်အလုပ်များ လုပ်ဆောင်စေခြင်းအပါအဝင် လက်တွေ့ကျသည့်နည်းလမ်းများကိုအသုံးပြု၍ဆေးစွဲနေသူ၏အပြုအမူနှင့်တွေးခေါ် မှုတို့ကိုပြောင်းလဲပစ်ရန်ဖြစ်သည်။[250] စီမံတပ်ရင်းများအနေဖြင့် ဝေးလံသီခေါင်သည့် တောတွင်းဒေသများတွင်လည်း ဆေးစွဲနေသည့် လူငယ်များအတွက် ပြန်လည်ပြုစုပျိုး ထောင်ရေးစခန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။ ထိုတောစခန်းများတွင် ပြန်လည်ပြုစုပျိုးထောင်ခြင်းခံရပါက သုံးလမှ ခြောက်လအထိကြာတတ်ပါသည်။[251] လူငယ်များကို ပြန်လည်ပြုစုပျိုးထောင်ပေးပြီးနောက် RCSS နှင့် ချိတ်ဆက်နိုင်ခြင်း (သို့) သူတို့၏နေရင်းကျေးရွာသို့ပြန်ခြင်း နှစ်ခုအနက်တစ်ခုကို ရွေးချယ်နိုင်ပါသည်။[252] ၂၀၁၆ ခုနှစ်တွင်ထုတ်ခဲ့သည့် Myanmar Times စာစောင်အရ "၁၉ ရွာအုပ်စု" ဟုခေါ်သည့် ဒေသခံအရပ်ဖက်အဖွဲ့အစည်းမှ ဦးဆောင်သည့် တရုတ်နယ်စပ်မူဆယ်မြို့ရှိ ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းသည် ဧကန်မှာမူ မူးယစ် ဆေးစွဲနေသူများ၊ အရက်စွဲနေသူများနှင့် လောင်းကစားသမားများအတွက် RCSS ၏ ထိန်းသိမ်းရေးစခန်းတစ်ခုဖြစ်သည်။ လူပြောသူပြောအရ RCSS နှင့်ဆန့်ကျင်သည့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်ကို ကူညီပေးသည်ဟု သံသယရှိသူတို့အား ထိန်းသိမ်းရန်အတွက်လည်းစခန်းကို အသုံးပြုသည်။[253]

## ၅.၂ - ပအိုဝ်အမျိုးသားတပ်မတော် (PNA)

PNA သည် ၂၀၀၉ ခုနှစ်တွင် တပ်မတော်၏တရားဝင်အမိန့်အောက်၌ ပြည်သူ့စစ်တပ်ဖွဲ့ဖြစ်လာခဲ့သည်။ ထိုအချိန်က PNA သည် ပအိုဝ်အမျိုးသားအဖွဲ့ (PNO) မှသီးခြားခွဲထွက်ခဲ့ပြီး အကြောင်းမှာ PNO အနေဖြင့် ၂၀၁၀ ရွေး ကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်စေရန်ဖြစ်သည်။ PNA သည် ရှမ်းပြည်တောင်ပိုင်းရှိ အဓိကမြို့နယ်များနှင့် အချို့ထိစပ်နယ်မြေများတွင် အာဏာသက်ရောက်သည်။

[243] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[244] ရှမ်းသတင်းစာဆရာနှင့် အင်တာဗျူး (၂၀၁၆)။ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိ သည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[245] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[246] ယခင်က SNDP လွှတ်တော်အမတ်အပြင် CBO ခေါင်းဆောင်နှင့်အင်တာဗျူး (၂၀၁၆)။

[247] ရှမ်းသတင်းစာဆရာတစ်ဦးနှင့်အင်တာဗျူး (၂၀၁၆)။

[248] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[249] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။ ထိုနေရာကို ထိန်းသိမ်းရေးစခန်းအဖြစ်ရည်ညွှန်း၍ အကျဉ်းထောင်ဟု ရည်ညွှန်းမထားပါ။

[250] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[251] အင်တာဗျူးဖြေကြားသူတစ်ဦး၏အမြင်မှာ ပြန်လည်ပြုစုပျိုးထောင်ရေးမှာ အောင်မြင်သည်က ရှားသည်ဟူ၍ဖြစ်သည်။

[252] ရှမ်းရပ်မိရပ်ဖတို့အပြင် သမိုင်းပညာရှင်တို့ဖြင့်အင်တာဗျူး (၂၀၁၆)။

[253] See Fiona MacGregor and Thu Thu Aung, "Freed from prison hell in northern Shan - by the Tatmadaw" The Myanmar Times (8 April 2016).

PNA သည် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (SAZ) အဖြစ်သတ်မှတ်ထားသည့် စီဟန်၊ ဟိုပုန်းနှင့် ပင်လောင်းမြို့နယ် (၃) မြို့နယ်တွင် အသက်အဝင်ဆုံးဖြစ်ပြီး PNO အနေဖြင့် ယင်းမြို့နယ် (၃) ခုတွင် ရွေးကောက်ပွဲအား ဆက်တိုက်အနိုင်ရရှိထားသည်။ ထို့ကြောင့် PNO သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဦးဆောင်နေသည့် အုပ်ချုပ်ရေးကိုယ်ထည်တစ်ခုပင်ဖြစ်သည်။ သို့ရာတွင် အဓိကအားဖြင့် ယင်းမြို့နယ်များကို ရိုးရိုးမြို့နယ်များကဲ့သို့ပင် ဆက်လက်စီမံအုပ်ချုပ်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် PNA သည် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နှင့် ပအိုဝ့်လူမျိုးများနေထိုင်ကြသည့် အနီးအနားမြို့များတွင်လည်း တရားဝင်မဟုတ်သော်လည်း စီမံအုပ်ချုပ်မှု သိသာစွာရှိနေသည်။ PNA သည် ၎င်း၏ လုံခြုံရေးတာဝန်ကိုကျော်လွန်၍ တရားဝင်အခွင့်အာဏာမရှိသော်လည်း ရပ်ရွာအုပ်ချုပ်ရေး၌ ၎င်း၏အခန်းကဏ္ဍကို အစိုးရမှ ပွင့်လင်းစွာ နေရာပေးထားသောကြောင့် နောက်ပိုင်း အပြန် အလှန်ပူးပေါင်းဆောင်ရွက်မှု လွယ်ကူချောမွေ့စေမည့် သဘောရှိသည်။ PNA သည် အရပ်သား စီမံအုပ်ချုပ်သည့် ဌာနအတော်များများကို ထိန်းသိမ်းထားပြီး မှုခင်းကိစ္စများအပါအဝင် နယ်ပယ်များစွာတွင် အစိုးရကို ကူညီပေးသည့် တာဝန်ရှိသည့် အဖွဲ့အစည်းပုံစံကဲ့သို့လည်း ထမ်းဆောင်ရပါသည်။[254] သို့ရာတွင် တရားစီရင်ရေးကဏ္ဍတွင် ၎င်း၏အခန်းကဏ္ဍမှာ အဓိကအားဖြင့် တရားခံကိုဖမ်းခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အစိုးရစနစ်မှတဆင့် လွှဲပြောင်းပေးခြင်းသာ ဖြစ်ဟန်ရှိသည်။

PNA တွင် ၎င်း၏ ကိုယ်ပိုင် နယ်မြေ စီမံအုပ်ချုပ်မှုပုံစံရှိ၍ လုပ်ငန်းဆောင်ရွက်မှုနယ်မြေကို စန္ဒာ၊ စန္ဒာသူရိယ၊ မြင်းမိုရ် နှင့် ပရာဘဝ ဟူသော ဇုန် (၄) ခုအဖြစ်သို့ခွဲခြားထားပါသည်။ ယင်းဇုန်တို့မှာ အစိုးရ၏ မြို့နယ်ပုံစံနှင့် ပတ်သက်ဆက်နွယ်မှုမရှိပါ။ ယင်းဇုန်များကို မြို့နယ်နှင့် ကျေးရွာအုပ်စုများအဖြစ်သို့ ထပ်မံပိုင်းခြားထားသည်။ PNA ဌာနများ၏ ကိုယ်စားလှယ်များကို PNA တပ်မတော်အမိန့်ပေးစနစ်တည်ဆောက်ပုံနှင့်အပြိုင် အုပ်ချုပ်ရေးအဆင့် တစ်ခုချင်းစီတွင် နေရာချထားပြီး အစိုးရတာဝန်ရှိသူများနှင့် ပုံမှန်ပူးပေါင်းဆောင်ရွက်ရပါသည်။[255]

PNA နယ်မြေများရှိ ကျေးရွာတစ်ခုချင်းစီတွင် ကျေးရွာခေါင်းဆောင်တစ်ဦးနှင့် ကျေးရွာသူကြီးတစ်ဦး တို့ရှိပါသည်။ သေးငယ်သည့်ကျေးရွာ အချို့တွင်မူ ထိုနှစ်နေရာအတွက် ပုဂ္ဂိုလ်တစ်ဦးတည်းသာရှိသည်။ ကျေးရွာသူကြီးမှာ လူထုထဲမှဖြစ်ပြီး အစဉ်အားဖြင့် သူတို့၏ကောင်းကျိုးဆောင်ရွက်မှုနှင့် ပညာရေးအဆင့်အတန်းပေါ် မူတည်၍ ရွာသားတို့အကြားမှ ရွေးချယ်ထားခြင်းဖြစ်သည်။ ကျေးရွာခေါင်းဆောင်ကို PNA တို့က ရွေးချယ်ပြီး လူငယ်များ (သို့) တစ်ခါတစ်ရံတွင် စစ်ပြန်များကို ရွေးချယ်တတ်သည်။ ကျေးရွာသူကြီးသည် အမှုအချို့ကို တရားစီရင်ဆုံးဖြတ်နိုင်စွမ်းရှိသည်။[256] PNA နယ်မြေများရှိ ကျေးရွာအများစုတွင် တိုင်းရင်းသားအုပ်စု တစ်ခုတည်းသာ ရှိတတ်သော်လည်း အနည်းငယ်ခန့်မှာ ပအိုဝ့်နှင့် ရှမ်းစပ်ထားသူများလည်းရှိတတ်သည်။ PNA နယ်မြေမှ ရှမ်းကျေးရွာများတွင် သူတို့၏ ကိုယ်ပိုင်ခေါင်းဆောင်များကို ရွေးချယ်နိုင်သည်။[257] ကျေးရွာအဆင့်အာဏာပိုင်တို့သည် ပထမဦးဆုံးအနေဖြင့် PNA နှင့်သာလက်တွဲလုပ်ဆောင်ရသည်။ အကြောင်းမှာ အစိုးရတွင် ထိုအဆင့်၌ တ ရားဝင်ကိုယ်စားလှယ်များ မထားရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် PNA အနေဖြင့် ကျေးရွာအဆင့်၌ ၎င်း၏ အခန်းကဏ္ဍမှာ အလွန်ကြီးမားကြောင်း၊ ၎င်းအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားလူပ်ရှားဆောင်ရွက်မှုများအတွက် အရေးပါကြောင်းတို့ကို ထုတ်ဖော်ပြောဆိုခဲ့သည်။[258]

### ဥပဒေများ

PNA တွင် ၎င်းလုပ်ဆောင်နေသော နယ်မြေများမှ အရပ်သားများအတွက် အကြုံးဝင်သည့် ၎င်းတို့ကိုယ်ပိုင် စည်းမျဉ်းများစွာရှိသည်။ ထိုစည်းမျဉ်းဥပမာများတွင် ကျေးရွာထဲ၌ ခွေးများကို မွေးခွင့်မပြုထားဘဲ အကြောင်းမှာ ခွေးများက လူတို့က နှောင့်ယှက်သောကြောင့်ဖြစ်သည်။ ကြက်များကိုလည်း ကျေးရွာထဲတွင် မွေးမြူခွင့်မရပါ။ သို့သော်ကျေးရွာပြင်ပတွင် မွေးမြူနိုင်ပါသည်။ အချို့ပအိုဝ့်စီးပွားရေးသမားများကမူ ယင်းမှာလူအများကြား စည်းကမ်းလိုက်နာရန်နှင့် ဘာသာရေးအဆုံးအမအတိုင်းနေရန် အားပေးခြင်းဖြစ်ကြောင်းရှင်းပြပါသည်။[259] ရာဇဝတ်မှုကြီးများအတွက် အစိုးရဥပဒေတို့ကို လိုက်နာကြရသည်။[260] အခြားနယ်မြေများတွင်ကဲ့သို့ပင် ရာဇဝတ်မှုအသေးများနှင့် အငြင်းပွားမှုများမှာမူ မျိုးဆက်တဆက်ပြီးတဆက် လက်ဆင့်ကမ်းလာသည့် ဓလေ့ထုံးတမ်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုရသည်။

## တရားစီရင်ရေးလုပ်ငန်းစဉ်များ

*လွှဲပြောင်းပုံအဆင့်ဆင့်နှင့် တရားခွင်လုပ်ထုံးလုပ်နည်းများ*

မှုခင်းငယ်များနှင့် တရားမဆိုင်ရာအငြင်းပွားမှုတို့ကို ရွာသူကြီးမှ ကိုင်တွယ်ဖြေရှင်းသည်။ ယင်းကိစ္စရပ်များကို ဖြေရှင်းရာတွင် များသောအားဖြင့် အနည်ညာတစီရင်ခြင်းနှင့် ဓလေ့ထုံးတမ်းလုပ်ထုံးလုပ်နည်းတို့ကို အသုံးပြုကြသည်။ များသောအားဖြင့် မှုခင်းများကို ရွာသူကြီး၏ ဦးဆောင်မှုဖြင့်

[254] Jolliffe 2015, op. cit., 64. ထိုဌာနများတွင် စီမံရေးရာ၊ စီးပွားရေး၊ သတင်းအချက်အလက်ရေးရာနှင့် အဖွဲ့အစည်း ဆိုင်ရာဌာနတို့ပါ ဝင်သည်။

[255] Jolliffe 2015, ibid, 64.

[256] PNA မှအကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[257] PNA မှအကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

258Jolliffe 2015, op. cit., 64.

259ပအိုဝ့်စီပွားရေးသမားတို့နှင့်အင်တာဗျူး (၂၀၁၆)။

260PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

ဖွဲ့စည်းထားသည့် ကော်မတီအတွင်းတွင် ဆွေးနွေးကြသည်။ ထိုနယ်မြေတွင် လုပ်ကိုင်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရအနုညာတစီရင်ခြင်းတွင်ပါဝင်သည့်ပုဂ္ဂိုလ်များအားဆင့်ခေါ်ခြင်းနှင့်တစ်ဖက်ချင်းစီ၏ထွက်ဆိုချက်ကိုနားထောင်ခြင်းတို့ပါဝင်ပြီး ရွာသူကြီးမှ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်ပြီး ငွေကြေးပေးလျော်ရခြင်းပုံစံသာများသည် ဟုဆိုပါသည်။ အပြစ်ရှိ၊မရှိ ဆုံးဖြတ်ရာတွင် ဓလေ့ထုံးတမ်း လုပ်ထုံးလုပ်နည်း ဥပမာတစ်ခုတွင် မိမိအိမ်မှ ဆန်ကို ယူဆောင်၍ ဝါးကျည်တောက်ထဲတွင်ထည့်ပြီးချက်ပြုတ်ရပါသည်။ ထို့နောက် မှန်သလား၊ မှားသလားကို ဆုံးဖြတ်ရန် ထမင်းကို ပြည့်စမ်းကြည့်ကြသည်။ ထိုဓလေ့မှာ ရှေးဟောင်းထုံးတမ်းစဉ်လာတစ်ခုဖြစ်သော်လည်း အချို့သောရွာများ တွင် ယင်းဓလေ့အတိုင်း ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်။[261]

PNA ခေါင်းဆောင်များက ပအိုဝ်အများစုအနေဖြင့် ရွာသူကြီးတို့မှပြုလုပ်ကြသည့် တရားစီရင်ဆုံးဖြတ်ချက်များကို ကျေနပ်နစ်သိမ့်မှုရှိကြကြောင်း ပြောဆိုကြသည်။[262] သို့ရာတွင် ဆုံးဖြတ်ချက်ကို ကော်မတီမှ (သို့) ဓလေ့ထုံး တမ်းလုပ်ထုံးလုပ်နည်းများအရ မပြုလုပ်နိုင်ပါက ထိုအမှုကို နောက်ထပ်တာဝန်ယူရမည့် သူများမှာ ရပ်ရွာမှ ဗုဒ္ဓ ဘာသာဝင် ဘာသာရေးခေါင်းဆောင်များပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးများကို ပအိုဝ်ယဉ်ကျေးမှုတွင် အလွန်ကြည်ညိုကိုးကွယ်ကြ၍ ပအိုဝ်လူ့အဖွဲ့အစည်းနှင့် PNO/PNA တို့အပေါ်တွင် အားကောင်းသည့် လွှမ်းမိုးမှုရှိသည်။[263]

အမှုများကို ရွာသူကြီးများ (သို့) ဘုန်းတော်ကြီးများမှ မဖြေရှင်းနိုင်တော့သည့်အခါ ထုံးစံအားဖြင့် ရွာသူကြီး၏ ကိုယ်ပိုင်ဆုံးဖြတ်မှုဖြင့် ကျေးရွာ အုပ်စု (သို့) မြို့နယ်အဆင့်ရှိ PNA သို့ အမှုကို လွှဲပြောင်းပေးရသည်။[264]

PNA အရ ရာဇဝတ်မှုကို ၎င်းတို့ထံ လွှဲပြောင်းပေးပို့ပါက PNA မှစစ်သားများကို စေလွှတ်၍ စွပ်စွဲခံရသူကို ဖမ်းဆီးပါသည်။ ထိုအခါ ရွာသူကြီး၊ ရွာဘုန်းတော်ကြီးနှင့် ရပ်ရွာလူထုက စွပ်စွဲခံရသူနှင့်ဆိုင်သော သက်သေအထောက်အထားများကို ပေးကြမည်ဖြစ်သည်။ လူသတ်မှုနှင့် မုဒိမ်းမှု ကဲ့သို့ အမှုကြီးများအတွက်မူ PNA သည် ဖမ်းဆီးထား သည့် ပုဂ္ဂိုလ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပါသည်။ ထိုနေရာတွင် စွပ်စွဲခံရသူသည် အစိုးရ၏ တရားစီရင် ရေးစနစ်အတွင်းသို့ ရောက်ရှိသွားပြီဖြစ်၍ PNA အနေနှင့် အမှုစစ်ဆေး စီရင်မှုများ (သို့) တရားစီရင်ချက်များတွင် ၎င်း၏ အခန်းကဏ္ဍမရှိတော့ပါ။ PNA မှ အကြီးတန်းတာဝန်ရှိတစ်ဦး၏ ပြောကြားချက်အရ မတရားမှုတစ်ခုပေါ်ပေါက်လာပါက လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန် PNA ၏ ဆန္ဒအပေါ် လည်း အခြေပြု၍ ဆောင်ရွက်သည်ဟုဆိုပါသည်။[265]

အမှုသိပ်မကြီးသည့် တရားမမှုများတွင် PNA သည် မှုခင်းများအား ၎င်းတို့ကိုယ်တိုင် စစ်ဆေးဆုံးဖြတ်ပုံရသည်။ သို့ရာတွင် ယင်းမှုခင်းအတွက် သီးသန့်ဖြစ်စဉ်များကို မှတ်တမ်းမတင်ထားပါ။ အဘယ်ကြောင့်ဆိုသော် PNA သည် အဓိကအားဖြင့် ကျေးရွာအဆင့်အဖွဲ့များသို့သာ ပေးပို့ ကိုင်တွယ်ခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရသည့် ၎င်းတို့၏ အခန်းကဏ္ဍသာရှိသည်။ ရင်းမြစ်တစ်ခုအဆိုအရ လူတစ်ယောက်အနေဖြင့် သူ၏အမှုနှင့်ပတ်သက်သော ရလဒ်ကို ကျေနပ်နစ်သိမ့်မှုမရှိပါက တောင်ကြီးရှိ PNA ရုံးတွင် ငွေသွင်း၍ စီရင်ချက်အား "ပြင်ဆင်"လျှောက်ထားရယူနိုင်သည်ဟုဆိုသည်။[266]

မူးယစ်ဆေးပါဝင်သည့်မှုခင်းများတွင်PNAသည်မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ရွာခေါင်းဆောင်များဖြင့်လက်တွဲ၍အဖြေရရှိအောင်ဆောင်ရွက်ကြသည်။ မူးယစ်ဆေး အနည်းငယ်သာ အသုံးပြုသည့် သူများပါဝင်သော မှုခင်းများကို အများအားဖြင့် ရွာအတွင်း၌သာ ကိုင်တွယ်ဖြေရှင်းကြသည်။ သို့သော် မူးယစ်ဆေးအများအပြား ပါဝင်သည့် မှုခင်းများတွင်မူ ရွာသူကြီးသည် PNA နှင့်/သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အစီရင်ခံတင်ပြရမည်ဖြစ်သည်။ PNA သည် မူးယစ်ဆေးရောင်းဝယ်သူများနှင့်ပတ်သက်သည့် သတင်းအချက်အလက်တို့ကို စုဆောင်းပါသည်။ တစ်ခါတစ်ရံတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အတူတကွလက်တွဲလုပ်ဆောင်သည်။ ရဲတပ်ဖွဲ့အနေနှင့်လည်း ၎င်းတို့ အုပ်ချုပ်ပိုင် ခွင့်ရှိသည့် နယ်မြေများတွင် တစ်ခါတစ်ရံ၌ မှုခင်းများအား ၎င်းတို့ ကိုယ်တိုင်ပင် ဖြေရှင်းဆောင်ရွက်ကြသည်။[267]

၂၀၁၀ ခုနှစ်ကပင် PNO/ PNA နယ်မြေများတွင်နေထိုင်နေသည့်သူများအနေဖြင့် သူတို့၏မှုခင်းများကို မြန်မာနိုင် ငံရဲတပ်ဖွဲ့သို့သာ တိုက်ရိုက်ပေးပို့နေကြသည့်အရေအတွက်မှာ များပြားလာနေသည်။ ပအိုဝ်အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး၏ အဆိုအရ ယင်းဖြစ်ရပ်က PNA ခေါင်းဆောင်များကို စိတ်ပျက်စေသည်ဟုဆိုသည်။ PNA ခေါင်းဆောင်များက ၎င်းတို့၏ ကိုယ်ပိုင်စနစ်သည် ရွာမှ တရားစီရင်ရေးဖြစ်ရပ်အများစု အတွက် အလုပ်ဖြစ်၍ သဟဇာတဖြစ်သည်ဟု ထင်ကြသည်။ အစိုးရ၏ စနစ်သည် PNA မှ အသုံးပြုသည့် စနစ်များနှင့်နှိုင်းယှဉ်လျှင် ကုန်ကျစရိတ် ပိုမိုများပြား၍ အချိန်ပိုကြာသည်ဟု တွေးထင်ရပါသည်။ ထို့ပြင် ယင်းနယ်မြေများမှလူများသည် အစိုးရ သို့မဟုတ် မြို့ပြအခြေစိုက်ရှေ့နေများကို ယုံကြည်လေ့မရှိကြပါ။ သို့သော် အစိုးရစနစ်အပေါ် ယုံကြည်မှုအဆင့်နှင့် ကြိုက်နှစ်သက်မှုအဆင့်တို့မှာ သိသာစွာပင် ပြောင်းလာနေပါသည်။

261ပအိုဝ် ရပ်ရွာအခြေပြုအဖွဲ့မှ ကိုယ်စားလှယ်နှင့်အင်တာဗျူး (၂၀၁၆)။

262ပအိုဝ် ရပ်ရွာအခြေပြုအဖွဲ့မှ ကိုယ်စားလှယ်နှင့်အင်တာဗျူး (၂၀၁၆)။ ပအိုဝ်စီပွားရေးသမားတို့နှင့်အင်တာဗျူး (၂၀၁၆)။ PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

263ပအိုဝ် ရပ်ရွာအခြေပြုအဖွဲ့မှ ကိုယ်စားလှယ်နှင့်အင်တာဗျူး (၂၀၁၆)။ PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

264ပအိုဝ် ရပ်ရွာအခြေပြုအဖွဲ့မှ ကိုယ်စားလှယ်နှင့်အင်တာဗျူး (၂၀၁၆)။ PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

265PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[266] NLD ပါတီဝင်နှင့်အင်တာဗျူး (၂၀၁၆)။ ပအိုဝ်စီပွားရေးသမားတို့နှင့်အင်တာဗျူး (၂၀၁၆)။

[267] PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

ယင်းအခြေအနေက ပအိုဝ်လူ့အဖွဲ့ အစည်းဟူသော ခံယူမှုမှာ ပအိုဝ်အသိုင်းအဝိုင်းတွင် ပျောက်ဆုံးနေပြီဟူသော စိတ်ခံစားမှုများကို ထွက်ပေါ်လာနေပါသည်။ [268]

ထို့ပြင် PNA မှ အမှုကို ကနဦးကိုင်တွယ်ကာ စီရင်မှုအပေါ် သဘောတူညီမှုမရှိသည့် သူများအနေဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ထံသို့ အမှုကို ယူဆောင်လာ၍ အစိုးရစနစ်ကိုအသုံးပြုနိုင်ပါသည်။ လူတစ်ဦးအနေဖြင့် လျော်ကြေးငွေပေးရခြင်းတွင် ပမာဏအလွန်များပြားနေသည်ဟု ထင်ပါက ထိုသို့ လုပ်ဆောင်လေ့ရှိသည်။

## ပြစ်ဒဏ်များ

လျော်ကြေးငွေပေးရခြင်းသည် ပအိုဝ်တို့၏ ကျေးရွာတရားစီရင်ရေးစနစ်တွင် အဓိကအသုံးများသည့် ပြစ်ဒဏ်ပုံစံ တစ်ခုပင်ဖြစ်သည်။ ဆုံးဖြတ်ချက်ချပြီးပါက အပြစ်ရှိသည့်သူသည် ငွေကြေးကို ပေးရပြီးတောင်းပန်ရပါသည်။ လျော်ကြေးငွေပေးရခြင်းကို PNA သို့ ရောက်ရှိသည့် အမှုများတွင်လည်း အသုံးပြုကြပါသည်။ ထိုသူအနေဖြင့် ပြစ်ဒဏ်ငွေကို မပေးနိုင်ပါက ၎င်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးနိုင်သည်။[269]

ကျေးရွာအဆင့်တွင် ဆုံးဖြတ်သည့်မှုခင်းများအတွက် အကြီးမားဆုံးပြစ်ဒဏ်ပုံစံမှာ ထိတ်တုံးခတ်ခြင်းပင်ဖြစ်သည်။[270] ပို၍ကြီးလေးသောပြစ်မှုအတွက် ထိုသူတို့ကို PNA ၏ အကျဉ်းထောင်သို့ ပို့ဆောင်နိုင်ပါသည်။ PNA ၌ လွိုင်ကော်တွင်ရှိသော တပ်ရင်းအသစ်မှကွပ်ကဲသည့် သေးငယ်၍ အသစ်တည်ဆောက်ထားသည့် အကျဉ်းထောင်တစ်ခုရှိပြီး အကျဉ်းသားဦးရေ (၃၀)ခန့် ရှိပါသည်။[271]

ထုံးစံအားဖြင့် PNA သည် ကြီးမားသော ရာဇဝတ်မှုအားလုံးကို မြန်မာရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးသည်ဟု ထုတ်ဖော်ပြောဆိုထားသော်လည်း ၎င်းအဖွဲ့သည် တစ်ခါတစ်ရံတွင် ပြစ်မှုအချို့အတွက် သေဒဏ်ကိုစီရင်လေ့ရှိသည်။ သို့ရာတွင် ယင်းအကြောင်းကိုအစီရင်ခံတင်ပြသည့် ပအိုဝ် တက်ကြွလှုပ်ရှားသူများ၏ ပြောကြားချက်အရ ပြစ်ဒဏ်စီရင်ချက်ကို မဆောင်ရွက်ခင်တွင် ဒေသခံလူထုက သဘောတူရမည်ဖြစ်သည်ဟု ဆိုသည်။[272] ဒေသခံပအိုဝ် စီးပွားရေးသမားအုပ်စုတစ်ခုကမူ PNA ၏ ဆုံးဖြတ်ချက်များကို ဒေသခံလူထုက ကန့်ကွက်သည်မှာ ရှားလှ၍ အကြောင်းမှာ သူတို့အနေဖြင့် သဘောတူကြရပြီး၊ သဘောမတူပါဟု ပြောဆိုရန်ကြောက်ရွံ့နေကြခြင်းကြောင့်ပင် ဖြစ်သည်ဟုဆိုသည်။[273] PNA အနေဖြင့် တရားစီရင်မှုပြင်ပမှနေ၍ သတ်ဖြတ်ခြင်းဖြင့် ဂုဏ်သိက္ခာတက်အောင် လုပ်ဆောင်လျက်ရှိကြောင်း တောင်ပိုင်းရှမ်းပြည်နယ်တွင် နေထိုင်သည့် အချို့သောသူများ၏ စွပ်စွဲပြစ်တင်မှုများ ရှိပါသည်။[274]

## PNA တပ်မှ အမှုထမ်းများ ရာဇဝတ်မှုကျူးလွန်ခြင်း

PNA စစ်သားများနှင့် အရပ်သားများပါဝင်သည့် ရာဇဝတ်မှုများတွင် PNA အရာရှိများနှင့် အရပ်သား ဝန်ထမ်းတို့သည် ယင်းအမှုကို အတူတကွ ဖြေရှင်းရသည်။ PNA မှထုတ်ဖော်ပြောဆိုသည်မှာ သူတို့၏ စစ်သားများသည်လည်း လူထုအတွင်းမှလာသောကြောင့် သူတို့အနေဖြင့် ယင်းကဲ့သို့အမှုများအတွက် ရွာမှရွာသားများကို စီရင် သည့်နည်းအတိုင်း ကိုင်တွယ်သည် ဟူ၍ ဖြစ်သည်။[275]

ပအိုဝ်ကုန်သည်အတော်များများ၏ ပြောကြားချက်အရ အဆင့်နိမ့်သည့် PNA တပ်ဖွဲ့များသည် ရွာသားများအား သူတို့အတွက် မီသမ်ဖီတာမိုင်း ရောင်းရန်တောင်းဆိုခြင်းဖြင့် ရပ်ရွာတရားစီရင်ရေးစနစ်မှ ၎င်းတို့၏ အခန်းကဏ္ဍကို အလွဲသုံးစားပြုသည်ဟုဆိုသည်။ နောက်ပိုင်းတွင် စစ်သားတို့သည် ဆေးပြားများ ဝယ်သည့်သူအား သွားရောက်ဖမ်းဆီး၍ လွတ်မြောက်လိုပါက ငွေကြေးတောင်းခံပါသည်။ ငွေကြေးပေးရန် မတတ်နိုင်ပါက သူတို့အား အကျဉ်းထောင်သို့ ပို့ပါသည်။[276]

[268] ပအိုဝ် ရပ်ရွာအခြေပြုအဖွဲ့မှ ကိုယ်စားလှယ်နှင့်အင်တာဗျူး (၂၀၁၆)။

[269] PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[270] ပအိုဝ်စီးပွားရေးသမားတို့နှင့်အင်တာဗျူး (၂၀၁၆)။

[271] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[272] မည်သည့်ပြစ်မှုတို့သည် သေဒဏ်ကိုဖြစ်စေသနည်းဆိုသည်မှာ သေချာရှင်းလင်းမှုမရှိပါ။

[273] ပအိုဝ်စီးပွားရေးသမားတို့နှင့်အင်တာဗျူး (၂၀၁၆)။

[274] ရှမ်းနှင့် ပအိုဝ်တက်ကြွလှုပ်ရှားသူများနှင့်ဆွေးနွေးမှု (တောင်ကြီး၊ မတ်လ၊ ၂၀၁၆)။

[275] PNA အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[276] ပအိုဝ်စီးပွားရေးသမားတို့နှင့်အင်တာဗျူး (၂၀၁၆)။ ယင်းမှာ PNA စစ်သားတို့၏အလုပ်ပင်ဖြစ်ပြီး ခေါင်းဆောင်တို့မှ ဆောင်ရွက်မည်မ ဟုတ်ပါ။

## အခန်းခြောက် ။ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကချင်ပြည်နယ် ၏ EAA တရားစီရင်မှု

### မြေပုံ (၅) : ကချင်ပြည်နယ်(အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

မြေပုံ (၆) : ရှမ်းပြည်နယ်မြောက်ပိုင်း (အစိုးရစီမံအုပ်ချုပ်သည့် ပြည်နယ်များနှင့် မြို့နယ်များ)



## ၆.၁ - ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA)

ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် ၎င်း၏ လက်နက်ကိုင်လက်ရုံးဖြစ်သည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်တို့သည် ပန်ဆန်း၊ ပန်ဝန်း၊ မောင်းမော်နှင့် နာဖန်မြို့ပါ၍ အစိုးရမှ သတ်မှတ်ထားသည့်မြို့နယ် (၄) ခုအပြင် မိုင်းယန်းမြို့နယ်၏ အရေးကြီးသည့် အပိုင်းတစ်ခုနှင့် ဟိုပုန်းမြို့နယ်၏ နယ်စပ်ဧရိယာအချို့ကို ထိန်းချုပ်ထား သည်။[277] ယင်းနယ်မြေကို ၁၉၈၉ နှင့် ၂၀၁၁ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တို့နှင့်အညီ ရှမ်းပြည်နယ် အထူးဒေသ (၂) အဖြစ် တရားဝင်သဘောဆန်ဆန် သတ်မှတ်ပေးထားသော်လည်း အခြေခံဥပဒေ (သို့) ဥပဒေ များထဲတွင် မပါဝင်သေးပါ။ UWSP သည် ယင်းနယ်မြေဧရိယာကို ပန်ဆန်း၊ မောင်းခက်/ မုန်းကာ၊ ဝင်းကောင်းနှင့် မိုင်းမောက်ဟူ၍ ခရိုင် (၄) ခုအဖြစ် ခွဲခြားခဲ့ပြီး မိုင်းမောက်မှာ မြို့နယ် (၂၀) ထက်ကျော်သဖြင့် နောက်ပိုင်း ထပ်မံ ပိုင်းခြားထားခြင်းဖြစ်သည်။

UWSP သည်လည်း မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်ရှိ မိုင်းတုံ၊ မိုင်းဆတ်နှင့် တာချီလိတ်မြို့နယ်တို့ရှိ ကြီးမားသည့် နယ်မြေတို့အပေါ်တွင် အကန့်အသတ်နှင့် ထိန်းချုပ်မှုရှိပြီး ၁၉၉၀ ခုနှစ်များနောက်ပိုင်းတွင် ဝတိုင်းရင်းသား ထောင်ပေါင်းဆယ်ဂဏန်းနှင့်ချီ၍ ပြောင်းရွှေ့ခြင်းကို အဆင်ပြေချောမွေ့စေခဲ့သည်။ ယင်းနယ်မြေကို မကြာခဏပင် ဝေရှောက်ခမ်၏ အုပ်ချုပ်ရေးအောက်တွင်ရှိသည့် UWSA ၏ "တောင်ပိုင်းစစ်ဌာနချုပ်" [278] အဖြစ် ရည်ညွှန်း လေ့ရှိပြီး UWSP က အုပ်ချုပ်ရေးမြို့နယ် ၆ မြို့နယ်အဖြစ် ပိုင်းခြားထားသည်။ သို့သော် လက်တွေ့တွင် UWSP သည် ဒေသအတွင်းရှိ ဝလူမျိုးအခြေချနေထိုင်သူများရှိသည့်ကျေးရွာများကိုသာ ပြည့်ဝစွာ စီမံအုပ်ချုပ်သည်။[279] တောင်ပိုင်းဌာနချုပ်၏ စီမံအုပ်ချုပ်မှုဖွဲ့စည်းတည်ဆောက်ပုံမှာ အထူးဒေသ၏ ဖွဲ့စည်းပုံထက် ပိုမိုလျော့ရဲ၍ ယင်းဒေသကို ပါတီမှ ခိုင်မာစွာအုပ်ချုပ်ထားခြင်းမဟုတ်ပါ။ ထိုသို့ဖြစ်ရခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ယင်းဒေသတွင် မူးယစ်ဆေးထုတ်လုပ်ရေးနှင့် မူးယစ်ဆေးကုန်သွယ်ရေး၊ သစ်ခုတ်ရေးနှင့် အခြားကုန်သွယ်မှုတို့အပေါ်တွင် နက်နက်ရှိုင်းရှိုင်းအာရုံစိုက်ထားသောကြောင့်ဖြစ်ပြီး တရားစီရင်ရေးကဲ့သို့ အခြားအုပ်ချုပ်ရေးပုံစံများကိုမူ လစ်လျူရှုထားကြသည်။[280]

UWSP ၏ အုပ်ချုပ်မှုစနစ်သည် ၁၉၇၀ နှစ်များနှင့် ၁၉၈၀ အစောပိုင်းနှစ်များဆီက ဗမာပြည်ကွန်မြူနစ်ပါတီက ကျင့်သုံးခဲ့သည့် စနစ်အပေါ်တွင် ကြီးမားစွာအခြေခံထားသည်။[281] နယ်မြေကို ခရိုင် (၃) ခုအဖြစ် ပိုင်းခြားထားပြီး မြို့နယ် (၂၄) မြို့နယ်ထပ်မံပိုင်းခြားထားသည်။ အုပ်ချုပ်ရေးကော်မတီများကို ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေး ရွာအုပ်စုအဆင့်နှင့် ကျေးရွာအဆင့်တို့၌ အုပ်ချုပ်ရန်ဖွဲ့စည်းထားပါသည်။ ပါတီကို အဖွဲ့ဝင် (၅) ဦးပါဝင်သည့် ပေါ်လစ်ဗျူရိုနှင့် ဗဟိုဥပဒေထိန်းသိမ်းရေးဗျူရိုအပါအဝင် ဗျူရို (၁၀) ဖွဲ့ကို ကြီးကြပ်ကွပ်ကဲရသည့် အဖွဲ့ဝင် (၁၉) ဦးပါဝင်သည့် ဗဟိုကော်မတီတို့မှ ဦးဆောင်ပါသည်။ လက်တွေ့အားဖြင့် UWSP ၏ အုပ်ချုပ်မှုစနစ်သည် အလွန်ပင် ယေဘူယျသဘောဆန်ပါသည်။ UWSP ၏ အဓိကစိတ်ဝင်စားမှုများမှာ ၎င်း၏တပ်ကို တည်ဆောက်ရန်၊ တည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် စွပ်စွဲကြသည့် မူးယစ်ဆေးဝါးကုန်သွယ်ခြင်းအပါအဝင် စီးပွားရေးလုပ်ငန်း ပြုလုပ်ရန်တို့ဖြစ်သည်။ ဆိုလိုသည်မှာ တရားစီရင်ရေးစနစ်၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုများဖြည့်ဆည်းပေးရန် တည်ထောင်ထားသည့် ဗျူရိုများမှာ အမည်သာရှိ၍ တကယ်တွလုပ်ရှားမှုသိပ်မရှိ ဟုဆိုလိုခြင်း ဖြစ်သည်။[282]

ယေဘူယျအားဖြင့် UWSP ၏ အုပ်ချုပ်ရေးမှာ ဗဟိုချုပ်ကိုင်မှုများစွာရှိသောကြောင့် နှောင့်နှေးကြန့်ကြာမှုရှိပြီး ရလဒ်အားဖြင့် စီမံရေးဌာနများ စွမ်းဆောင်ရည်နိမ့်ကျလာကာ မိမိကစ၍လုပ်နိုင်သော အခွင့်အာဏာအနည်းငယ်သာရှိပါသည်။ ခရိုင်အဆင့်အောက်ရှိအုပ်ချုပ်ရေးမှူးများသည် ထုံးစံအားဖြင့် အချိန်ပိုင်းမျှသာ အလုပ်လုပ်ရပြီး လုပ်ခလစနည်းနည်း (သို့) မရဘဲလုပ်ကိုင်ဆောင်ရွက်နေကြရသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍအပြင် တရားမဝင်အခွန်ကောက်ခံခြင်းနှင့် အဂတိလိုက်စားခြင်း စသည်တို့ပါဝင်နိုင်ခြေရှိသည့် အခြားသော လှုပ်ရှား ဆောင်ရွက်မှုတို့ကိုသာ အားကိုးရပါသည်။[283]

## အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ

စတင်ဖွဲ့စည်းသည့် ၁၉၈၉ ခုနှစ်တွင် UWSP သည် တရားစီရင်ရေးကို စီမံခန့်ခွဲရာ၌ ရှေးယခင်က ဗမာပြည်ကွန် မြူနစ်ပါတီမှ လိုက်နာကျင့်သုံးခဲ့သည့် တရုတ်ပုံစံ ကွန်မြူနစ်စနစ်ကို အသုံးပြုခဲ့သည်။ ၎င်း၏ ဗဟိုဥပဒေထိန်း သိမ်းရေးဗျူရိုသည် အကျဉ်းထောင်လည်းရှိသော ပန်ဆန်းတွင်

[277] Jolliffe 2015, op. cit., 78-79. နယ်မြေကို အထူးဒေသ (၂) အဖြစ်သတ်မှတ်ခဲ့သည်မှာ ၁၉၈၉ခုနှစ် အပစ်အခတ် ရပ်စဲရေးကာလ ကဖြစ်ပြီး ယင်းအမည်ကိုပင် အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့သည့် ဒီဇင်ဘာ၊ ၂၀၁၂ တွင် ကြိမ်ဖန် များစွာညွှန်းဆို အသုံးပြုထား သည်။

[278] Jolliffe 2015, ibid., 78-79. ယင်းနယ်မြေကို UWSA အနေဖြင့် ရှမ်းသူပုန်များထံမှသိမ်းယူခွင့်ရရှိခဲ့သည့်အချိန် ၁၉၉၀ နှောင်းပိုင်း ကပင် တည်ထောင်ထားခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ယင်းဒေသတွင် ရွှေ့ပြောင်းနေထိုင်သူများစွာရောက်ရှိလာ၍ ဝလူ့အဖွဲ့အစည်း စတင်ဖြစ်ပေါ်လာခဲ့သည်။

[279] Jolliffe 2015, ibid., 78-79.

[280] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)။

[281] Jolliffe 2015, ibid., 78-79. အမှန်စင်စစ် ယင်းဗဟိုချုပ်ကိုင်စီမံခန့်ခွဲမှုစနစ်မှာ ဗမာခေါင်းဆောင်တို့မှ ယင်းဒေသတွင် အမြဲ အကောင်အထည်ဖော်ခဲ့သည့်စနစ်ဖြစ်သည်။

[282] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။

[283] Tom Kramer. The United Wa State Army: Narco-Army or Ethno Nationalist Party? East-West Center, Policy Studies, No. 38, 2007, 39. Citing a study carried out in the late 1990s and early 2000s.

အခြေတည်သည့် တရားစီရင်ရေးဖျူရိုခွဲနှင့် ရဲတပ် ဖွဲ့ဖျူရိုခွဲတို့ကို ကြီးကြပ်ကွပ်ကဲသည်။[284] တရားစီရင်ရေးစနစ်ကို ခရိုင်အားလုံးရှိ မြို့နယ်များတွင် တရားသူကြီး တစ်ဦးတည်းဖြင့်သာ စီရင်ဆုံးဖြတ်နိုင်းလေ့ရှိပြီး လက်တွေ့အားဖြင့် ပန်ဆန်းပြင်ပရှိ ဒေသအများစုနှင့် အထူးဒေသ၏ အခြားမြို့ငယ်အနည်းငယ်တွင် စွမ်းဆောင်ရည်အကန့်အသတ်တို့ဖြစ်စေသည်ဟု ဆိုကြသည်။[285] ဌာနအနေဖြင့် UWSP အုပ်ချုပ်ရေးသည်ပင်လျှင် ကျိုးတိုးကျဲတဲမျှသာရှိနေသည့် တောင်ပိုင်းစစ်ဌာနချုပ်တွင် အနည်းငယ်သာ ထားရှိနိုင်သည်။

UWSP သည် ခရိုင်အဆင့် ပန်ဆန်းမြို့နှင့် ၎င်း၏အခြားမြို့ငယ်များတွင် ရဲတပ်ဖွဲ့ကိုထားရှိသော်လည်း ကျေးလက်ဒေသတွင်မူ ရဲတပ်ဖွဲ့မရှိပါ။ ကျေးလက်ဒေသတွင် ရဲတပ်ဖွဲ့ထားရှိခြင်းအစား ဒေသအဆင့် ပြည်သူ့စစ်များဖြင့်သာ လုပ်ငန်းဆောင်ရွက်ကြသည်။ ကျေးရွာတစ်ခုချင်းစီတွင် UWSP မြို့နယ်အာဏာပိုင်တို့မှ ရွေးချယ်ထားသည့် ရွာသူကြီးမှဦးဆောင်၍ ဖွဲ့စည်းထားသော ကျေးရွာ၏ကိုယ်ပိုင်ပြည်သူ့စစ်တပ်ဖွဲ့တို့ရှိသည်။ [286]

ပြည်သူ့စစ်တပ်ဖွဲ့တို့သည် ပါတီမှတိုက်ရိုက်စီမံခန့်ခွဲနိုင်မှုလက်လှမ်းမမီသည့်ဒေသများရှိ အတွင်းပိုင်း လုံခြုံရေးကို ထိန်းသိမ်းရန် UWSP က အခွင့်အာဏာပေးထားသည်။ ယင်းပြည်သူ့ စစ်တပ်ဖွဲ့တို့ကို UWSA မှ လက်နက်ပေး၍ လေ့ကျင့်သင်ကြားပေးထားပါသည်။ သတင်းရင်းမြစ်တစ်ခု၏ ခန့်မှန်းချက်အရ ယင်းပြည်သူ့စစ်တပ်ဖွဲ့တို့မှာ UWSP ထိန်းချုပ်သည့် ဒေသတစ်လျှောက်တွင် အရေအတွက်အားဖြင့် ၂၀၀၀၀ ပတ်ဝန်းကျင်ခန့်ရှိသည်ဟုဆို သည်။[287]

### ဥပဒေများ

UWSP ၏ ယခင်အဖွဲ့ဝင်တစ်ဦး၏ အဆိုအရ အဖွဲ့အစည်းတွင် ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်နှင့် ဗဟိုဟူ၍ အဆင့်တစ်ခုချင်းစီ၌ စည်းမျဉ်း စည်းကမ်းများရှိသည်ဟုဆိုသည်။ ကျေးရွာအဆင့်တွင် တရားမမှုများ သို့မဟုတ် ရာဇဝတ်မှုအသေးများအတွက် ပြစ်ဒဏ်တို့မှာ ငွေကြေးပေးလျော်ရခြင်း သို့မဟုတ် ပစ္စည်းပေးလျော်ရခြင်းပုံစံတို့ပင် ဖြစ်တတ်သည်။[288] UWSP သည်လည်း ၎င်း၏ ဥပဒေကျင့်ထုံးများနှင့် တရားစီရင်ရေးစနစ်အတွက် တရုတ်မှဥပဒေအချို့ကို ကူးယူထားပါသည်။

### တရားစီရင်ရေးကို စီမံခန့်ခွဲပုံ

မြန်မာနိုင်ငံအတွင်းအခြားဒေသများကဲ့သို့ပင် အထူးသဖြင့် ဝေးလံခေါင်ဖျားသည့်ဒေသတို့မှ ရာဇဝတ်မှုခင်းငယ် များစွာကို ကျေးရွာအဆင့်တွင်ပင် ကိုင်တွယ်ဖြေရှင်းကြသည်။ ကျေးရွာရပ်မိရပ်ဖတို့တွင် ရွာအတွင်းဖြစ်ပွားသော အသေးစားခိုးမှုနှင့် အရပ်သားအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန်လုပ်ပိုင်ခွင့်ရှိ၍ နောက်ဆုံးတွင် ပြည်သူ့စစ်၏အခွင့်အာဏာအပေါ် လုံးဝမှီခိုကြသည်။ သို့သော် ပို၍ကြီးမားသည့်မှုခင်းများတွင်မူ ဆုံးဖြတ်ချက်ချမှတ်ရန် အာဏာမရှိပေ။ ပို၍ကြီးမားသည့်မှုခင်းများအတွက် ရွာသူကြီးသည် ပြည်သူ့စစ်အားအသုံးပြု၍ သံသယရှိသူ တို့အား ဖမ်းဆီးနိုင်သည့် အခွင့်အာဏာရှိ၍ ထိုသူတို့အား ကျေးရွာရပ်မိရပ်ဖများနှင့် ပူးပေါင်းပြီး မြို့နယ်အာဏာပိုင်များထံသို့ အမှုစစ်ဆေးရန် ပေးပို့နိုင်သည်။

မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်တွင် အမှုများကို တရားသူကြီးတစ်ဦးချင်းစီမှဆုံးဖြတ်၍ ခုံအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်း မဟုတ်ပါ။ သို့သော် ခုံအဖွဲ့ကို ဗဟိုအဆင့်သို့ ရောက်ရှိလာသည့်မှုခင်းများအတွက် ဖွဲ့စည်းပေးရသည်။[289] ယင်းအမှုတို့တွင် အမှုစီရင်စစ်ဆေးမှုတစ်ခုချင်းစီအတွက် စီရင်ချက်များပေးရန်နှင့် အစိုးရရှေ့နေအဖြစ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ဂျူရီလူကြီးအဖွဲ့ကို တရားသူကြီးမှဦးဆောင်ရသည်။ ယင်းအမှုတို့အား စစ်ဆေးရာတွင် ရှေ့နေ များမရှိပါ။ သို့သော် ပြည်သူ့ရှေ့နေအဖြစ် ရည်ညွှန်းထားခြင်းခံရသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် လက်နက်အမှု သို့မဟုတ် မူးယစ်ဆေးမှုကဲ့သို့ အဓိကအမှုများတွင်ပါဝင်လာနိုင်သည်။ ပြည်သူ့ရှေ့နေဆိုသည်မှာ UWSP မှ ခန့်အပ်ထားသည့် ဥပဒေအကြံပေး ပုဂ္ဂိုလ်ဖြစ်၍ နှစ်လက်စလုံးနှင့် ဂျူရီတို့ကိုနားထောင်ပေးရသည်။ ထို့နောက် ဂျူရီအတွက်အကြံပြုပြောဆိုနိုင်ရန် မှတ်ချက်များပေးရသည်။[290] ယင်းအမှုများအတွက် အပြီးသတ်ဆုံးဖြတ်ချက် တို့မှာ တရားသူကြီးမှ ၈၀% ထည့်ဝင်မှုနှင့် ဂျူရီမှ ၂၀% ထည့်ဝင်မှုတို့၏ရလဒ်ဖြစ်သည်ဟု ဆိုကြသည်။ အမြဲတမ်းစီရင်ချက်ကို သုံးရက်အတွင်း ဆုံးဖြတ်ကြသည်။ အမှုငယ်များကို နာရီအနည်းငယ်အတွင်း ဆုံးဖြတ်နိုင်၍ အမှုကြီးများမှာမူ ပို၍အချိန်ကြာရှည်နိုင်သည်။ သို့ရာတွင် တစ်ပါတ်ထက်တော့ မပိုပေ။[291]

[284] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အဆ သွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)

[285] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။

[286] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။

[287] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။

[288] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။

[289] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။

[290] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အဆ သွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)

[291] ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အဆ သွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)

## ပြစ်ဒဏ်များ

UWSP မှဖြစ်စေ သို့မဟုတ် ထုံးစံအားဖြင့်ကျေးရွာတရားစီရင်ရေးလုပ်ထုံးလုပ်နည်းတို့ဖြင့်ဖြစ်စေ အသုံးပြုထားသည့် ပြစ်ဒဏ်အမျိုးအစားများနှင့်ပတ်သက်၍ သတင်းအချက်အလက်အနည်းငယ်သာ ရရှိပါသည်။ သို့ရာတွင် သေဒဏ်ကဲ့သို့ကြီးလေးသည့်ပြစ်မှုကို ဗဟိုအဆင့်နှင့် အခြားဖြစ်နိုင်သည့်အဆင့်တို့တွင်အသုံးပြုသည်မှာ ထင် ရှားလှပြီး သေဒဏ်စီရင်ခြင်းမူဝါဒ၏ အစိတ်အပိုင်းအဖြစ် တပ်ဖွဲ့ဖြင့် သေနတ်ပစ်စီရင်ခြင်းကို ဆောင်ရွက်သည်။[292] ထို့ပြင် UWSA တွင် ၎င်း၏ဒေသ၌ အကျဉ်းထောင် (၂) ခုရှိသည်။ အကျဉ်းထောင်တစ်ခုမှာ ပန်ဆန်းတွင်ရှိ၍ အခြားတစ်ခုမှာ ဘန်ယန်းတွင်ရှိသည်။ စုစုပေါင်းအားဖြင့် အကျဉ်းသား (၈၀၀) ခန့်ရှိသည်။

## ၆.၂ - ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)/ ကချင်လွတ်မြောက်ရေးတပ် (KIA)

KIO ၏ အုပ်ချုပ်ရေးစနစ်တည်ဆောက်ထားပုံတွင် ကချင်လွတ်မြောက်ရေးကော်မရှင်၏ ထိန်းချုပ်မှုအောက်တွင် ဌာန (၁၁) ခုပါဝင်၍ ယင်းကော်မရှင်ကို ပါတီနှင့် သီးခြားထားရှိသည်။ ထို့ပြင် လက်နက်ကိုင်လက်ရုံးဖြစ်သည့် KIA ကိုလည်း ကြီးကြပ်ကွပ်ကဲသည်။ ယင်းဌာနများထဲမှအရေးအပါဆုံးဌာနမှာ အထွေထွေစီမံအုပ်ချုပ်ရေးဌာန (DGA) ဖြစ်၍ KIA အစိုးရစနစ်၏ ကျောရိုးပုံစံဖြစ်ပြီး အဆင့်အားလုံးတွင် တပ်နှင့်တွဲဖက်၍ တည်ရှိသည်။ KIO သည် ၎င်းလွှမ်းမိုးထားသည့်ဒေသကို (ကချင်ပြည်နယ်တွင် ၄ ပိုင်းနှင့် ရှမ်းမြောက်တွင် ၂ ပိုင်း) ဟူ၍ နယ်မြေ ၆ ခု ခွဲထားပါသည်။ ထို့နောက် ခရိုင်များ၊ မြို့နယ်များနှင့် နန်းထော် (ကျေးရွာနှစ်ရွာမှ သုံးရွာအထိ နယ်နမိတ်ချင်း အားဖြင့်ထိစပ်နေသောနေရာ) အပါအဝင် ဒေသခွဲအမျိုးမျိုးအဖြစ်သို့ ခွဲခြားလိုက်သည်။[293]

KIO ၏တရားစီရင်ရေးစနစ်အပေါ် ပြုလုပ်ထားသည့်သုတေသနမှာ အကန့်အသတ်များရှိပြီး ဌာနခွဲများစွာ၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အထွေထွေစီမံခန့်ခွဲရေးဌာန၏ အကြီးတန်းအဖွဲ့ဝင်တစ်ဦးနှင့်အင်တာဗျူးအပြင် ပိုမိုငယ်ရွယ်သော အရာရှိများနှင့် လျော့တိလျော့ရဲဆွေးနွေးမှုတို့အပေါ်ကိုသာ အခြေခံထားသည်။ ထို့ကြောင့် ကွာခြားချက်မှာ အထင်အရှားရှိနေပါသည်။

## အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ

တရားစီရင်ရေးစနစ်ကို သီးခြားတရားစီရင်ရေးဌာနတစ်ခုဖွဲ့စည်းလိုက်သည့် ၂၀၀၆ ခုနှစ် ပတ်ဝန်းကျင် မတိုင်မီအ ထိ အထွေထွေစီမံအုပ်ချုပ်ရေးဌာနမှ တိုက်ရိုက်စီမံကွပ်ကဲပါသည်။ ထိုအချိန်တွင် ၎င်း၏ပထမဆုံးသော ဗဟိုတရားရုံးကိုလည်း တည်ထောင်ခဲ့ပြီး ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် နယ်မြေအဆင့်နှင့် ခရိုင်အဆင့်တို့၌ တရားရုံးများ တည်ဆောက်ပေးခဲ့သည်။ ခိုင်မာသည့် လုပ်ထုံးလုပ်နည်းများ မရှိခြင်းကြောင့် တရားစီရင်ရေးဌာနသည် ၎င်း၏ လုပ်ငန်းစဉ်များကို ပြည့်ဝစွာဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ရာတွင် အဟန့်အတားဖြစ်နိုင်ခြေရှိခဲ့ပါသည်။ တဖက်ကလည်း ၂၀၁၁ တွင် KIO နှင့် တပ်မတော်အကြား အသစ်တဖန်ဖြစ်ပွားလာသည့် ပဋိပက္ခတို့ ပေါ်ပေါက်လာသောကြောင့်ဖြစ်သည်။

KIO ၌ လိုင်ဇာနှင့် မိုင်ဂျာယန်မြို့တို့တွင် ရဲတပ်ဖွဲ့တို့ရှိပြီး ဖမ်းဆီးမှုပြုလုပ်နိုင်သည့် အာဏာရှိသည်။[294] ကျေးလက်ဒေသများတွင် ဖမ်းဆီးမှုကို အထွေထွေစီမံအုပ်ချုပ်ရေးဌာနမှ ကိုင်တွယ်သော်လည်း သံသယရှိသူအား ဖမ်းရာ၌ ရွာကာကွယ်ရေးတပ်နှင့် ပျောက်ကြားတပ်တို့၏ အကူအညီကိုတောင်းခံရသည်။ ရွာကာကွယ်ရေးတပ်နှင့် ဒေသခံပျောက်ကြားတပ်တို့ မရှိသည့်ဒေသနှင့် မရှိသည့်အချိန်များတွင် ဖမ်းဆီးမှုပြုလုပ်ရန် KIA ကိုခေါ်ယူကြပါသည်။

## တရားစီရင်ရေးကို စီမံခန့်ခွဲပုံ

KIO ၏အဆိုအရ အမှုအမျိုးများစုကို ထုံးစံအားဖြင့် ကျေးရွာအဆင့် သို့မဟုတ် နန်းထော်အဆင့်တို့တွင် ကိုင်တွယ်ကြသော်လည်း ၎င်းတို့မဖြေရှင်းနိုင်ပါက ပို၍မြင့်မားသည့်အဆင့်သို့ လွှဲပြောင်းပေးကြသည်။[295] အချို့အမှုများ တွင် အရပ်သားတို့သည် သူတို့၏အမှုများအတွက် မြို့နယ်အဆင့်သို့ အယူခံဝင်ကြပြီး ထို့နောက်မှ အမှုကို ခရိုင်အဆင့်၊ နယ်မြေအဆင့် သို့မဟုတ် ဗဟိုတရားရုံးသို့ လွှဲပြောင်းပေးနိုင်ပါသည်။[296] မည်သည့်အမှုအမျိုးအစားတို့ကို မည်သည့်အဆင့်တွင် ကိုင်တွယ်ဖြေရှင်းသင့်သနည်းကို ဆုံးဖြတ်သည့် ရှင်းလင်းသောစည်းမျဉ်း အနည်းငယ်သာရှိသည်။ ယင်းစည်းမျဉ်းများကို ကောင်းစွာချမှတ်ထားသည့်တိုင်အောင် အကြီးတန်းအုပ်ချုပ်ရေးတာဝန်ရှိသူ များအနေဖြင့် ယင်းတို့ကို သိရှိပုံမရပေ။

KIO တွင် ရည်ညွှန်းကိုးကားစရာ ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်မရှိပါ။ အမှုတစ်ခုကိုင်တွယ်သည့် အရာရှိများကို အာဏာများစွာပေးထားပြီး အမှု၏ဖြစ်စဉ်အပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချမှတ်ပါသည်။ မြို့နယ်အဆင့်နှင့် ထို ထက်နိမ့်သည့်အဆင့်တွင် KIO ၌ ရုံးထိုင်သည့် တရားသူကြီးမရှိပါ။ ထို့ကြောင့် သီးသန့်အမှုတို့ ဖြစ်ပေါ်လာသည့်အခါ ယင်းတို့အတွက် ကော်မတီတို့ကို ဖွဲ့စည်းကြရသည်။ ကော်မတီတွင် KIOနှင့် KIA မှ အဖွဲ့ဝင်

[292] CPB နှင့် UWSPမှအရာရှိဟောင်းနှင့်အင်တာဗျူး (၂၀၁၆)။ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ရှမ်းစီးပွားရေးသမားတစ်ဦးနှင့် အင်တာဗျူး (၂၀၁၆)

[293] ခြောက်ခုမြောက်နယ်မြေနှင့် ရှမ်းမြောက်တွင် ဒုတိယမြောက်နယ်မြေကို ၂၀၁၆ တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

[294] KIO အရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[295] KIO အရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[296] KIO အရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

တို့နှင့် အခြားသြဇာရှိသည့်ပုဂ္ဂိုလ်တို့ပါဝင်၍ စုပေါင်းဆုံးဖြတ်ချက်ကို ပြုလုပ်ကြသည်။ ယင်းကော်မတီတို့တွင် အလိုအလျောက်အားဖြင့် ဒေသခံအထွေထွေစီမံအုပ်ချုပ်ရေးဌာနမှ အရာရှိက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကြသော်လည်း ယခုအခါတွင် ဥက္ကဋ္ဌနေရာကို အမူ၏အချက် အလက်တို့အပေါ် အခြေခံ၍ ဒေသခံအရာရှိများက ရွေးချယ်ကြသည်။[297] KIA တာဝန်ရှိသူသည် မကြာခဏဆိုသလိုပင် ဥက္ကဋ္ဌ သို့ ဒု-ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရပါသည်။ ခရိုင်၊ နယ်မြေနှင့် ဗဟိုတရားရုံးတို့၌အသုံးပြုသည့် တရားစီရင်ရေးလုပ်ငန်းစဉ်တို့ကို အာဏာပိုင်တို့မသိရှိကြပါ။

အလားတူပင် KIO မှအသုံးပြုသည့် ပြစ်ဒဏ်တို့နှင့်ပတ်သက်၍ အနည်းငယ်သာသိရပါသည်။ အဖွဲ့အစည်းတွင် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းအဖြစ်ဆောင်ရွက်သည့် မူးယစ်ဆေးထိန်းသိမ်းရေးစခန်းရှိပါသည်။ လူတစ်ဦး၏ အမူအကျင့်ကို ပြောင်းလဲရန် လက်တွေ့ကျသည့် နည်းလမ်းများ လိုအပ်သည်ဟူသော အိုင်ဒီယာဖြင့် ထိန်းသိမ်းခံရသူများသည် အလုပ်ကြမ်းများကို ပြုလုပ်ကြရသည်။[298]

[297]KIO အရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[298] Interview with Shan businessman connected to EAOs in Shan State, 2016.

## အခန်း ခုနစ် ။ တွေ့ရှိချက်များနှင့် သက်ရောက်မှုများ

ဤအခန်းတွင် အခန်း ၄ ၌ စစ်တမ်းကောက်ထားသည့် EAA တရားစီရင်မှုစနစ်များအပေါ် အပြန်ပြန်အလှန်လှန် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက် ပါဝင်သည်။ အဓိကအကြောင်းအရာ လေးခုကို အာရုံပြုထားရာ EAA တရားစီရင်မှုစနစ်များနှင့်စပ်လျဉ်း၍ အဓိကစိန်ခေါ်မှုများနှင့် အခွင့်အလမ်းတို့ကို စဉ်းစားရာတွင် အခြေခံနိုင်ပါသည်။ ထိုအကြောင်းအရာတို့မှာ ကျေးရွာတရားစီရင်ရေးစနစ်၏ အခန်းကဏ္ဍ၊ တရားစီရင်မှုအတွက် ဈေးဝယ်သလို ရွေးချယ် ကြခြင်း၊ EAA တရားစီရင်ရေးစနစ်၏ အားသာချက်နှင့် ပြုပြင်ပြောင်းလဲမှုအလားအလာများ၊ ထိရောက်သည့် EAO တရားစီရင်ရေးစီမံခန့်ခွဲမှုတွင် ရှိနေသော အားနည်းချက်များတို့ဖြစ်သည်။

### ၇.၁ ။ ကျေးရွာတရားစီရင်ရေး

EAA ဒေသများရှိ လက်တွေ့တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများကို သရုပ်ခွဲလေ့လာရာတွင် ကျေးရွာအဆင့် တရားစီရင်ရေးယန္တရား၏ အရေးပါမှု၊ အထူးသဖြင့် ဓလေ့ထုံးတမ်းတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ ဆက်လက်အသုံးပြုမှုတို့ကို ရှင်းလင်းစွာ ဖော်ပြနေပါသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသများနှင့် ဗမာဒေသများမှ အတွေ့အကြုံများနှင့်ပတ်သက်၍ တရားစီရင်ရေးကိုအလေးပေးသည့် အဖွဲ့အစည်းများ၏ တဆင့်စကားအထောက်အထားများအရ ဓလေ့ထုံးတမ်းတရားစီရင်ရေးလုပ်ထုံးလုပ်နည်းများသည် ယေဘုယျအားဖြင့် နိုင်ငံတစ်လွှားတွင် အသုံးပြုကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများနှင့် တစ်ချို့သော မြို့ပြဒေသများတွင်ပါ အသုံးပြုကြောင်း ကို ဖော်ပြနေသည်။[299]

ကျေးလက်အဆင့်တွင် ဓလေ့ထုံးတမ်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် တိုင်းရင်းသားအဖွဲ့တစ်ခုနှင့် တစ်ခုသာမက ကျေးရွာတစ်ရွာနှင့် တစ်ရွာလည်း ကွာခြားမှုရှိသည်။ ၎င်းလုပ်ထုံးလုပ်နည်းများကို အသေးစိတ်လေ့လာမှုသည် ၎င်းစာတမ်းတွင် ဖော်ပြမည့်အကြောင်းအရာများ၏ နယ်ပယ်ကို ကျော်လွန်နေသော်လည်း အချို့သောသုံးသပ်ချက်များသည် EAA နှင့် ကျေးလက်အဆင့် တရားစီရင်ရေးစနစ်များ မည်သို့ အပြန်အလှန်ဆောင်ရွက်ကြသည်ကို ကြည့်၍ ကောက်ချက်ဆွဲထားခြင်းဖြစ်သည်။

ကြည့်ရသည်မှာ ဤစာတမ်း၏ စစ်တမ်းကောက်ယူမှုတွင် ပါဝင်ကြသော EEA များအနက် မည်သည့် EAA ကမှ ဓလေ့ထုံးတမ်း ကျေးလက်တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများကို ပို၍ပြည့်စုံသော တရားစီရင်ရေးစနစ်ဖြင့် အစားထိုးရန် ကြိုးပမ်းမှုများမတွေ့ရပေ။ ထိုသို့လုပ်ရမည့်အစား ၎င်းတို့သည် သူတို့၏တရားစီရင်ရေးစနစ်များကို လက်ရှိလုပ်ငန်းစဉ်အပေါ် လာ၍ ပေါင်းထည့်ခြင်းကိုသာ လုပ်ဆောင်နေကြသည်။ ကျေးရွာများသည် ထုံးစံအတိုင်းပင် တရားမဆိုင်ရာအငြင်းပွားမှုများနှင့် အသေးစားရာဇဝတ်မှုအများစုတို့ကို ဓလေ့ထုံးတမ်းလုပ်ထုံးလုပ်နည်းများ အသုံးပြု၍ ဆုံးဖြတ်ရန် ခွင့်ပြုထားကာ၊ အကယ်၍ ပြည်သူများသည် ရရှိလာမည့်ရလဒ်အပေါ် စိတ်ကျေနပ်မှုမရှိလျှင် EAA တရားစီရင်ရေးစနစ်ကို အယူခံဝင်ရန် ခွင့်ပြုထားပါသည်။ ၎င်းစာတမ်းတွင်ပါဝင်သော EAA အားလုံးသည် အချို့သောကိစ္စများ၊ အထူးသဖြင့် ကြီးမားသောပြစ်မှုများ ဥပမာ မုဒိန်းမှု၊ လူသတ်မှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတို့နှင့်ပတ်သက်လျှင် EAO တရားစီရင်ရေးစနစ်သို့ တိုက်ရိုက်တင်ပြရမည်ဆိုသည့် သတ်မှတ်ချက်ရှိပါသည်။ ထို့နောက်တွင် ဗြိတိသျှတို့ကျင့်သုံးခဲ့သော လုပ်ထုံးလုပ်နည်းများအပြင် ဦးနု၏ ပါလီမန်အစိုးရနှင့် စစ်တပ်အစိုးရ BSPP ၊ SLORC နှင့် SPDC တို့ကျင့်သုံးခဲ့သော လုပ်ထုံးလုပ်နည်းများကိုလည်း ကျင့်သုံးပါသည်။

ထို့ကြောင့် ကျေးရွာအဆင့်သည် EAO ထိန်းချုပ်သောဒေသများတွင် အများဆုံးတရားစီရင်ဆုံးဖြတ်သည့်နေရာ ဖြစ်လာသည်။ တရားမဆိုင်ရာအငြင်းပွားမှုများနှင့် အသေးစားရာဇဝတ်မှုများသည် များသောအားဖြင့် ရွာသူကြီးများ၊ ရွာလူကြီးများနှင့် ကျေးရွာကော်မတီများ သို့မဟုတ် တစ်ခါတစ်ရံ ကျေးရွာအဆင့်မှ သီးသန့်တရားစီရင်မှု သို့မဟုတ် လုံခြုံရေးကိုယ်စားလှယ်များ၏ ဆုံးဖြတ်မှုအပေါ် မူတည်သည်။ ထို့အပြင် သာသနာ့ဝန်ထမ်းများ၊ အမျိုးသမီးကိုယ်စားလှယ်များ သို့မဟုတ် အခြားသောရပ်ရွာမှ ဩဇာရှိပုဂ္ဂိုလ်များအပေါ် တွင်လည်း မူတည်သည်။ ၎င်းအဆင့်တွင် ဆုံးဖြတ်ချက်အများစုသည် ရွာ၏တည်ငြိမ်မှုနှင့် သဟဇာတညီညွတ်မှုအတွက် အသင့်တော်ဆုံးဟု ယူဆချက်အပေါ် အခြေခံထားပြီး တစ်ခါတစ်ရံတွင် အနည်းငယ်သာတရားစီရင်မှုပါဝင်သော လျော်ကြေးပေးမှုများပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများကို ဆက်လက်ကျင့်သုံးခြင်းကို ခွင့်ပြုခြင်းဖြင့် EAA သည် ကျေးလက်နေပြည်သူများအနေဖြင့် တရားစီရင်မှုတွင် ရှေးယခင်ကအတိုင်းဆက်လက်လုပ်ဆောင်ခွင့်ရရှိမှုမက ပုံမှန်သဘာဝဟူသော ခံစားချက်ကို ရစေရန်ဖြစ်ပြီး ထိုသို့ခံစားလာရခြင်းကြောင့် EAA များသည် ရပ်ရွာလူထုအပေါ် တရားဝင်လာမှုကို တိုးတက်ရလာစေနိုင်သည်။

ရှမ်းရပ်ရွာခေါင်းဆောင်တစ်ဦးကို မေးမြန်းချက်အရ ၁၉၅၉ ခုနှစ်တွင် ရှမ်းစော်ဘွားများထံမှ အခွင့်အာဏာများ ရုတ်သိမ်းခဲ့ပြီးကတည်းက အခြားသော မည်သည့်အာဏာပိုင်မျှ အားလုံးလေးစားသည့် တရားစီရင်ရေးစနစ်တစ်ခုကို အောင်မြင်အောင် မထူထောင်နိုင်ကြပေ။ မြန်မာနိုင်ငံ

[299] ရှမ်းရပ်မိရပ်ဖနှင့်သမိုင်းပညာရှင်တို့နှင့် အင်တာဗျူး (၂၀၁၆)။ ပအိုဝ်းစီးပွားရေးလုပ်ငန်းရှင်များနှင့်အင်တာဗျူး (၂၀၁၆)။ Everyday Justice and Security in Myanmar's Transition project, 2016 မှ တင်ပြချက် (၂၀၁၆)။ ရှမ်းပြည်နယ်အတွင်း အမျိုးမျိုးသော အဆက်အသွယ်များက အကြံပြုသည်မှာ EAOs နယ်မြေများတွင် ထုံးတမ်းစဉ်လာ စည်းမျဉ်းများလောက် ဓလေ့ထုံးတမ်းဥပဒေများကို သူတို့အနေဖြင့် ထည့်သွင်းမစဉ်းစားကြကြောင်းဆိုပါသည်။ ၂၀၁၆ခုနှစ်တွင် မေးမြန်းခဲ့သည့် ခနစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကမူ လက်နက်ကိုင်ထကြွမှုမဖြစ်ခဲ့ဖူးသည့် ခနအထူးစီးပွားရေးဇုန်တွင် အသေးစားရာဇဝတ်မှုခင်းများနှင့် လူမှုရေးအမှုအခင်းများကို ရွာသူကြီးများက ကိုင်တွယ်၍ ရွာသားများမှာ အများအားဖြင့် အစိုးရတရားစီရင်ရေးရုံးများသို့ သွားရန်ကြောက်ရွံ့ကြပါသည်။ လူသတ်မှု၊ မုဒိမ်းမှုနှင့်ဆေးမှုကဲ့သို့ ပိုမိုကြီးမား သည့်အမှုများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပါသည်။

မှ ပြည်နယ်များအားလုံးကြားတွင် တရားရေးစနစ်အ နည်းဆုံးသာတည်ရှိသည်။ ထို့ကြောင့်ပင် ကျေးရွာသူကြီးသည် ရပ်ရွာလူထုအများစုက လေးစားသည့် မူလအစ အာဏာပိုင်ဖြစ်လာသည်။ သူက ရှင်းပြသည်မှာ

> "၁၉၅၉ ခုနှစ်ထိ ရှမ်းပြည်နယ်ကို မင်းသား ဒါမှမဟုတ် စော်ဘွားရှိပြီး သူ့အောက်မှာ ဝန်ကြီးတွေ၊ ရဲတွေနဲ့ အတူ ပဒေသရာဇ်စနစ် အတိုင်း အုပ်ချုပ်ပါတယ်။ တောင်ကြားများနဲ့ အခြားနေရာများမှာနေကြတဲ့ ရှမ်းများဟာ တကယ့်တောင်ပေါ်သားတွေဖြစ်တယ်။ ပြည်သူတွေဟာ စော်ဘွားတစ်ယောက်ကို မကြိုက်ခဲ့ရင် သူတို့ဟာ တစ်ခြားနေရာကို ပြောင်းတာပဲ။ ၁၉၅၉ အပြီးမှာ ရဲဝန်ထမ်းတွေဟာ ပြည်ထောင်စု ရဲတပ်ဖွဲ့ရဲ့ အစိတ်အပိုင်းဖြစ်လာတယ်။ ခြွင်းချက်က ကျိုင်းတုံဖြစ်တယ်။ ဘာလို့လဲဆိုကော့ ကျိုင်းတုံရဲ့ အရွယ်ဟာ ကြီးမားပြီး သူဟာနိုင်ငံသုံးနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာကြောင့် ရဲအဖွဲ့ကို ဆက်ထားခဲ့တယ်။ ၁၉၆၀ ရှမ်းပြည်နယ်မှာ တော်လှန်ရေးအဖွဲ့တွေ စုစည်းတဲ့အခါမှာ သူတို့က တရားရေးဌာနတွေ ထူထောင်ခဲ့တယ်။ ဒါပေမယ့်လည်း ထိရောက်မှုတော့ သိပ်မရှိဘူး။ သူတို့ဟာ ရွာတွေမှာ ဥပဒေနဲ့ဆိုင်တဲ့ အခြေအနေတွေကို မပြောင်းနိုင်ခဲ့ဘူး။ ပိုပြီးတင်းကြပ်တဲ့ တရားစီရင်မှုစနစ်ရှိဘို့လည်း တကယ်တော့ သိပ်လည်းမလိုအပ်ခဲ့ဘူး။ ၁၉၅၉ နောက်ပိုင်းမှာတော့ ရွာတွေမှာနေတဲ့လူတွေဟာ ရွာသူကြီးကိုပဲ ယုံကြတော့တယ်" ဟူ၍ ဖြစ်သည်။ [300]

သို့သော် ဓလေ့ထုံးတမ်းကျေးရွာစနစ်တွင်လည်း အပြန်အလှန်ထိန်းကျောင်းမှု အနည်းငယ်သာရှိ၍ ချိုးဖောက်မှုပြုလို့ ရနေပါသည်။ အင်တာဗျူး ဖြေကြားသူတစ်ယောက်၏ မှတ်ချက်တွင် "ဘာပဲပြောနေ ပြောနေ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးထဲမှာလည်း ရိုးရာဓလေ့နည်းနဲ့ ဖိနိပ်တာတွေ ရှိနေတာပါပဲ" ဟု ဆိုပါသည်။[301] ထို့အပြင် ကျေးရွာတည်ငြိမ်မှုကို အလေးထားဆောင်ရွက်ပါက တစ်ဦးချင်းစီကို မမျှမတ ဆက်ဆံခံရနိုင်ပါသည်။ အထူးသဖြင့် ၎င်းတို့၏ ရွာ၏ကိစ္စများအပေါ် လွှမ်းမိုးမှုနိုင်မှုသည် အငြင်းပွားမှုတွင် ပါဝင်နေသူလောက် မလွှမ်းမိုးနိုင်ပါက ထိုသို့ဖြစ်တတ်သည်။ တိတိကျကျရှင်းပြရလျှင် ကျေးရွာအာဏာပိုင်များအပေါ် အမျိုးသမီးများအပေါ် ရာဇဝတ်မှု ကျူးလွန်သော (ကျား/မ အခြေပြုသော ရာဇဝတ်မှုများပါသည်) အမျိုးသားများက လွှမ်းမိုးထားသောအခါ ကျူးလွန်ခံရသူဖက်က အကောင်းဆုံးဖြစ်အောင် ကိုင်တွယ်နိုင်မည်ဟူသော သဘောမျိုးထားနိုင်လိမ့်မည် မဟုတ်ပါ။ ကျေးလက်မြန်မာအဖွဲ့အစည်းအများစုတွင် အသက်အရွယ်သည် အဆင့်အတန်းတစ်ခုအတွက် အဓိကကျသောကြောင့် ငယ်ရွယ်သောသူများအနေဖြင့် ပို၍ ဆိုးရွားစွာ ပြုမူဆက်ဆံခြင်းကို ခံရနိုင်ပါသည်။

စိတ်ကျေနပ်မှုမရှိလျှင် ရွာသူရွာသားများသည် ပို၍မြင့်သောအာဏာပိုင်ထံ အယူခံဝင်နိုင်သော်လည်း လက်တွေ့တွင် များသောအားဖြင့် ၎င်းကဲ့သိုလုပ်ရန်အတွက် အဆက်အသွယ်မရှိကြပါ။ လျော်ကြေးပေးခြင်းအပေါ် အလေးပေး၍ တရားစီရင်ရာတွင်လည်း ပိုက်ဆံရှိသောလူများအတွက် ပြဿနာကို ဖြေရှင်းဖို့ဖြစ်နိုင်သော်လည်း ပိုက်ဆံမရှိသောလူများသည် အနိုင်ရဖို့ခက်ခဲပါသည်။ ၎င်းပြဿနာများရှိနေသော်လည်း ကျေးရွာတရားစီရင်ရေး စနစ်များသည် EAA နယ်မြေများတွင် ဦးစားပေးတရားစီရင်ရေးယန္တရားအနေဖြင့် ရှိနေပြီး ယင်းသို့ဖြစ်ရခြင်းမှာ ပြင်ပမှ အာဏာပိုင်များနှင့် ဖြေရှင်းသော အမှုများသည် ပို၍ဆိုးရွားသည့်အတွေ့အကြုံများကို တစ်ဦးချင်းက မှတ်မိနေခြင်းကြောင့်လည်း ဖြစ်သည်။

## ၇.၂ ။ တရားစီရင်မှုအတွက် ဈေးဝယ်သလို ရွေးချယ်ကြခြင်း

ထိန်းချုပ်သည့် နယ်မြေများထပ်ပြီး ရောထွေးနေသည့် နယ်မြေများတွင် နေထိုင်ကြသော အရပ်သားများသည် နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပိုသော တရားစီရင်ရေးစနစ်များကို အသုံးပြုနိုင်ကြသည်။ မွန်၊ ကရင်နီ နှင့် ရှမ်း ပြည်နယ်များမှ များစွာသော အင်တာဗျူးဖြေကြားသူများ၏ အစီရင်ခံတင်ပြချက်အရ အချို့သောလူများသည် ထိုသို့ တရားစီရင်ရေးစနစ်နှစ်မျိုးရှိနေခြင်းအပေါ် ၎င်းတို့အမှုအတွက် အာဏာပိုင်ရွေးခြင်း သို့မဟုတ် နှစ်ဖက်စ ုံးတွင် အခွင့်အလမ်းရှာခြင်းများ ရှိကြောင်းသိရသည်။[302] အချို့ကိစ္စများတွင် ထိုသို့သော အခြေအနေက တစ်ဦးချင်းကို ဈေးဝယ်သလို ရွေးချယ်ခွင့်ပေးသလိုဖြစ်ပြီး ၎င်းတို့အတွက် အလိုက်ဖက်ဆုံး တရားစီရင်ရေးစနစ်ကို ရွေးချယ်ဖို့ ဖြစ်လာရသည်။ မည်သည့် တရားစီရင်ရေးစနစ်ကို ရွေးချယ်မည်ဆိုသည်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်အများစုသည် တစ်ဦးချင်းစီတွင်ရှိသည့် ကိုယ်ရေးကိုယ်တာ အဆက်အသွယ်များ၊ တစ်ဦးချင်းအလိုက်အ ချိန်၊ မျှော်မှန်းကုန်ကျစရိတ်နှင့် လိုချင်သည့် မျှော်မှန်းရလဒ်တို့အပေါ် အခြေခံသည်။

တစ်ခါတစ်ရံတွင် EAO မှ တရားသူကြီး၏ ဆုံးဖြတ်ချက်သည် ကာယကံရှင်၏ အကြိုက်မဖြစ်သောအခါ ၎င်းသည် အစိုးရတရားစီရင်ရေးစနစ်ထံ သွားလေ့ရှိသည်။ တခါတရံလည်း EAO ထံတွင်ပင် အယူခံဝင်သည့်အခါ ရှိသည်။ သို့သော်လည်း တရားစီရင်ရေးစနစ်အတွက် ဈေးဝယ်သလို ရွေးချယ်မှုမှာ တရားမမှုများ သို့မဟုတ် ရာဇဝတ်မှုအသေးစားများအတွက်သာ ဖြစ်လေ့ရှိသည်။ EAA က ကြီးလေးသည်ဟု မှတ်ယူသော အမှုများကို ပိုမြင့်သော အဆင့်သို့ လွှဲပြောင်းပေးခြင်းကြောင့် ထောင်ချခြင်းများပါဝင်လာရာအမှုကို အခြားသို့အပ်ရန် မလွယ်တော့ပေ။ အကြီးတန်း NMSP တာဝန်ရှိသူများက ပြောကြားရာတွင် အမှုတစ်ခုကို NMSP သို့မဟုတ် အစိုးရတရားရုံးက ကိုင်တွယ်ပြီးလျှင် အခြားက ၎င်းကိစ္စကို ထပ်မံကိုင်တွယ်ရန် ငြင်းပယ်လိမ့်မည် ဖြစ်သည်ဟုဆိုသည်။

---

300 ရှမ်းရပ်မိရပ်ဖ သမိုင်းပညာရှင်နှင့် အင်တာဗျူး (၂၀၁၆)။

301 ပအိုဝ်နိုင်ငံရေးပါတီမှ အကြီးတန်းအဖွဲ့ဝင်တစ်ဦးနှင့်အင်တာဗျူး။

302 KHRG မှ စောင့်ကြည့်သူများနှင့်အင်တာဗျူး ၊၂၀၁၆ (၂)။

## ၇.၃ ။ EEA တရားစီရင်မှုစနစ်၏ အားသားချက်များနှင့် ပြုပြင်ပြောင်းလဲမှုအလားအလာ

နိဒါန်းတွင်ဖော်ပြထားသကဲ့သို့ ဤသုတေသနပြုလုပ်မည့် အတိုင်းအတာသည် EAA တရားစီရင်မှုစနစ်များသည် ကိုယ်ပိုင်ရည်ရွယ်ချက်များကို မည်ကဲ့သို့ အောင်မြင်အောင်လုပ်ဆောင်သည် သို့မဟုတ် ၎င်းတို့ကို ဆက်သွယ်လာသည့် ဒေသခံ ပြည်သူများက ၎င်းတို့ကို မည်ကဲ့သို့ရှုမြင်ကြ ပုံနှင့်စပ်လျဥ်း၍တန်ဖိုးဖြတ်ရန် ခွင့်မပြုထားပါ။ သို့သော်ငြားလည်း အချို့သော လေ့လာမှုများသည် ၎င်းတို့၏အလုံးစုံသောဆောင်ရွက်ချက်တို့ကို ကြည့်ရပါ သည်။

ပထမဦးဆုံးလေ့လာမှုသည် EAA များထိန်းချုပ်ထားသော နယ်မြေများအတွင်း တရားစီရင်ရေးစနစ်က တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို မည်မျှအတိုင်းအတာအထိ ပံ့ပိုးမှုရှိသည်ကို ဖြစ်သည်။ အမှန်တကယ်ပင် ရပ်ရွာအဆင့်တွင် များစွာသောကိစ္စများကို ကိုင်တွယ်ရန် ခွင့်ပြုထားခြင်းဖြင့် အောင်မြင်မှုရခြင်း အကြောင်းတစ်ခုဖြစ်သည်။ လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေသော နယ်မြေများတွင် တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို အနိမ့်အမြင့်အတက်အကျရှိစေနိုင်သော်လည်း စစ်ပွဲများရပ်စဲပြီးသည်နှင့် တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ချက်ချင်းပြန်လည်ထူထောင်နိုင်သည်။ လူထုအတွက် ရဲလုပ်ငန်းလုပ်ဆောင်သည့် တပ်ဖွဲ့များအပါအဝင် EAO အုပ်ချုပ်မှုတည်ဆောက်ပုံများ၏ ကြံ့ကြံ့ခံနိုင်မှုနှင့် ကျေးရွာအဆင့်နှင့် EAO အဆင့်မှ တရားစီရင်မှုအဖွဲ့အစည်းများ၏ အချိတ်အဆက်မိမှုတို့ကြောင့် ယင်းဖြစ်ရပ်မှာ သေးငယ်သည့်အစိတ်အပိုင်းတော့မဟုတ်ပေ။

အထူးသဖြင့် EAA များကောင်းစွာ အခြေကျနေသည့် ဒေသများနှင့် ရပ်ရွာအာဏာပိုင်အဖြစ် အသိအမှတ်ပြုထားသောနေရာများတွင် ရာဇဝတ်မှုသီးသန့်အဖွဲ့များနှင့် ပုဂ္ဂိုလ်များအတွက် အာဏာနှင့် ဩဇာလွှမ်းမိုးနိုင်ရန် သိသိ သာသာခက်ခဲပါသည်။ ထို့အပြင် များစွာသော EAA နယ်မြေများတွင် အဆိုပါတရားဥပဒေစိုးမိုးမှုသည် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော EAA အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ်တွင် အားကောင်းအောင် ပံ့ပိုးပြီး အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများအတွက် ခိုလှုံရာအဖြစ်ထောက်ပံ့ပေးပါသည်။

ဒုတိယအနေဖြင့် ဒေသခံပြည်သူများ၏အမြင်များကိုအကဲဖြတ်ရန် လေ့လာမှုများမရှိသော်လည်း များပြားသော လွတ်လပ်သည့် သတင်းအရင်းအမြစ်များဖြစ်သည့် ဥပမာ အရပ်ဘက်လူမှုအဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ယဥ်ကျေးမှုခေါင်းဆောင်များ၏ ပြောဆိုချက်အရ တိုင်းရင်းသားလူထုသည် EAA တရားစီရင်ရေး စနစ်များကို ပိုမိုကြိုက်နှစ်သက်မှုရှိနေသည်ဟု သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့အတွက် လက်လှမ်းမီသည့် တစ်ခုတည်းသော တရားစီရင်ရေးစနစ်ဖြစ်နေခြင်း သို့မဟုတ် အစိုးရ၏ တရားစီရင်မှုစနစ်တွင် မြင့်မားသော ကုန်ကျစရိတ်များရှိနိုင်ခြင်း တို့ကြောင့်ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ EAA စနစ်များသည် ထိုဒေသမှ ပြည်သူများ နားလည်သဘောပေါက်ပြီး အသိအမှတ်ပြုထားသော မူလပထမ တရားစီရင်ရေးအဖွဲ့များ ဖြစ်သည်။

များစွာသော ရပ်ရွာအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ရပ်ရွာမှ တက်ကြွလှုပ်ရှားသူများ၏ အဆိုအရ ထိုသို့ဖြစ်ရခြင်းမှာ EAO တာဝန်ရှိသူများ၊ တရားစီရင်ရေးကိုယ်စားလှယ်များနှင့် အခြားသော တာဝန်ရှိသူများသည် သူတို့၏ ကိုယ်ပိုင်တိုင်းရင်းသားအဖွဲ့များမှ လာသောကြောင့် အဆက်အသွယ်ပြုလုပ်ရန် ပို၍လွယ်ကူပြီး အစိုးရ တရားစီရင်ရေးစနစ် (ဇယားကွက် ၂ တွင်ကြည့်ပါ) ထက်ပို၍ တရားဝင်ဖြစ်ရန် ပိုလွယ်ပါသည်။ အစိုးရတရားစီရင် ရေးစနစ်တွင် ဗမာအရာရှိများစွာ ပါဝင်နေကာ နှစ်ပေါင်းများစွာသော ပြည်တွင်းစစ်ပြီးနောက် ထိုစနစ်ကို ယုံကြည် နိုင်စရာမရှိသည့်ဖိနှိပ်ချုပ်ချယ်သည့်စနစ်တစ်ခုအဖြစ်ရှုမြင်နေကြဆဲဖြစ်သည်။[303] အစောပိုင်းတွင်ဖော်ပြထားသကဲ့သို့ကျေးလက်တရားစီရင်ရေးစနစ်များ၏ ယခင်ကတည်းက ရင်းနှီးနေကာ ရပ်ရွာလူထုကြားတွင် ပုံမှန်လို ခံစားရခြင်းသည် EAA ၏ အုပ်ချုပ်မှုကို တရားဝင်ဖြစ်စေရန် ပံ့ပိုးသော အကြောင်းများဖြစ်သည်။

[303] ကရင်၊ မွန်နှင့် ရှမ်းတက်ကြွလှုပ်ရှားသူများနှင့် CBO ကိုယ်စားပြုပုဂ္ဂိုလ်များအပြင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူထုတို့နှင့် နှစ်ပေါင်းများစွာ လက်တွဲလုပ်ကိုင်ခဲ့ဖူးသည့် အတွေ့အကြုံရှိသည့် နိုင်ငံရပ်ခြားမှလေ့လာစောင့်ကြည့်သူများနှင့် မေးမြန်းခြင်း၊ ဆွေးနွေးခြင်း။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယင်းကြိုက်နှစ်သက်မှုက ရှမ်းပြည်တောင်ပိုင်းရှိ PNA ထိန်းချုပ်သည့်ဒေသတို့တွင် ပြောင်းလဲမှုများ ဖြင့် ကြုံတွေ့နေရသယောင်ရှိသည်။ ယင်းဒေသရှိ CBO မှ အလုပ်သမားများသည် မြန်မာရဲတပ်ဖွဲ့နှင့် အစိုးရတရားရုံးများသို့သွားသည့် လူဦးရေတိုးလာလျက်ရှိကြောင်း ထုတ်ဖော်ပြောဆိုထားပါသည်။

**ဖယားကွက် ၂ - ကျေးလက်တိုင်းရင်းသားဒေသများတွင် အစိုးရတရားစီရင်ရေးစနစ်ကို လက်လှမ်းမီရန် အခက်အခဲများ**

ဖွံ့ဖြိုးပြီးမြို့ပြဒေသအများစုတွင်ပင် တွေ့ကြုံနေရသော မြန်မာ့တရားစီရင်ရေးစနစ်၏ ယေဘုယျ အားနည်းချက်များအပြင် အစိုးရ၏ တရားစီရင်မှုကို အသုံးပြုမည့် ကျေးလက်တိုင်းရင်းသားလူထုကြုံတွေ့ရမည့် ၎င်းတို့နှင့်ဆိုင်သော သီးသန့်အတားအဆီးများစွာရှိပါသည်။

ပထမဦးစွာအနေဖြင့် လက်ရှိနှင့် ယခင်ပဋိပက္ခဒေသအများစုတွင် အစိုးရရဲတပ်ဖွဲ့နှင့် တရားရေးစနစ်၏ ထိရောက်မှုသည် မြို့ကြီးများနှင့် မြို့ငယ်များတွင်သာ အကန့်အသတ်နှင့် ရှိနေသည်။ တိုင်းရင်းသားဒေသရှိ ပြည်သူများအတွက် အစိုးရတရားစီရင်ရေးစနစ်သို့ အမှုကိစ္စတစ်ခု လျှောက်လဲရန်မှာ ကုန်ကျစရိတ်များနှင့် ရှည်လျားသောလမ်းခရီးကို အစိုးရရဲတပ်ဖွဲ့နှင့် အစိုးရအာဏာရှိသူများနှင့်အတူ မြို့ပေါ်သို့သွားရန် လိုအပ်ပါသည်။ ပြီးနောက် ကိုယ်နှင့်စိမ်းသော မြို့ပေါ်တွင် နေထိုင်ရန်ကုန်ကျစရိတ်၊ ရဲနှင့်အစိုးရအရာရှိများကို ပေးရန်တံစိုးလက်ဆောင်နှင့် အစိုးရလုပ်ငန်းစဉ်များအရ ကိစ္စပြီးမြောက်ရန် ကြာရှည်စွာစောင့်ရခြင်းတို့ရှိသည်။

ထို့အပြင် မြန်မာစကားကို မကျွမ်းကျင်သော လူများအတွက် သိသိသာသာပင် ဘာသာစကား အတားအဆီးများလည်းရှိသည်။ များစွာသော ကျေးလက်တိုင်းရင်းသားများသည် မြန်မာစကားကို ကောင်းမွန်စွာ မပြောနိုင်ကြပါ။ အထူးသဖြင့် အကဲဆတ်ပြီး ဥပဒေနှင့်ဆိုင်သော ကိစ္စများ အား ယုံကြည်မှုအပြည့်ဖြင့် ဆွေးနွေးရန်မဖြစ်နိုင်ပါ။ ရဲဝန်ထမ်းနှင့် အစိုးရအရာရှိအများစုသည် ဗမာ သို့မဟုတ် ဗမာမဟုတ်လျှင် အခြားသော တိုင်းရင်းသားဘာသာစကား မရှိခြင်းကြောင့် မြို့တစ်မြို့ထဲအတွင်းမှာတောင် ခြားနားမှုများရှိသည်။ ထို့အပြင် များစွာသော တိုင်းရင်းသားများသည်မြန်မာစာတတ်မြောက်ခြင်းမရှိရသည့်အထဲတွင် အစိုးရစာရွက်စာတမ်းအားလုံးသည်မြန်မာဘာသာဖြင့်သာရှိသည်။ ထို့အပြင် ပြည်သူများသည် မြန်မာစကားကို ကောင်းမွန်စွာမပြောနိုင်ခြင်းအတွက် အစိုးရအရာရှိများမှ ချိုးနှိမ်ဆက်ဆံခြင်းခံရသော အတွေ့အကြုံများကြောင့် ဘာသာစကား အတားအဆီးများက ရဲဝန်ထမ်းများအပေါ်တွင် သံသယရှိသော ခံစားချက်များ တိုးလာအောင်ဖြစ်စေပါသည်။ ရှမ်းလူမျိုးပါဝင်ဆွေးနွေးသူ တစ်ယောက်၏ ပြောဆိုချက်အရ အချို့သော ရှမ်းဒေသများရှိပြည်သူများသည် မြန်မာအစိုးရရဲများက ရှမ်းစကားမပြောတတ်ခြင်းကြောင့် နားလည်မှုလွဲခြင်းများဖြစ်ကာ ဖမ်းဆီးခြင်းကိုခံရသည်ဟု သိရသည်။[304]

ရလဒ်မှာ အစိုးရတရားစီရင်ရေးစနစ်ကို အသုံးပြုရာတွင် မြင့်မားသောကုန်ကျစရိတ်များ၊ တစ်စုံတစ်ယောက်၏ အမှုကိုရှင်းပြရန် မတတ်နိုင်ခြင်း နှင့် အချိန်ကုန်ခြင်းများသည် ဓလေ့ထုံးတမ်း ကျေးရွာတရားစီရင်မှုနှင့် EAO တရားစီရင်မှုစနစ်များကို ပို၍ဆွဲဆောင်စရာဖြစ်စေပါသည်။ ရှမ်းပြည်နယ်တွင် မြို့တော်တောင်ကြီး၏ ဆင်ခြေဖုံးရှိ ရပ်ရွာလူထုသည်ပင် အစိုးရစနစ်ထက် လက်တွေ့တွင် ဓလေ့ထုံးတမ်းဥပဒေများကို အသုံးပြုလာကြသည်။

EAA တရားစီရင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် အကောင်းဆုံးဟုဆိုရမည့် လုပ်ငန်းစဉ်ကို စဉ်းစားကြည့်မည် ဆိုပါကပင် ရှုပ်ထွေးလှသည်။ အကြောင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခများကို ရေရှည်ချုပ်ငြိမ်းစေမည့် သဘောတူညီချက်အတွက် အလားအလာတို့မှာ မသေချာမရေရာသည့်အတွက်ဖြစ်သည်။ လက်ရှိတွင် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် "လုံခြုံရေးကဏ္ဍပေါင်းစည်းရေး"[305] ဆိုသည်ကို ဆွေးနွေးရန် မြင်သာသည့် လုပ်ငန်းစဉ်ပါဝင်နေပါသည်။ ၎င်းကို EAOs များက "ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်"[306] ဖွဲ့စည်းရေးအတွက် လုပ်ငန်းစဉ်ဟု မျှော် မှန်းကြပြီး ၎င်းတို့၏တပ်ဖွဲ့များကို တပ်မတော်နှင့် တူညီသည့်သတ် မှတ်ချက်များဖြင့် ပေါင်းစည်းလိုကြသည်။ တချိန်တည်းမှာပင် တပ်မတော်က လည်း EAOs များ လက်နက်စွန့်စေမည့် အစီအစဉ်များ သို့မဟုတ် EAOs တို့အား အစိုးရကျောထောက်နောက်ခံပြုပြည်သူ့စစ်တပ်ဖွဲ့တို့အဖြစ် အဆင့်နိမ့်ရန် အာရုံပြုနေဆဲဖြစ်သည်။ မည်သို့ဆိုစေ ကြားအဖြေတစ်ခုကို ရှာဖွေနေကြသည့် စေ့စပ်ညှိနှိုင်းမှုအချို့တွင် အကြမ်းဖျင်း တိုးတက်မှု တစ်ရပ်ကို ရရှိထားပါသည်။

တစ်ချိန်တည်းမှာပင် တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းထားရေးနှင့် အစိုးရ၏ ထိန်းချုပ်မှုမရှိသည့် နယ်မြေများကို ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့အစည်းတို့၏ လက်အောက်သို့မကျရောက်စေရေးတို့မှာ EAAs များက ထုတ်ပြန်သည့် များစွာသော အမိန့်၊ ညွှန်ကြားချက်တို့အပေါ်တွင် မူတည်နေဆဲဖြစ်သည်။ ထို့ ကြောင့် ရပ်ရွာလူထု၏ အခွင့်အရေးကို ကာကွယ်ရန် လက်ရှိစနစ်တို့ကို ပိုမိုပြုပြင်ပြောင်းလဲနိုင်လေ၊ တရားစီရင်ရေးနယ်ပယ်တွင် မြန်မာအစိုးရနှင့် မတူသောအမြင်များကို ပေါင်းစည်းလုပ်ကိုင်နိုင်သည့်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးလာလေ၊ ပို၍ကောင်းလေဖြစ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် EAAs များအား အားနည်းသွားစေရန် ကြိုးပမ်းမှုသည် ရှင်းလင်းစွာ ညှိနှိုင်းဆွေးနွေးထားသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မရှိစေဘဲ ပို၍ကြီးမားသည့် မတည်ငြိမ်မှုတို့ကိုသာ ဖန်တီးဖွယ်ရှိသည်။ နိုင်ငံရေးအရ သဘောတူညီချက် ရရှိရေးကို ဦးစားပေးမည်ဆိုလျှင်လည်း EAA တို့အနေဖြင့် သူတို့၏လက်ရှိစနစ်များကို တိုးတက်အောင်နှင့် အစိုးရနှင့် EAA စနစ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုတို့ တိုးတက်လုပ်ဆောင်နိုင်မည့် နယ်ပယ်များကို ပြုပြင်ပြောင်းလဲမှုတို့ ပြုလုပ်ရပါလိမ့်ဦးမည်။

[304] ရှမ်းရပ်မိရပ်ဖ သမိုင်းပညာရှင်နှင့် အင်တာဗျူး (၂၀၁၆)။

[305] This is provided for in the Nationwide Ceasefire Agreement and in the Political Dialogue Framework. Although the latter is under review at the time of writing it will certainly include space for negotiations around the security sector, and is unlikely to contradict the NCA.

[306] EAOs have been using this term increasingly frequently since 2013 and envision significant reform of the national armed forces to make it more representative of all ethnic groups at all ranks.

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ပြီးခဲ့သည့်နှစ်များကဲ့သို့ပင် တိုးတက်မှုများဆက်လက်ဖော်ဆောင်နိုင်မည်ဆိုပါ က EAA အချို့သည် တည်ငြိမ်မှုကို အများဆုံးရနိုင်မည့် တရားစီရင်ရေးစနစ်အပါအဝင် ၎င်းတို့၏ အုပ်ချုပ်ရေးပုံစံ ကို အားကောင်းလာရန် ရည်မှန်းချက်ထားလာလိမ့်မည်ဖြစ်သည်။ အချို့အုပ်စုများအတွက် ၎င်းတို့၏ တရားစီရင် ရေးလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများသည် ပဋိပက္ခဖြစ်ပွားသည့်ဆယ်စုနှစ်များအတွင်း အကောင်အထည် မဖော်နိုင်ခြင်း သို့မဟုတ် ယိုယွင်းသွားခြင်းများရှိခဲ့သည်။ EAA အနေဖြင့် ၎င်း၏ လူထုကို ကာကွယ်မည်ဟု စစ်မှန်စွာ ရည်ရွယ်ထားသည့်တိုင်အောင် စစ်ဖြစ်နေသည့် ကာလအတွင်း စစ်ရေးအရ လှုပ်ရှားဆောင်ရွက်မှုများသည်သာ လုံခြုံရေးအတွက် အရေးအကြီးဆုံးဖြစ်လာရသည်။ အခြားအုပ်စုများအတွက်မူ စစ်ရေးအရ လှုပ်ရှားဆောင်ရွက်မှုတို့အပေါ် သဘောတရားရေးရှုဒေါင့်မှ အာရုံပြုကြည့်ပါက ၎င်းလှုပ်ရှားမှုတို့သည် တရားစီရင်ရေးစနစ်တို့ကို ရှုပ်ထွေးအောင် မည်သည့်အခါကမှ မရည်ရွယ်ခဲ့ဟု ဆိုရမည်ဖြစ်သည်။ သို့သော် အပစ်အခတ်ရပ်စဲရေး ကမူ အရပ်သားတို့အပေါ် ပို၍အာရုံစိုက်သည့် အလေ့အထတို့အား ဖြစ်ပေါ်လာစေရန် ဦးတည်သည်ဟု ဆိုရ မည်။

ထို့ပြင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် EAOs အချို့က ၎င်းတို့သည် ပျောက်ကျားတပ်မျှသာမဟုတ်ဘဲ ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့်လူထုကို အမှန်တကယ်အုပ်ချုပ်နိုင်စွမ်းရှိကြောင်း ပြသရန် စိတ်အားထက်သန်ကြောင်း ညွှန်ပြနေသည်။ ယင်းရည်ရွယ်ချက်၏ အဓိက သဘောတရားမှာ ၎င်းတို့ဒေသအတွင်း၌ တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းထားရေးနှင့် တိုးတက်စေရေးတို့ဖြစ်သည်။ ထိုသဘောက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဖယ်ဒရယ်နိုင်ငံတစ်ခုအတွက် ဆွေးနွေးညှိနှိုင်းမှုအဆင့်တစ်ခုသို့ ရောက်ရှိပါက ၎င်းတို့အား ဩဇာရှိစေမည့် လက္ခဏာအချို့ကို ပေးစွမ်းနိုင်မည်ဟု မှတ်ယူသည်။ EAAs များ သို့မဟုတ် ၎င်းတို့၏ တိုင်းရင်းသားအုပ်စုအား ယေဘုယျအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်နိုင်စွမ်းရှိကြောင်း သက်သေပြရာ၌ လူထုကို ရဲလုပ်ငန်းဖြင့် စောင့်ရှောက်နိုင်စွမ်းရှိခြင်း၊ လူထုအကြား ပဋိပက္ခတို့ကို ဖြေရှင်းနိုင်စွမ်းရှိခြင်း၊ မှုခင်းများကို နှိမ်နင်းနိုင်စွမ်းရှိခြင်း၊ တရားဝင်အာဏာပိုင်အဖြစ် ရှုမြင်နိုင်ခြင်းတို့ကို အဓိကထား၍ ပြသရန်ဖြစ်သည်။

KNUသည် ၂၀၁၂ခုနှစ်၊အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးကတည်းကအကြမ်းဖျင်းပြုပြင်ပြောင်းလဲရေးများကိုလုပ်ဆောင်ထားပြီးဖြစ်သည်။ KNPF အတွက် ရာပေါင်းများစွာသော အရာရှိသစ်များစုဆောင်းခြင်း၊ အမျိုးသမီးအရာရှိများအတွက် ခွဲတမ်းပေးခြင်း၊ သင်တန်းပေးရန် နိုင်ငံတကာ အကူအညီတို့ရှာဖွေထားခြင်းတို့ဖြစ်သည်။ ထို့ပြင် KNU သည် လူထုအား တိုင်ကြားနိုင်သည့်စနစ်များ၊ တရားစီရင်ရေးစနစ်နှင့် ဥပဒေများအကြောင်း သိရှိမှုမြင့်တက်လာစေမည့် အစီအစဉ်များကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဖွဲ့စည်းပုံဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အရပ်သားများ ပိုမိုပါဝင်လာသည့် အုပ်ချုပ်ရေးဖွဲ့စည်းတည်ဆောက်ပုံကို ဖန်တီးရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် RCSS သည် ထိုလမ်းကြောင်းအတိုင်း ဆောင်ရွက်မည် ဖြစ်သည်။[307]

EAOs နှင့် အစိုးရတို့သည် တရားစီရင်ရေးကိစ္စရပ်တို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်း သိမြင်သင့်ပါသည်။ EAOs နှင့် အစိုးရတို့အကြား အခွင့်အာဏာပိုင်များ ကြီးမားစွာ ထပ်နေခြင်းသည် ရှောင်လွှဲ၍ မရသည့်အမှန်တရားတစ်ရပ်ဖြစ်ပြီး NLD အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရှိန်ရလာသည့်တိုင် ထိုကိစ္စမှာ ချက်ခြင်းပျောက်ကွယ်သွားဦးမည့်ကိစ္စမဟုတ်ပေ။ ထိုဒေသမှ အာဏာပိုင်များအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ပြီး ယခုကျင့်သုံးနေသည့် နည်းလမ်းအတိုင်း တရားစီရင်ရေးစနစ်ကို တစ်သမတ်တည်း ဖြစ်အောင်နှင့် မှီခိုအားထားနိုင်လာအောင် လုပ်ဆောင်လာနိုင်မည်ဆိုပါက တိုင်းရင်းသားအများစုအတွက် စိတ်ငြိမ်းချမ်းမှုနှင့် တည်ငြိမ်အေးချမ်းမှုသည် အမှန်တကယ်ဖြစ်ပေါ်လာပါလိမ့်မည်။

သဘာဝအားဖြင့် အစိုးရနှင့် EAA တရားစီရင်ရေးစနစ်တို့ကြား လတ်တလောပူးပေါင်းဆောင်ရွက်မှု ဥပမာများမှာ ပြည်သူ့စစ်နှင့် ရဲတပ်ဖွဲ့တို့ကြားတွင်ဖြစ်သည်။ အကြောင်းမှာ ပြည်သူ့စစ်တို့သည် တစ်နည်းတစ်ဖုံအားဖြင့် အစိုးရ ၏ လုံခြုံရေးဖွဲ့စည်းတည်ဆောက်ပုံတွင် တရားဝင်ပေါင်းစည်းထားခြင်းကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် အချို့သော မှုခင်းများအတွက် PNA သည် တစ်ခါတစ်ရံ၌ တရားခံများကို ရဲတပ်ဖွဲ့သို့လွှဲပြောင်းပေး၍ အစိုးရစနစ်တွင် စစ်ဆေးစီရင်စေသည်။ ထို့ပြင် နစ်ဖက်တပ်ဖွဲ့ နှစ်ဖွဲ့သည် ရပ်ရွာအဆင့်၌ မူးယစ်ဆေးဝါးအမှုတို့နှင့်စပ်လျဉ်း၍လည်း ပူးပေါင်းဆောင်ရွက်ပါသည်။ ဤစာတမ်းတွင် စစ်တမ်းကောက်ယူသည့် EAOs များအနက် မည်သည့် EAOs ကမှ တရားစီရင်ရေးဆိုင်ရာ စုံစမ်းမေးမြန်းမှု၊ အမှုစစ်ဆေးခြင်း သို့မဟုတ် အခြားသော တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် အစိုးရ၏တရားစီရင်ရေးစနစ်နှင့် အရေးပါသော ပူးပေါင်းဆောင်ရွက်နေမှုမျိုးကို အစီရင်ခံတင်ပြထားခြင်းမရှိပါ။ NMSP ကသာ မူးယစ်ဆေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်နေမှုရှိပါသည်။[308] စနစ်အမျိုးမျိုးတွင် ကြီးမားသည့် နိုင်ငံရေးအရ ရှုပ်ထွေးမှုများရှိအပြင် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့် ပြစ်ဒဏ်များ၌ ကြီးမားသော ကွဲလွဲမှုများရှိပါသည်။

EAOs တို့ကြား အချို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ပို၍မကြာခဏတွေ့ရသည်။ မြန်မာနိုင်ငံ အရှေ့တောင်ဘက်တွင် ထိန်းချုပ်နယ်မြေများ ထပ်နေခြင်းသည် KNU ၊ DKBA နှင့် NMSP တို့ကြားတွင် ရာဇဝတ် မှုများကိုကိုင်တွယ်ဖြေရှင်းရာ၌ ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေသည်။ KNU က မွန်လူမျိုးတစ်ဦးကို ဖမ်းဆီးပါက ၎င်းကို NMSP သို့ပို့ပေးရမည်။ အဘယ်ကြောင့်ဆိုသော် သူသည် မွန်လူမျိုးဖြစ်သော

---

[307] Jolliffe 2015, op. cit., 66. ယင်းမှာ RCSS အနေဖြင့် လက်ရှိအချိန်တွင် အသုံးပြုလျက်ရှိသည့် တပ်မတော်ကိုဦးစားပေးထားသော "စစ်အတွင်းဖွဲ့စည်းပုံဥပဒေ"၏ အကျဉ်းချုပ်ပင်ဖြစ်သည်။ "အပစ်အခတ်ရပ်စဲရေးဖွဲ့စည်းပုံ" ကို လက်ရှိအချိန်အထိ ပုံနှိပ်ထုတ်ဝေမှုမရှိ သေးပါ။

[308] NMSP မှအကြီးတန်းအရာရှိ၊ ယခင်တရားစီရင်ရေးဌာန အကြီးအကဲနှင့် အင်တာဗျူး (၂၀၁၆)

ကြောင့်ဖြစ်သည်။ ကရင် ဖြစ်ပါက ထိုနည်းလည်းကောင်းဖြစ်သည်။[309] အမှုတွင် တိုင်းရင်းသားလူမျိုးကွဲ နှစ်ဦးပါဝင်နေပါက ထိုအခါမျိုးတွင် တရားစီရင်မှုသည် ဒေသအပေါ်တွင်မူတည်ပါသည်။ ကျူးလွန်သူတို့သည် တိုင်းရင်းသားလူမျိုးကွဲများ ပါဝင်နေသည့်တိုင်အောင် NMSP ဒေသတွင် အမှုသေးများအတွက် ကျေးရွာအဆင့်၌ တရားစီရင်ဆုံးဖြတ်ချက်ကို ကိုင်တွယ်ပါသည်။[310] ယင်းပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များမှာ တခါတရံ အဖွဲ့တစ်ခုစီမှ မြို့နယ်များ သို့မဟုတ် ခရိုင်များမှ တာဝန်ရှိသူများကြား သဘောတူညီချက်တို့ပေါ်တွင် အခြေခံပြီး EAO ချင်း ဆွေးနွေးထားသည့် ပို၍ပြည့်စုံသော သဘောတူညီချက်များဖြင့် မဟုတ်ပေ။[311]

EAOs များ မည်သို့ပင်လုပ်ဆောင်နေသည်ဖြစ်စေ ၎င်းတို့၏ တရားစီရင်ရေးစနစ်တို့သည် ၎င်းတို့ထိန်းချုပ်နယ်မြေများတွင် တရားဥပဒေစိုးမိုးရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းများအဖြစ် လည်ပတ်နေမည်ဖြစ်ပြီး ရောထွေးသော ထိန်းချုပ်မှုရှိနေသည့် နယ်မြေများတွင်လည်း အပြိုင်တရားစီရင်ရေးစနစ်အဖြစ် လာမည့်နှစ်များတွင် ရှိနေလိမ့်ဦးမည်ဖြစ်သည်။ ထိုသို့ဖြစ်တည်နေမှုက အစိုးရမှ ၎င်း၏စနစ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအတွက် အရေးပါသည့် သက်ရောက်မှုများပေးနိုင်ပြီး ထိရောက်မှုရှိကာ ပဋိပက္ခတွင် အကဲဆတ်မှုလည်းရှိသော နိုင်ငံတကာမှ ဝင်ရောက်ဆောင်ရွက်မှုများအပေါ်လည်း ကြီးမားစွာ လွှမ်းမိုးမှုများရှိပါလိမ့်မည်။ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများနှင့် နိုင်ငံတကာမှ ဆောင်ရွက်သူတို့၏ အခန်းကဏ္ဍတို့ကို ကူညီလမ်းပြပေးမည့် သုတေသန အကြံပြုချက်အချို့အား အခန်း (၆) ၏ သုံးသပ်ချက်၌ ဖော်ပြထားသည်။

## ၇.၄ ။ EAO တရားစီရင်ရေး၏ အားနည်းချက်များ

အခန်း (၄) တွင်ဆွေးနွေးထားသည့် အခွင့်အလမ်းများနှင့် အခွင့်အလမ်းများအပေါ်တွင် အခြေပြု၍ ဆက်လက်တည်ဆောက်ရန်အတွက် ဤအခန်း၌ လက်ရှိ EAAs များ၏ စနစ်တို့မှ ထင်ရှားသော အားနည်းချက်အချို့ကို အလေးပေးဖော်ပြမည်ဖြစ်သည်။ ယင်းတို့မှာ တရားစီရင်ရေးစနစ်တိုးတက်စေရန် စိတ်ဝင်စားသည့် အဖွဲ့အစည်းများအနေဖြင့် ကိုင်တွယ်ရန်လိုအပ်သော ပြဿနာအားလုံးပင်ဖြစ်သည်။ ၎င်းတို့တွင် စွမ်းဆောင်ရည်ရှိရှိလုပ်နိုင်မည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များအတွက် ရည်စူး၍ လေ့ကျင့်ပေးထားသည့် ရဲတပ်ဖွဲ့များမရှိခြင်း၊ ရပ်ရွာလူထုအများစုအတွက် ကျေးရွာအဆင့်ထက်ကျော်လွန်၍ တရားစီရင်မှုစနစ်ကို လက်လှမ်းမီရန် အားနည်းချက်များရှိနေခြင်းနှင့် EAAs တို့က တရားစီရင်ရေးစနစ်များကို အလွဲသုံးစားပြုမှုနှင့် မှားယွင်းစွာအသုံးပြုမှုတို့ ပါဝင်သည်။

*ရဲလုပ်ငန်းများ လုပ်ဆောင်ခြင်း (Policing)*

EAAs အများစုမှာ အဖွဲ့တွင်းလုံခြုံရေးအတွက် တာဝန်ကို ပုံမှန်တပ်ဖွဲ့များ၊ သီးသန့်အုပ်ချုပ်ရေးလုပ်ငန်းဆောင်တာများရှိသည့် တပ်ဖွဲ့များ (RCSS နှင့် KNPP တို့တွင်ရှိသည့်အတိုင်း[312] ) သို့မဟုတ် ၎င်းတို့၏ လက်နက်ကိုင် လက်ရုံးများ၏ လက်အောက်ရှိ ရပ်ရွာအဆင့် ပြည်သူ့စစ်များသို့ ပေးအပ်ထားလေ့ရှိသည်။ KNU၊ UWSP နှင့် KIO တို့သည်သာ အမြဲတမ်းရဲတပ်ဖွဲ့များရှိ၍ KNU ၏ KNPF အဖွဲ့သည်သာ ကျေးလက်ဒေသများတွင် လုပ်ငန်းဆောင်ရွက်သည်။

တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိရောက်စွာထိန်းသိမ်းထားနိုင်ရန်အတွက် ရဲလုပ်ငန်းများအနေဖြင့် ရိုးရိုး ဖမ်းဆီးမှု၊ သံသယရှိသည့်တရားခံကိုချုပ်ထားခြင်း သို့မဟုတ် ကြီးမားသည့်လူထုစည်းဝေးပွဲများ၌ ခိုက်ရန်ဖြစ်ပွားမှုတို့ကို ဖြိုခွင်းခြင်းများထက်ကျော်လွန်၍ လုပ်ဆောင်ရန်လိုအပ်ပါသည်။ အခြားသောအဖွဲ့များထက်စာလျှင် KNPF တွင် ရဲလုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးထားသည့် လုံခြုံရေးတပ်ဖွဲ့တို့ကို စုံစမ်းစစ်ဆေးမှု ကျွမ်းကျင်ရန်အတွက် သင်တန်းများပေးထားခြင်း၊ ရှိပြီးသား အထောက်အထားရယူသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် သို့မဟုတ် EAO တို့၏ ဥပဒေများနှင့်စပ်လျဉ်း၍ အပေါ်ယံလက်ဆင့်ကမ်းသတင်းစကားပါးခြင်းထက်ပို၍ သိနားလည်စေခြင်း တို့လုပ်ဆောင်ခြင်းသာစေအနည်းငယ်ရှိပါသည်။ များသောအားဖြင့်စုံစမ်းစစ်ဆေးမှုအများစုကို အဖွဲ့အစည်း၏အုပ်ချုပ်ရေးတာဝန်ရှိသူများက ဆောင်ရွက်လေ့ရှိရာ ၎င်းတို့မှာ စုံစမ်းစစ်ဆေးရေး ကျွမ်းကျင်မှုနှင့်ပတ်သက်ပြီး သင်တန်းပေးမှုကို ရရှိထားသူများ ဖြစ်နိုင်ခြေမရှိပါ။

ထို့ပြင် KNPF သည်ပင် KNLA မှပေးသည့် စစ်သင်တန်းနှင့် အခြေခံလုပ်ထုံးလုပ်နည်းအနည်းငယ်အပြင် ပုံမှန်သင်တန်းတို့ကို အလွန်အကန့်အသတ်နှင့်သာ ရရှိပါသည်။ KNU တာဝန်ရှိသူတို့မှ ပြောဆိုသည်အတိုင်းဆိုပါက တပ်ဖွဲ့တွင် သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုနှင့် အခြားသော စွမ်းရည်တို့မရှိခြင်းမှာ ကြီးမားလျက်ရှိသည် ဟုသိရပါသည်။ ခေတ်မီရဲတပ်ဖွဲ့တွင် ရှိသင့်သည့်ကျင့်ဝတ်နှင့် မူများမှာ EAA လုံခြုံရေးတပ်ဖွဲ့အများစုတွင် လုံးဝမရှိပေ။ ထိုသို့ဖြစ်ရခြင်းမှာ ပဋိပက္ခဖြစ်ပွားနေသည့် ဆယ်စုနှစ်များတစ်လျှောက် အထက်ပါကိစ္စတို့ထက် ရန်သူကို ပြန်လည်ခုခံခြင်းသည်သာ အမြင့်ဆုံးဦးစားပေးအဆင့်ဖြစ်နေသောကြောင့်ဖြစ်သည်။

[309] NMSP မှအကြီးတန်းအရာရှိ၊ ယခင်တရားစီရင်ရေးဌာန အကြီးအကဲနှင့် အင်တာဗျူး (၂၀၁၆)။

[310] NMSP မှအကြီးတန်းအရာရှိ၊ ယခင်တရားစီရင်ရေးဌာန အကြီးအကဲနှင့် အင်တာဗျူး (၂၀၁၆)။

[311] KNU တရားစီရင်ရေးဌာနမှ အကြီးတန်းအရာရှိနှင့်အင်တာဗျူး (၂၀၁၆)။

[312] PNLO တွင်လည်း ၎င်း၏ တပ်အောက်တွင် အထူးအုပ်ချုပ်ရေးယူနစ်များရှိ၍ ၎င်းသည် တရားစီရင်ရေးကို ကိုင်တွယ်ပါသည်။

*တရားစီရင်ရေးစနစ်ကို လက်လှမ်းမီခြင်း*

ကျေးရွာအဆင့်အထက်၌ EAA နယ်မြေများရှိ အရပ်သားများစွာသည် တရားစီရင်ရေးနှင့်သက်ဆိုင်သည့် ဖြစ်ရပ် တို့နှင့်ရင်ဆိုင်ကြုံတွေ့ရသည့် အခါတွင် မည်သူတို့ထံ သွားရမည်နှင့်ပတ်သက်၍ နားလည်မှုအနည်းငယ်သာ ရှိ သည်။ သာမန်အရပ်သားတို့အကြားတွင် အမှုစွဲဆိုရန်အတွက် မည်သူ့ကိုမျှ သိပ်မပြောလိုကြပေ။ အကြောင်းမှာ သူတို့သည်EAOအဖွဲ့ဝင်များ သို့မဟုတ် အခြားသောဩဇာရှိသည့်ပုဂ္ဂိုလ်တို့နှင့် အဆက်အသွယ် မရှိသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ထိန်းချုပ်မှုရောထွေးနေသည့် ဒေသများတွင် ရှုပ်ထွေးနေပြီး ယင်းနေရာတို့တွင် EAOs များစွာနှင့် အစိုးရတို့ရှိနိုင်ပြီး လူထုအနေဖြင့် မည်သူကအာဏာပိုရှိကြောင်းကို မသိရှိနိုင်အောင်ပင်ဖြစ်စေသည်။ ကျေးရွာအဆင့်အထက်၌ တရားစီရင်ရေး စနစ်ကို လက်လှမ်းမီရန်မှာ ကာယကံရှင်အနေနှင့် ယင်းဒေသရှိ EAO အဖွဲ့ဝင်များနှင့် ချိတ်ဆက်နိုင်မှုရှိမရှိအပေါ် မူတည်နေသည်။[313]

EAO တရားစီရင်ရေးစနစ်များကို လက်လှမ်းမီရန်နှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခနှင့် ညံ့ဖျင်းသော ဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် ဖြစ်ပေါ်လာရသော ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအဟန့်အတားများကလည်း အကန့်အသတ်ဖြစ်နေရသည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသည့်ကာလများအတွင်းတွင် လက်ရှိအာဏာပိုင် တို့မှာ ရွှေ့လျားစခန်းချနေထိုင်နေမှုများသာရှိသဖြင့် အရပ်သားတို့အနေဖြင့် ၎င်းတို့နှင့် ဆက်သွယ်ရန် ခက်ခဲစေပါသည်။ ထို့ပြင် EAA တို့၏ လုပ်ဆောင်နိုင်စွမ်းတို့အပေါ် ကြီးမားသည့် အတားအဆီးများရှိပြီး အကြောင်းမှာ ပြည်သူတို့အနေဖြင့် ကြားနာစစ်ဆေးမှုပြုလုပ်ရန် မြို့နယ်တရားရုံးများ၊ ခရိုင်တရားရုံးများ သို့မဟုတ် EAA ရုံးများသို့ သွားရန်ခက်ခဲခြင်း၊ လုံခြုံရေးတာဝန်ရှိသူများအတွက်လည်း သံသယရှိသူကို ရုံးတော်သို့ဆင့်ခေါ်လာရန် ခက်ခဲခြင်းများကြောင့်ဖြစ်သည်။ အချို့သော ကိစ္စရပ်များတွင် တရားစီရင်ရေးအရာရှိများအနေဖြင့် ရွာသို့ သွားရောက်စစ်ဆေးမှုအပေါ် မူတည်နေပါက ယင်းကဲ့သို့ သွားရောက်ရန် အခက်အခဲရှိနေဆဲပင်ဖြစ်သည်။ ထိုသို့သော အတားအဆီးများကြောင့် ဖြစ်လာရသော ရလဒ်များမှာ EAAs များအနေဖြင့် တရားစီရင်ပိုင်ခွင့်အပြင်မှ လုပ်ဆောင်မှုများဖြစ်ပေါ်လာရခြင်းများဖြစ်သည်။ ၎င်းတို့တွင် ကြီးမားသည့် ရာဇဝတ်မှုတို့ကို ကိုင်တွယ်ခွင့်မရှိသော ရပ်ရွာအဆင့်အာဏာပိုင်တို့၏ ကိုယ်ပိုင်ဆုံးဖြတ်မှုဖြင့် လုပ်ဆောင်ခြင်းများ သို့မဟုတ် ပုံစံတကျ တရားခွင်စစ်ဆေးခြင်းများ မလုပ်ဆောင်နိုင်၍ ၎င်းတို့၏ ဝန်ထမ်းများမှတင်ပြသည့် အစီရင်ခံစာအပေါ်မူတည်၍ ပြစ်ဒဏ်ချမှတ်သည့် လုပ်ဆောင်မှုများပါဝင်သည်။ ထို့ကြောင့် စီရင်ဆုံးဖြတ်မှုကို အကျဉ်းရုံးလုပ်ဆောင်ခြင်း သို့မဟုတ် တစ်ခါတစ်ရံတွင် ရပ်ရွာအာဏာပိုင်တို့က တရားရေးစနစ်ကိုကျော်လွှန်၍ အမှုစီရင်ခြင်းနှင့် အခြားသင့်လျော်မှုမရှိသည့် ပြစ် ဒဏ်ချမှတ်ခြင်းတို့ကို ဦးတည်စေသည်။

အချို့နယ်မြေများတွင် အပစ်အခတ်ရပ်စဲမှုအသစ်ဆိုသည်မှာ ကျေးလက်နေပြည်သူတို့က အဓိပ္ပါယ်ပေါက်ကြသည်မှာ တပ်မတော်က လှည့်နေသော စစ်ကြောင်းများကို ကြောက်ရွံ့စရာမလိုတော့ဘဲ EAA ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးအာဏာပိုင်များထံသို့ အမှုများအား ပို၍ပွင့်လင်းစွာ တင်ပြနိုင်စွမ်းရှိလာပြီးဟူ၍ဖြစ်သည်။ [314]

*EAA တရားစီရင်ရေးစနစ်များမှ အလွဲသုံးစားပြုခြင်းများ*

EAA တရားစီရင်ရေးစနစ်တို့နှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်များကိုမူ စစ်တမ်းကောက်ယူထားခြင်းမရှိပဲ အမျိုးမျိုး ရှိနိုင်ပါသည်။ သတင်းရင်းမြစ်တို့၏ ပြောကြားချက်အရ KNU နှင့် NMSP စနစ်တို့၏ အမှုများတွင် ကုန်ကျစရိတ် အနည်းဆုံးမှ ငွေကြေးကုန်ကျမှုလုံးဝမရှိရန်အထိ ထည့်သွင်းစဉ်းစားကြပြီး အစိုးရစနစ်နှင့် နှိုင်းယှဉ်ပါက အချိန်လည်း အနည်းငယ်သာကြာတတ်သည်ဟုဆိုပါသည်။[315] သို့သော် ယင်းစနစ်တို့မှာလည်း ၎င်းတို့ရပ်ရွာအတွင်းမှ ပိုမိုချမ်းသာသည့်ပုဂ္ဂိုလ်တို့၏ အလွဲသုံးစားပြုခြင်းကို ခံနိုင်ရခြေရှိပြီး ၎င်းတို့သည် တရားမအငြင်းပွားမှုများ ဖြစ်ပေါ်သည့်အခါနှင့် တစ်ခါတစ်ရံတွင် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များကိုပင် အခကြေးငွေပေး၍ လွတ်မြောက်ရန် ဆောင်ရွက်နိုင်ပါသည်။[316] ထို့ပြင် စစ်သားများနှင့် အရာရှိများသည်လည်း ၎င်းတို့နှင့် အရပ်သားတို့အကြား ဖြစ်ပေါ်သော ပဋိပက္ခများ၊ ရပ်ရွာလူထုအပေါ် တိုက်ရိုက်ကျူးလွန်ခြင်းများအပါအဝင်ကို ငွေကြေးပေး၍ ငြိမ်သက် စေခြင်းနှင့်ပတ်သက်၍လည်း ပြဿနာတစ်ရပ်ရှိနေသည်။ EAA စစ်သားများသည်သာ လက်နက်ကိုင်ထားခြင်းကြောင့် တရားစွဲဆိုမခံရရန် ခံရသူတို့အား သွယ်ဝိုက်ခြိမ်းခြောက်ခြင်း (နှင့် တစ်ခါတစ်ရံတွင် တိုက်ရိုက်ခြိမ်းခြောက်ခြင်း) များပြုလုပ်ကြသည်။ ယင်းမှာ EAA တရားစီရင်ရေးစနစ်တို့နှင့် ကျေးရွာအဆင့်တရားစီရင်ရေးစနစ် နှစ်ရပ်လုံးတွင်တွေ့ကြုံနေရသည့် ပြဿနာတစ်ခုဖြစ်ပြီး အထူးသဖြင့် ကျေးရွာအာဏာပိုင်တို့ကလည်း ရပ်ရွာအဆင့်ပြည်သူ့စစ်တို့ကို အသုံးပြုပြီး အင်အားသုံးခြိမ်းခြောက်ခြင်းများ ပြုလုပ်လာကြသော အခါတွင်ဖြစ်သည်။

---

[313] KHRG စောင့်ကြည့်သူတို့နှင့်အင်တာဗျူး၊ ၂၀၁၆ (၂)။

[314] KHRG စောင့်ကြည့်သူတို့နှင့်အင်တာဗျူး၊ ၂၀၁၆ (၂)။

[315] KNU စနစ်အောက်တွင် အမှုသည် သတ်မှတ်ထားသည့်အချိန်ထက် ပိုမိုကြာနေပါက ပုံမှန်တရားစီရင်ရေးဖြစ်စဉ် စရိတ်ကိုပေးရသည်။ နိုင်ငံတကာသုတေသန ပညာရှင်တစ်ဦးမှ ထုတ်ဖော်ပြောဆိုသည်မှာ သူတို့၏လေ့လာမှုအရ EAOs တရားရုံးများသို့ အလှူငွေများပေးရသည်ကို တွေ့ရကြောင်း၊ သို့သော် တရားစီရင်ချက်က ဘက်လိုက်သည် သို့မဟုတ် အဂတိလိုက်စားသည် ဟု စွပ်စွဲခံရခြင်းမှ ရှောင်နိုင်ရန် အမိန့်ချပြီးသည့်အခါတွင်မှ ပေးသည်ဟုဆိုသည်။

[316] KHRG စောင့်ကြည့်သူတို့နှင့်အင်တာဗျူး၊ ၂၀၁၆ (၂)။

## အခန်းရှစ်။ သုံးသပ်ချက်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာလည်း တိုးတက်ပြောင်းလဲနေသောကြောင့် EAAs တို့က တရားစီရင်ရေးအပေါ် မည်သို့စီမံအုပ်ချုပ်နေသည် ဆိုသည်ကို ထိရောက်စွာ နားလည်ရန်နှင့် ၎င်းတို့၏ ဒေသများမှ ပြည်သူများ တရားစီရင်ရေးစနစ်ကို ပိုမိုလက်လှမ်းမီနိုင်ရေး သေချာစေရန်အတွက် အလုပ်ဖြစ်မည့် မူဝါဒများနှင့် အစီအစဉ်များကို ရှာဖွေတွေ့ရှိနိုင်ရန် သုတေသနများပိုမိုပြုလုပ်ရန် လိုအပ်ပါသည်။ EAAs ၏ တရားစီရင်ရေးစနစ်များအပေါ် အား လုံးအားခြုံ၍ ခန့်မှန်းချက်ပြုလုပ်ရခြင်းမှာ သဘာဝမကျလှပေ။ တရားစီရင်ရေးစနစ်တစ်ခုချင်းစီသည် တိုင်းရင်းသားအုပ်စုတစ်ခုချင်းစီ၏ လူမှုရေးနှင့် နိုင်ငံရေးယဉ်ကျေးမှု၊ သက်ဆိုင်ရာ EAA တစ်ဖွဲ့ချင်းစီ၏ အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်နှင့် နည်းလမ်းတို့အပြင် ယင်းအဖွဲ့အစည်း၏ နယ်မြေအတွင်းမှ ပဋိပက္ခသမိုင်းကြောင်းဆိုင်ရာ အတက်အကျတို့မှ ထွက်ပေါ်လာကြခြင်းဖြစ်သည်။ ထို့ကြောင့် စနစ်တစ်ခုချင်းစီကို စဉ်းစား၍ ဒေသခံလူထုအကြား ၎င်း၏ တရားဝင်မှုအပြင် ယင်းဒေသအတွက် တရားစီရင်ရေးနှင့် တည်ငြိမ်ရေးကို ဆောင်ကျဉ်းရာတွင် သက်ရောက်မှုနှင့် ထိရောက်မှုတို့ကို စီစစ်အကဲဖြတ်သင့်ပါသည်။

အစိုးရ၏ တရားစီရင်ရေးစနစ်ကို တိုင်းရင်းသားဒေသများတွင် အသုံးချရန်နှင့် ခိုင်မာအားကောင်းစေရန် တဖက်သတ်လုပ်ဆောင်ခြင်းသည် ပဋိပက္ခ၏ သဘာဝကို နားမလည်ပဲ၊ အစိုးရနှင့် ရပ်ရွာလူထုကြားဆက်ဆံရေးကို ပြန်လည် အံဝင်စေသည့် စစ်မှန်သော နိုင်ငံရေးပြောင်းလဲမှုနှင့် အစီအစဉ်မချိတ်မိပါက နားလည်မှုလွဲခြင်းနှင့် နောက်ပိုင်းတွင် နစ်နာစရာများသာ ကြုံရနိုင်ပါသည်။ တိုင်းရင်းသားလူထုများစွာတွင် အစိုးရအဖွဲ့အစည်းများအပေါ် ယုံကြည်မှုမရှိသည်မှာ ပေါ်လွင်ထင်ရှားပြီးသားဖြစ်သည်။ အထူးသဖြင့် EAA ၏ထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်းကြာရှည်စွာနေထိုင်ခဲ့ပြီးသူများ၊ တပ်မတော်နှင့် အခြားသောအစိုးရအာဏာပိုင်များနှင့် ဆိုးရွားသည့်အတွေ့အကြုံ ရှိထားဖူးသည့်သူများတွင် ဖြစ်ပါသည်။ ထိုဒေသတို့ရှိ ဒေသခံလူထုမှ အစိုးရအဖွဲ့အစည်းများကို ဖိနှိပ်သည့် အဖွဲ့အစည်းများအဖြစ် ရှုမြင်ခြင်းမပြုရန် အဆိုပါအဖွဲ့အစည်းများအပေါ် ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန် လိုအပ်သည်။ EAA အာဏာပိုင်များနှင့်ပတ်သက်၍လည်း လူထု၏ခံစားချက်တို့မှာ ဒေသအတော်များများတွင် ထိုကဲ့သို့ပင်ဖြစ်သည်။

ဥပဒေအသက်ဝင်စေရန်နှင့် လုပ်ငန်းစဉ်များ မျှတမှု၊ ညီမျှမှုနှင့် တရားဝင်ရန်မှာ အစိုးရနှင့် EAAs တို့ကြားတွင် ကြီးမားသည့် သဘောတူညီမှုတစ်ခု လိုအပ်သည်။ ဤရည်မှန်းချက်အောင်မြင်ရန် အစိုးရနှင့် EAA အဖွဲ့အစည်းတို့မှ အဓိကကျသော ပုဂ္ဂိုလ်များသည် EAA စနစ်များအတွင်း ပြုပြင်ပြောင်းလဲမှု အရေးပါသည်ဟု ရှုမြင်သင့်ပြီး ဖြစ်နိုင်သည့်အချိန်တိုင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု တိုးမြင့်စေမည့် နည်းလမ်းများကို ရှာဖွေသင့်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် တရားစီရင်ရေးစနစ်တစ်ခုလုံးကို ခြုံ၍ လက်လှမ်းမီမှုတိုးတက်လာခြင်း၊ ရာဇဝတ်မှုကို တိုက်ဖျက်ရာတွင် ကြိုးပမ်းအားထုတ်မှု ပိုမိုမြင့်မားလာစေခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသော ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းနှင့် အနာဂတ်တွင် ငြိမ်းချမ်း စွာအတူယှဉ်တွဲနေထိုင်နိုင်ရေး တို့အတွက် အထောက်အကူဖြစ်မည်ဖြစ်သည်။ ယင်းကြိုးပမ်းအားထုတ်မှုများတွင် မြန်မာနိုင်ငံအပေါ် ကူညီလိုသည့် နိုင်ငံတကာမှအဖွဲ့အစည်းများအနေဖြင့် ပြုပြင်ပြောင်းလဲမှုတို့မှာ အထိခိုက်လွယ်ဆုံးသောလူထုတို့ ထံသို့ရောက်ရှိကြောင်း သေချာစေရန်နှင့် ပဋိပက္ခ၏ သဘောသဘာဝကို နားလည်မှု သေချာစေရန် အစိုးရ၏ တရားစီရင်ရေးစနစ်အပြင် EAA ၏ တရားစီရင်ရေးတည်ဆောက်ပုံနှင့်ပါ အတူတကွ အလုပ်လုပ်ကိုင်ရန် လိုအပ်သည်ကို အသိအမှတ်ပြုရလိမ့်မည်။

အထူးသဖြင့် ကျေးရွာအခြေစိုက်တရားစီရင်ရေးစနစ်တို့မှာ မည်ကဲ့သို့အလုပ်လုပ်ပုံကို နားလည်ရန် သုတေသနပြုလုပ်ရန် လိုအပ်ပါသည်။ ယင်းကျေးရွာစနစ်မှာ EAA ဒေသများနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအများစုရှိ တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအားလုံးအတွက် အခြေခံအကျဆုံးသော အုတ်မြစ်တစ်ခုပင်ဖြစ်သည်။ ပဋိပက္ခဖြေရှင်းရာတွင် ဥပဒေ၏ စာလုံးများထက် စေ့စပ်ညှိနှိုင်းမှုနှင့် အပေးအယူညှိနှိုင်းမှုတို့ကို အသုံးပြုခြင်းသည် ကျေးရွာအဆင့်တွင် တရားမမှုများနှင့် ရာဇဝတ်မှုမြောက်သည့် ပဋိပက္ခများဖြေရှင်းခြင်း၏ ဝိသေသလက္ခဏာပင်ဖြစ်ပြီး ကိုလိုနီခေတ်မတိုင်ခင်ကပင် အသုံးပြုခဲ့ကြသည်။ အစိုးရ၊ EAAsနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ထိုအဆင့်ရှိ လက်ရှိလုပ်ထုံးလုပ်နည်းများနှင့် ချိတ်ဆက်၍ ခွဲခြားထားခြင်း သို့မဟုတ် ဖယ်ထုတ်လိုက်ခြင်းများ မလုပ်ပဲ ဒေသခံလူထု၏ကောင်းကျိုးအတွက် တိုးတက်မြင့်မားလာစေမည့် နည်းလမ်းများကိုရှာဖွေကာ များစွာလုပ်ပေးနိုင်ပါသည်။

EAAs တို့အကြားတွင် KNU၊ KIO နှင့် UWSP တို့တွင်သာ ရဲလုပ်ငန်းအတွက် ရည်စူး၍ ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ တို့ရှိပြီး ကျေးလက်ဒေသတို့၌ KNPF သည်သာလျှင် အသက်ဝင်လှုပ်ရှားပါသည်။ EAA အများစုတွင် လက်နက်ကိုင်လက်ရုံးနှင့် ကျေးရွာအဆင့် ပြည်သူ့စစ်များသည် အဖွဲ့တွင်းလုံခြုံရေး၊ စွပ်စွဲခံထားရသည့် ရာဇဝတ်ကောင်များကို ဖမ်းဆီးခြင်းနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးတို့အတွက် တာဝန်ရှိသည်။ ကြည့်ရသည်မှာ KNU ၏ KNPF တွင်သာ အခြေခံစုံစမ်းစစ်ဆေးသည့် ကျွမ်းကျင်မှုရှိသည်။ EAAs များအနေဖြင့် ရဲလုပ်ငန်းကို မည်သို့ပြုလုပ်နေကြသည်နှင့်စပ်လျဉ်း၍ သုတေသနများပိုမိုပြုလုပ်ရန်လိုအပ်သည်။ ထို့ပြင် EAO ဒေသများရှိ ရဲလုပ်ငန်းလုပ်ဆောင်မှုများတိုးတက်စေရန် ကြိုးပမ်းအားထုတ်သင့်ပြီး အထူးသဖြင့် ရဲလုပ်ငန်းအတွက် ရည်စူးပြီး ရဲတပ်ဖွဲ့များ ဖွဲ့စည်းရန်ဖြစ်သည်။ လက်ရှိရဲတပ်ဖွဲ့များ သို့မဟုတ် ရဲလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြားလုံခြုံရေးတပ်ဖွဲ့များကို သင်တန်းပေးရာတွင် အထူးသဖြင့် ရဲလုပ်ထုံးလုပ်နည်းများ၊ စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှုများနှင့် ပရော်ဖက်ရှင်နယ်ဆန်ဆန်လုပ်ငန်းဆောင်ရွက်တတ်ရန် သင်ကြားပေးရမည်။ အထက်ကဆိုခဲ့သော လုပ်ငန်းများကို EAAs တို့က အပစ်အခတ်ရပ်စဲထားသည့် အခြေအနေတွင် လုပ်ဆောင်ရတော့မည်ဆိုလျှင် ပို၍စွမ်းဆောင်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် EAAs တို့ကြားတွင် ပူးပေါင်းဆောင်ရွက်ခြင်းမှာ လက်တွေ့တန်ဖိုးရှိလှပြီး ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အဓိကကျသည့်နယ်ပယ်ကို ကိုယ်စား

ပြုကာ အနာဂတ်ပေါင်းစည်းရေးအတွက် နောက်တ ဆင့်တက်လှမ်းနိုင်မည့် တိုးတက်မှုတစ်ခုဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ယင်းဆောင် ရွက်မှုတွင် EAAs တို့ကို ပံ့ပိုးပေးသင့်၍ လာမည့်နှစ်များတွင်လည်း EAA ၏ တရားစီရင်ရေး အာဏာပိုင်တို့သည်သာ ထိခိုက်လွယ်သော ရပ်ရွာလူထုအများစု လက်လှမ်းမီနိုင်သည့် အာဏာပိုင်များ ဖြစ်နေဦးမည့်အတွက်ဖြစ်သည်။

တဖန် အစိုးရကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တို့သည်လည်း တရားစီရင်ရေးစနစ်ကို မည်သို့စီမံ အုပ်ချုပ်ကြသည်ကို နားလည်ရန် နောက်ထပ်သုတေသနပြုလုပ်သင့်သည်။ ၎င်းတို့သည် တခါတရံ ရာဇဝတ်မှု အတွက် စွပ်စွဲခံရသူများကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းရေးစခန်းများကို ကိုင်တွယ်ရခြင်းတို့ကြောင့်ဖြစ်သည်။ တပ်မတော်၏ အစိတ်အပိုင်းအနေဖြင့် ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်တို့သည် ကာကွယ်ရေးနှင့် သူပုန်ကို တန်ပြန်တိုက်ခိုက်ရန်သာဖြစ်ပြီး ရဲလုပ်ငန်းလုပ်ဆောင်သည့် အဖွဲ့အစည်းမဟုတ်ပါ။ တကယ်တန်းတွင် ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်တို့သည် ပြည်နယ်အတွက် ဥပဒေစိုးမိုးရေးအဖွဲ့များအနေဖြင့် လုပ်ပိုင်ခွင့်နှင့် အခန်းကဏ္ဍတို့မှာ ရှင်းလင်းခြင်းမရှိပဲ အနာဂတ်တွင် EAOs တို့အနေဖြင့် မည်ကဲ့သို့ပေါင်းစည်းကြမည်ဆိုသည်နှင့်ပတ်သက်၍လည်းကောင်း သို့မဟုတ် တိုင်းရင်းသားလူထုကို အလုပ်အကျွေးပြုရန် ရပ်ရွာတွင်း တရားဝင်ဖြစ်ပြီး အသိအမှတ်ပြုခံရသည့် အာဏာပိုင်များအဖြစ် မည်သို့ဖွဲ့စည်းနိုင်မည်နှင့်ပတ်သက်၍လည်းကောင်း၊ စိတ်ကူး ကြည့်ပါက အခြေခံအနည်းငယ်သာတွေ့ရသည်။ ပြည်သူ့စစ်တို့ကို ဥပဒေချိုးဖောက်သူများအဖြစ်လည်းကောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေစိုးမိုးရန် လုပ်ဆောင်ရသည့် အဖွဲ့အစည်းများအဖြစ်လည်းကောင်း ရှိနေသော အခန်းကဏ္ဍနှစ်မျိုးအပေါ်၌ အထူးအလေးပေး၍ ကြည့်သင့်သည်။

ဤစစ်တမ်းကောက်ယူမှုတွင် တွေ့ရသည့်အတိုင်း EAA တရားစီရင်ရေးစနစ်ကို အနည်းငယ်သာ လေ့လာနိုင်ပြီး သုတေသနတွင် ကွာဟချက်များစွာရှိနေပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှေ့သို့ဆက်လက်တိုးတက်ရန်နှင့် တိုင်းရင်းသားလူနည်းစုတို့၏ နယ်မြေများတွင် မျှတသောတရားဥပဒေစိုးမိုးမှုထူထောင်နိုင်ရန်မှာ EAAs များကြားတွင် ရှိနေသည့် အမျိုးမျိုးသော တရားစီရင်ရေးစနစ်များကို ပေါင်းစည်း၍ အတူတကွ လုပ်ကိုင်ကြရန် သဘောတူညီမှုရရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပြီး ပြည်ထောင်စုအတွင်း ပိုမိုပေါင်းစည်း၍ ထိရောက်မှုရှိသည့် လုံခြုံရေးနှင့်ဆိုင်သော အဓိကဇာတ်ဆောင်များ မည်သို့ ဖြစ်လာနိုင်သည်ကို မျှော်မှန်းကြရန်ဖြစ်သည်။

## ကျမ်းကိုးစာရင်း


Förster, Till. "Dialogue Direct: Rebel Governance and Civil Order in Northern Cote d'Ivoire" in Rebel Governance in Civil War (New York: Cambridge University Press, 2015).

Furnivall, J.S. The Governance of Modern Burma (New York: Institute of Pacific Relations, 1960).

Guevara, Ernesto. Guerrilla Warfare (New York: Vintage Books, 1969).

Jolliffe, Kim. Ethnic Armed Conflict and Territorial Administration in Myanmar. (Yangon: The Asia Foundation, 2015).

Kasfir, Nelson. "Rebel Governance – Constructing a Field of Inquiry: Definitions, Scope, Patterns, Order, Causes" in Rebel Governance in Civil War (New York: Cambridge University Press, 2015).

Kramer, Tom. The United Wa State Army: Narco-Army or Ethno Nationalist Party? East-West Center, Policy Studies, No. 38, 2007.

Mampilly, Zachariah. Rebel Rulers: Insurgent Governance and Civilian Life during War. (New York: Cornell University Press, 2011).

Nang Yin Kham. An Introduction to the Law and Judicial System of Myanmar, Myanmar Law Working Paper Series, Working Paper No. 001, 2014, Center for Asian Legal Studies, Faculty of Law, National University of Singapore.

Selth, Andrew. "Myanmar's Police Forces: Coercion, Continuity, and Change." Contemporary Southeast Asia 34: 1, 2012.

Silverstein, Josef. Burma: Military Rule and the Politics of Stagnation. (New York: Cornell University Press, 1977).

Smith, Martin. Burma: Insurgency and the Politics of Ethnicity (New York Zed Books, 1993).

Suykens, Bert. "Comparing Rebel Rule Through Revolution and Naturalization: Ideologies of Governance in Naxalite and Naga India" in Rebel Governance in Civil War (New York: Cambridge University Press, 2015).

Taylor, Robert H. The State in Myanmar. (Singapore: NUS Press, 2009).

Tinker, Hugh. The Union of Burma: A Study of the First Years of Independence. (New York: Oxford University Press, 1959).

Wickham-Crowley, Timothy. "The rise (and sometimes fall) of guerrilla governments in Latin America" Sociological Forum 2, 1987.

Wickam-Crowley, Timothy. "Del Gobierno de Abajo al Gobierno de Arriba … and Back: Transitions to and from Rebel Governance in Latin America 1956-1990" in Rebel Governance in Civil War (New York: Cambridge University Press, 2015).

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar


Photography by Nick Freeman